# မြန်မာနိုင်ငံရှိ ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုစနစ်







ဂျရတ် ဘစ်ဆင်ဂျာ

ဖေဖော်ဝါရီ ၂၀၁၆

The Asia Foundation
Improving Lives, Expanding Opportunities

# မြန်မာနိုင်ငံရှိ ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုစနစ်

ဂျရတ် ဘစ်ဆင်ဂျာ

ဖေဖော်ဝါရီ၊ ၂၀၁၆

## ကျေးဇူးတင်လွှာ

**ဂျရတ်ဘစ်ဆင်ဂျာ**သည် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင်အခြေစိုက်သော ဖွံ့ဖြိုးရေးဆိုင်ရာစီးပွားရေးပညာရှင်ဖြစ်သည်။ သူသည် မက်ကွိုင်းယားတက္ကသိုလ်မှ စီးပွားရေးပညာပါရဂူဘွဲ့ကိုရရှိခဲ့ပြီး မြန်မာနိုင်ငံအတွင်းတွင် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ အာရှဖောင်ဒေးရှင်း၊ အိုင်ဒီအိုင်၊ DFAT-Australia နှင့် အခြားအဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းများစွာတို့၌ အလုပ်လုပ်နေသူဖြစ်ပါသည်။ သူသည်လက်ရှိအချိန်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ဘက်မှနေ၍ မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆောင်ရွက်ရေးကို ဦးဆောင်နေသူဖြစ်ပါသည်။

အစီရင်ခံစာရေးသူအနေဖြင့် သုတေသနနှင့် ယခုအစီရင်ခံစာပြင်ဆင်ရေးသားရာတွင် တန်ဖိုးမဖြတ်နိုင်သော ပံ့ပိုးကူညီမှုများလုပ်ဆောင်ပေးခဲ့သည့် ရဲသူအောင်အား ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ယခုအစီရင်ခံစာပြုစုရေးသားရာတွင် ၎င်းတို့၏ အချိန်များနှင့် ထိုးထွင်းသိမြင်မှုများကို မျှဝေပေးခဲ့ကြသည့် မြောက်မြားစွာသော ပြည်သူ့ဝန်ထမ်းများနှင့် စီးပွားရေးသမားများကိုလည်း ကျေးဇူးတင်ရှိပါသည်။ အစောပိုင်းမူကြမ်းများကို မှတ်ချက်များပေးခဲ့ကြသော ကင်(မ်)နင်၊ မက်သယူးအာနိုးလ်၊ ရှောင်တန်နယ်လ်၊ ဂျိမ်းစ်အိုဝင် နှင့် အင်ဒရီယာ ဆမူရာ တို့ကိုလည်းကောင်း၊ ထောက်ပံ့ကူညီမှုများဆောင်ရွက်ပေးခဲ့သော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကိုလည်းကောင်း ကျေးဇူးတင်ရှိပါသည်။ ယခုအစီရင်ခံစာတွင် အကြောင်းအရာပိုင်းနှင့် ကောက်ချက်ပိုင်းတို့တွင် မှားယွင်းမှုတစုံတရာ ပါရှိပါက စာရေးသူ၏တာဝန်သာဖြစ်ကြောင်းကိုလည်း ဖော်ပြအပ်ပါသည်။

**အာရှဖောင်ဒေးရှင်း**သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ်ခြောက်ခုကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်း အတွေ့အကြုံများတို့အပေါ် အခြေခံ၍ ၂၁ ရာစုတွင် အာရှဒေသတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများကို လုပ်ဆောင်လျက် ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန်၊ ဒီ စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိက မိတ်ဖက်များဖြင့် လုပ်ငန်းများတွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများ နှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Asia Foundation

# စကားဦး

မြန်မာနိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးနှင့် အများပါဝင်ပြီးတည်ငြိမ်သော ဖွံ့ဖြိုးရေးဖြစ်ထွန်းအောင် ဆောင်ရွက်ရသောလုပ်ငန်းစဉ်များတွင် ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုကဏ္ဍသည် အရေးပါသောမျက်နှာစာတစ်ရပ်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီက အစိုးရနှင့် ထိတွေ့ပြီး ၎င်းတို့အတွက်အမြတ်ငွေနှင့် လုပ်ငန်းလည်ပတ်မှုဝင်ငွေများ ရရှိအောင်ဆောင်ရွက်ခြင်းနှင့် ယင်းသို့ဆောင်ရွက်ရာတွင် ဒေသခံလူထုအတွက်အလုပ်အကိုင်များကိုဖန်တီးပေးခြင်းသည် လက်ရှိ အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျွမ်းကျင်ပညာရှင်များကရှေ့တိုးဆောင်ရွက်ရန်အကြံပြုနေကြသော ပိုမို ကျယ်ပြန့်သည့်စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ဆယ်စုနှစ်ပေါင်းများစွာကြာသည့် စစ်အုပ်ချုပ်ရေး လက်အောက်မှရုန်းထွက်လာသည့်နိုင်ငံတစ်နိုင်ငံအနေနှင့် ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကြား ဆက်ဆံရေးကိုပိုမိုတိုးတက်ကောင်းမွန်စေသည့် မည်သည့်ပြုပြင်ပြောင်းလဲရေးမဆို နိုင်ငံ၏ရေရှည် ဒီမိုကရေစီအသွင်ကူးပြောင်း ရေးနှင့် စီးပွားရေးကြွယ်ဝချမ်းသာမှုတို့ကို အထောက်အကူဖြစ်စေပါသည်။ အတိအကျဆိုရသော် ဒေသန္တရအဆင့်စီးပွားစီမံအုပ်ချုပ် မှုကို ပြုပြင်ပြောင်းလဲခြင်းသည် မြန်မာ့အသွင်ပြောင်းလဲရေး၏ အသီးအပွင့်များကိုလူအများစုရရှိခံစားရရေးတွင် မရှိမဖြစ်လိုအပ် သော အခြင်းအရာတစ်ခုဖြစ်သည်။

မကြာသေးမီနှစ်များအတွင်းက ဆောင်ရွက်ခဲ့သော ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လုပ်ငန်းစဉ်ကနဦးအဆင့်များကြောင့် ဒေသန္တရ စီးပွားရေးစီမံအုပ်ချုပ်မှုတွင် ဒေသန္တရအဆင့်အစိုးရအဖွဲ့များကိုယ်တိုင် ဆုံးဖြတ်လုပ်ကိုင်နိုင်သော အခွင့်အလမ်းများစွာကို ဖော်ထုတ်ပေးခဲ့သည်။ စည်ပင်သာယာအုပ်ချုပ်ရေးမှ ရေလုပ်ငန်း၊ စိုက်ပျိုးရေးမှသည် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း ကဲ့သို့သော ကဏ္ဍများတွင် ဒေသန္တရအစိုးရများက ဆုံးဖြတ်ခွင့်များရှိလာသည်။ အချို့သောပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်တွင် မူဝါဒဆိုင်ရာအပြောင်းအလဲများကို စတင်စမ်းသပ်လုပ်ကိုင်လာကြသည်ကိုလည်း တွေ့ရှိရသည်။ ယင်းသည် နုနယ်လှသေးသော အတွေ့အကြုံပင်ဖြစ်ပြီး အိုမင်းကာ ပြဿနာလည်းမကင်းသော လမ်းညွှန်ချက် အဟောင်းများနှင့် လုပ်ထုံးလုပ်နည်းအဟောင်းများမှာလည်း နေရာတကာတွင် တွေ့မြင်နေရဆဲဖြစ်သည်။ ဖွဲ့စည်းပုံနှင့် စည်းမျဉ်း စည်းကမ်းပိုင်းဆိုင်ရာ အကန့်အသတ်များ၊ ပျက်ယွင်းနေသော မက်လုံးများစသည်တို့ရှိနေသည့်အပြင် မည်သို့ပြောင်းလဲမှု လုပ်နိုင်သည်ကို မသိရှိခြင်းနှင့် အပြောင်းအလဲအတွက် ယုံကြည်ချက်မရှိခြင်းစသည်တို့ကိုလည်း တွေ့မြင်နေရသည်။

ပြုပြင်ပြောင်းလဲရေးကဏ္ဍအများအပြားမှာကဲ့သို့ပင် မြန်မာနိုင်ငံ၏ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်မည်သို့အလုပ်လုပ်သည်၊ မည်သူတို့က အဓိကဇာတ်ကောင်များဖြစ်သည်နှင့် မည်သည်တို့ကို ပြုပြင်ပြောင်းလဲရေးအတွက် အဓိကဦးစားပေးကိုင်တွယ်ရမည် ကို ဖော်ပြသော သတင်းအချက်အလက်များ အပြည့်အစုံရှိမနေပါ။ ထိုနောက်ခံတွင် အာရှဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံ၏ ဒေသန္တရစီးပွားရေးကဏ္ဍ စီမံအုပ်ချုပ်မှုကို လေ့လာဆန်းစစ်ထားပြီး ပြုပြင်ပြောင်းလဲရေးအတွက် အကြံပြုချက်များကိုလည်း ဖော်ပြထားသော ယခုသုတေသနအစီရင်ခံစာကို ဝမ်းမြောက်စွာထုတ်ပြန်အပ်ပါသည်။ ထိုအစီရင်ခံစာကို မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးရေးနှင့် စီးပွားရေးအသိုက်အမြုံဝန်းကျင်ကိုအထူးပြုလေ့လာနေသော သီးခြားလွတ်လပ်သည့်အတိုင်ပင်ခံနှင့် ဖွံ့ဖြိုးရေး ဘောဂဗေဒပညာရှင် ဒေါက်တာဂျရတ် ဘစ်ဆင်ဂျာက ရေးသားခဲ့ပါသည်။

မိမိတို့အနေနှင့် ယခုအစီရင်ခံစာ အစိတ်အပိုင်းအဖြစ်ပါဝင်သော အာရှဖောင်ဒေးရှင်း၏ သုတေသနလုပ်ငန်းစဉ်များသည် အဓိက တာဝန်ရှိသူများနှင့် ကျယ်ပြန့်သောလူထုကို မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အားလုံးပါဝင်သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရာတွင် အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။ ယခုအစီရင်ခံစာကို အာရှဖောင်ဒေးရှင်း နှင့် ယူကေအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဌာန (DFID) တို့က ပူးတွဲရန်ပုံငွေထောက်ပံ့ပေးခြင်းဖြစ်သည်။ သို့သော် အစီရင်ခံစာတွင် ပါဝင်သော ထင်မြင်ယူဆချက်များမှာမူ စာရေးသူ၏ယူဆချက်များသာဖြစ်ပြီး အာရှဖောင်ဒေးရှင်းနှင့် DFID ၏ အယူအဆများဖြစ် သည်ဟု မမှတ်ယူနိုင်ပါ။

ဒေါက်တာ ကင်(မ်)နင်
ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

## မာတိကာ


**အတိုကောက်ဝေါဟာရများ ..... i**

**အစီရင်ခံစာအနှစ်ချုပ် ..... ii**

**အပိုင်း တစ် - နိဒါန်း ..... 1**

၁.၁ နည်းစနစ်ဗေဒ ..... 2

၁.၂ ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း ..... 4

၁.၃ အုပ်ချုပ်ရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ ..... 6

**အပိုင်း နှစ် - ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုကို ပုံစံထုတ်ယူခြင်း ..... 9**

၂.၁ စည်ပင်သာယာရေးအဖွဲ့များ ..... 11

၂.၁.၁ လုပ်ငန်းလိုင်စင်ချထားပေးခြင်း ..... 13

၂.၁.၂ ဆောက်လုပ်ခွင့်ပါမစ် ..... 14

၂.၁.၃ ဝင်ငွေများ ..... 16

၂.၂ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ..... 18

၂.၃ ပြည်တွင်းအခွန်များဦးစီးဌာန ..... 19

၂.၄ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက်ဝန်ကြီးဌာနများ ..... 20

၂.၄.၁ သစ်တောဦးစီးဌာန ..... 21

၂.၄.၂ ငါးလုပ်ငန်းဦးစီးဌာန ..... 22

၂.၄.၃ မွေးမြူရေးဌာန ..... 24

၂.၄.၄ စိုက်ပျိုးရေးဌာန ..... 24

၂.၄.၅ စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန ..... 24

၂.၄.၆ အဝေးပြေးလမ်းများဌာန ..... 26

၂.၄.၇ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ..... 27

၂.၄.၈ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန ..... 28

၂.၄.၉ သတ္တုတွင်းဝန်ကြီးဌာန ..... 29

၂.၄.၁၀ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ကြီးကြပ်ခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ ..... 29

၂.၄.၁၁ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာန ..... 30

၂.၅ အခြားအရေးပါသော နိုင်ငံတော်နှင့်ဆက်စပ်နေသည့် အဖွဲ့အစည်းများ ..... 30

၂.၅.၁ စက်မှုဇုံများ ..... 30

**အပိုင်း သုံး - ဒေသတွင်းအခွန်ဝင်ငွေများ၏ ဖွဲ့စည်းမှုပုံစံ ..... 32**

၃.၁ အသုံးပြုခနှင့် ဝန်ဆောင်မှုပေးခြင်းအတွက် ကုန်ကျစရိတ်များ ..... 33

၃.၂ အခွန်များ ..... 34

၃.၂.၁ မြေခွန် ..... 34

၃.၂.၂ အိုးအိမ်ပိုင်ဆိုင်မှုအခွန် ..... 35

၃.၂.၃ သွယ်ဝိုက်ခွန် ..... 36
၃.၃ ဒေသန္တရဝင်ငွေစနစ်တွင်ရှိနေသော အခြားပြဿနာရပ်များ ..... 37
၃.၃.၁ မြို့ပြဒေသတွင်သာ ဝင်ငွေခွန်များကို အဓိကကောက်ခံရရှိခြင်း ..... 37
၃.၃.၂ စည်ပင်သာယာရေးအဖွဲ့ ဝင်ငွေများကို ကျေးလက်မှမြို့ပြသို့လွှဲပြောင်းပေးခြင်း ..... 37
၃.၃.၃ ကုန်သွယ်ခွန်နှင့်ဝင်ငွေခွန်ကောက်ခံရာတွင် ကြုံရသော အခက်အခဲများ ..... 38
၃.၃.၄ တံဆိပ်ခေါင်းခွန် ..... 39
အပိုင်း လေး - ဈေးပြိုင်လေလံလိုင်စင်စနစ် ..... 40
၄.၁ ဈေးပြိုင်လေလံလုပ်ငန်းစဉ် ..... 41
၄.၂ သားသတ်လုပ်ငန်းလိုင်စင်များ ..... 41
၄.၃ ကူးတို့လိုင်စင် ..... 46
၄.၄ အခြားသောလေလံလိုင်စင်အမျိုးအစားများ ..... 47
၄.၅ ဈေးပြိုင်လေလံများနှင့်ပတ်သက်သည့် နမူနာဖြစ်ရပ်လေ့လာမှုများ ..... 47
၄.၅.၁ ဖြစ်ရပ်လေ့လာမှု- ၁။ ဈေးကောက် ကောက်ခံခွင့်လိုင်စင် ..... 48
၄.၅.၂ ဖြစ်ရပ်လေ့လာမှု- ၂။ ကူးတို့လိုင်စင် ..... 48
၄.၅.၃ ဖြစ်ရပ်လေ့လာမှု- ၃။ ဈေးအိမ်သာကြေးကောက်ခံမှုလိုင်စင် ..... 48
၄.၆ လေလံလိုင်စင်စနစ်၏ ပြဿနာရပ်များ ..... 49
အပိုင်း ငါး - အဓိကအကြံပြုချက်များ ..... 50
ကျမ်းကိုးစာရင်း ..... 55
နောက်ဆက်တွဲ ၁။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီး အစုအဖွဲ့ ..... 56
နောက်ဆက်တွဲ ၂။ စည်ပင်သာယာရေးနယ်နမိတ်အတွင်းမြို့နယ်မှ ပစ္စည်းခွန်နှင့် အဆောက်အဦးအခွန်နှုန်း စာရင်း ဘဏ္ဍာနှစ် ၁၄-၁၅ H1 ..... 57
နောက်ဆက်တွဲ ၃။ လေလံလိုင်စင် နမူနာဖြစ်စဉ်လေ့လာချက် ..... 58

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| DALMS | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန (ယခင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန) |
| DAO | စည်ပင်သာယာရေးအဖွဲ့များ |
| DICA | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန |
| DISI | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန |
| DoH | ကျန်းမာရေးဦးစီးဌာန |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန |
| FDI | တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု |
| FY | ဘဏ္ဍာရေးနှစ် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| IRD | ပြည်တွင်းအခွန်များဦးစီးဌာန |
| IZ | စက်မှုဇုံ |
| IZMC | စက်မှုဇုံစီမံခန့်ခွဲမှုကော်မတီ |
| IZSC | စက်မှုဇုံကြီးကြပ်ရေးကော်မတီ |
| MCDC | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MoHT | ဟော်တယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| SOE | နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| S/R | ပြည်နယ်နှင့် တိုင်းဒေသကြီး |
| TDAC | မြို့နယ်စည်ပင်သာယာရေးကော်မတီ |
| YCDC | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |

မှတ်ချက်။ ။ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် အစီရင်ခံစာနောက်ဆုံးတည်းဖြတ်သည့်အချိန် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့ ဗဟိုဘဏ်အညွှန်းကိန်းဖြစ်သော အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၈၁ နှုန်းကိုသုံးစွဲထားခြင်းဖြစ်ပါသည်။

## အစီရင်ခံစာအနှစ်ချုပ်

မြန်မာနိုင်ငံအသွင်ကူးပြောင်းမှု၏ အသီးအပွင့်များကို နိုင်ငံအတွင်းရှိ လူများစုရရှိခံစားနိုင်စေရေးအတွက် ဒေသန္တရအဆင့်စီးပွားရေး စီမံအုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲနိုင်ရေးက မရှိမဖြစ်လိုအပ်နေသည်။ လက်ရှိအချိန်တွင် အချို့သော ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုစနစ်တွင် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို စတင်စမ်းသပ်ကျင့်သုံးနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်သည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အစိုးရများအနေနှင့် မြူနီစီပယ် အုပ်ချုပ်ရေး၊ ရေလုပ်ငန်း၊ သစ်တော၊ မြေယာ၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများ၌ စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုတွင် ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်နိုင်ရန် လမ်းများဖွင့်ပေးထားသောကြောင့်သာ ယခုကဲ့သို့စမ်းသပ်ဆောင်ရွက်မှုများကို ပြုလုပ်လာနိုင်ခြင်းလည်းဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံ၏စီးပွားရေးစီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက ထိတွေ့ဆောင်ရွက်နိုင်သော အခွင့်အလမ်း အသစ်များကိုလည်း ဖန်တီးပေးထားသည်။ အပြောင်းအလဲတစ်ချို့ရှိနေသော်ငြားလည်း ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်ဟောင်းမှ ဝိသေသ လက္ခဏာအများအပြားမှာ ကြွင်းကျန်နေဆဲပင်ဖြစ်သည်။ ထိုပြဿနာရပ်များထဲမှအချို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းသည် အစိုးရသစ်အတွက် ယင်း၏စီးပွားရေးကဏ္ဍ စီမံခန့်ခွဲမှုစွမ်းရည်အပေါ် ယုံကြည်မှုမြင့်မားစေရန်နှင့် မြန်မာပြည်သူများအတွက်လည်း လက်တွေ့ရရှိခံစားနိုင်သော ရလာဒ်ကောင်းများကို ဖော်ဆောင်ပေးနိုင်ရန်တို့အတွက် အလွန်ကောင်းမွန်သော အခွင့်အလမ်း တစ်ခုပင်ဖြစ်သည်။ ယခုအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်ကို လေ့လာသုံးသပ်ထားပါသည်။ ပထမဦးစွာမြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်ကို သုံးသပ်ထားပြီး ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုတွင် အဓိကအရေးပါသူများအကြောင်းကို အသေးစိတ်ဆန်းစစ်လေ့လာထားပါသည်။ ထို့နောက် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရန် အခြေအနေကောင်းမွန်သော ဒေသန္တရအုပ်ချုပ်မှုစနစ်ဆိုင်ရာ ပြဿနာနှစ်ရပ်ကို မီးမောင်းထိုးဖော်ပြထားပါသည်။ ၎င်းတို့မှာ- (၁) ဒေသန္တရအခွန်စနစ် - ယင်းသည်များသောအားဖြင့် နှုန်းသေအခွန်ဖြစ်ပြီး ဝန်ဆောင်ခကြေးငွေများပေါ်တွင် အဓိကမှီခိုနေရသည်။ (၂) အသုံးများသည့်လေလံ-လိုင်စင်စနစ် - ယင်းသည် ပြိုင်ဆိုင်မှုကို ကန့်သတ်ထားပြီး စီးပွားရေးလက်ဝါးကြီးအုပ်မှုကို ဖြစ်ပေါ်စေသည်။ နောက်ဆုံးအခန်းတွင် ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် ပြုပြင်ပြောင်းလဲရေး များဆောင်ရွက်နိုင်ရန်အတွက် အကြံပြုချက်များကိုဖော်ပြထားသည်။

## မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်

မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ကျေးရွာအုပ်စု/ရပ်ကွက်စသည်ဖြင့် ပြည်ထောင်စုအဆင့် အောက် အစိုးရအဖွဲ့အစည်းများစွာရှိသည်။ အဆိုပါပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းများသို့ ဗဟိုချုပ်ကိုင်မှုလျှော့ချ ပေးခြင်းအချို့ရှိသော်လည်း ၎င်းတို့မှာအခြေခံအားဖြင့် ပြည်ထောင်စုအစိုးရနှင့် ခွဲထုတ်၍မရသော အစိတ်အပိုင်းများသာဖြစ်နေသေး သည်။ ထိုအကြောင်းကြောင့်ပင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ မည်မျှအမှန်တကယ် အရေးပါသည်၊ မည်မျှအာဏာရှိသည် ဆိုသောအချက်ကို အငြင်းပွားရခြင်းဖြစ်သည်။ ၎င်းတို့သည် ပြည်ထောင်စုအစိုးရစနစ်၏ အစိတ်အပိုင်းများ ဖြစ်နေသည့်တိုင်အောင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၌ အချို့သော စီးပွားရေးလုပ်ငန်းရပ်များအပေါ်တွင် စီမံအုပ်ချုပ်ပိုင်ခွင့်အသစ်များ ရရှိထား ကြသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွက် ဥပဒေပြုခွင့်နှင့် အခွန်ကောက်ခံခွင့်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြဌာန်းပေးထားသည်။ အလားတူပင်သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး စီမံအုပ်ချုပ်ပိုင်ခွင့်ကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများသို့ ပေးအပ်ထားသည့် အဓိပ္ပါယ်လည်း သက်ရောက်သည်။ ဆိုလိုသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများသည် ၎င်းတို့၏သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များမှ ဥပဒေပြဌာန်းခွင့်ရှိသော စီးပွားရေးလုပ်ငန်းနယ်ပယ်များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရက အခွန်ကောက်ခံခွင့်ရှိသော လုပ်ငန်းများအတွက် လိုင်စင်ချထားမှုဆိုင်ရာ အဆုံးအဖြတ်ပေးခြင်းနှင့် စီးပွားရေးကဏ္ဍကို ကြီးကြပ်ခြင်း များဆောင်ရွက်ခွင့်ရှိသည်ဟူသော အဓိပ္ပါယ်ပင်ဖြစ်သည်။ ထိုသို့လုပ်ပိုင်ခွင့် အာဏာခွဲဝေပေးထားခြင်းသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏အခန်းကဏ္ဍကို နားလည်သဘောပေါက်ရေးတွင် အရေးကြီးသော အချက်တစ်ခုဖြစ်သည်။ အကျဉ်းဆိုရသော် မြန်မာနိုင်ငံရှိ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်သည် ပြည်ထောင်စုမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဖွဲ့စည်းတည်ဆောက်ပုံများကို ခွဲဝေပေးခြင်းမဟုတ်ပဲ အသေးစိတ်သောဆုံးဖြတ်လုပ် ကိုင်ခွင့်အချို့ကိုခွဲဝေပေးခြင်းသာဖြစ်သည် ကိုတွေ့ရှိရသည်။

## ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု၏ အဓိကဇာတ်ကောင်များ

မြန်မာနိုင်ငံအတွင်းရှိလူအများစုအတွက် စီးပွားရေး စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သတ်လျှင် ပထမဦးဆုံး စတင်ထိတွေ့ဆက်ဆံရသည်မှာ မြို့နယ်အဆင့်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းလိုင်စင်ပြုလုပ်ခြင်း၊ အခွန်ကောက်ခံခြင်း၊ သို့မဟုတ် လုပ်ငန်းစစ်ဆေးခြင်းကဲ့သို့သော ကိစ္စရပ်များ၌ ထိတွေ့မှုစတင်ရသူများမှာ မြို့နယ်အဆင့်အရာရှိများဖြစ်လေ့ရှိသည်။ မြို့နယ်အဆင့် တွင် အစိုးရဌာနအများအပြား ရှိနေသော်လည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအမျိုးမျိုးနှင့် အဓိက ထိတွေ့ဆက်ဆံရသော

ဌာနသုံးခုမှာ စည်ပင်သာယာရေးအဖွဲ့များ (DAOs)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) နှင့် ပြည်တွင်းအခွန်များဦးစီးဌာန (IRD) တို့ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏အစိုးရစနစ်အတွင်းရှိ အခြေခံမြို့ပြအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်သည်။ ၎င်းတို့သည် မြူနီစီပယ်အစိုးရနှင့် ဝိသေသလက္ခဏာများစွာတူညီသည်။ ၎င်းတို့သည် မြို့ပြဝန်ဆောင်မှုများပေးခြင်းနှင့် ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတို့တွင် အဓိကအခန်းကဏ္ဍ၌ရှိကြသည်။ လုပ်ငန်းလိုင်စင်များကို လေလံစနစ် သို့မဟုတ် ပုံမှန်လုပ်ထုံး လုပ်နည်းများနှင့် အညီချထားပေးခြင်း၊ ဆောက်လုပ်ရေးပါမစ်များနှင့် ကြော်ငြာဆိုင်းဘုတ်လိုင်စင်များချထားပေးခြင်း၊ မြေယာအဆောက်အဦးခွန်များ ကောက်ခံခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ကြသည်။ ထိုအခွန်အခများသည် အခြားသော နိုင်ငံများတွင် ဒေသန္တရအစိုးရများ၏ အဓိကကျသောဝင်ငွေအရင်းအမြစ်များဖြစ်ကြသော်လည်း မြန်မာနိုင်ငံတွင်မူ ၎င်းတို့သည် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေ ၁၀% အောက်ကိုသာ ကိုယ်စားပြုသည်။ စည်ပင်သာယာရေးအဖွဲ့အများစု၏ အဓိကဝင်ငွေအရင်းအမြစ်မှာ စီးပွားရေးလုပ်ငန်းများထံမှကောက်ခံသော လိုင်စင်ကြေးနှင့် အခြားသောစီးပွားရေးလုပ်ငန်းများမှ ရခြင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာကဏ္ဍပေါ်မူတည်ပြီး စည်ပင်သာယာရေးအဖွဲ့များချထားပေးသော လိုင်စင်နှစ်မျိုးအနက်မှ တစ်မျိုးမျိုးကို ရယူရလေ့ရှိသည်။ ပထမတစ်မျိုးမှာ လိုင်စင်အရေအတွက် အကန့်အသတ်မရှိသော လုပ်ငန်းအမျိုးအစားများအတွက် ပြိုင်ဆိုင်စရာမလိုသော လုပ်ထုံးလုပ်နည်းများဖြင့် ချထားပေးသော လိုင်စင်ဖြစ်သည်။ ဒုတိယ တစ်မျိုးမှာ စုစုပေါင်းလုပ်ငန်းအရေအတွက် အကန့်အသတ်ရှိသော လုပ်ငန်းအမျိုးအစားများအတွက် ဈေးပြိုင်လေလံဆွဲ၍ ရယူရသော လိုင်စင်အမျိုးအစားဖြစ်သည်။ ထို့သို့လုပ်ငန်း လိုင်စင်များ အဓိကအားဖြင့် ဈေးပြိုင်လေလံလိုင်စင်ခများအပေါ် အဓိကဝင်ငွေအရင်းအမြစ်အဖြစ် မှီခိုနေရခြင်းကြောင့် အရေးကြီးသောအကျိုးဆက်များ ဖြစ်ပေါ်လာပါသည်။ ၎င်းတို့ကို နောက်ပိုင်းတွင် ဆွေးနွေးသွားပါမည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်တွင် ဗဟိုချက်ကျပြီး အာဏာအရှိဆုံးအဖွဲ့အစည်းဖြစ်သည်။ များသောအားဖြင့် (အခြားနိုင်ငံများမှ) မြို့တော်ဝန်များကိုင်စွဲလေ့ရှိသည့် အာဏာအများစုကို ရရှိထားသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့်များထဲတွင် မြေယာနှင့် ကုန်သွယ်လုပ်ငန်းခွန်များစီမံခန့်ခွဲခြင်း၊ အချို့သောအခွန်အခများကောက်ခံခြင်း၊ မြို့နယ်အဆင့် အပတ်စဉ်ဌာနဆိုင်ရာ စုံညီအစည်းအဝေးများကျင်းပခြင်း၊ ပိုင်ဆိုင်မှုများလွှဲပြောင်းပေးခြင်းအပါအဝင် လုပ်ငန်းရပ်များစွာတို့အတွက် ထောက်ခံစာများကို စီးပွားရေးလုပ်ငန်းများအတွက်ရေးသားပေးခြင်းစသည်ဖြင့် အရေးပါသော လုပ်ပိုင်ခွင့်များစွာရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အလွန်အရေးပါသြဇာရှိသော အခန်းကဏ္ဍကြောင့် အငြင်းပွားမှုများနှင့် တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးခြင်း၊ စေ့စပ်ဖြန်ဖြေခြင်းနှင့် ကြားဝင်ဖြေရှင်းခြင်းလုပ်ငန်းများသည်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏လုပ်ပိုင်ခွင့်များပင်ဖြစ်သည်။ နောက်ဆုံးအနေနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုစွမ်းဆောင်ရည်လည်း ကြီးမားစွာရှိနေသည်။ ထို့ကြောင့် လူအင်အားနည်းပါးသော အခြားဌာနများကိုယ်စား လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကိုယ်စားဆောင်ရွက်ပေးလေ့ရှိသည်။ ပြည်တွင်းအခွန်များဦးစီးဌာနမှာမူ ကျယ်ပြန့်စွာထိတွေ့ဆက်ဆံမှုအရာ၌ တတိယလိုက်သောအဖွဲ့ဖြစ်သည်။ ၎င်းတွင် အခြားဌာနများနှင့် ယှဉ်လျှင် အတိအကျသတ်မှတ် ပြဌာန်းထားသော လုပ်ပိုင်ခွင့်အာဏာများစွာရှိနေပြီး ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များအပါအဝင် အခွန်အခများကောက်ခံသည့် လုပ်ငန်းကို အဓိကလုပ်ဆောင်သည်။

အလားတူပင် ကဏ္ဍအလိုက်တာဝန်ခွဲဝေပေးထားသော ဌာနဆိုင်ရာများလည်း များစွာရှိသေးသည်။ ၎င်းဌာနများသည် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍရပ်များအထင်အရှားရှိသော မြို့နယ်များတွင် ရုံးများရှိကြသည်။[1] ထိုဌာနဆိုင်ရာများတွင်အောက်ပါတို့ပါဝင်သည်။

- သစ်တောဦးစီးဌာန
- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
- ရေလုပ်ငန်းဦးစီးဌာန
- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
- ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန
- ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန
- သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ကြီးကြပ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ
- စိုက်ပျိုးရေးဌာန
- စိုက်ပျိုးမြေစီမံခန့်ခွဲခြင်းနှင့် မြေစာရင်းဌာန[2]

[1] ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဌာနဆိုင်ရာအဖွဲ့အစည်းပေါင်း ၈၀ ခန့်ရှိရာ ၎င်းတို့အနက်အများစုမှာ မြို့နယ်အဆင့်တွင်လည်း တည်ရှိကြ သည်။ ယခုစာရင်းသည် အပြည့်အစုံဟုမဆိုနိုင်သော်လည်း မြို့နယ်အဆင့်အရေးပါသော ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးကိုမူ ဖော်ပြ ထားနိုင်သည်။

[2] ယခင်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဖြစ်သည်။

- သမဝါယမဦးစီးဌာန

အခြားအစိုးရဝန်ကြီးဌာနများဖြစ်သော သတ္တုတွင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနစသည်တို့သည် စီးပွားရေးကဏ္ဍတွင်အရေးပါသော လုပ်ပိုင်ခွင့်များရှိကြသော်လည်း ရုံးခွဲများမှာ သက်ဆိုင်ရာမြို့နယ်အနည်းငယ်တွင်သာ ရှိကြသည်။

**ဈေးပြိုင်လေလံလိုင်စင်များနှင့် ဒေသန္တရအစိုးရဝင်ငွေအရင်းအမြစ်**

လက်ရှိမြန်မာနိုင်ငံတွင်ကျင့်သုံးနေသော ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်သည် ယခင်အစိုးရများလက်ထက်က ကျင့်သုံးခဲ့သောစနစ်နှင့် ဝိသေသများစွာဆင်တူသည်။ သို့ရာတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်ကြောင့် လက်ရှိစနစ်ကို ပြုပြင်ပြောင်းလဲမှုများလုပ်နိုင်ရန်အတွက် အခွင့်အလမ်းသစ်များပေါ်ထွက်လာခဲ့သည်။ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ပါက အကျိုးအမြတ်များစွာ ရရှိနိုင်မည့် သီးခြားနယ်ပယ်နှစ်ခုရှိပြီး ၎င်းတို့မှာ အချင်းချင်းလည်း ဆက်စပ်လျက်ရှိသည်။ ပထမနယ်ပယ်မှာ ဒေသန္တရဝင်ငွေအရင်းအမြစ်များကို ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်းနှင့် လက်ရှိအကျယ်အပြန့်ကျင့်သုံးနေသော ဈေးပြိုင်လေလံစနစ်ကို ပြင်ဆင်ခြင်းတို့ပင်ဖြစ်သည်။ ဒေသန္တရအဆင့်တွင်ရရှိနေသော အဓိကဝင်ငွေအများစုမှာ စီးပွားလုပ်ငန်းတစ်မျိုးမျိုးကို စတင်လုပ်ကိုင်ရန်အတွက် မဖြစ်မနေကြိုတင်ပေးဆောင်ရသော လိုင်စင်ကြေးများမှရရှိနေခြင်းဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် အကျယ်အပြန့် ကောက်ခံရသော အခွန်အမျိုးအစားအနည်းငယ်ရှိသော်လည်း၊ အဓိကအားဖြင့် မြေယာနှင့် အဆောက်အဦးများကိုကောက်ခံခြင်း၊ ၎င်းတို့သည် ဒေသအတွင်းမှရရှိနိုင်သော အခွန်ဘဏ္ဍာများ၏ အလွန်နည်းပါးသော ပမာဏသာဖြစ်သည်။ အခွန်ဘဏ္ဍာအများစုမှာ ဝန်ဆောင်ခကြေး (ခိုင်ကြေး) များနှင့် သွယ်ဝိုက်ခွန်များမှ ရရှိခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများက အဓိကပေးဆောင်ကြခြင်းဖြစ်သည်။ သို့သော် ၎င်းတို့ကို စားသုံးသူများထံသို့ တစ်နည်းနည်းဖြင့် လက်ပြောင်းပေးလေ့ရှိကြသည် (ဥပမာလိုအပ်သည်။ သွယ်ဝိုက်ခွန်)။ စည်ပင်သာယာရေးအဖွဲ့အများစုအတွက် စီးပွားရေးလုပ်ငန်းများမှရသော အခွန်အခများမှာ ဒေသတွင်းမှရသောဝင်ငွေ၏ အဓိကအစိတ်အပိုင်းဖြစ်နေသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ငွေကြေးပမာဏတစ်ခုကြိုတင်ပေးဆောင်ရခြင်းကြောင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှု အလွန်အားနည်းသော အမြစ်တွယ်နေသည့် ပြဿနာရပ်ကြီးကို နိုင်ငံတော်မှမျက်နာလွှဲနေရသည့် အခြေအနေသို့တွန်းပို့ပေးသည်။ ထိုပြဿနာသည် အခွန်ကောက်ခံရရှိရန်အလွန်ခက်ခဲခဲ့သော ယခင်အာဏာရှင်အစိုးရအဆက်ဆက်၏ ပြဿနာအမွေဖြစ်သည်။ သို့သော် လက်ရှိစနစ်ကလည်း အခြားပြဿနာများစွာကို ထပ်မံမွေးထုတ်ပေးပြန်သည်။ လက်ရှိစနစ်သည် စားသုံးမှု သို့မဟုတ် စီးပွားရေးလုပ်ဆောင်မှုအပေါ် အခွန်ကောက်ခံရခြင်းသည်သာ အဓိကဖြစ်နေသောကြောင့် နှိုင်းယှဉ်ချက်အားဖြင့် နှုန်းသေအခွန်အမျိုးအစားဖြစ်နေသည်။ အခွန်ကောက်ခံမှုကို အချိုးမညီဖြစ်စေရန်အတွက် အချို့သော စားသုံးမှုများအတွက် ပမာဏကြီးမားသော သွယ်ဝိုက်ခွန်ကိုကောက်ခံပြီး ကျန်အလားတူစားသုံးမှုများအတွက်မူ သွယ်ဝိုက်ခွန်ကို အနည်းငယ် သို့မဟုတ် လုံးဝမကောက်ခံခြင်းမျိုးဖြင့်လည်း ဆောင်ရွက်မိတတ်သည်။

အချို့သော အစိုးရကဏ္ဍများအတွက် ဈေးပြိုင်လိုင်စင်ကြေးများမှရရှိသောဝင်ငွေသည် တစ်ခုတည်းသောအကြီးမားဆုံးဝင်ငွေအရင်းအမြစ်ဖြစ်နေတတ်သည်။ များသောအားဖြင့် ဈေးပြိုင်လိုင်စင်များ၏တန်ဖိုးသည် ထိုလိုင်စင်များရရှိရန်အတွက် ကြီးမားသော ကန့်သတ်ချက်များကိုဖြတ်သန်းခြင်းနှင့် ဆက်စပ်နေသည်။ မြန်မာနိုင်ငံအချို့သောဒေသများရှိ သားသတ်ရုံများမှာ အကောင်းဆုံးသော ဥပမာများပင်ဖြစ်သည်။ အချို့သော သားသတ်လိုင်စင်များသည် မြို့နယ်ကို နယ်မြေအနေအထားအလိုက် ဇုံများထပ်ခွဲပြီး လိုင်စင်ရရှိသူအတွက် ထိုဇုံအတွင်းတွင် တစ်ဦးတည်းပိုင်အသားရောင်းချသူအဖြစ်ကို ရရှိစေသည်။ ထိုစနစ်ကြောင့် တရားသေဈေးနှုန်းများဖြစ်ပေါ်လာစေပြီး အသားများသယ်ယူရောင်းချခြင်းကိုပါ ကန့်သတ်သကဲ့သို့ ဖြစ်သွားစေနိုင်ပါသည်။ ရလာဒ်အနေနှင့် ထိုစနစ်အတွင်းလိုင်စင်ရရှိသူသည် စီးပွားရေးအရအခွင့်ထူးခံအကျိုးအမြတ်များစွာကို ပြိုင်ဘက်ကင်းရရှိအောင် ဆောင်ရွက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ထိုအကျိုးအမြတ်များအနက် တချို့တဝက်ကို လိုင်စင်ကြေးအနေနှင့် အစိုးရသို့ပေးသွင်းပြီး အချို့သော အကျိုးအမြတ်များကို လုပ်ငန်းရှင်ကရယူသည်။ အချို့သော စည်ပင်သာယာရေးအဖွဲ့များအတွက် ယခုဖော်ပြသည့် သားသတ်လိုင်စင်စနစ်သည် တစ်ခုတည်းသော အကြီးမားဆုံးဝင်ငွေအရင်းအမြစ် ဖြစ်နေသည်။ အလားတူအသွင် သဏ္ဍာန်ရှိသော လိုင်စင်စနစ်များသည် အခြားသော ကဏ္ဍများတွင်လည်းတည်ရှိနေသည်။ ရေလုပ်ငန်း၊ လမ်းခွန်လုပ်ငန်း၊ အပေါင်ဆိုင်လုပ်ငန်းနှင့် ကူးတို့လုပ်ငန်းများတွင် အလားတူစနစ်များကျင့်သုံးသည်။ ဈေးပြိုင်လိုင်စင်အများစုတွင် လုပ်ငန်းရှင်အနေနှင့် လုပ်ငန်းမှ မည်သည့်ဝင်ငွေတစ်စုံတရာမှ မရရှိသေးခင်လိုင်စင်ကြေးကို တလုံးတခဲတည်းကြိုတင်ပေးသွင်းရခြင်းဖြစ်သည်။ ထိုအချက်သည် ချေးငွေရရှိရန်အလွန်ခက်ခဲသော မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းငယ်များအတွက် အဓိကစိန်ခေါ်မှုကြီးဖြစ်နေပြီး လိုင်စင်အတွက် ပြိုင်ဆိုင်မှုကိုလည်း လျော့ကျစေပါသည်။ ထိုဈေးပြိုင်လိုင်စင်များသည် ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း အဓိကအတားအဆီးဖြစ်နေပြီး များသောအားဖြင့် သက်တမ်းတစ်နှစ်သာရှိကာ လိုင်စင်သက်တမ်းအတွင်းရင်းနှီးမြှုပ်နှံမှုအသစ်များလုပ်ဆောင်လာအောင်မက်လုံးပေးသည့် ပြဋ္ဌာန်းချက်များလည်း မပါဝင်ပေ။

**ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြုပြင်ပြောင်းလဲရေးများအတွက် အခွင့်အလမ်းသစ်များ**

မြန်မာနိုင်ငံအတွင်း ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုကို ပြုပြင်ပြောင်းလဲခြင်းများသည် လက်ဆုပ်လက်ကိုင်ပြနိုင်သော ကြီးမားသည့် အကျိုးကျေးဇူးများကို ဆောင်ကျဉ်းပေးနိုင်ပြီး နိုင်ငံရေးအရလည်း လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်နိုင်သော အနေအထားတွင်ရှိနေသည်။ ထိုလုပ်ပိုင်ခွင့်အများအပြားကို ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်အာဏာပိုင်များထံသို့ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ခွဲဝေပေးလိုက်ခြင်းကြောင့် မူဝါဒဆိုင်ရာ အသစ်စမ်းသပ်ကျင့်သုံးမှုများပြုလုပ်ရန် အခွင့်အလမ်းများနှင့် နေရာများစွာကို ဖော်ဆောင်ပေးသည်။ အချို့သောလုပ်ပိုင်ခွင့်များကို ဌာနဆိုင်ရာအဖွဲ့အစည်းများစွာတို့၏လက်ထဲသို့ ခွဲဝေထည့်ပေးလိုက်ခြင်းကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများ၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ထိတွေ့ဆောင်ရွက်ရန် ဝင်ပေါက်များစွာရှိလာသည့် သဘောပင်ဖြစ်သည်။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာအစိုးရများက အထက်ပါစနစ်များကို ပြုပြင်ပြောင်းလဲရန် စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး ကျန်ပြည်နယ်/ တိုင်းဒေသကြီးများတွင် အစိုးရအရာရှိများသည် ပြုပြင်ပြောင်းလဲခြင်းကြောင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကို သဘောပေါက် နားလည်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် နောက်တက်မည့်အစိုးရ အတွက်အထက်ပါအပြောင်းအလဲများသည် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်စီးပွားရေးပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ၏ အခြေခံများဖြစ်လာမည်ဖြစ်ပြီး ထိုမဟာဗျူဟာမှ တဆင့် ပြည်သူအများကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကို တွန်းအားပေး ဆောင်ရွက် နိုင်စေမည် ဖြစ်ပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အောက်ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲရေးအတွက် အလားအလာကောင်းသောနယ်ပယ်များ များစွာရှိနေပါသည်။ သို့သော် ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုကို နေ့ချင်းညချင်းပြုပြင်ပြောင်းလဲရန်မှာ ဖြစ်နိုင်မည်မဟုတ်ပါ။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် ၎င်းတို့၏အောင်မြင်မှုကို များစွာအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးကို ပွင့်လင်းမြင်သာစွာဆောင်ရွက်ရန်လိုအပ်ပြီး အပြန်အလှန်ယုံကြည်နားလည်မှုနှင့် ရပ်ရွာလူထု၏ ပံ့ပိုးဆောင်ရွက်မှုကို ရရှိစေနိုင်ရန် အတွက် သင့်လျော်သောတိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်လည်းလိုအပ်သည်။ ရပ်ရွာလူထုအနေနှင့်လည်း အုပ်ချုပ်မှုစနစ်များ မည်သို့လည်ပတ်လုပ်ကိုင်သည်၊ အဘယ့်ကြောင့် ထိုသို့လည်ပတ်လုပ်ကိုင်ရန်လိုအပ်သည်နှင့် အဘယ့်ကြောင့် ပြုပြင်ပြောင်းလဲရေး များ ဆောင်ရွက်ရသည်ဆိုသည်တို့ကို ကောင်းစွာနားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းရပ်အများအပြားကို နှစ်နှင့်ချီသောအချိန်ကာလများကိုယူပြီးမှ ကျင့်သုံးဆောင်ရွက်ရန်လိုသည်။ လအနည်းငယ်နှင့် အကောင်အထည်ဖော်နိုင်သော လုပ်ငန်းများမရှိပါ။ အလားတူပင် အစိုးရအင်စတီကျူးရှင်းများကိုလည်း အသွင်ကူးပြောင်းမှုအတွက် လုံလောက်သောအချိန်ကို ပေးရန်လိုအပ်သည်။ စည်ပင်သာယာရေးအဖွဲ့များကဲ့သို့ အချို့သောအစိုးရဌာနများသည် ဈေးပြိုင် လေလံများမှရရှိသောဝင်ငွေနှင့် အခွန်အခများကို အဓိကမှီတည်အားထားနေရသဖြင့် ၎င်းတို့အတွက် အစားထိုးဝင်ငွေ အရင်းအမြစ်များ ဖန်တီးပေးနိုင်ခြင်းမရှိပဲနှင့် လက်ရှိစနစ်များကို ဖျက်သိမ်းရန်မကြိုးစားသင့်ပါ။ ထိုသို့ဆောင်ရွက်လိုက်ပါက ၎င်းတို့ ၏ မြို့ပြအခြေခံဝန်ဆောင်မှုလုပ်ငန်းများကို အကြီးအကျယ်ထိခိုက်စေမည်ဖြစ်သည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အချင်းချင်းအမှီသဟဲဖြစ်နေသော ဆက်စပ်လုပ်ငန်းများအဖြစ်ရှုမြင်ဖို့လိုအပ်သည်။ ဈေးပြိုင်လေလံစနစ်ကို ပြန်လည်ပြင်ဆင်ခြင်းကဲ့ သို့သော ဝင်ငွေကိုလျော့ကျစေမည့် ပြုပြင်ပြောင်းလဲရေးများကိုဆောင်ရွက်ရာတွင် ဝင်ငွေလျော့ကျမှုကို ကာမိစေရန်အတွက် ဥပမာ အဆောက်အဦးခွန်များတိုးမြှင့်ကောက်ခံခြင်းကဲ့သို့သော အပြောင်းအလဲများနှင့် ယှဉ်တွဲဆောင်ရွက်သင့်ပါသည်။

**အကြံပြုချက်များ**

- ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသအလိုက် နှစ်များစွာအတွက် အသုံးပြုနိုင်မည့် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများကို ရေးဆွဲဖော်ထုတ်သင့်သည်။ ထိုမဟာဗျူဟာများ သည် ပြုပြင်ပြောင်းလဲရေးများမစတင်မီ ၎င်းတို့နှင့်ပတ်သက်သည့် ယုံကြည်မှုနှင့် နားလည်မှုများကို အရင်တည်ဆောက် ပေးနိုင်မည့် ပွင့်လင်းမြင်သာပြီး တိုင်ပင်ဆွေးနွေးညှိနှိုင်းမှုအပေါ် အခြေခံသော လုပ်ငန်းစဉ်ကိုဆောင်ရွက်သင့်သည်။
- လက်ရှိနှင့် အနာဂတ်တွင်ဖြစ်လာမည့် ဒေသန္တရစီးပွားရေးစီမံအုပ်ချုပ်မှုစနစ်များအကြောင်းကို ရပ်ရွာလူထုသို့ရှင်းပြနိုင်ရန် အတွက် ထိရောက်သော သတင်းဆက်သွယ်မှုမဟာဗျူဟာများ အကောင်အထည်ပေါ်စေရန် အစိုးရနှင့်လက်တွဲပြီး ပူးပေါင်း ဆောင်ရွက်ရမည်။
- ဈေးပြိုင်လိုင်စင်စနစ်ကို ပြုပြင်ပြောင်းလဲပြီး စီးပွားရေးအခွင့်ထူးခံမှုများကိုလျော့ကျစေရန်၊ နှစ်စဉ်ဈေးနှုန်းတက်ခြင်းနှင့် ဈေးနှုန်းအသေသတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးဆိုးကျိုးများကို လျှော့ချရန်ဆောင်ရွက်သင့်သည်။
- ခေါက်ရိုးကျိုးနေသည့် တစ်ဦးတည်းချုပ်ကိုင်သောလုပ်ငန်းကဏ္ဍများတွင် ဝင်ငွေအပေါ်မှ အစိုးရကရရှိသည့် အချိုးအစားကို မြင့်မားစေရန်နှင့်/သို့မဟုတ် ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေးကို မက်လုံးပေးနိုင် စေရန်အတွက် လက်ရှိဈေးပြိုင်လေလံစနစ်ကို ပြုပြင်ပြောင်းလဲသင့်သည်။

- လိုင်စင်သက်တမ်းတစ်နှစ်သတ်မှတ်ထားခြင်းများကို လျှော့ချသင့်သည်။ ထိုသို့သက်တမ်းတိုလွန်းခြင်းကြောင့် စီးပွားရေးလုပ်ငန်းအတွက် မရေရာမှုကိုတိုးပွားစေကာ ရေရှည်ရင်းနှီးမြှုပ်နှံမှုများကို အားမပေးရာရောက်သည်။ အကျိုးဆက်အနေနှင့် စားသုံးသူများဘက်မှပေးရသော အဖိုးအခများသာ တိုးလာမည်ဖြစ်သည်။
- လိုင်စင်ကြေးငွေကို လုပ်ငန်းမစမီတစ်လုံးတစ်ခဲတည်းပေးချေရသည့်စနစ်ကို ပြင်ဆင်ရမည်ဖြစ်ပြီး လိုင်စင်သက်တမ်းအတွင်း အရစ်ကျပေးသွင်းသွားရသည့်စနစ်ကို ခွင့်ပြုပေးသင့်သည်။
- လိုင်စင်ထုတ်ပေးပြီးနောက် ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် လုံခြုံစိတ်ချရမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အတိအကျလိုက်နာစေရန် ကျင့်သုံးဆောင်ရွက်သင့်သည်။
- အဆောက်အဦးခွန်ကိုပြုပြင်ပြောင်းလဲပြီး စည်ပင်သာယာရေးအဖွဲ့များအတွက် အဓိကကျသော ဝင်ငွေအရင်းအမြစ်တစ်ခုဖြစ်လာစေအောင် ဆောင်ရွက်သင့်သည်။
- မြေယာခွန်ကို ပြန်လည်ပြင်ဆင်ရန်၊ ထိုသို့ပြင်ဆင်ရာတွင်လည်း အခွန်ပေးဆောင်ရန်လိုသည့်အနိမ့်ဆုံးမြေပိုင်ဆိုင်မှုကို သတ်မှတ်ပေးပြီး ထိုအကျယ်အဝန်းထက်နည်းသော မြေပိုင်ရှင်များကို မြေခွန်ဆောင်ရခြင်းမှကင်းလွတ်အောင် ဆောင်ရွက်သင့်သည်။
- ကုန်သွယ်မှုနှင့်ပတ်သက်ပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ဒေသန္တရအဆင့်တို့တွင်ပြဋ္ဌာန်းထားသော အုပ်ချုပ်ရေးဆိုင်ရာ အကန့်အသတ်များကို လျှော့ချပေးသင့်သည်။ ၎င်းတို့တွင် သားသတ်ရုံများမှထုတ်လုပ်သော အသားများကိုမြို့နယ် ကျော်သယ်ဆောင်ခြင်းမပြုရဟူသော တားမြစ်ချက်အပါအဝင် အခြားတားမြစ်ချက်အများအပြားပါဝင်သည်။
- ဒေသန္တရအဆင့်စီးပွားရေးလုပ်ငန်းများစတင်ဆောင်ရွက်ရေးတွင် အကန့်အသတ်ဖြစ်နေသော ကြိုသလိုတည်ရှိနေသည့် အတားအဆီးများကို ဖယ်ရှားသင့်သည်။ ဥပမာများမှာ '(ခရီးသည်တင်) မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ' နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော တစ်နေရာနှင့်တစ်နေရာမတူညီသည့် ဟိုတယ်လုပ်ငန်း တည်ထောင်မှုဆိုင်ရာ လိုအပ်ချက်များဖြစ်သည်။
- မြေယာနှင့် အဆောက်အဦးခွန်များနောက်ကျပေးဆောင်ခြင်း သို့မဟုတ် ပေးဆောင်ရန်ပျက်ကွက်ခြင်းတို့အတွက် ဒဏ်ကြေးများကို သတ်မှတ်ကောက်ခံသင့်သည်။
- ဒေသန္တရစီးပွားရေးလုပ်ငန်းများကို စီမံအုပ်ချုပ်ရာတွင် အခြေခံများဖြစ်သော ဒေသန္တရဥပဒေများ၊ စည်းမျဉ်းများ၊ ပြဋ္ဌာန်းချက်များနှင့် နည်းဥပဒေများစသည်တို့ကို အများပြည်သူပိုမိုသိရှိနိုင်စေရန်ဆောင်ရွက်သင့်သည်။

## အပိုင်း တစ် - နိဒါန်း

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးများ၏ အသီးအပွင့်များကို ပြည်သူလူထုအများစု လက်ဆုပ်လက်ကိုင် ဖမ်းဆုပ်ရယူနိုင်ရန်အတွက်ဆိုလျှင် ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲရန်မဖြစ်မနေလိုအပ်သည်။ ဒေသန္တရအဆင့် အစိုးရအဖွဲ့အစည်းများတွင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် မက်လုံးများရှိနေသည်။ ၎င်းတို့သည် အခြေခံပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် အဓိကတာဝန်ရှိသူများဖြစ်ကြပြီး နိုင်ငံသားများ၏လိုလားချက်များကို မဖြည့်ဆည်းနိုင်ပါကလည်း ဝေဖန်ပြစ်တင်မှုများကို ပထမဦး ဆုံးကြုံရသူများဖြစ်သည်။ ၎င်းတို့၏အကန့်အသတ်များသော လုပ်ပိုင်ခွင့်ဘောင်အတွင်း၌ရှိနေပါက မူဝါဒသစ်များကို စမ်းသပ်အကောင်အထည်ဖော်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်သဘောထားများလည်း ရှိကြသည်။ ဒေသန္တရအစိုးရအနေဖြင့် သတ်မှတ်ထားသော နေရာအချို့တွင် မူဝါဒသစ်များကို စမ်းသပ်အကောင်အထည်ဖော်ကြည့်ရန် ပိုမိုလွယ်ကူတတ်သည်။ အကြောင်းမှာ စီမံချက်အသေးစားများကို အကောင်အထည်ဖော်ရေးမှာ နှိုင်းယှဉ်ချက်အားဖြင့် ပိုမိုလွယ်ကူသောကြောင့် ဖြစ်သည်။ တပြိုင်နက်တည်းမှာပင် ဒေသန္တရအဆင့်အစိုးရအဖွဲ့အစည်းများသည် အပြောင်းအလဲကို လက်ခံကျင့်သုံးရာတွင် နှေးကွေးသူများလည်းဖြစ်နေနိုင်သည်။ ၎င်းတို့၏ အကန့်အသတ်နှင့်ရှိနေသော လုပ်ပိုင်ခွင့်၊ စွမ်းဆောင်ရည်၊ နိုင်ငံ၏ထိပ်ပိုင်းခေါင်းဆောင်များနှင့် ၎င်းတို့အကြားတွင်ခြားနေသော အုပ်ချုပ်ရေးအလွှာပေါင်းစုံအပြ ၎င်းတို့ကိုယ်တိုင်၏ အတ္တအကျိုးစီးပွားများကြောင့်လည်း ပြောင်းလဲရန် တွန့်ဆုတ်နေတတ်ကြသည်။ ထိုသို့သောစိန်ခေါ်မှုများ ရှိနေသည့်တိုင် အစိုးရသစ်တစ်ရပ်အတွက် ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု၏ စီမံခန့်ခွဲခြင်းကို လွယ်ကူစွာအကောင်အထည်ဖော်နိုင်ပြီး စီးပွားရေးအရလည်း အဓိပ္ပါယ်ရှိသော အပြောင်းအလဲတစ်ခုပင်ဖြစ်သည်။ အစိုးရသစ်တစ်ရပ်အတွက်ဆိုလျှင် ဒေသန္တရစီးပွာရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲခြင်းသည် ဖြစ်နိုင်ချေအရှိဆုံး 'အမြန်ရလာဒ်ပေါ်မည့် ကြိုးပမ်းမှုများ' ထဲမှ တစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အစိုးရဖွဲ့စည်းပုံစနစ်အတွင်း၌ စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင်ပါဝင် နေသော ပြည်ထောင်စုအဆင့်အောက် အစိုးရအဖွဲ့အစည်းအများအပြားရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ကျေးရွာအုပ်စု/ရပ်ကွက်စသည့် အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်ပင်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာနအများအပြားသည်လည်း ဖော်ပြပါ အုပ်ချုပ်ရေးအဆင့်များတွင် သက်ဆိုင်ရာအရာရှိများ ထားရှိတတ်ကြပြီး ၎င်းအရာရှိများသည် ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုစနစ်အပေါ်တွင် ဩဇာသက်ရောက်မှုကြီးကြီးမားမားရှိကြသည်။ ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များသည် အခွန်အခများကောက်ခံခြင်း၊ လုပ်ကွက်များချထားပေးခြင်း၊ စီးပွားရေးလုပ်ငန်းအမျိုးမျိုးအတွက် လုပ်ပိုင်ခွင့်များချထားပေးခြင်းစသည်ဖြင့် ကျယ်ပြန့်သော စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများရှိကြသည်။ ထို့အပြင် ၎င်းတို့သည် လုပ်ငန်းရပ်အလိုက် ဗဟိုချုပ်ကိုင်မှုလျှော့ချပေးထားသော အခွင့်အာဏာများရှိကြသလို သက်ဆိုင်ရာဒေသအတွင်း ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ရာတွင် ဆုံးဖြတ်ခွင့်အာဏာလည်းရှိကြသည်။ စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆောင်ရွက်ရာတွင် ၎င်းတို့သည် လိုင်စင်ချထားပေးရန်နှင့် အခွန်ကောက်ခံရန်သာ အဓိကအာရုံထားဆောင်ရွက်ကြပြီး ထိုလုပ်ငန်းများကို ထိန်းချုပ်ကွပ်ကဲခြင်းနှင့် ၎င်းတို့အတွက်ဝန်ဆောင်မှုများပေးခြင်းတို့တွင်မူ အာရုံစိုက်မှုနည်းပါးသည်။ သို့ရာတွင် အခွန်ကောက်ခံမှုစနစ်မှာလည်း 'လုပ်ပိုင်ခွင့်အတွက် တစ်လုံးတစ်ရင်းတည်း အခွန်ပေးဆောင်ခြင်း’ အပေါ်တွင်သာ အဓိကမှီခိုနေခြင်းဖြစ်သည်။ ထိုအစဉ်အလာသည် အခွန်ကျယ်ကျယ်ပြန့်ပြန့်ကောက်ခံရရှိရန် အခက်အခဲရှိသော အာဏာရှင်အစိုးရများထံမှ အမွေဆက်ခံရရှိသည့် အစဉ်အလာဖြစ်သည်။ တစ်လုံးတစ်ခဲတည်း လိုင်စင်ကြေးပေးဆောင်သည့်စနစ်ကြောင့် လိုင်စင်ရသူများ စည်းမျဉ်းစည်းကမ်းမလိုက်နာခြင်းကို နိုင်ငံတော်ကမျက်နာလွှဲထားရလေ့ရှိသော အမြစ်တွယ်နေသည့် အစဉ်အလာဆိုး၏ အဓိကအကြောင်းအရင်းပင်ဖြစ်သည်။

ယခုစာတမ်းတွင် မြို့နယ်အဆင့်ကိုအဓိကထားဆွေးနွေးမည်ဖြစ်သော်လည်း ပြည်ထောင်စုအဆင့်အောက်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများကိုလည်း ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံရှိလူအများစုထိတွေ့ဆက်ဆံရသည့် အဓိကအကျဆုံးအုပ်ချုပ်ရေးအဖွဲ့များဖြစ်ပြီး ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုကိုပြဋ္ဌာန်းသည့် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ၎င်းတို့ မည်သို့အကောင်အထည်ဖော်နေသည်ဆိုသည့်အချက်မှာ အထူးအရေးကြီးပြီး ရေရေရာရာနားလည်ထားခြင်းမရှိသော အချက်တစ်ခုဖြစ်သည်။ ယခုစာတမ်းတွင် အသုံးပြုထားသည့် အဓိကယူဆချက်များနှင့်ပတ်သက်သည့် နည်းစနစ်ဗေဒများနှင့် အသုံးအနှုန်းဆိုင်ရာကိစ္စများကို စတင်ဆွေးနွေးထားပါသည်။ ၎င်းတို့အထဲတွင် ယေဘုယျအားဖြင့် ကျယ်ပြန့်သောအဓိပ္ပါယ်ဖွင့်ဆိုချက်သာရှိသော 'ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်' ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်လည်းပါဝင်သည်။ နောက်အပိုင်းတွင် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲခွင့်အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ဆုံးဖြတ်သည့်ဖြစ်စဉ်နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးထားပါသည်။ ယခုစာတမ်း၏ တတိယအပိုင်းတွင် မြန်မာနိုင်ငံ၏ အစိုးရစနစ်ဖွဲ့စည်းတည်ဆောက်ပုံကို သုံးသပ်ပြထားပြီး ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု လုပ်ပိုင်ခွင့်တာဝန်များရှိနေသော အမျိုးမျိုးအဖုံဖုံကျယ်ပြန့်သည့် အစိုးရအဖွဲ့အစည်းများကို ဖော်ပြထားပါသည်။ ယင်းအပိုင်းတွင် စည်ပင်သာယာရေးအဖွဲ့များ၏ အခန်းကဏ္ဍကို အသေးစိတ်

သုံးသပ်ဆွေးနွေးမှုဖြင့် စတင်ထားပါသည်။ ဒေသန္တရအဆင့်တွင် ၎င်းတို့၏ကြီးမားသောအခန်းကဏ္ဍနှင့် ပြုပြင်ပြောင်းလဲမှု စတင်ရန်အတွက် ၎င်းတို့တွင်ရှိနေသော ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုတို့ကြောင့်ထိုသို့ ပထမဦးဆုံးသုံးသပ်ဆွေးနွေးခြင်းဖြစ်ပါသည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီးပွားရေးကဏ္ဍလုပ်ပိုင်ခွင့်များကို သုံးသပ်ဆွေးနွေးထားသည်။ အလားတူပင် ဤကဏ္ဍ၌ ဆုံးဖြတ်လုပ်ပိုင်ခွင့်ရှိကြသော သက်ဆိုင်ရာတာဝန်ခံ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် အခြားအစိုးရအဖွဲ့အစည်းများကိုလည်း ထည့်သွင်းသုံးသပ်ထားပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ များစွာရှိနေသောကြောင့် ယခုသုတေသနစာတမ်းသည် ၎င်းတို့အားလုံးကို ကုန်စင်အောင်သုံးသပ်ဖော်ပြထားသည်ဟု မမှတ်ယူသင့်ပေ။ သို့သော် ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်တွင်ပါဝင်သော အဓိကအဖွဲ့အစည်းများအားလုံးကိုမူ အကျုံးဝင်အောင် ဆွေးနွေးသုံးသပ်ပြထားပါသည်။ စတုတ္ထနှင့် ပဥ္စမအခန်းများတွင် ဒေသန္တရအဆင့်အစိုးရများအတွက် အရေးကြီးသော ကဏ္ဍနှစ်ခုဖြစ်သည့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ ဝင်ငွေများနှင့် စီးပွားရေးလုပ်ငန်းများကို လုပ်ပိုင်ခွင့် လိုင်စင်ချထားပေးခြင်းဟူသော ခေါင်းစဉ်နှစ်ခုကို တစ်ခုချင်းစီ ဆွေးနွေးထားပါသည်။ ဖော်ပြပါကဏ္ဍများတွင် သက်ဆိုင်ရာအကြောင်းအရာနှင့်ပတ်သက်ပြီး ဖွင့်ဆိုရှင်းပြသည့် အလုပ်ကိုဆောင်ရွက်သလို နက်နက်နဲနဲ သုံးသပ်ဆန်းစစ်ထားသည့် အပိုင်းများလည်းပါဝင်ပါသည်။ ထိုဆန်းစစ်သုံးသပ်ချက်များသည် နောက်ဆုံးအခန်းတွင်ဖော်ပြထားသည့် အကြံပြုချက်များ၏ အခြေခံလည်းဖြစ်သည်။ ထိုအကြံပြုချက်များသည် အစိုးရနှင့်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအတွက် အဓိကကျသော ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ဆောင်ရွက်ရမည့် အဆင့်များကို သုံးသပ်အကြံပြုထားခြင်းဖြစ်ပါသည်။

## ၁.၁ နည်းစနစ်ဗေဒ

ယခုသုတေသနကို မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်/တိုင်းဒေသကြီးသုံးခုရှိ မြို့နယ်ခြောက်ခုတို့တွင် ၂၀၁၅ ဇူလိုင်လအတွင်း ကပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးများကို အရည်အချင်းသတ်မှတ်ချက်အချို့ပေါ်မူတည်၍ ရွေးချယ်ခဲ့ပါသည်။ ပထမအချက်မှာ အနည်းဆုံးပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးတစ်ခုစီသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ အာရှဖောင်ဒေးရှင်း၏ စီမံကိန်းဆိုင်ရာ ဦးစားပေးရွေးချယ်မှုများအပေါ် အခြေခံသည်။ အာရှဖောင်ဒေးရှင်းသည် ယခုသုတေသနတွင် ထည့်သွင်းလေ့လာသည့် ပြည်နယ်/တိုင်းဒေသကြီးများ၌ သုတေသနစီမံချက်အများအပြားနှင့် အလုပ်ရုံ ဆွေးနွေးပွဲများဆောင်ရွက်ထားပြီးဖြစ်သည်။ ထိုသို့ ကြိုတင်တည်ဆောက်ထားပြီးဖြစ်သော ဆက်ဆံရေးများရှိနေခြင်းကြောင့် အစိုးရနှင့် စီးပွားရေးအသိုင်းအဝိုင်းမှတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းရာတွင် အထောက်အပံ့များစွာဖြစ်စေသည်။ ထိုဒေသများ တွင် အာရှဖောင်ဒေးရှင်းအနေနှင့် အလုပ်သဘောဆက်ဆံရေးများ တည်ဆောက်ထားပြီးဖြစ်သည့်အပြင် နောက်ထပ်စီမံကိန်း အသစ်များ ဆက်လက်ဆောင်ရွက်ရန်လည်း လျာထားပြီးဖြစ်ပါသည်။ ယခုသုတေသနအတွက် ထိုပြည်နယ်/တိုင်းဒေသကြီးသုံးခုကို ရွေးချယ်ခြင်းကြောင့် ဆက်လက်ပြီး ယခုအစီရင်ခံစာပါ အကြံပြုချက်အချို့ကို အချို့သောဌာနဆိုင်ရာအဖွဲ့အစည်းအချို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလားအလာများလည်း ကောင်းသွားနိုင်သည်။ ထိုပြည်နယ်/ တိုင်းဒေသကြီးများအတွင်းမှ မြို့နယ်ငါးခုနှင့် မြို့တစ်ခုကို သုတေသနအတွက် တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရန် ရွေးချယ်ခဲ့သည်။ မြို့နယ်များသို့ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ရန်အတွက် မသွားရောက်မီ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးမြို့တော်များသို့ သွားရောက်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ နှင့် တွေ့ဆုံဆွေးနွေးမှုများ မဖြစ်မနေပြုလုပ်ခဲ့ရသည်။ တနင်္သာရီတိုင်း အတွင်းရှိ မြေတ္တာမှာမူ မြို့နယ်တစ်ခုမဟုတ်ပဲ မြို့တစ်ခုဖြစ်ကာ လူဦးရေလည်းနည်းပါးသောကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကာ မြို့နယ်နှင့်မတူညီသော အုပ်ချုပ်မှုပုံစံတစ်ခုကို လေ့လာဆန်းစစ်ခြင်းလည်းဖြစ်သည်။[3] သာပေါင်းမြို့နယ်မှာ ဧရာဝတီတိုင်းအတွင်းရှိ လူဦးရေနည်းပါးသော ကျေးလက်ပိုဆန်သည့် မြို့နယ်တစ်ခုဖြစ်ခြင်းကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြောင်းမြမြို့နယ်ကို ရွေးချယ်ရခြင်းမှာ အာရှဖောင်ဒေးရှင်းမှ ယခင်က ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ဖူးခြင်းကြောင့်ဖြစ်သည်။ ပြည်နယ်/ တိုင်းဒေသကြီးမြို့တော်များမဟုတ်သော ကွင်းဆင်းလေ့လာမှုများဆောင်ရွက်သည့်နေရာ ဒေသများကိုရွေးချယ်ရခြင်း၏ အကြောင်း အရင်းများထဲတွင် လုပ်ငန်းဆောင်ရွက်မှုကို ထောက်ပံ့ရေးလုပ်ငန်းများ လွယ်ကူအဆင်သင့် ဖြစ်/မဖြစ်ဆိုသော အချက်လည်း ပါဝင်သည်။ ဝိသေသလက္ခဏာများမတူကွဲပြားသော မြို့နယ်နှင့် မြို့များပါဝင်စေရန်ဆောင်ရွက် ထားပြီးတပြိုင်တည်းမှာပင် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်မှုများ ထိရောက်စေရေးကိုလည်း ရည်ရွယ်ထားခြင်းဖြစ်သည်။

[3] ယခင်က မြို့များကို မြို့နယ်ခွဲများအဖြစ်ခေါ်ဝေါ်သတ်မှတ်လေ့ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် မြို့နယ်ခွဲများကို ဆက်လက် အသိအမှတ်မပြုတော့သဖြင့် ထိုအုပ်ချုပ်ရေးယူနစ်များကို မြို့ဟုသာ ခေါ်ဝေါ်သည်။

**ဇယား ၁။ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အလိုက်တွေ့ဆုံမေးမြန်းမှုနှင့် ဦးတည်အုပ်စုငယ်ဆွေးနွေးမှုများပြုလုပ်ခဲ့သည့် စာရင်း**

| ပြည်နယ်/တိုင်းဒေသကြီး | မြို့နယ် | အစိုးရဘက် | စီးပွားရေးလုပ်ငန်းများဘက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | | | တစ်စိတ်တစ်ပိုင်း တည်ဆောက်ထားသော တွေ့ဆုံမေးမြန်းမှု | ဈေးအတွင်း အလွတ် တွေ့ဆုံမေးမြန်းမှု | |
| ရောဝတီ | ပုသိမ် | ၅ | ၄ | ၆ | ၁၅ |
| | မြောင်းမြ | ၂ | ၂ | | ၄ |
| | သာပေါင်း | ၃ | | | ၃ |
| တနင်္သာရီ | ထားဝယ် | ၁၀ | ၂ | ၁ | ၁၃ |
| | မေတ္တာ | ၂ | | | ၂ |
| ရှမ်း | တောင်ကြီး | ၉ | ၄ | | ၁၃ |
| စုစုပေါင်း | | ၃၁ | ၁၂ | ၇ | ၅၀ |

ကွင်းဆင်းသုတေသနများဆောင်ရွက်ခဲ့သော ရက်သတ္တပါတ်သုံးပါတ်အတွင်း တွေ့ဆုံမေးမြန်းမှု၊ အုပ်စုငယ်ဆွေးနွေးပွဲများ နှင့် ဈေးအတွင်း အလွတ်တမ်းတွေ့ဆုံမေးမြန်းမှုစုစုပေါင်း ငါးဆယ်ကိုပြုလုပ်ခဲ့သည်။ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်သည့် ဒေသများအားလုံးလိုလိုတွင် အဓိကအကျဆုံးအစိုးရဌာနဆိုင်ရာများဖြစ်သည့် စည်ပင်သာယာရေးအဖွဲ့များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ဒေသန္တရအဆင့်တွင် စီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု၌ ပါဝင်ပတ်သက်နေသော ကျယ်ပြန့်သည့်အဖွဲ့အစည်းများကို ခြုံငုံမိစေရန်အတွက် သုတေသနအဖွဲ့သည် ဝန်ကြီးဌာန ၁၂ ခုအောက်ရှိ ဌာန/ဌာနခွဲနှင့် လုပ်ငန်းပေါင်း ၁၆ ခုတို့ကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့ပါသည်။[4] တွေ့ဆုံမေးမြန်းမှုများဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာအဖွဲ့အစည်းများမှာ အောက်ပါတို့ဖြစ်ကြပါသည်။

- စည်ပင်သာယာရေးဌာန
  - စည်ပင်သာယာရေးအဖွဲ့များ
- ပြည်ထဲရေးဝန်ကြီးဌာန
  - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- ဘဏ္ဍာရေးဝန်ကြီးဌာန
  - ပြည်တွင်းအခွန်များဦးစီးဌာန
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
  - ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာန
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန
  - သစ်တောဦးစီးဌာန
- မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန
  - ငါးလုပ်ငန်းဦးစီးဌာန
  - မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
  - ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန
- စက်မှုဝန်ကြီးဌာန
  - စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
- မီးရထားဝန်ကြီးဌာန
  - သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ
- သတ္တုတွင်းဝန်ကြီးဌာန
  - သတ္တုတွင်းလုပ်ငန်းအမှတ် (၂)
  - ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဌာန
- စိုက်ပျိုးရေးဝန်ကြီးဌာန
  - စိုက်ပျိုးရေးဌာန
  - စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန[5] (DALMS)

[4] အချို့သော ဝန်ကြီးဌာနများတွင် ဌာနဆိုင်ရာအများအပြားကို တွေ့ဆုံမေးမြန်းခဲ့သည်။ သက်ဆိုင်ရာဌာနအနေနှင့် ကျန်ဌာနများနှင့်မတူသော် လည်း သီးခြားအရေးပါသည့် စီးပွားရေးကဏ္ဍအလိုက်ထိတွေ့ဆက်ဆံမှုများရှိပါက ထိုသို့တွေ့ဆုံသည် (ဥပမာ- မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေး လက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)။
[5] ယင်းကို ယခင်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနဟုခေါ်ဝေါ်သည်။

- ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
- ဆောက်လုပ်ရေးဝန်ကြီးဌာန
    - အဝေးပြေးလမ်းများဌာန[6]

ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအများအပြားမှာ စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံမှုများရှိကြသော်လည်း ယခုသုတေသန အစီရင်ခံစာတွင်မူ အခြေခံကုန်ထုတ်/ဝန်ဆောင်မှုကဏ္ဍများနှင့် မြို့ပြစီးပွားရေးလုပ်ငန်းပုံစံများနှင့်ပတ်သက်ပြီး အဓိကတာဝန်ရှိသည့် ဝန်ကြီးဌာနများကို အဓိကထားလေ့လာဆန်းစစ်ပါသည်။ အဓိကမြို့တော်ကြီးများမှအပ ကျန်ဒေသများရှိစီးပွားရေးပုံစံများမှာ များသောအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် သစ်တော၊ သတ္တုတူးဖော်ခြင်းစသော သယံဇာတနှင့်ဆက်စပ်သည့် လုပ်ငန်းများဖြစ်ကြပြီး အခြေခံကုန်ကြမ်းထုတ်လုပ်ငန်းများအဖြစ်သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ကြီးနှစ်မြို့မှလွဲ၍ ကျန်မြို့ကြီးများရှိ စီးပွားရေးပုံစံများမှာလည်း သက်ဆိုင်ရာအခြေခံကုန်ကြမ်းထုတ်လုပ်ငန်းများနှင့်ဆက်စပ်နေသည့် ဒုတိယအဆင့် ကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်းများသာ အများစုဖြစ်နေသည်။ အကောင်းဆုံးဥပမာမှာ ဧရာဝတီတိုင်းဒေသကြီးရှိ အရေအတွက် အလွန်များပြားသော ဆန်စက်များ ဖြစ်ပြီး၊ ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသော ဆန်စပါးထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ဝန်ဆောင်မှုပေးရန်ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ အခြားသော ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများသည်လည်း စီးပွားရေး လုပ်ငန်းများနှင့် ထိတွေ့ဆက်စပ်မှုများရှိနိုင်ပါသည် (ဥပမာ- ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဘဏ်များကိုလိုင်စင်ထုတ်ပေးခြင်း)။ ယခုစာတမ်းတွင် အဓိကထားလေ့လာသုံးသပ်မည့် ဌာနဆိုင်ရာများမှာ ဒေသန္တရအဆင့်တွင်ရုံးခွဲများရှိပြီး မြန်မာနိုင်ငံရှိ ပြည်သူအများစုမှီခိုအားထားနေရသော စီးပွားရေးလုပ်ငန်းများအပေါ်တွင် အာဏာသက်ရောက်မှုရှိသော ဌာနများပင်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုများ၊ ဈေးများသို့သွားရောက်လေ့လာမှုများနှင့် ဦးတည်အုပ်စုငယ်ဆွေးနွေးပွဲများအပြင် သုတေသနအဖွဲ့သည် လက်ခံဖြေကြားပေးခဲ့သော အစိုးရတာဝန်ရှိသူများထံမှလည်း အမျိုးအစားစုံလင်ထွေပြားသော သတင်းအချက်အလက် အများအပြားကို လက်ခံရရှိခဲ့ပါသည်။ ထိုသတင်းအချက်အလက်များသည် တွေ့ဆုံမေးမြန်းခဲ့သောဌာနနှင့် ရရှိနိုင်သော အချက်အလက်များအပေါ်တွင်မူတည်ပြီး မြို့နယ်တစ်ခုနှင့်တစ်ခုလည်း မတူညီပေ။ ကောက်ခံရယူသော သတင်းအချက်အလက် အမျိုးအစားများတွင် စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအရင်းအမြစ်များ၊ လေလံ-လိုင်စင်ဆိုင်ရာအချက်အလက်များ၊ မြေယာအိုးအိမ်ခွန်ဇယားနှင့် အခြားအခွန်အခနှင့် ခိုင်ကြေးများကောက်ခံရယူရမည့် ဇယားများပါဝင်သည်။[7] *သတင်းအချက်အလက် အများအပြားနှင့် တွေ့ဆုံမေးမြန်းမှုအများအပြားကို စုဆောင်းရရှိခဲ့သော်လည်း ယခုအစီရင်ခံစာတွင်ဖော်ပြထားသော နိဂုံးချုပ်မှုကို ထည့်သွင်းစဉ်းစားရာတွင် ၎င်းတို့သည် အကန့်အသတ်ရှိပြီး တွေ့ဆုံမေးမြန်းခဲ့သူအားလုံးကို ကိုယ်စားပြုမှုမရှိသည့် နမူနာတို့ကို အခြေခံပြီး ကောက်ချက်ဆွဲထားခြင်းသာဖြစ်ကြောင်း ဂရုပြုကြစေရန် သတိပေးလိုပါသည်။ ထိုတွေ့ရှိမှုများသည် ကွင်းဆင်းလေ့လာမှုပြုသည့် ဒေသများမှလာခြင်းဖြစ်သဖြင့် ထိုဒေသများသည် နိုင်ငံတော်တစ်ခုလုံးကို မည်ရွေ့မည်မျှ ကိုယ်စားပြုသည်ဆိုသော ပမာဏအတိုင်းသာ ယခုနိဂုံးကောက်ချက်များကလည်း ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှု မြင်ကွင်းတစ်ခုလုံးကို ကိုယ်စားပြုနိုင်မည်ဖြစ်သည်။*

## ၁.၂ ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုဆိုသည်မှာ အဘယ်နည်း

ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုဆိုသည်မှာ ကျယ်ပြန့်သောအယူအဆတစ်ခုဖြစ်ပြီး ယင်းကိုအနက်ကောက်ယူမှုနှင့် နားလည်လက်ခံမှု ပုံစံအမျိုးမျိုးကွဲပြားခြားနားနိုင်သည်။ ယခုစာတမ်းတွင်အသုံးပြုသော 'ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု' ဆိုသောဝေါဟာရသည် ပုဂ္ဂလိကစီးပွားရေးဆောင်ရွက်မှုများကို စီမံအုပ်ချုပ်ခြင်းကိုဆိုလိုပြီး တစ်ဦးချင်းစီးပွားရေး လုပ်ငန်းသမားများက ၎င်းတို့၏ထုတ်ကုန်များကို ဈေးကွက်တွင်ရောင်းချခြင်းမှအစ အရွယ်အစားအလွန်ကြီးမားပြီး ကဏ္ဍစုံ လုပ်ငန်းများလုပ်ကိုင်သော ဧရာမစီးပွားရေးလုပ်ငန်း အုပ်စုကြီးများအထိပါဝင်သည်။ ယခုစာတမ်းသည် လူတစ်ဦးချင်းစီနှင့် စီးပွားရေးလုပ်ငန်းများအနေနှင့် ၎င်းတို့၏ဆိုင်ရာ အသက်မွေးဝမ်းကျောင်းများ ဆောင်ရွက်ရာတွင် အစိုးရနှင့် မည်သို့ထိတွေ့ဆက်ဆံဆောင်ရွက်ရသည်ဆိုသည်ကို လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုအောက်တွင် အောက်ပါလုပ်ငန်းရပ်များပါဝင်သည်။

---

[6] ဆောက်လုပ်ရေးဝန်ကြီးဌာနကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းလျက်ရှိသည်။ ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်လုပ်ငန်းအနေနှင့်တည်ထောင်ထားသော ပြည်သူဆောက်လုပ်ရေးလုပ်ငန်းကို တံတားဌာန၊ အဝေးပြေးလမ်းများဌာန၊ အဆောက်အဦဌာနနှင့် မြို့ပြနှင့် အိုးအိမ်ဌာနဟူ၍ သီးခြား ဌာန လေးခု အဖြစ် ခွဲထုတ်လိုက်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအကြောင်းကို မကြာသေးမီက အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေခဲ့သော ပြည်နယ်/ တိုင်းဒေသကြီးများရှိ ပြည်သူ့ဘဏ္ဍာကဏ္ဍ စာတမ်းတွင် အသေးစိတ်လေ့လာသုံးသပ်ပြထားပါသည်။ ထိုသို့ဌာနများခွဲထုတ်မှုမှာ ရှင်းလင်းထင်ရှားသော်လည်း ၎င်းဌာနများအချင်းချင်း လုပ်ငန်းများထပ်နေခြင်းနှင့် အပြန်အလှန်မှီခိုနေခြင်းမှာမူ ဆက်လက်ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။ ဥပမာအားဖြင့် အလျား အတန်ရှည်သော လမ်းတစ်ခုကို ဖောက်မည်ဆိုပါက မကြာခဏဆိုသလို တံတားများလည်းတည်ဆောက်ရန်လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ဌာန အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှု မဖြစ်မနေလိုအပ်သည်။ တံတားဌာနမှာ တံတားတိုင်းကို ဆောက်လုပ်ခြင်းမဟုတ်ပဲ အလျားပေ ငါးဆယ်ထက်ရှည် သော တံတားများကိုသာ ဖောက်လုပ်ခြင်းဖြစ်သည်။ ထို့ကြောင့် ယင်းကိုမကြာခင် တံတားကြီးများဌာနဟု အမည်ပြောင်းနိုင်သည်။ အစိုးရဌာနဆိုင် ရာများနှင့် တွေ့ဆုံမေးမြန်းခြင်း အမှတ်- ၁၄၇၊ ဇူလိုင် ၂၂၊ ၂၀၁၅။

[7] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအများစုတွင် သတင်းအချက်အလက်များကို လွတ်လွတ်လပ်လပ်ရယူနိုင်ပြီး ယခုလေ့လာဆန်းစစ်မှု အတွက် မရှိမဖြစ် အရေးပါသော သတင်းအချက်အလက်အများအပြားကို မျှဝေပေးခဲ့ကြပါသည်။

*ခွင့်ပြုချက်နှင့် လုပ်ငန်းလိုင်စင်များချထားပေးခြင်း*

- လုပ်ငန်းလိုင်စင် (အထူးသီးသန့်လိုင်စင်နှင့် ပုံမှန်လိုင်စင်များ)
- ကဏ္ဍ/လုပ်ငန်းရပ်အလိုက် ထုတ်ပေးသော လိုင်စင်များ
- ဆောက်လုပ်ခွင့်ပါမစ်
- မြေယာမှတ်ပုံတင်ခြင်း
- ခွင့်ပြုစာများထုတ်ပေးခြင်း

*အခွန်အခများကောက်ခံခြင်း*

- အခွန်များ
- ဝန်ဆောင်ခနှင့် (အခြားအခွန်အခများ)
- ဒဏ်ကြေးများနှင့် အခြားဘဏ္ဍာငွေများ

*အခြေခံဝန်ဆောင်မှုများပေးခြင်း*

- ဒေသန္တရအခြေခံအဆောက်အဦများနှင့် ဝန်ဆောင်မှုများ[8]
- ကဏ္ဍအလိုက်ဝန်ဆောင်မှုများ (ဥပမာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသော တိရစ္ဆာန်ကုသရေးနှင့် ကာကွယ်ရေးဆိုင်ရာဝန်ဆောင်မှုများ)
- စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအစီအစဉ်များ
- နိုင်ငံတော်မှ ပေးအပ်သော ချေးငွေအစီအစဉ်များ
- အငြင်းပွားမှုများကိုဖြေရှင်းပေးခြင်း

*ပုံမှန်ကြီးကြပ်ထိန်းကွပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း*

- စီးပွားရေလုပ်ငန်းဖော်ဆောင်ရာတွင် လိုက်နာစောင့်ထိန်းရမည့် စည်းမျဉ်း/စံချိန်စံညွှန်းများသတ်မှတ်ခြင်း
- စီးပွားရေးလုပ်ငန်းများကို စစ်ဆေးခြင်း

*စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း*

- သက်ဆိုင်ရာမဲဆန္ဒရှင်များ(ပြည်သူတစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများ) အလိုက် အစိုးရနှင့်ထိတွေ့ဆက်ဆံသည့် စနစ်များ
- ဆုံးဖြတ်ချက်ချမှတ်ရာတွင် မဲဆန္ဒရှင်များကို ပါဝင်စေခြင်း
- စီးပွားရေးလုပ်ငန်းများသို့ သတင်းအချက်အလက်များပေးခြင်း

အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှအပ မြန်မာနိုင်ငံရှိလူအများစုသည် စိုက်ပျိုးထုတ်လုပ်ခြင်း၊ သဘာဝသယံဇာတများ ထုတ်ယူခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းကဲ့သို့သော အခြေခံကုန်ကြမ်းထုတ်လုပ်သည့် လုပ်ငန်းများ၊ သို့မဟုတ် ထိုအခြေခံ ကုန်ထုတ်လုပ်ရေးများနှင့် ဆက်စပ်သည့် ဒုတိယအဆင့်ကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေကြသူများဖြစ်သည်။ ထိုကဏ္ဍများတွင်လုပ်ကိုင်နေသူအများစုသည်လည်း လယ်သမားမိသားစုများ၊ ပျံကျလုပ်သားများ၊ လယ်ယာလုပ်ငန်းမှ သူရင်းငှားများ စသဖြင့် မိမိတို့တစ်ပိုင်တစ်နိုင်လုပ်ကိုင်နေကြသူများသာဖြစ်သည်။ မြန်မာနိုင်ငံတွင် လူအများပါဝင်သော ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရန်အတွက် ၎င်းတို့၏အခန်းကဏ္ဍက အလွန်အရေးကြီးသည်။ သို့ရာတွင် ယခုစာတမ်းတွင် စိုက်ပျိုးရေးအခြေခံစီးပွားရေးကဏ္ဍနှင့်ပတ်သက်ပြီး အကန့်အသတ်နှင့်သာ သိနားလည်သဘောပေါက်ထားပါသည်။ အခြေခံကုန်ထုတ်လုပ်ရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းအချက်အလက်အချို့ရရှိထားသော်လည်း ယခုစာတမ်းသည် ကုန်ကြမ်းမှကုန်ချောထုတ်သည့် တန်ဖိုးမြှင့်လုပ်ငန်းစဉ်အဆင့်ဆင့် စီမံအုပ်ချုပ်မှုအပေါ်တွင်သာ အဓိကလေ့လာသုံးသပ်ထားခြင်းဖြစ်ပြီး အခြေခံထုတ်လုပ်သူများ၏ အခြေအနေများကို လေ့လာဆန်းစစ်ခြင်းမပြုပါ။

[8] ပြည်သူ့ဝန်ဆောင်မှုများဆောင်ရွက်ပေးခြင်းသည် ဒေသန္တရစီးပွားစီမံအုပ်ချုပ်မှု၏ အရေးပါသော မျက်နှာစာတစ်ခုဖြစ်သည်။ သို့ရာတွင် ယခုအစီ ရင်ခံစာတွင် ယင်းအပိုင်းကို အသေးစိတ်ဆွေးနွေးမည်မဟုတ်ပါ။ လိုင်စင်ထုတ်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ အခွန်ကောက်ခံခြင်းနှင့် ပြည်သူ့ ဝန်ဆောင်မှုပေးခြင်းများသည် အစိုးရ၏အဓိကဦးစားပေးလုပ်ငန်းများဖြစ်လေ့ရှိသည်မှာ အမြဲတမ်းအစဉ်အလာတစ်ခုတော့မဟုတ်ပေ။ ဝန်ဆောင်မှု ပေးသောကိစ္စရပ်များသည် အဖိုးအခနှင့်ချိတ်ဆက်ထားပြီး ယင်းချိတ်ဆက်မှုကို ယခုအစီရင်ခံစာတွင်ဖော်ပြထားပါသည်။ ယခုအစီရင်ခံစာတွင် အဓိကဝန်ဆောင်မှုပေးသူများမှာ စည်ပင်သာယာရေးအဖွဲ့များဖြစ်သော်လည်း ၎င်းတို့၏ ဝန်ဆောင်မှုအများစုသည် အခြေခံအဆောက်အဦများနှင့် ဆက်စပ်လျက်ရှိသည်။ ဆောက်လုပ်ရေးပါမစ်များကဲ့သို့ အချို့သော စည်ပင်သာယာရေးအဖွဲ့၏ဝန်ဆောင်မှုများကိုယခုအစီရင်ခံစာတွင် ဆွေးနွေး ထားသော်လည်း ၎င်းတို့၏ ဘဏ္ဍာရေးကဏ္ဍစီမံခန့်ခွဲမှုအခြေအနေများကို အသေးစိတ်လေ့လာဆန်းစစ်နိုင်ခြင်းမရှိပါ။

## ၁.၃ အုပ်ချုပ်ရေးကဏ္ဍ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ

၂၀၀၈ ခုနစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက မြန်မာနိုင်ငံရှိတိုင်းများကို တိုင်းဒေသကြီးများအဖြစ်ပြောင်းလဲလိုက်ပြီး ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးတရားရေးဆိုင်ရာအဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။[9] အသစ်ဖန်တီးထားသော ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် အင်စတီကျူးရှင်းများ၏ စီးပွားရေးဆိုင်ရာလုပ်ပိုင်ခွင့်များကို အခြေခံဥပဒေနောက်ဆက်တွဲ ဇယား-၂ နှင့် ဇယား-၅ တို့တွင် ပြဌာန်းထားသည်။ ထိုနောက်ဆက်တွဲဇယားများသည် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဥပဒေပြုစာရင်းနှင့် အခွန်ဘဏ္ဍာကောက်ခံခွင့်တို့ကို သတ်မှတ်ပေးထားခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများအပေါ်တွင် အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုကို ခွဲဝေသတ်မှတ်ပေးထားသည်။ ထိုခွဲဝေမှုများသည် နောက်ဆက်တွဲဇယားများတွင်သာပေါ်လွင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများတွင်မူ အတိအလင်းပြဌာန်းထားခြင်းမျိုးမရှိပါ။ ထိုအချက်ကို 'မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ' ခေါင်းစဉ်ဖြင့်ရေးသားသော သုတေသနစာတမ်းတွင်ထောက်ပြထားပြီး 'ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအား ဥပဒေပြုခွင့်အာဏာရှိသော လုပ်ငန်းနယ်ပယ်များအပေါ်တွင် အုပ်ချုပ်ခွင့်အာဏာကိုပါအပ်နှင်းထားသည်' ဟု ကောက်ချက်ချထားပါသည်။[10] ထိုသို့အုပ်ချုပ်ရေးအာဏာခွဲဝေပေးထားသည့် ပုံစံသစ်သည် ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်ကို နားလည်စေရန်အတွက် အရေးပါပြီး ဖြစ်နိုင်ချေရှိသည့် ပြုပြင်ပြောင်းလဲရေးများကိုဆောင်ရွက်ရာတွင် စမှတ်များအဖြစ် အသုံးတည့်ပါသည်။

ထိုသို့အုပ်ချုပ်ရေးအာဏာခွဲဝေသည့်ပုံစံကြောင့် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များက ဥပဒေပြဌာန်းခွင့်ရှိသော စီးပွားရေးကဏ္ဍများနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရက အခွန်ကောက်ခံခွင့်ရှိသော စီးပွားရေးကဏ္ဍများတွင် လုပ်ငန်းလိုင်စင်ချထားပေးခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်းများဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့က နောက်ဆုံးအဆုံးအဖြတ်ကိုပေးနိုင်သည့် အကျိုးသက်ရောက်မှုကို လက်တွေ့ရရှိစေသည်။ ဥပမာအားဖြင့် ရေချိုငါးဖမ်းလုပ်ငန်းလိုင်စင် (ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား-၂ တွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ ဥပဒေပြုခွင့်ရှိသော ကဏ္ဍ) ချထားခြင်းကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရကဆုံးဖြတ်ရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆုံးဖြတ်ရမည်မဟုတ်ပါ။ ။ အလားတူပင် ဝါးခုတ်ခွင့်လိုင်စင်ကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့် သစ်တောဦးစီးဌာန မှဆုံးဖြတ်ရမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်မှ မဆုံးဖြတ်ပါ။ ထိုလုပ်ငန်းများမှရရှိသော အခွန်ဘဏ္ဍာများကိုလည်း ပြည်နယ်/ တိုင်းဒေသကြီးဘတ်ဂျက်အတွင်းသို့ စီးဝင်စေသည်။

ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဌာန်းပြီး ပြည်ထောင်စုအစိုးရက အခွန်အတုပ်များကောက်ခံသည့် စီးပွားရေးလုပ်ငန်းကဏ္ဍများနှင့်ပတ်သတ်လျှင်မူ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် လိုင်စင်ချထားပေးခြင်းနှင့် စောင့်ကြည့်ကွပ်ကဲခြင်းတို့၌ နောက်ဆုံးအဆုံးအဖြတ်များ ပေးပိုင်ခွင့်မရှိပါ။ ထိုလုပ်ငန်းကဏ္ဍများနှင့်ပတ်သင်လျှင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ပြည်ထောင်စုအစိုးရစနစ်၏ မရှိမဖြစ်အရေးပါသောအဆင့်များအဖြစ် ပါဝင်ရသည်။ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသည် ပြည်ထောင်စုအဆင့်က ဆောင်ရွက်သောလုပ်ငန်းများ၌ တာဝန်ယူရမှုအများအပြားရှိသည်။ 'ပြည်ထောင်စုဝန်ကြီးဌာနများသို့ အစီရင်ခံစာများတင်သွင်းခြင်း၊ ဗဟိုအစိုးရက အကောင်အထည်ဖော်ရန်တာဝန်ရှိသောစီမံကိန်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ပြည်ထောင်စုအစိုးရကို ပံ့ပိုးကူညီပေးခြင်း' စသည့် လုပ်ငန်းတာဝန်များဖြစ်သည်။[11] ပြည်ထောင်စုဝန်ကြီးများကလည်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများကို ကျော်လွှားပြီး ၎င်းလက်အောက်ရှိ ကျန်ဌာနဆိုင်ရာအဖွဲ့အစည်းအဆင့်များနှင့် တိုက်ရိုက်လုပ်ငန်းဆောင်ရွက်ခြင်းများ လုပ်လေ့မရှိပါ။ ဥပမာအားဖြင့် ခရိုင်အဆင့်ဌာနဆိုင်ရာရုံးခွဲများသို့ဆက်သွယ်ဆောင်ရွက်ခြင်းများအားလုံးကို ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့်သာ ဆောင်ရွက်လေ့ရှိခြင်းကို ဆိုလိုသည်။ (စည်ပင်သာယာရေးအဖွဲ့များမှလွဲ၍) ပြည်ထောင်စုအဆင့်အောက် အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ရှိ ဝန်ထမ်းများမှာလည်း ပြည်ထောင်စုဝန်ကြီးဌာနဝန်ထမ်းများသာဖြစ်ပြီး ဗဟိုမှတိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ကာ ပြည်ထောင်စုအစိုးရလုပ်ထုံးလုပ်နည်းများနှင့်အညီ လခပေးထားခြင်းဖြစ်သည်။

ယခုစာရေးသူကိုယ်တိုင်ရေးသားခဲ့သည့် အစီရင်ခံစာတစ်ခုအပါအဝင် အာရှဖောင်ဒေးရှင်းမှထုတ်ဝေခဲ့သော အစောပိုင်း အစီရင်ခံစာများတွင် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသည် 'ဌာနလက်ကိုင်မရှိသော ဝန်ကြီးများ' ဖြစ်သည်ဟု သုံးသပ်ဖော်ပြထားကြပြီး ထိုအချက်သည် ပြည်ထောင်စုအဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သို့ ဌာနဆိုင်ရာဖွဲ့စည်းပုံများခွဲဝေပေးခြင်းမရှိသည့်အချက်

[9] Hamish Nixon, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn, and Matthew Arnold. *State and Region Governments in Myanmar* (Yangon: The Asia Foundation and Myanmar Development Research Institute-CESD), စာ- ၅။ ယင်းအစီရင်ခံစာတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ နောက်ခံသမိုင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ဆွေးနွေးထားသည်။ ယင်းတို့ကို အသေးစိတ်ဖော်ပြခြင်းများ ဤနေရာတွင်မပြုတော့ပါ။ ပြည်နယ်/တိုင်းဒေသကြီးများကို အမည်ခေါ်ရာတွင်လည်း အစိုးရအဖွဲ့အစည်းအဆင့်ဆင့်တို့ကြား အတူတူပင်ဖြစ် ကြောင်းမှတ်သားနိုင်သည်။

[10] Nixon et al., *State and Region Governments in Myanmar* စာ- ၁၄

[11] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၁၄။

ကို မီးမောင်းထိုးပြနေသည်။ သို့ရာတွင် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသည် ဥပဒေပြဋ္ဌာန်းချက်အတိုင်းဆိုလျှင် ၎င်းတို့အပြည့်အဝ စီမံဆုံးဖြတ်နိုင်သော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများလည်း ရှိကြသည်ဟုဆိုနိုင်သည်။ ထိုနှိုင်းယှဉ်ချက်သည် မြန်မာနိုင်ငံ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်၏ အဓိကအကျဆုံးဝိသေသလက္ခဏာတစ်ခုကို ညွှန်ပြနေသည်။ ယင်းမှာ '**မြန်မာနိုင်ငံ၏ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် လက်ရှိဖွဲ့စည်းပုံအတွင်း၌ လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေချထားပေးခြင်းသာဖြစ်ပြီး ဖွဲ့စည်းပုံများကို ခွဲဝေဖြန့်ချခြင်းမဟုတ်**' ဟူသောအချက်ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းများသည် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးကို အစီရင်ခံရသလို ၎င်းမှတစ်ဆင့်လည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံရသည်။[12] ဆုံးဖြတ်ခွင့်မည်မျှရှိသနည်းဟူသောအချက်ကိုလည်း မည်သည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သနည်းဟူသောအချက်က အဆုံးအဖြတ်ပေးသည်။ ထိုသို့လုပ်ပိုင်ခွင့်အာဏာခွဲဝေခြင်းကို ဗဟိုပြုစဉ်းစားသော ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများလုပ်ငန်းဆောင်ရွက်ပုံတွင် ထင်ဟပ်လျက်ရှိသည်။ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီးများအတွက်ရော ပြည်ထောင်စုအစိုးရအတွက်ပါ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးနေရခြင်းဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးဌာနများက အခွန်ကောက်ခံသလို ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများကလည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် အခွန်များကိုကောက်ခံ (သို့မဟုတ် ကောက်ခံရာတွင် ကူညီ) ပေးကြသည်။ ၎င်းတို့သည် လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်တစ်စိတ်တစ်ဒေသကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များထံမှရရှိကြသည်။ သို့ရာတွင် အရင်းစစ်ပါက ထိုရန်ပုံငွေအများစုမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ ပြည်ထောင်စုမှ လွှဲပြောင်းပေးငွေများသာဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ကောက်နှုတ်ဖော်ပြထားမှုများကို အောက်ပါဇယား (ဇယား- ၂)[13] တွင် ကြည့်ရှုနိုင်သည်။ ထိုဇယား တွင် ပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ခံဌာနအများအပြားသည် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှ အခွန်များကိုကောက်ခံ ခြင်းနှင့် ကျခံသုံးစွဲခြင်းကို ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်များမှနေ၍ ဆောင်ရွက်နေကြဆဲပင်ဖြစ်ကြောင်းတွေ့ရမည်။[14]

**ဇယား- ၂။ ဝန်ကြီးဌာနအချို့၏ ဝင်ငွေနှင့် သုံးစွဲငွေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ၂၀၁၃- ၁၄ ဘဏ္ဍာနှစ်၊ ကျပ်သန်း**

| ဝန်ကြီးဌာန | ဌာန/ဦးစီးဌာန | ဝင်ငွေ | သုံးစွဲငွေ | |
|---|---|---|---|---|
| | | အခြားဝင်ငွေ | ပုံမှန်သုံးငွေ | ငွေလုံးငွေရင်းသုံးငွေ |
| ပြည်ထဲရေး | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ၁၂ | ၇၃၈၈ | ၁၃၁၅ |
| | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | ၀ | ၁၁၉ | ၁၃၈ |
| သမဝါယမ | သမဝါယမဦးစီးဌာန | ၅ | ၇၂၆ | |
| လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်း | ရေအရင်းအမြစ်ဌာန | ၃၁ | ၅၀၇ | |
| | စိုက်ပျိုးရေးဌာန | ၃၂ | ၁၅၁၅ | ၂၆ |
| | စက်မှုကုန်ကြမ်းသီးနှံဖွံ့ဖြိုးရေးဌာန | | ၂၈ | |
| မွေးမြူရေးနှင့် ရေလုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန | ၂၀ | ၄၇၆ | ၈၀ |
| | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | ၃ | ၂၁၀ | |
| သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တော | သစ်တောဦးစီးဌာန | ၂၀ | ၇၆၄ | ၄၈ |
| အားကစား | အားကစားနှင့် ကာယပညာဦးစီးဌာန | ၀ | ၂၅၀ | ၁၈၃ |
| ဘဏ္ဍာရေးနှင့် အခွန် | ရသုံးမှန်းခြေငွေစာရင်းဌာန | | ၄၉ | ၅ |
| အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု | စီမံကိန်းရေးဆွဲရေးဌာန | ၀ | ၃၅၃ | ၄၃ |
| ပြည်သူ့ဆောက်လုပ်ရေး | မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာန | ၀ | ၁၂၁ | |
| | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ၆၇ | ၃၉၀၉ | ၃၅၆၉၈ |
| အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ဗဟိုကုန်းတွင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ | ၀ | ၄၆ | |

[12] Nixon et al., *State and Region Governments in Myanmar* စာ- ၂၅- ၂၆။

[13] အခြားပြည်နယ်/တိုင်းဒေသကြီးများရှိ ဘတ်ဂျက်များတွင်လည်း အလားတူပုံစံမျိုးကိုတွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီး၏ ဘတ်ဂျက်သည် ကျန်ဒေသများတွင်ဖြစ်ပွားနေသော အလားတူအခြေအနေများကို သရုပ်ဖော်ပြနေခြင်းပင်ဖြစ်သည်။

[14] ဇယားက အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်နှစ်ချက်ကိုဖော်ပြသည်။ ဘတ်ဂျက်ထဲတွင် အခွန်များကိုဖော်ပြလေ့ရှိသော်လည်း ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများသည် အခွန်များကိုကောက်ခံခြင်းမရှိပါ။ ၎င်းတို့၏ဝင်ငွေအများစုသည် လိုင်စင်ကြေးများမှ ရရှိခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ သက်ဆိုင်ရာဌာနများ၏ ဘတ်ဂျက်လိုင်းများတွင်ဖော်ပြထားသော အသုံးစရိတ်များမှာ ဝင်ငွေနှင့်ယှဉ်လျှင် အစများစွာကွာဟနေသည်ကိုတွေ့ရသည်။ ယင်းဇယားများသည် ၂၀၁၃- ၁၄ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးဘတ်ဂျက်၏ အစိတ်အပိုင်းတစ်ခုသာဖြစ် သော်လည်း ထိုထူးခြားချက်နှစ်ခုသည် ပြည်နယ်/တိုင်းဒေသကြီးအားလုံးအတွက် မှန်ကန်သည်။

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် ကိုယ်ပိုင်ဝင်ငွေနှင့် သုံးငွေစာရင်းများသီးခြားစီရှိသော်လည်း ပြည်ထောင်စုအစိုးရ၏ ဩဇာလွှမ်းမိုးမှုများပုံစံအမျိုးမျိုးဖြင့် (တရားဝင်နည်းဖြင့်သော်လည်းကောင်း၊ အခြားနည်းများဖြင့်သော်လည်းကောင်း) ရှိနေဆဲဖြစ်သည်။ ပြည်ထောင်စုမှ ဩဇာလွှမ်းမိုးမှုရှိသည့်အဓိကနယ်ပယ်များမှာ ဘတ်ဂျက်အဆိုပြုလွှာများကို ကြည့်ကြပ်ကွပ်ကဲခြင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း အခန်းကဏ္ဍတို့ပင်ဖြစ်သည်။ ယင်းအချက်သည် ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများအနေနှင့် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကျင့်သုံးနိုင်မှုအပေါ်တွင် ကြီးကြီးမားမား သက်ရောက်မှုရှိသည်။ ထို့အပြင် ယင်းအချက်သည် မြန်မာနိုင်ငံ၏ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်သည် ဟန်ချက်ညီမှုနှင့် ပြီးပြည့်စုံမှုမရှိသေးကြောင်း ထောက်ပြနေသော အထောက်အထားများစွာထဲမှ တစ်ခုလည်းဖြစ်နေပြန်သည်။ ထိုသို့ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအကြားဆက်စပ်မှုများဆက်လက်တည်ရှိနေသည့်တိုင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကို အုပ်ချုပ်ရေးအာဏာများ နောက်ထပ်ထပ်မံ၍ခွဲဝေပေးခြင်းအားဖြင့် အကျိုးကျေးဇူးများကြီးမားစွာရရှိနိုင်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် လက်ရှိလိုင်စင်စနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် လိုအပ်သော ဟန်ချက်ညီပြောင်းလဲနိုင်စွမ်းကို ရရှိနိုင်သောကြောင့်ဖြစ်သည်။[15] ဟိုတယ်နှင့် ခရီးသွားလာရေးကဲ့သို့သော ဝန်ကြီးဌာနအချို့သည်လည်း လက်ရှိအချိန်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးများကို ပိုမိုတိုးချဲ့ဆောင်ရွက်ရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပါက လက်ရှိအချိန်တွင် နေပြည်တော်အဆင့်မှ ထောက်ခံချက်များရယူနေရသော ဒေသတွင်း ခရီးသွားလုပ်ငန်းများအတွက် များစွာအကျိုးရှိနိုင်ပါသည်။ ထိုသို့သော ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြားသောမူဝါဒဆိုင်ရာစမ်းသပ်ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်သွားနိုင်ရန်တွန်းအားပေးနိုင်သည်။ သို့မှသာ လက်ရှိအကန့်အသတ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် မူဝါဒစမ်းသပ်ကျင့်သုံးမှုများနှင့် ချိတ်ဆက်ပံ့ပိုးသွားနိုင်မည်ဖြစ်သည်။

[15] ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေထားသည်မှန်သော်လည်း အချို့သောကဏ္ဍများတွင် ပြည်ထောင်စုအစိုးရက လုပ်ပိုင် ခွင့်အပြင်ဘက်မှ ဩဇာလွှမ်းမိုးနေမှုများလည်းရှိသေးသည်။ မည်သည့်အတိုင်းအတာအထိဩဇာလွှမ်းသည်ကို တိုင်းတာရန်မလွယ်ပေ။ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများတွင်လည်း လုပ်ပိုင်ခွင့်အာဏာများစွာရှိနေသည်။ အခြားလုပ်ပိုင်ခွင့်အာဏာများထပ်မံခွဲဝေပေးရေးကိုလည်း လွှတ်တော် နှင့် အခြားအစိုးရဌာနဆိုင်ရာများက ပြောဆိုလျက်ရှိကြပြီး သတ်မှတ်ပမာဏအောက်လျော့နည်းသော နိုင်ငံတကာနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို ပြည်နယ်/တိုင်းဒေသကြီးများက လိုင်စင်ထုတ်ပေးနိုင်ရေးသည်လည်းတစ်ခုအပါအဝင်ဖြစ်သည်။ ယင်းကို ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်း ရေးဆွဲရေးဝန်ကြီးအဆင့်ကဆောင်ရွက်နိုင်သည်ဟု နားလည်ထားသည်။

## အပိုင်း နှစ် - ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုကို ပုံစံထုတ်ယူခြင်း

ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုတွင် အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများကျယ်ပြန့်စွာပါဝင်လျက်ရှိကြသည်။ ပြည်နယ်/တိုင်း ဒေသကြီးအဆင့်တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဝန်ကြီးများ၏လုပ်ပိုင်ခွင့်အောက်၌ ကျရောက်နေသော ဌာနများနှင့် နိုင်ငံပိုင်လုပ်ငန်းများ အများအပြားရှိသည်။ ဥပမာအားဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးဝန်ကြီးကိုးဦး၏ စီမံအုပ်ချုပ်မှုအောက်၌ ဌာနဆိုင်ရာအသီးသီးနှင့် နိုင်ငံပိုင်လုပ်ငန်းပေါင်း ၇၈ ခုတိတိရှိကြသည် (နောက်ဆက်တွဲ- ၁)။ ထိုသို့ဖွဲ့စည်းတည်ဆောက်ထားပုံကြောင့် အစိုးရစနစ်အတွင်း ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများ၏ အခန်းကဏ္ဍကို ပိုမိုအားကောင်းလာစေသည်။ မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်းဒေသကြီးများ အားလုံးလိုလိုတွင် တူညီသော ဌာနဆိုင်ရာအဖွဲ့အစည်းများ ရှိကြသော်လည်း ဖွဲ့စည်းပုံမှာမူ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အနည်းနှင့်အများဆိုသလို ကွဲပြားနိုင်သည်။ အကြောင်းမှာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက ဌာနဆိုင်ရာဖွဲ့စည်းတည်ဆောက်ပုံများကို ဆုံးဖြတ်သတ်မှတ်နိုင်သောကြောင့်ဖြစ်သည်။

မြို့နယ်အဆင့်အထိရှိသော ဌာနဆိုင်ရာအရေအတွက်နည်းပါးသော်လည်း အရေးအပါဆုံးဌာနများအားလုံးမှာ မြို့နယ်အဆင့်တွင်လည်းရှိကြသည်။ အခြားဌာနများမှာမူ မြို့နယ်အားလုံးတွင်မရှိပဲ ဒေသတွင်းစီးပွားရေးလုပ်ငန်းပုံစံများကိုလိုက်ပြီး သက်ဆိုင်ရာမြို့နယ်အချို့တွင်သာတည်ရှိကြသည်။ အထွေထွေအုပ်ချုပ်ရေး၊ ပြည်တွင်းအခွန်၊ စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှာမူ မြို့နယ်များအားလုံးလိုလိုတွင်တည်ရှိကြသည်။ မြို့နယ်အလိုက်ရှိသော အခန်းကဏ္ဍများနှင့် လုပ်ပိုင်ခွင့်များမှာလည်း ကွဲပြားခြားနားခြင်းမရှိပဲ များသောအားဖြင့် အတူတူပင်ဖြစ်ကြသည်။ စည်ပင်သာယာရေးအဖွဲ့နှင့် အိုးအိမ်ဌာနတို့ကဲ့သို့သော မြို့ပြအထူးပြုဌာနများမှာမူ မြို့ပြဖြစ်ထွန်းမှုမြင့်မားသော မြို့နယ်များတွင် ပိုမိုအရေးပါလေ့ရှိသည်။ ကျေးလက်မြို့နယ်များတွင်မူ အခြားဌာနများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ သစ်တော စသည်တို့မှာ ပိုမိုအရေးပါသော အခန်းကဏ္ဍ၌ရှိကြသည်။ ထို့အပြင် သက်ဆိုင်ရာမြို့နယ်၏ပထဝီအနေအထားများကိုလိုက်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ အပြောင်းအလဲရှိသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် ရေလုပ်ငန်းအရေးပါအရာရောက်မှုကြောင့် ငါးလုပ်ငန်းဦးစီးဌာနသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများအကြားတွင် အရေးပါသောဌာနတစ်ခု ဖြစ်သည်။ သို့သော် ရေလုပ်ငန်းအပေါ်မှီခိုမှုနည်းပါးသော ရှမ်းကဲ့သို့ပြည်နယ်များတွင်မူ ထိုဌာန၏အရေးပါမှုမှာ အနည်းအကျဉ်းသာရှိသည်။ ဇယား- ၃ တွင် မြို့နယ်အဆင့်၌များသောအားဖြင့် တွေ့ရလေ့ရှိသော ဌာနဆိုင်ရာများကိုဖော်ပြထားသည်။ သို့သော် ၎င်းတို့ကို အမြဲတွေ့ရမည်ဟု မမှတ်ယူသင့်ပေ။ ယခုစာရင်းမှာ အညွှန်းသရုပ်ဖော်သဘောမျိုးသာဖြစ်ပြီး တစ်နိုင်ငံလုံးရှိမြို့နယ်များအားလုံးကို အမျိုးသားအဆင့်စစ်တမ်းကောက်ယူမှုပြုလုပ်မှသာ လျှင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ တည်ရှိမှုအနေအထားကို ပိုမိုတိကျစွာသိရှိနိုင်မည်ဖြစ်သည်။

**ဇယား- ၃။ မြို့နယ်အဆင့်တွင်တွေ့ရှိရလေ့ရှိသော ဌာနဆိုင်ရာအဖွဲ့အစည်းများစာရင်း**

| | |
|---|---|
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်သူ့ရဲတပ်ဖွဲ့ |
| အိုးအိမ်ဦးစီးဌာန | မီးသတ်ဦးစီးဌာန |
| သမဝါယမ | လူဝင်မှုကြီးကြပ်ရေး |
| ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန | စိုက်ပျိုးရေးဌာန |
| ပြည်တွင်းအခွန်များဦးစီးဌာန | ဆည်မြောင်းဌာန |
| စီမံကိန်းရေးဆွဲရေးဌာန | စက်မှုသီးနှံဌာန |
| ကုန်းမြင့်ဒေသစိုက်ပျိုးရေးဌာန | စည်ပင်သာယာရေးအဖွဲ့ |
| တိရစ္ဆာန်မွေးမြူရေးနှင့် ကာကွယ်ကုသရေးဦးစီးဌာန | လူမှုဝန်ထမ်း |
| တိုင်းရင်းဆေးဌာန | မြို့နယ်ပညာရေးမှူးရုံး |
| စက်မှုလယ်ယာဦးစီးဌာန | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး |
| စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန | အားကစားနှင့်ကာယပညာဌာန |
| မြို့နယ်စာရင်းစစ်ရုံး | ကုန်းလမ်းပို့ဆောင်ရေး |
| ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး | ပြည်သူ့ဆောက်လုပ်ရေး |
| မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေး | လျှပ်စစ် |
| အလုပ်သမားဦးစီးဌာန | သာသနာရေး |
| မြန်မာ့စီးပွားရေးဘဏ် | ဥပဒေအရာရှိရုံး |
| ငါးလုပ်ငန်းဦးစီးဌာန | မြို့နယ်တရားရုံး |
| ပြည်တွင်း ကုန်တင်ကုန်ချလုပ်ငန်း | အကောက်ခွန် |
| ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူဌာန | နယ်စပ်ရေးရာ |
| အဝေးပြေးလမ်းများဌာန | သစ်တောဦးစီးဌာန |

*အရင်းအမြစ် - ကုလ/ဖွံ့ဖြိုးမှုအစီအစဉ်၊ အာရှဖောင်ဒေးရှင်းနှင့် တွေ့ဆုံမေးမြန်းမှုများ၊ စာရေးသူ၏ ကိုယ်တိုင်ကွင်းဆင်း လေ့လာမှုများ*

မြန်မာနိုင်ငံ၏ အစိုးရစနစ်တွင် မြို့နယ်များမှာ အခြေခံအကျဆုံးယူနစ်များဖြစ်သည်။ အချို့သောဒေသများတွင် မြို့ သို့မဟုတ် မြို့နယ်ခွဲများလည်းရှိကြသည်။ လက်ရှိစနစ်တွင် မြို့သည် ယခင်စနစ်ဟောင်းလက်ထက်တွင်ရှိသော မြို့နယ်ခွဲနှင့်အလားတူ လုပ်ငန်းရပ်များကိုဆောင်ရွက်သည်။[16] မြို့နယ်များတွင် အစိုးရဌာနဆိုင်ရာအများအပြားရုံးစိုက်သော်လည်း မြို့များတွင်မူ အဓိက ကျသော ဌာနဆိုင်ရာအနည်းငယ်သာရှိတတ်သည်။[17] သွားရောက်လေ့လာခဲ့သော မြို့တစ်မြို့ရှိ အစိုးရဌာနများကို ဇယားကွက်- ၄ တွင်ဖော်ပြထားပါသည်။ ၎င်းဌာနဆိုင်ရာများအနက် အနည်းငယ်သာ ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတာဝန်များကို ဆောင်ရွက်ကြသည်။[18]

**ဇယားကွက်- ၄။ မေတ္တာမြို့ရှိ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများစာရင်း**

| | |
|---|---|
| အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြန်ကြားရေးဌာန |
| မြန်မာနိုင်ငံရဲတပ်ဖွဲ့ | မြန်မာ့ဆက်သွယ်ရေးနှင့် ကြေးနန်းလုပ်ငန်း |
| စိုက်ပျိုးမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဌာန | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာန (တိမွေးကုဌာန) |
| လူဝင်မှုကြီးကြပ်ရေးဌာန | နယ်စပ်ရေးရာ |
| စည်ပင်သာယာအဖွဲ့ | သစ်တောဦးစီးဌာန |
| မီးသတ်ဌာန | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ဆောက်လုပ်ရေးဝန်ကြီးဌာန | ကျန်းမာရေးဦးစီးဌာန |

စည်ပင်သာယာအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးနှင့် ပြည်တွင်းအခွန်ဟူသော မြို့နယ်အဆင့်တွင်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းသုံးခုသည် စီးပွားရေးနယ်ပယ်များအတွင်းရှိ လုပ်ငန်းအများစုနှင့် ပုံမှန်သဘောဆောင်ပြီး အဓိပ္ပါယ်ပြည့်ဝသော ထိတွေ့ဆက်ဆံမှုများ လုပ်လေ့ရှိသည်။ စည်ပင်သာယာရေးအဖွဲ့များသည်လည်း စီးပွားရေဆိုင်ရာအုပ်ချုပ်မှုအာဏာအကျယ်အပြန့်ရှိကြသည်။ ၎င်းတို့သည် မြို့ပြဝန်ဆောင်မှုများပေးခြင်းနှင့် လိုင်စင်ချထားပေးခြင်းတို့ကို အဓိကလုပ်ကိုင်ပြီး မြူနီစီပယ်အစိုးရများနှင့် အလားသဏ္ဍာန်တူသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်တွင်အာဏာအရှိဆုံးအဖွဲ့အစည်းဖြစ်ပြီး ပေါင်းစပ်ညှိနှိုင်းခြင်း၊ စောင့်ကြပ်ထိန်းကွပ်ခြင်းနှင့် ခွင့်ပြုချက်ချထားပေးခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်သည်။ ပြည်တွင်းအခွန်၏ အဓိကလုပ်ငန်းမှာမူ အခွန်ကောက်ခံခြင်းပင်ဖြစ်သည်။[19] အလားတူပင် ကဏ္ဍအလိုက်တာဝန်ရှိသော ဝန်ကြီးဌာနများသည်လည်း မြို့နယ်အဆင့်တွင် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများရှိကြသည်။ သို့သော်၎င်းတို့တွင် မြို့နယ်အဆင့်၌ ဝန်ထမ်းတစ်ဦး သို့မဟုတ် အနည်းငယ်သာ တာဝန်ချထားနိုင်သည်မျိုးလည်းရှိတတ်သည်။ ထိုဝန်ကြီးဌာနများသည် ၎င်းတို့တာဝန်ယူထားသော စီးပွားရေးနယ်ပယ်များပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကြသည်။[20] နောက်ဆုံးအနေနှင့် အချို့သောမြို့နယ်များ တွင် စီးပွားရေးဇုံများရှိပြီး၎င်းတို့ကို အစိုးရတစ်ပိုင်းပုံစံလုပ်ငန်းရပ်မျိုးကျင့်သုံးသည့် စီမံခန့်ခွဲမှုကော်မတီများက အုပ်ချုပ်သည်။ (စည်ပင်၊ ထွေ/အုပ်နှင့် ပြည်တွင်းအခွန်မှအပ) မြို့နယ်အတွင်း စီးပွားရေးကဏ္ဍ စီမံအုပ်ချုပ်မှုတွင် တာဝန်ရှိနေသော မြို့နယ်ဌာနဆိုင်ရာများမှာ စီးပွားရေးလုပ်ငန်းပေါင်းစုံနှင့် ထိတွေ့ဆက်ဆံလေ့ရှိပြီး အများစုသည် အထက်အစိုးရအဖွဲ့အစည်းအဆင့်များက ခွင့်ပြုပေးထားသော လုပ်ငန်းလိုင်စင်များနှင့် အခွန်အခများ အကောင်အထည်ဖော်မှုကို တာဝန်ယူဆောင်ရွက်ကြသည်။ မြို့နယ်အဆင့်အရာရှိများသည် လုပ်ငန်းလိုင်စင်ရယူထားသူများ လိုင်စင်ပါစည်းမျဉ်းစည်းကမ်းများနှင့် အညီဆောင်ရွက်ခြင်းရှိ/မရှိ၊ ပေးဆောင်ရန်ရှိသော အခွန်အခများပေးဆောင်ခြင်း ရှိ/မရှိ စစ်ဆေးသည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်ကြသည်။ သို့ရာတွင် ၎င်းတို့ကိုယ်တိုင် လိုင်စင်ချထားပေးခြင်းနှင့် အခွန်ကောက်ခံခြင်းများကို ဆောင်ရွက်နိုင်ခြင်းမရှိပါ။

မကြာခဏဆိုသလိုပင် အစိုးရဌာနတစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းတာဝန်ဆင်တူရိုးမှားဖြစ်ခြင်း သို့မဟုတ် တစ်ထပ်တည်းတူညီနေခြင်းများကိုတွေ့ရသည်။ လမ်းဖောက်လုပ်ခြင်းသည် အလွန်ထင်ရှားသော ဥပမာတစ်ခုဖြစ်သည်။ မြို့ပြဒေသများတွင် လမ်းဖောက်လုပ်ရေးအဓိကတာဝန်ရှိသူများမှာ စည်ပင်သာယာရေးအဖွဲ့များဖြစ်သည်။ ကျေးလက်ဒေသများတွင်မူ လမ်းအမျိုးအစားကိုလိုက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန သို့မဟုတ် အဝေးပြေးလမ်းများဌာနမှ တာဝန်ယူသည်။ နယ်စပ်ဒေသများတွင်မူ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူဖောက်လုပ်သည်။ ဒေသန္တရအဆင့်၌လည်း ပေါင်းစပ်ညှိနှိုင်းမှုများ အများအပြားဆောင်ရွက်ကြရသည်။

[16] အစိုးရနှင့် တွေ့ဆုံမေးမြန်းခြင်းအမှတ် ၁၃၃၊ ဇူလိုင် ၁၆၊ ၂၀၁၅

[17] အစိုးရနှင့် တွေ့ဆုံမေးမြန်းခြင်းအမှတ် ၀၂၅၊ ဇူလိုင် ၁၄၊ ၂၀၁၅

[18] မြို့နယ်များနှင့် အလားသဏ္ဍာန်တူစွာပင် မြစ်သာရှိ အစိုးရဌာနများမှာ ထွေ/အုပ်နှင့် စည်ပင်သာယာရေးအဖွဲ့ကဲ့သို့ အဓိကကျသော ဌာနများနှင့် နယ်စပ်ရေးရာကဲ့သို့သော ဒေသနှင့်စပ်ဆိုင်သည့် ဌာနများဖြစ်ကြသည်။

[19] ထွေ/အုပ်နှင့် စည်ပင်သာယာရေးအဖွဲ့တို့သည် စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုတွင် ပါဝင်ကြသော ကျန်ဝန်ကြီးဌာနများနည်းတူ အခွန်ဘဏ္ဍာ ကောက်ခံစုဆောင်းမှုလုပ်ပိုင်ခွင့် အများအပြားရှိကြသည်။ သို့ရာတွင် ၎င်းတို့အတွက် အခွန်ဘဏ္ဍာကောက်ခံမှုသည် လုပ်ငန်းရပ်များထဲမှ တစ်ခုသာ ဖြစ်ပြီး ပြည်တွင်းအခွန်မှာမူ နိုင်ငံ၏ဘတ်ဂျက်တွင် အရေးပါသောပမာဏရှိသည့် အခွန်များကောက်ခံရေးကိစ္စရပ်တစ်မျိုးတည်းကိုသာ တာဝန်ယူ ဆောင်ရွက်သည်။

[20] ယခုအစီရင်ခံစာတွင် စီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံမှုတစ်နည်းမဟုတ်တနည်းရှိကြသော ဌာနအများစုကိုဖော်ပြထားသော်လည်း ၎င်းတို့မှာ စာရင်းအပြည့်အစုံမဟုတ်ချေ။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရလက်အောက်တွင် ဌာနဆိုင်ရာပေါင်း ၉၀ ခန့်အထိရှိနိုင်သည်။

ဥပမာ မြို့နယ်အဆင့်တွင် အပတ်စဉ်စုံညီအစည်းအဝေး ကျင်းပလေ့ရှိသည်။ ယခုအပိုင်းတွင် ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် တာဝန်ရှိသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအကြောင်း အဓိကသုံးသပ်ဆွေးနွေးသွားပါမည်။ ကနဦးတွင် ထိတွေ့ဆက်ဆံမှုကျယ်ပြန့်သော ဌာနများနှင့်စတင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ကဏ္ဍအလိုက် သီးသန့်တာဝန်ယူဆောင်ရွက်သော အဖွဲ့အစည်းများအကြောင်း ဆက်လက်ဆွေးနွေးသုံးသပ်သွားပါမည်။

## ၂.၁ စည်ပင်သာယာရေးအဖွဲ့များ

စည်ပင်သာယာရေးအဖွဲ့များသည် မြန်မာနိုင်ငံ၏အစိုးရအဖွဲ့စနစ်အတွင်း အခြေခံအကျဆုံးမြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းများ ဖြစ်ပြီး အမျိုးအမည်စုံလင်ကျယ်ပြန့်သော မြို့ပြဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသန္တရအရေးကြီးကြပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။[21] စည်ပင်သာယာရေးအဖွဲ့များသည် နိုင်ငံအတွင်းရှိစီးပွားရေး လုပ်ငန်းအများစုအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးသည့် အဖွဲ့အစည်းလည်းဖြစ်သည်။ ၎င်းတို့သည် မြို့ပြဒေသများရှိ စီးပွားရေး လုပ်ငန်းအများစုအတွက် လိုင်စင်များကိုချထားပေးပြီး၊ ကျေးလက်ဒေသများရှိ လုပ်ငန်းလိုင်စင်အချို့ကိုလည်း ချထားပေးသည်။ စည်ပင်သာယာရေးအဖွဲ့များသည် ၂၀၁၁ ခုနှစ်မှစပြီး ပြည်ထောင်စုအစိုးရလက်အောက်မှ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ လက်အောက်သို့ အပြည့်အဝ ဗဟိုချုပ်ကိုင်မှုလျှော့ချပေးထားသော အဖွဲ့အစည်းများလည်းဖြစ်သည်။[22] *'မြန်မာနိုင်ငံအတွင်းရှိ ဒေသန္တရအုပ်ချုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ'* အမည်ရှိအစီရင်ခံစာတွင်လည်း ယင်းအချက်ကို ဖော်ပြထားသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ဥပဒေကြောင်းအရ တရားဝင်ဖြစ်မှုသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အစိုးရများတွင်မူတည်ပြီး ၂၀၁၂ ခုနှစ်မှစ၍ စည်ပင်သာယာရေးအဖွဲ့ဥပဒေများကို အသီးသီးပြဌာန်းခဲ့ကြသည်။[23] ယင်းဥပဒေများမှာ ယခင်အစိုးရလက်ထက်ကပြဌာန်းခဲ့သော စည်ပင်သာယာရေးအဖွဲ့များဆိုင်ရာ ပြည်ထောင်စုအဆင့်ဥပဒေ နဝတဥပဒေအမှတ် ၅/၉၃ နှင့် အတိအကျတူညီ သို့မဟုတ် များစွာဆင်တူရိုးမှားဖြစ်နေသော ဥပဒေများဖြစ်သည်။[24] ဥပဒေများကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ပြဌာန်းခွင့်ရှိသောကြောင့် ပြည်နယ်နှင့်တိုင်းများရှိ စည်ပင်သာယာရေးအဖွဲ့များ၏ တရားဝင်လုပ်ပိုင်ခွင့်များသည် မူအားဖြင့်ကွဲပြားနိုင်ပါသည်။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏အဖွဲ့အတွင်းအရေးကိစ္စများကို အကန့်အသတ်ဖြင့်သာ စီမံခန့်ခွဲနိုင်သည်။ ဝန်ထမ်းများ ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းများကို ဆောင်ရွက်နိုင်သော်လည်း လစာနှုန်းထားများသတ်မှတ်ခြင်းနှင့် ပင်စင်ခံစားခွင့်များပေးခြင်းကို ပြည်ထောင်စုအစိုးရလုပ်ထုံးလုပ်နည်းများအတိုင်းသာ ဆောင်ရွက်ရသည်။[25] ယခင်ပြည်ထောင်စုအစိုးရဝန်ထမ်းများအတွက်ဖြစ်သော ပင်စင်လစာငွေများကို အစိုးရ၏ပုံမှန်ဝင်ငွေများမှ ကျခံသုံးစွဲလေ့ရှိသည်။[26] ထို့ကြောင့် ပြည်ထောင်စုအစိုးရက ပင်စင်လစာငွေများကို တိုးမြှင့်လိုက်ပါက စည်ပင်သာယာရေးအဖွဲ့များကလည်း လိုက်ပါတိုးမြှင့်ရန်လိုအပ်ပြီး ဝင်ငွေမှ ပိုမိုကျခံသုံးစွဲရသဖြင့် ရင်းနှီးမြှုပ်နှံမှုများလျော့နည်းသွားနိုင်ပါသည်။[27]

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ အပြည့်အဝထိန်းချုပ်မှုအောက်တွင်ရောက်ရှိနေသောကြောင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုနှင့်သက်ဆိုင်ခြင်းမရှိပဲ ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးကို အစီရင်ခံတင်ပြရသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနရှိပြီး ယင်း၏ အဓိကလုပ်ငန်းတာဝန်မှာ 'မြို့နယ်စည်ပင်သာယာယာရေးအဖွဲ့ရုံးများအကြား ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရန်' ဖြစ်သည်။[28] လုပ်ငန်းများတိုက်ရိုက်အကောင်အထည်ဖော်ခြင်းကိုမူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများက အဓိကဆောင်ရွက်ပြီး ပြည်နယ်/တိုင်းဒေသကြီးရုံးမှအပ်နှင်းသောတာဝန်များဖြစ်သည့် 'နှစ်စဉ်စီမံကိန်းရေးဆွဲခြင်း၊ လုပ်ငန်းများ အစီအစဉ်ရေးဆွဲခြင်း၊ ရသုံးမှန်းခြေငွေစာရင်းများပြင်ဆင်ခြင်း၊ ပုံမှန်စည်ပင်သာယာရေးကိစ္စရပ်များစီမံခန့်ခွဲခြင်းနှင့် ဝန်ဆောင်မှုများ ပေးခြင်း' စသည်တို့ကိုလည်း တာဝန်ယူဆောင်ရွက်ရသည်။[29] မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများ၏ အရွယ်အစားမှာ အမျိုးမျိုးကွဲပြားနေပြီး အသေးဆုံးရုံးများ သည် ဝန်ထမ်း ၁၀ ဦး သို့မဟုတ် ၁၀ ဦးအောက်လျော့နည်းကာ အကြီးဆုံးရုံးများမှာမူ

---

[21] စည်ပင်သာယာရေးအဖွဲ့များသည် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဒေသဆိုင်ရာ အုပ်ချုပ်မှုစာတမ်း မှထုတ်ဝေသောအခြားအစီရင်ခံစာ တစ်ခု၏ အဓိကအကြောင်းအရာလည်းဖြစ်သည်။ ယင်းအစီရင်ခံစာတွင် စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်ပြီး နောက်ခံသမိုင်း၊ ဖွဲ့စည်း တည်ဆောက်ပုံ၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းရပ်များအကြောင်းကို ပိုမိုအသေးစိတ်ကျစွာတင်ပြထားပါသည်။ Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၁၆။

[22] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၁၄။

[23] အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, Yangon, the Aisa Foudation and MDRI-CESD, စာ- ၃ ကိုရှု။

[24] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၁၀။

[25] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၁၄။ ဝန်ထမ်းငှားရမ်းခြင်းနှင့် ထုတ်ပယ် ခြင်းများတွင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၏အတည်ပြုချက်ရရှိရန်လိုအပ်သည်။

[26] အစိုးရနှင့် အင်တာဗျူးအမှတ် ၀၀၉၊ ဇူလိုင် ၈၊ ၂၀၁၅။

[27] အစိုးရနှင့် အင်တာဗျူးအမှတ် ၀၀၉၊ ဇူလိုင် ၈၊ ၂၀၁၅။

[28] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၁၆။

[29] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၁၇။

ဝန်ထမ်းဦးရေ ၁၇၇ ထက်ပိုမိုတတ်သည်။[30] မြို့နယ်တိုင်းရှိ စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် စီမံဌာနနှင့် အင်ဂျင်နီယာဌာနဟူ၍ အနည်းဆုံးဌာနနှစ်ခုရှိတတ်ပြီး အရွယ်အစား ကြီးမားသော ရုံးများတွင် ဌာန ၅ ခုအထိရှိတတ်သည်။[31]

စည်ပင်သာယာရေးအဖွဲ့များသည် စီးပွားရေးလုပ်ငန်းများက ရယူသုံးစွဲသောဝန်ဆောင်မှုအများအပြားကို ပေးရန်တာဝန်ရှိပြီး စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုဆိုင်ရာ တာဝန်များလည်းရှိသည်။ စည်ပင်သာယာရေးအဖွဲ့များကပေးအပ်သော အရေးအပါဆုံးဝန်ဆောင်မှုများမှာ မြို့ပြလမ်းများဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ရေနုတ်မြောင်းနှင့် အညစ်အကြေးစွန့်ပစ်ရေး၊ လမ်းမီးထွန်းညှိခြင်းနှင့် မြို့ပြရေပေးဝေရေးလုပ်ငန်းများဖြစ်သည်။[32] စည်ပင်သာယာရေးအဖွဲ့များသည် စီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုလုပ်ငန်းရပ်များကိုလည်း ထမ်းဆောင်ကြရသည်။ ၎င်းတို့တွင် စားသောက်ဆိုင်၊ ဈေးဆိုင်ငယ်၊ တည်းခိုဆောင်၊ ကျွမ်းကျင်မှုအခြေခံစီးပွားရေးများ၊ အနေးယာဉ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းအမျိုးမျိုးတို့အား လုပ်ငန်းလိုင်စင်များချထားပေးခြင်းပါဝင်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် အန္တရာယ်ရှိသော ကုန်ပစ္စည်းများနှင့်ပတ်သက်သော စားသောက်ကုန်အမျိုးမျိုးနှင့် အခြားသတ်မှတ်ထားသော စားသုံးသူဆိုင်ရာ ကုန်စည်များ နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်းနှင့် ရောင်းချခွင့်လိုင်စင်များကိုလည်း စီစစ်သတ်မှတ်ပေးရသည်။[33] သားသတ်ရုံများ၊ ကူးတို့လုပ်ငန်းများနှင့် အပေါင်ဆိုင် များကဲ့သို့သော လုပ်ငန်းကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်လိုပါက စည်ပင်သာယာရေးအဖွဲ့များမှ တစ်နှစ်တစ်ခါခေါ်ယူသော ဈေးပြိုင်တင်ဒါများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်လိုအပ်သည်။ ထို့အပြင် ပုဂ္ဂလိကဆောက်လုပ်ရေးစီမံချက်များအတွက် ဆောက်လုပ်ခွင့်ပါမစ်များကိုလည်း စည်ပင်သာယာရေးအဖွဲ့များမှ ထုတ်ပေးသည်။ အများပြည်သူနှင့်ဆိုင်သောစီမံချက်များအတွက် ဆောက်လုပ်ခွင့်ပါမစ်ထုတ်ပေးရာတွင်လည်း ၎င်းတို့ပါဝင်သည်။ ထို့အပြင် မြို့ပြဒေသများရှိ ကြော်ငြာဆိုင်းဘုတ်များအတွက် လိုင်စင်များကိုလည်းထုတ်ပေးသည်။ စည်ပင်သာယာရေးအဖွဲ့များ၏ လူမှုဝန်ဆောင်မှုများနှင့် စီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှု အခန်းကဏ္ဍ များ အပြည့်အစုံကို ပုံ- ၁ တွင်ဖော်ပြပေးထားပါသည်။

**ပုံ- ၁။ စည်ပင်သာယာရေးအဖွဲ့များ၏ လူမှုဝန်ဆောင်မှုများနှင့် စီးပွားရေးစီမံကွပ်ကဲမှုဆိုင်ရာ တာဝန်များနှင့် လုပ်ငန်းရပ်များ[34]**

**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတာဝန်များ**

- မြို့ပြစီမံကိန်းရေးဆွဲခြင်း၊
- ရေအရင်းအမြစ်၊
- ရေဆိုးစွန့်ပစ်ရေး၊
- အမှိုက်သိမ်းဆည်းခြင်း၊
- သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း၊
- လမ်းမီးများ၊
- လမ်းတံတားနှင့် ရေနုတ်မြောင်းများ၊
- အိုးမဲ့အိမ်မဲ့များ၊
- တိရစ္ဆာန်ထိန်းချုပ်ရေး၊
- ပန်းခြံ၊ ရေကူးကန်၊ အများသုံးသန့်စင်ခန်းနှင့် အပန်းဖြေနေရာများ၊
- လမ်းစည်းကမ်းများ၊ လမ်းအမည်သတ်မှတ်ခြင်းနှင့် လိပ်စာ၊
- သုသာန်မြေများနှင့် မီးသင်္ဂြိုဟ်စက်များ၊
- သုသာန်မြေများဖယ်ရှားခြင်း၊
- အများပြည်သူအကျိုးအတွက် ဆောင်ရွက်သော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ၊
- အခြားလိုအပ်သော တာဝန်များ၊
- စည်ပင်သာယာရေးအဖွဲ့များ၏ စီမံခန့်ခွဲမှုအောက်ရှိ နိုင်ငံပိုင် အဆောက်အအုံများ၊
- ကျူးကျော်နေအိမ်များဖယ်ရှားရေး၊
- ပုဂ္ဂလိကအဆောက်အအုံများအတွက် ဆောက်လုပ်ခွင့်ပါမစ်များ၊

**ဒေသတွင်းစီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာတာဝန်များ**

- စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ
- ပုဂ္ဂလိကပိုင်ဈေးများ
- ကွဲ၊ နွား ပွဲဈေးများ
- သားသတ်ရုံများ
- လမ်းဘေးဈေးဆိုင်ခန်းများ
- အသေးစားငွေချေးလုပ်ငန်းများ
- မုန့်တိုက်များနှင့် စားသောက်ဆိုင်များ
- အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ
- တည်းခိုဆောင်များ
- တိရစ္ဆာန်မွေးမြူရေးနှင့် တိရစ္ဆာန်အသေကောင်များစွန့်ပစ်ရေး
- ကူးတို့လုပ်ငန်း
- အနေးယာဉ်လုပ်ငန်း

[30] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၂၀။

[31] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၂၀။

[32] စည်ပင်သာယာရေးအဖွဲ့များ၏ လူမှုဝန်ဆောင်မှုဆိုင်ရာလုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံသိရှိလိုပါက Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, တွင်ကြည့်ပါ

[33] ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ စည်ပင်သာယာရေးအဖွဲ့မှ ပေးအပ်သောသတင်းအချက်အလက်

[34] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၃။

### ၂.၁.၁ လုပ်ငန်းလိုင်စင်ချထားပေးခြင်း

လုပ်ငန်းလိုင်စင်များချထားပေးခြင်းသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကအကျဆုံးစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းရပ်တစ်ခုဖြစ်သည်။ ယေဘုယျအားဖြင့်ဆိုရသော် စည်ပင်သာယာရေးအဖွဲ့များမှချထားပေးသော လိုင်စင်နှစ်မျိုးနှစ်စားရှိသည်။ ၎င်းတို့မှာ ပုံမှန်လုပ်ငန်းလိုင်စင်များ (စီးပွားရေးလုပ်ငန်းမည်ရွေ့မည်မျှကိုသာ လိုင်စင်ချထားပေးရမည်ဟူသော အရေအတွက်ကန့်သတ်ချက်မရှိ) နှင့် ဈေးပြိုင်လေလံလိုင်စင်များတို့ဖြစ်သည်။ ပုံ - ၁ တွင်ဖော်ပြထားသော စီးပွားရေးကဏ္ဍလုပ်ပိုင်ခွင့်အာဏာ များအနက် ကျွဲနွားဈေးကွက်များ၊ သားသတ်ရုံများ၊ ပုဂ္ဂလိကပိုင်ဈေးများ၊ အသေးစားငွေချေးလုပ်ငန်း (အပေါင်ဆိုင်) များနှင့် ကူးတို့လုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် လိုင်စင်မျာချထားပေးလေ့ရှိသည်။ ထိုလိုင်စင်များအကြောင်းကို နောက်အပိုင်းများတွင် အသေးစိတ်ဆွေးနွေးသုံးသပ်သွားပါမည်။ လမ်းဘေးဈေးဆိုင်များ၊ မုန့်တိုက်နှင့် စားသောက်ဆိုင်များ၊ အန္တရာယ်ရှိသောကုန်စည်များ၊ တည်းခိုခန်းများနှင့် အနေးယာဉ်လိုင်စင်များမှာမူ အရေအတွက် အကန့်အသတ်မရှိသော ပုံမှန်လိုင်စင်အမျိုးအစားများဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များမှထုတ်ပေးသော လိုင်စင်အများစုမှာ ယင်းကဲ့သို့ ပုံမှန်လိုင်စင်များပင်ဖြစ်သည်။ ကော်မတီပိုင်ဈေးများသည် စီးပွားရေးလုပ်ငန်းများသို့ လိုင်စင်ချထားခြင်းမဟုတ်သော အခြားစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုပုံစံပင်ဖြစ်သည်။ ထိုဈေးများကို စည်ပင်သာယာရေးအဖွဲ့များက တိုက်ရိုက်စီမံအုပ်ချုပ်ပြီး ဆိုင်ခန်းများကို လစဉ်နှုန်းထားဖြင့်ငှားရမ်းကာ ထိုဝင်ငွေများကို ပုံမှန် ကောက်ခံလေ့ရှိသည်။

ပြိုင်ဆိုင်စရာမလိုသော လုပ်ငန်းလိုင်စင်များကို စည်ပင်သာယာရေးအဖွဲ့ထံမှရရှိရေးမှာ ရိုးရှင်းသောကိစ္စဖြစ်သည်။ လိုင်စင်ရယူလိုသော လုပ်ငန်းအနေနှင့် လျှောက်လွှာအပြည့်အစုံ၊ လိုင်စင်ကြေး၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်စသည်တို့ကို စည်ပင်သာယာရေးအဖွဲ့သို့တင်သွင်းရသည်။[35] ထိုလိုင်စင်များချထားပေးခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ကိုယ်တိုင်ကိုယ်ကျမသွားပဲလည်း ဆောင်ရွက်နိုင်သည်။ ပုံမှန်ကွင်းဆင်းသော စည်ပင်သာယာရေးအဖွဲ့အရာရှိများက လုပ်ငန်းများတွင် လိုင်စင်များရှိနေစေရန် လိုက်လံစစ်ဆေးပြီး လိုင်စင်ထုတ်ပေးနိုင်သည်။

**ဇယား- ၅။ စည်ပင်သာယာရေးအဖွဲ့များတွင် လုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားသော အန္တရာယ်ရှိသော ကုန်စည်ဆိုင်ရာလုပ်ငန်းများ နှင့် စားသောက်ဆိုင်များစာရင်း**

| အန္တရာယ်ရှိသော ကုန်စည်လုပ်ငန်းများ | စားသောက်ဆိုင်များ |
|---|---|
| ဆန်၊ ဂျုံ၊ ပဲအမျိုးမျိုးနှင့် အခြားကောက်ပဲသီးနှံရောင်းဝယ်ရေး | မုန့်တိုက်များ |
| ဆေးရွက်ကြီးနှင့် ဆက်စပ်သော ပစ္စည်းများ | အချိုရည် |
| စားသောက်ကုန်ပစ္စည်းများကုန်သွယ်ခြင်း | ရေခဲစက်နှင့် ဘိလပ်ရေစက် |
| စက်မှုလက်မှုအလုပ်ရုံများ (စက်မှုနှင့်အသေးစား) | ကော်ဖီ/လက်ဖက်ရည်ဆိုင်နှင့် ဆက်စပ်လုပ်ငန်းများ |
| တာယာနှင့်ဆိုင်သောလုပ်ငန်းများ | ဆန်/ခေါက်ဆွဲ (ကြော်၊ ပြုတ်) |
| အပ်ချုပ်စက်နှင့် ကူရှင်လုပ်ငန်း | ခေါက်ဆွဲကြော်၊ မုန့်ဟင်းခါး၊ ရှမ်းခေါက်ဆွဲနှင့် ဆက်စပ်လုပ်ငန်းများ |
| လျှပ်စစ်/ဘက်ထရီလုပ်ငန်း | စားသောက်ဆိုင်ကြီးများ |
| ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်နှင့် သစ်ခွဲသားလုပ်ငန်း | ကွမ်းယာဆိုင်များ |
| ဝါအခြောက်ခံလုပ်ငန်း | သားရေစာမုန့်အကြော်လုပ်ငန်းများ |
| အလှပြင်ဆိုင်လုပ်ငန်း | နို့ထွက်ပစ္စည်းရောင်းချခြင်းလုပ်ငန်း |
| ပုံနှိပ်စက်လုပ်ငန်း | နေကြာစေ့နှင့် သကြားလုံးလုပ်ငန်း |
| စက်ဘီးပြင်ဆိုင်၊ ထီးပြင်ဆိုင်နှင့် ဖိနပ်ချုပ်ဆိုင် | အချဉ်ဖောက်ထားသော စားသောက်ကုန်လုပ်ငန်းများ |
| ပလတ်စတစ်လုပ်ငန်း | |
| စက်ရုံအမျိုးမျိုး (လွှစက်၊ အမှုန့်ကြိတ်စက်၊ ဆီစက်၊ ဆန်စက်) | |
| အုတ်၊ သဲလုပ်ငန်း | |
| ဓာတ်ပုံ၊ ရုပ်ရှင်နှင့် အသံသွင်းလုပ်ငန်း | |
| *အရင်းအမြစ်။ အလယ်အလတ်အရွယ်အစားရှိ စည်ပင်သာယာရေးအဖွဲ့၊ '၂၀၁၄-၁၅ ခုနှစ် အန္တရာယ်ရှိသောလုပ်ငန်းများ လိုင်စင်ကြေး' နှင့် '၂၀၁၄-၁၅ စားသောက်ဆိုင်လိုင်စင်' ဆိုင်ရာ အချက်အလက်များ* | |

ပုံ- ၁ တွင် အထင်အရှားဖော်ပြထားခြင်းမရှိသော စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ငန်းတစ်ရပ်မှာ မြို့ပြဒေသရှိ ကြော်ငြာဆိုင်းဘုတ်များစီမံခန့်ခွဲခြင်းဖြစ်သည်။ မြို့ပြဒေသများတွင် ကြော်ငြာဆိုင်းဘုတ်များထောင်လိုသော ပုဂ္ဂလိကကုမ္ပဏီများသည် အောက်ပါအချက်များပါဝင်သော လျှောက်လွှာကို စည်ပင်သာယာရေးအဖွဲ့များသို့ တင်သွင်းရသည်။

- ကြော်ငြာဒီဇိုင်း
- ကြော်ငြာလိုသော နေရာ (ဆိုင်းဘုတ်ထောင်လိုသည့် ရပ်ကွက်)

[35] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၁၉။

- ဆိုင်းဘုတ်အရွယ်အစား
- အခြားအချက်အလက်များ၊ အမြင့်နှင့် ဒီဇိုင်းအပါအဝင်
- အိမ်နီးနားချင်းများမှ 'ကန့်ကွက်ရန်မရှိကြောင်း' ထောက်ခံစာ
- ပြည်ထောင်စုလမ်းမများတွင်ထောင်မည့်ဆိုင်းဘုတ်များအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ 'ကန့်ကွက်ရန်မရှိကြောင်း' ထောက်ခံစာ[36]

စည်ပင်သာယာရေးအဖွဲ့များအတွက် ဆိုင်းဘုတ်လိုင်စင်ချထားပေးခြင်းနှင့် လိုင်စင်ကြေးများကောက်ခံခြင်းတို့မှာ အဓိကကျသော လုပ်ငန်းများဖြစ်သော်လည်း ဆိုင်းဘုတ်ခွင့်ပြုချက်များကိုမူ မြို့နယ်အဆင့်စည်ပင်သာယာရေးအဖွဲ့ထက်ပိုမိုမြင့်မားသော အာဏာပိုင်များမှ ချထားပေးခြင်းဖြစ်သည်။ အချက်အလက်ပြည့်စုံသောလျှောက်လွှာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လက်ခံပြီး ထောက်ခံချက်ပေးပြီးပါက ထိုလျှောက်လွှာကို ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်မည့် ပြည်နယ်/တိုင်းဒေသကြီး အဆင့်ရုံးသို့ ဆက်လက်ပေးပို့ရသည်။ အကယ်၍ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးမှ လျှောက်လွှာကိုခွင့်ပြုချက်ပေးပြီးပါက စည်ပင်သာယာရေး ဝန်ကြီးထံသို့ဆက်လက်ပေးပို့ပြီး ဝန်ကြီးမှတစ်ဆင့် ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်သော စည်ပင်သာယာရေး အမှုဆောင်ကော်မတီအစည်းအဝေးသို့တင်ပြရသည်။ ဆိုင်းဘုတ်အတွက်နောက်ဆုံးခွင့်ပြုချက်ကို ထိုအစည်းအဝေးတွင်ချမှတ်ပြီး လျှောက်ထားသည့်လုပ်ငန်းစဉ်သည် သုံးလမှလေးလအထိကြာမြင့်ကာ လျှောက်လွှာများကို ငြင်းပယ်မှုမရှိသလောက်ပင် ဖြစ်သည်။[37] ခွင့်ပြုချက်များကို တစ်နှစ်သက်တမ်းအတွက်ချမှတ်ပေးပြီး သက်တမ်းတိုးလိုသော ဆိုင်းဘုတ်ပိုင်ရှင်သည် စည်ပင်သာယာရေးအဖွဲ့ရုံးသို့သက်တမ်းတိုးလျှောက်ထားရမည်။ အဘယ့်ကြောင့်လိုင်စင်သက်တမ်းတစ်နှစ်သာ သတ်မှတ်ပေးရသနည်းဟု မေးမြန်းသောအခါတွင် စည်ပင်သာယာရေးအဖွဲ့အရာရှိများက ဥပမာ ဆိုင်းဘုတ်များရှိနေသောနေရာတွင် လမ်းတိုးချဲ့ရန်အတွက် လိုအပ်သောအခါများ၌ ခွင့်ပြုချက်လိုင်စင်ကို တစ်နှစ်ပြည့်သည်နှင့် အလွယ်တကူရုပ်သိမ်းလိုက်နိုင်ခြင်းကြောင့် ဟုရှင်းပြကြသည်။ သို့ရာတွင် လိုင်စင်သက်တမ်းတစ်နှစ်ပေးသောအခါများတွင် နှစ်စဉ်သက်တမ်းတိုးရန်မလိုပဲ ဆက်လက်လုပ်ကိုင်သွားနိုင်ကြောင်း ညွှန်းဆိုသည့် ပြဌာန်းချက်တစ်ရပ်လည်းပါဝင်သည်ဟု သိရသည်။[38]

## ၂.၁.၂ ဆောက်လုပ်ခွင့်ပါမစ်

ဆောက်လုပ်ခွင့်ပါမစ်များချထားပေးရေးသည် စည်ပင်သာယာရေးအဖွဲ့များ၏အရေးပါသော လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံအနှံ့အပြား၌ဆောင်ရွက်သော လုပ်ထုံးလုပ်နည်းများသည် ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ဆောင်ရွက်ရသော လုပ်ထုံးလုပ်နည်းများနှင့် ကွာခြားသည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ မြို့တော်စည်ပင်သာယာရေးကော်မတီများသည် ကျန်စည်ပင်သာယာရေးအဖွဲ့များထက် များစွာပိုမိုသည့်လုပ်ပိုင်ခွင့်အာဏာများ ရှိကြသည်။ မြန်မာနိုင်ငံ၏ ကျန်ဒေသများတွင် ဆောက်လုပ်ခွင့်လိုင်စင် လျှောက်ထားရာ၌ ကျန်ဌာနဆိုင်ရာများပိုမိုပါဝင်သည်။ ဆောက်လုပ်ခွင့်လိုင်စင်များရရှိရန်ကြာမြင့်ချိန်ကို သက်ဆိုင်ရာအရာရှိများအားခန့်မှန်းစေရာ၌ ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် အမြန်ဆုံး၂၃ ရက်ခန့်အနည်းဆုံးကြာနိုင်သည်ဟုဆိုသည်။ သို့သော်စီးပွားရေးလုပ်ငန်းရှင်များက တခါတရံတွင် နှစ်ပတ်ခန့်နှင့်လည်း ပါမစ်ကျတတ်ကြောင်း ပြောဆိုကြသည်။[39] ရန်ကုန်နှင့် ဧရာဝတီတိုင်းနှစ်ခုစလုံးတွင် လုပ်ငန်းများဆောင်ရွက်နေသော ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၏အဆိုအရ ရန်ကုန်တွင် ဆောက်လုပ်ခွင့်ပါမစ်ကျရန် သုံးလခန့်အထိစောင့်ဆိုင်းရခြင်းမှာ ဧရာဝတီတိုင်းတွင်ကြာချိန်နှင့်ယှဉ်ပါက များစွာပိုမိုကြောင်းဆိုသည်။ အကြောင်းမှာ ရန်ကုန်တွင်ဆောက်လုပ်ရေးစီမံချက်ပေါင်းများစွာရှိနေသောကြောင့် ပါမစ်ရရန်တန်းစီစောင့်ဆိုင်းချိန်ကြာမြင့်ရခြင်းဖြစ်သည်။[40]

စည်ပင်သာယာရေးအဖွဲ့များသည် ဆောက်လုပ်ခွင့်ပါမစ်များချထားပေးရန်တာဝန်ရှိသော အစိုးရအဖွဲ့အစည်းဖြစ်သည်။ ဆောက်လုပ်ခွင့်ပါမစ်အတွက် ကြီးကြပ်စစ်ဆေးရန် စည်ပင်သာယာရေးအဖွဲ့သို့ပေးသွင်းရသော ငွေပမာဏသည် လျှောက်လွှာတွင်တင်သွင်းသော အဆောက်အဦမှန်းခြေကုန်ကျငွေ၏ ၁% ဖြစ်သည်။[41] သို့ရာတွင် ဆောက်လုပ်ရေးပါမစ်များမှရရှိသောဝင်ငွေသည် စည်ပင်သာယာရေးအဖွဲ့များ၏ စုစုပေါင်းဝင်ငွေ ၁၀% ခန့်သာရှိပြီး နည်းပါးသောပမာဏကိုသာ ကိုယ်စားပြုသည်။ စည်ပင်သာယာ

[36] ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၉၊ ဇူလိုင် ၂၁၊ ၂၀၁၅။ လျှောက်ထားသည့်လုပ်ငန်းစဉ်သည် ဥပမာသာဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ကွဲပြားသွားနိုင်သည်။

[37] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၉။ ဆိုင်းဘုတ်ခွင့်ပြုချက်ချမှတ်ရာတွင် အဘယ့်ကြောင့်အဆင့်မြင့်အစိုးရအဖွဲ့ခွင့်ပြုချက်များလိုအပ်ရသနည်းဟု ပထမဦးစွာမေးမြန်းရန်ရှိပါသည်။ အောက်အဆင့်အရာရှိများက စစ်ဆေးပြီး ခွင့်ပြုချက်ချမှတ်ပေးကာ အထက်အဆင့်အစိုးရအရာရှိများက ထောက်ခံလက်မှတ်ရေးထိုးပေးရသော လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် အတွေ့ရများသော လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းသည်အုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် စတင်နိုင်သော နယ်ပယ်တစ်ခုလည်းဖြစ်သည်။ နောက်ဆုံးခွင့်ပြုချက်ချမှတ်သည့်လုပ်ငန်းစဉ်သည် ကွင်းဆင်းစစ် ဆေးမှုပြုလုပ်ပြီး လုပ်ငန်းအခြေအနေနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှုအများဆုံးအရာရှိကိုဆောင်ရွက်ခွင့်ပေးအပ်သင့်သည်။

[38] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၉။

[39] ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၅၊ ဇူလိုင် ၇၊ ၂၀၁၅။

[40] ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၅။

[41] အခြားတွေ့ဆုံမေးမြန်းမှုတစ်ခုအရ ကုန်ကျစရိတ်များကိုတွက်ချက်ရာတွင် အင်ဂျင်နီယာ၏ ကုန်ကြမ်းနှင့်အလုပ်သမားစရိတ်ခန့်မှန်းတွက်ချက်မှု နှင့် စည်ပင်သာယာရေးအဖွဲ့မှထုတ်ပြန်ထားသော ကုန်စည်ဈေးနှုန်းများအပေါ်အခြေခံသည်ဟု သိရသည်။

ရေးအဖွဲ့အင်ဂျင်နီယာများသည် စီးပွားဖြစ်အဆောက်အဦးဆောက်လုပ်သော လုပ်ငန်းခွင်များကို ကနဦးစစ်ဆေးသူများဖြစ်ပြီး အဆောက်အဦးဆောက်လုပ်ပြီးစီးပါက အဓိကလက်မှတ်ရေးထိုးပေးရမည့်သူများလည်းဖြစ်သည်။[42] တနင်္သာရီတိုင်းအတွင်းရှိ စီးပွားဖြစ် ဆောက်လုပ်ရေးစီမံချက်တစ်ခုအတွက် လိုအပ်ချက်များမှာ-

- ကုန်ကျစရိတ်ခန့်မှန်းချေ
- ဒီဇိုင်း
- ပုံစံ ၁၀၅ (စိုက်ပျိုးမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဌာနမှ ပုံစံ)[43] တို့ဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ တွေ့ဆုံမေးမြန်းခဲ့သူများ၏အဆိုအရ ဆောက်လုပ်ခွင့်ပါမစ်ကျရန် လိုအပ်ချက်များနှင့် ကြာမြင့်ချိန်သည် အဆောက်အဦ၏အမြင့်နှင့်လည်း သက်ဆိုင်ကြောင်းသိရသည်။ ပိုမိုမြင့်မားသောအဆောက်အဦးများသည် ဆောက်လုပ်ခွင့်ပါမစ်ကျရန်အတွက် စာရွက်စာတမ်းများပိုလိုပြီး ပိုမိုအဆင့်မြင့်သော အစိုးရအရာရှိများထံတွင် ရယူရန်လိုအပ်သည်ဟုဆိုသည်။ ထိုလိုအပ်ချက်များကို ဇယားကွက်- ၆ တွင်ဖော်ပြထားသည်။

**ဇယားကွက်- ၆။ အဆောက်အဦးအမျိုးအစားအလိုက် ဆောက်လုပ်ခွင့်ပါမစ်ချထားပေးနိုင်သည့် အာဏာပိုင်အဆင့်များ[44]**

| အဆောက်အဦအမျိုးအစား | ဆုံးဖြတ်ချက်ချသူ | ကြာမြင့်ချိန် (ရုံးဖွင့်ရက်ပေါင်း) | လိုအပ်ချက်များ |
|---|---|---|---|
| ၁ -၂ ထပ် | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး | ၂၃ ရက် | လျှောက်လွှာ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ဗိသုကာပုံစံ၊ ဘတ်ဂျက်၊ လိုင်စင်ရအင်ဂျင်နီယာ၏ ထောက်ခံချက်၊ မြေစာရင်းဌာနမှ မြေပိုင်ဆိုင်မှုအထောက်အထား |
| ၃ - ၅ ထပ် | ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး | ၃၃ ရက် | ၁ - ၂ ထပ်အဆောက်အဦးအတွက် လိုအပ်ချက်များအားလုံး၊ မြေအနေအထားဆန်းစစ်ချက်၊ မီးသတ်ဌာန ထောက်ခံချက်နှင့် အဆောက်အဦး အင်ဂျင်နီယာလိုင်စင် |
| ၅ - ၈ ထပ် | ပြည်နယ်/တိုင်းဒေသကြီးအစိုးရ | ၄၃ ရက် | ၃ - ၅ ထပ်အဆောက်အဦးအတွက် လိုအပ်ချက်များအားလုံး၊ အဆောက်အဦး တည်ဆောက်ပုံဆန်းစစ်ချက်၊ လုပ်ငန်းလိုင်စင်ရကန်ထရိုက်လက်မှတ်၊ အရည်အသွေးပြည့်မီမှုဆန်းစစ်ချက် |
| ၉ ထပ်နှင့်အထက် | အထပ်မြင့်အဆောက်အဦးများ အရည်အသွေးထိန်းချုပ်ရေး ကော်မတီ | ၄၃ ရက်နှင့် အထက် | ၅ - ၈ ထပ်အဆောက်အဦးအတွက် လိုအပ်ချက်များအားလုံး |

အစိုးရတင်ဒါများမှတစ်ဆင့်ဆောင်ရွက်သော ဆောက်လုပ်ရေးစီမံချက်များအတွက် စောင့်ကြည့်ကွပ်ကဲသည့်စနစ်မှာ ပုဂ္ဂလိက ဆောက်လုပ်ရေးစီမံချက်များနှင့် ကွဲပြားသည်။ အစိုးရစီမံချက်များအတွက်မူ လုပ်ငန်းပြီးစီးမှု ၂၅%၊ ၅၀%၊ ၇၅% နှင့် ၁၀၀% ရှိသည့်အချိန်များတွင် အစိုးရအရာရှိများပါဝင်သောအဖွဲ့က စစ်ဆေးရသည်။ ထိုအရာရှိများထဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ စည်ပင်ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနမှ အစိုးရအရာရှိများ (ဥပမာ ကျောင်းဆောက်လုပ်မှုအတွက် ပညာရေးဝန်ကြီးဌာနမှ အရာရှိများ) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာတစ်ဦးပါဝင်သည်။[45] ပုဂ္ဂလိကဆောက်လုပ်ရေးစီမံချက်များနှင့်မတူသည်မှာ စစ်ဆေးရေးတာဝန်ခံအင်ဂျင်နီယာသည် စည်ပင်သာယာရေးအဖွဲ့မှမဟုတ်ပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဖြစ်သည်။ ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ခွင့်ပါမစ်သည် အဆောက်အဦးဆောက်လုပ်ခ စုစုပေါင်းတန်ဖိုး၏ ၁% ကျသင့်သော်လည်း အချို့သောဒေသန္တရအစိုးရများသည် အများပြည်သူနှင့်ဆိုင်သော ဆောက်လုပ်ရေးစီမံချက်များကို ပါမစ်ကြေးကင်းလွတ်ခွင့်ပေးမှုကို စတင်ကျင့်သုံးနေကြပြီဖြစ်သည်။ ထိုစီမံချက်များဆောင်ရွက်သော ကုမ္ပဏီများသည် ကြီးကြပ်ခ ၁% ကို ပေးဆောင်စရာ မလိုတော့ချေ။[46] ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက ၎င်းတို့လုပ်ငန်းဆောင်ရွက်နေသော ပြည်နယ်/တိုင်းဒေသကြီး


[42] ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၅။
[43] ထိုစာရင်းမှာ အပြည့်အစုံမဟုတ်နိုင်ပဲ အခြားတွေ့ဆုံမေးမြန်းမှုများအရ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာထောက်ခံချက်လည်း လိုအပ်တတ် ကြောင်းသိရသည်။
[44] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁၊ ဇူလိုင် ၆၊ ၂၀၁၅။
[45] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၅။
[46] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၁၊ ဇူလိုင် ၈၊ ၂၀၁၅။

အတွင်း အများပြည်သူနှင့်ဆိုင်သော စီမံချက်များဆောင်ရွက်ပါက ကျေးလက်ရောမြို့ပြတွင်ပါ ဆောက်လုပ်ခွင့်ပါမစ် လျှောက်ထားရန် မလိုအပ်တော့ကြောင်း ရှင်းပြသည်။[47]

### ၂.၁.၃ ဝင်ငွေများ

စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ဝင်ငွေအများစုကို သက်ဆိုင်ရာမြို့နယ်အတွင်းမှပင်ကောက်ခံစုဆောင်းရရှိကြပြီး ပြည်ထောင်စုအစိုးရထံမှ ရန်ပုံငွေလက်ခံရရှိခြင်းမရှိကြသောကြောင့် တစ်မူထူးခြားသောအဖွဲ့အစည်းများ ဖြစ်သည်။[48] ၎င်းတို့သည် အခွန်၊ ဝန်ဆောင်ခအမျိုးမျိုးနှင့် အခြားအရင်းအမြစ်များမှ ဝင်ငွေများရရှိကြသော်လည်း မြို့နယ်အများစုတွင် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအတွက် ဈေးပြိုင်လေလံကြေးများသည် အဓိကအကျဆုံးဝင်ငွေအရင်းအမြစ်များ ဖြစ်တတ်သည်။ ကွင်းဆင်းသုတေသနအတွင်းလေ့လာခဲ့သော မြို့နယ်များတွင် ဈေးပြိုင်လေလံကြေးများမှရရှိသောဝင်ငွေသည် စုစုပေါင်းဝင်ငွေ၏ ၃၅% မှ ၇၀% အထိရှိကြောင်းတွေ့ရှိရသည်။ အခြားဈေးပြိုင်မဟုတ်သော လိုင်စင်ကြေးများနှင့် စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခွန်များသည်လည်း စည်ပင်သာယာရေးအဖွဲ့အများအပြားအတွက် အရေးပါသော ဝင်ငွေအရင်းအမြစ်များဖြစ်သည်။ လေ့လာခဲ့သောမြို့နယ်များတွင် ပိုင်ဆိုင်မှုအပေါ်အခြေခံ၍ကောက်ခံသောအခွန်ငွေသည် အလွန်နည်းပါးပြီး ဒဏ်ကြေးငွေများနှင့် အုပ်ချုပ်ရေးကဏ္ဍကိုပေးဆောင်ရသော ဒဏ်ငွေများမှာလည်း မရှိသလောက်ပင်ဖြစ်သည်။ ထိုအချက်ကို ပုံ-၂ တွင်ဖော်ပြထားသော စည်ပင်သာယာရေးအဖွဲ့များ၏ ဘတ်ဂျက်ခေါင်းစဉ်အချို့ကိုကြည့်၍ သိနိုင်သည်။ လေ့လာခဲ့သောမြို့နယ်အများစုတွင် 'အခြားဝင်ငွေများ' ခေါင်းစဉ်အောက်၌ စုစုပေါင်းဝင်ငွေ၏ ၅% အောက်သာရှိကြောင်းတွေ့ရမည်ဖြစ်သည်။ ထိုမြို့နယ်များအားလုံးတွင် ဒဏ်ကြေးနှင့် ဒဏ်ငွေများသည် စုစုပေါင်းဝင်ငွေ၏ ၀.၇% ကိုမကျော်လွန်ကြောင်းတွေ့ရမည်။ စည်ပင်သာယာရေးအဖွဲ့များအတွက် စည်းကမ်းချိုးဖောက်သူများကို ဒဏ်ကြေးငွေကောက်ခံခြင်းနှင့် အရေးယူအပြစ်ပေးရေးမှာ ကုန်ကျစရိတ်နှင့် အုပ်ချုပ်ရေးယန္တရားဆိုင်ရာ လိုအပ်ချက်များကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်နေသည်။ များသောအားဖြင့် အရေးယူဆောင်ရွက်မှုအတွက် ကုန်ကျမည့်စရိတ်မှာရရှိမည့် ကြွေးကျန်သို့မဟုတ် ဒဏ်ကြေးငွေထက် အဆများစွာပိုမိုနေတတ်သည်။ စည်းကမ်းချိုးဖောက်သူများကို ဒဏ်ငွေဆောင်စေခြင်းနှင့် အပြစ်ပေးခြင်းနည်း လမ်းများအစား စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖိအားပေးခြင်းခံကြရသည်။ ယင်းအချက်မှာ ဥပဒေနှင့်မညီသော အပြုအမူများကို ကောင်းစွာတားဆီးနိုင်ခြင်းမရှိစေရန် ဟန့်တားထားသောအချက်ဖြစ်သည်။

**ပုံ - ၂။ စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေအချိုးအစားများ**




[47] ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၇၊ ဇူလိုင် ၁၇၊ ၂၀၁၅။

[48] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၂၇။ ပြည်ထောင်စုအစိုးရမှ လွှဲပြောင်းပေးငွေကို မည်သို့အဓိပ္ပါယ်ဖွင့်ဆိုသည်ဆိုသည့်အချက်ပေါ်တွင်လည်း မူတည်သည်။ နောက်ဆက်တွဲစာပုဒ်များတွင် ခွင်းချက်အနည်းငယ်အကြောင်း ဆက်လက်ဆွေးနွေးထားပါသည်။

စည်ပင်သာယာရေးအဖွဲ့များသည် များသောအားဖြင့် ကိုယ်ပိုင်ဝင်ငွေဖြင့်ရပ်တည်သောအဖွဲ့များဖြစ်သော်လည်း အခြားအစိုးရဌာနဆိုင်ရာများနှင့် ဝင်ငွေမျှဝေသုံးစွဲရသော နေရာများလည်းရှိသေးသည်။ ပထမအမျိုးအစား ဝင်ငွေမျှဝေသုံးစွဲမှုမှာ ပြည်တွင်းအခွန်များဦးစီးဌာနက မြို့နယ်အဆင့်တွင်ကောက်ခံရရှိသော စုစုပေါင်းဝင်ငွေခွန်၏ ၅% ကိုမျှဝေပေးခြင်းဖြစ်သည်။[49] အချို့သောစည်ပင်သာယာရေးအဖွဲ့များအတွက် ထိုဝင်ငွေသည်စုစုပေါင်းဝင်ငွေ၏ အရေးပါသော ပမာဏဖြစ်လေ့ရှိသည်။ ဥပမာအားဖြင့် တောင်ကြီးမြို့တွင် စည်ပင်သာယာရေးအဖွဲ့၏စုစုပေါင်းဝင်ငွေ ၁၀% မှာ ဤနည်းအားဖြင့်ရရှိခြင်းဖြစ်သည်။[50] ဧရာဝတီတိုင်းသာပေါင်းကဲ့သို့သော အခြားမြို့နယ်များတွင်မူ ဝင်ငွေခွန်မှခွဲဝေရရှိသည့်ပမာဏသည် စုစုပေါင်းဝင်ငွေ၏ ၁% အောက်နည်းပါးသည်။ ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ခဲ့သော ပြည်နယ်/တိုင်းဒေသကြီးသုံးခုအနက် ပြည်တွင်းအခွန်မှ စည်ပင်သာယာရေးအဖွဲ့သို့ ဝင်ငွေခွန်မှလွှဲပြောင်းပေးခြင်းသည် မြို့နယ်တိုင်းတွင်ရှိသည်။ ဒုတိယအမျိုးအစားရန်ပုံငွေအရင်းအမြစ်မှာ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတစ်ခုအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအချင်းချင်း လွှဲပြောင်းပေးသောဝင်ငွေများဖြစ်သည်။[51] သက်ဆိုင်ရာမြို့နယ်အတွင်း ဝင်ငွေအလုံအလောက်ရှာဖွေကောက်ခံနိုင်ခြင်းမရှိသော စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ်များကို မျှဝေကျခံနိုင်ရန်အတွက် ထိုစနစ်ကိုတီထွင်ထားခြင်းဖြစ်သည်။[52] အချို့သော စည်ပင်သာယာရေးအဖွဲ့များသည် ဒေသတွင်းမှကောက်ခံရရှိသည့်ဝင်ငွေဖြင့် ဝန်ထမ်းလခများကိုပင်လုံလောက်အောင်ပေးနိုင်စွမ်းမရှိကြရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် (ယင်းမှာ စည်ပင်သာယာရေးအဖွဲ့များ၏အဓိကရည်ရွယ်ရင်းဖြစ်) ငွေလုံးဝမရှိဖြစ်ကြရသည်။ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီးရုံးမှ ရုံးနှင့် ဝန်ထမ်းစရိတ်ပံ့ပိုးငွေများကို ရရှိကြပြီး ဝန်ဆောင်မှုလုပ်ငန်းများတွင်ရင်းနှီးမြှုပ်နှံရန် ငွေအနည်းငယ်ကိုလည်း ရရှိလေ့ရှိသည်။[53] ဥပမာအားဖြင့် ၂၀၁၃- ၁၄ ဘဏ္ဍာနှစ်တွင် မေတ္တာမြို့သည် စုစုပေါင်းဘတ်ဂျက်ဖြစ်သော ကျပ် ၈.၄၇ သန်း (ဒေါ်လာ ၆၆၀၂ ခန့်) ၏ ၅၁% ဖြစ်သော ကျပ် ၄.၃၆ သန်း (ဒေါ်လာ ၃၄၀၃ ခန့်) ကို ဒေသတွင်းမှ ရှာဖွေကောက်ခံနိုင်ခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မြို့နယ် ၁၀ ခုရှိရာ ၎င်းတို့အနက်မှ ၈ ခုမှာ စုစုပေါင်းဝင်ငွေ၏ ၅% စီကို တိုင်းဒေသကြီးရန်ပုံငွေသို့ ထည့်ဝင်ကြရပြီး ထိုငွေများကို ပြန်လည်ခွဲဝေပေးသည်။ ဝေးလံခေါင်ဖျားသော မြို့နယ်နှစ်ခုနှင့် မြို့ခြောက်မြို့မှာ ထိုသို့ ရန်ပုံငွေထည့်ဝင်နိုင်ခြင်းမရှိပဲ ထိုရန်ပုံငွေမှ ပြန်လည်လက်ခံရယူကြသူများဖြစ်သည်။[54]

စည်ပင်သာယာရေးအဖွဲ့များသည် အဓိကအားဖြင့် မြို့ပြဒေသများနှင့်သာ သက်ဆိုင်သော်လည်း အချို့သောအဖွဲ့များသည် ကျေးလက်ဒေသများနှင့်ပတ်သက်သော တာဝန်အနည်းငယ်ကိုလည်း ထမ်းဆောင်ကြရသည်။ ယခင်အစိုးရလက်ထက်က နယ်စပ်ရေးရာဝန်ကြီးဌာနလက်အောက်ရှိ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးနစ်မျိုးစလုံးအတွက် တာဝန်ရှိခဲ့သည်။ ယခုအခါတွင် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့ လွှဲပြောင်းပေးပြီး ကျေးလက်ဒေသဆိုင်ရာတာဝန်များကို အသစ်ပြင်ဆင်ဖွဲ့စည်းထားသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းပေးခဲ့သည်။[55] အခြေခံဝန်ဆောင်မှုများအတွက် တာဝန်ကိုလည်း ရှင်းလင်းစွာခွဲခြားထားသည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြဒေသများအတွက်သာ ကျခံသုံးစွဲရန်တာဝန်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနက ကျေးလက်ဒေသများအတွက်သာ ကျခံသုံးစွဲရသည်။ သို့ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ဗဟိုအစိုးရမှ ခွဲဝေချထားပေးသော ရန်ပုံငွေများကို သုံးစွဲကာ လုပ်ငန်းအကောင်အထည်ဖော်ခြင်းပြီး ကိုယ်တိုင်ဝင်ငွေကောက်ခံစုဆောင်းခြင်းမရှိပါ။။[56] ယင်းဌာနနှင့် ပုဂ္ဂလိကကဏ္ဍအကြားထိတွေ့ဆက်ဆံမှုမှာ အစိုးရဘတ်ဂျက်ဖြင့် စီမံချက်များအကောင်အထည်ဖော်ရန် တင်ဒါခေါ်သောအခါတွင်သာဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အခွန်ဘဏ္ဍာကောက်ခံခြင်းနှင့် လုပ်ငန်းလိုင်စင်ချထားပေးခြင်းအတွက် လုပ်ပိုင်ခွင့်မရှိသဖြင့် ထိုလုပ်ငန်းတာဝန်များသည် စည်ပင်သာယာရေးအဖွဲ့များထံသို့ရောက်ရှိလာလေ့ရှိသည်။ သွားရောက်လေ့လာခဲ့သောမြို့နယ်တစ်ခုတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသည် ကျေးရွာများမှ သားသတ်ရုံ၊ ကူးတို့၊ အပေါင်ဆိုင်နှင့် ဈေးများမှလိုင်စင်ကြေးများကိုကောက်ခံပြီး ဈေးပြိုင်လေလံတင်သည့် လုပ်ငန်းစဉ်များကိုလည်း ကြီးကြပ်ကွပ်ကဲသည်ကိုတွေ့ရသည်။[57]

---

[49] ထိုလွှဲပြောင်းမှုသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အခွန်ဌာနနှင့် စည်ပင်သာယာရေးအဖွဲ့ရုံးတို့အကြားအမှန်တကယ်လွှဲပြောင်းခြင်းဖြစ်ပြီး ထိုမှတစ်ဆင့်သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသို့ တစ်ဆင့်ပြန်လည်လွှဲပြောင်းပေးခြင်းဖြစ်သည်။ အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၂၊ ဇူလိုင် ၁၆၊ ၂၀၁၅။ အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၈၊ ဇူလိုင် ၂၀၊ ၂၀၁၅။

[50] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၈။ တောင်ကြီးမြို့ရှိ စည်ပင်သာယာရေးအဖွဲ့က ၎င်းတို့ဝင်ငွေ၏ ၂% ခန့်ကို တံဆိပ်ခေါင်းခွန်များမှရရှိကြောင်း ဖော်ပြသည်။

[51] ယခုကွင်းဆင်းသုတေသနအတွင်းထိုသို့ လွှဲပြောင်းပေးသည့်ပုံစံကို တနင်္သာရီတိုင်းဒေသကြီးတွင်သာတွေ့ရှိခဲ့သော်လည်း ယင်းအကြောင်းကို Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၂၇ တွင်ဖော် ပြထားပြီး ရှမ်းပြည်နယ်တွင်တွေ့ရှိခဲ့သည့်အချက်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

[52] ထိုစည်ပင်သာယာရေးအဖွဲ့များသည် အဓိကအားဖြင့် ကျေးလက်ဒေသများတွင်ရှိကြသဖြင့် ၎င်းတို့၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သော စီးပွားရေးလုပ်ငန်းများလည်း နည်းပါးကြသည်။

[53] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၂။

[54] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၂။

[55] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၈။

[56] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၄၊ ဇူလိုင် ၁၃၊ ၂၀၁၅။

[57] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁။

ကျေးလက်နှင့် မြို့ပြဒေသများအပါအဝင် မြို့နယ်တစ်ခုလုံးရှိ လုပ်ငန်းလိုင်စင်များကိုလည်း ထိုရုံးမှပင်ချထားပေးသည်။ အခြားသော မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့များကမူ ကျေးလက်ဒေသများရှိ ဈေးပြိုင်လေလံများကိုကြီးကြပ်ခြင်းမရှိပဲ လေလံကြေးများ ကိုလည်းကောက်ခံခြင်းမရှိကြောင်း၊ သို့သော်ကျေးလက်သားသတ်ရုံများမှ အခြားအခွန်အခများကိုမူ ကောက်ခံကြကြောင်းပြော ကြားသည်။ ထိုသို့ကွဲပြားခြားနားနေခြင်းသည် စနစ်သစ်တစ်ခုအခြေမကျသေးခင် စပ်ကူးမတ်ကူးဖြစ်နေသည့် အနေအထားများကို ဖော်ညွှန်းနေပြီး လာမည့်နှစ်များတွင် လုပ်ပိုင်ခွင့်အာဏာများလွှဲပြောင်းသွားနိုင်ချေရှိသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ယင်းသို့ ဌာနဆိုင်ရာများအကြား ပုံမှန်မဟုတ်သည့် လုပ်ပိုင်ခွင့်အာဏာခွဲဝေသတ်မှတ်ခြင်းသည် တစ်ကြိမ်တစ်ခါတည်းမဟုတ်ချေ။ စက်မှုဇုံများသည် မြို့ပြဒေသများအနီးတွင် တည်ရှိလေ့ရှိပြီး လူနေရပ်ကွက်များဖြင့် ပါဝင်ဖွဲ့စည်းထားလေ့ရှိသော်လည်း (ပုံမှန်အားဖြင့် စည်ပင်မှကြီးကြပ်သည့်တိုင်) စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်အောက်တွင်ရှိ မနေပေ။[58] စည်ပင်သာယာရေးအဖွဲ့သည် စက်မှုဇုံများအတွင်း လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်များကို ချထားပေးလေ့မရှိပဲ စက်မှုဇုံ အတွင်းအခြေခံဝန်ဆောင်မှုများပေးရန်လည်း တာဝန်မရှိပေ။

## ၂.၂ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြန်မာနိုင်ငံ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့်တွင် အချက်အခြာအကျဆုံးနှင့် လုပ်ပိုင်ခွင့်အာဏာအရှိဆုံးအဖွဲ့ အစည်းတစ်ခုဖြစ်ပြီး နိုင်ငံသားများပုံမှန်ထိတွေ့ဆက်ဆံရသော အာဏာပိုင်အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။[59] ယင်းဌာနနှင့် ပတ်သက်၍ မကြာသေးမီက အာရှဖောင်ဒေးရှင်းမှထုတ်ဝေခဲ့သောအစီရင်ခံစာတွင် 'မြို့နယ်များသည် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ အုပ်ချုပ်ရေးအာဏာဖြင့် အဓိကလုပ်ငန်းလည်ပတ်ကြခြင်းဖြစ်သည်' ဟုဖော်ပြထားသည်။[60] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်ကြေညာထားသော မူဝါဒအရ (အရေးပါသော စီးပွားရေးကဏ္ဍရပ်များအပါအဝင်) ဌာန၏ အဓိကလုပ်ငန်းရပ်ရှစ်မျိုးရှိသည်။ ၎င်းတို့မှာ-

၁။ မြေယာစီမံခန့်ခွဲခြင်း
၂။ ကုန်သွယ်လုပ်ငန်းများကို စီမံအုပ်ချုပ်ခြင်း
၃။ အခွန်လေးမျိုးကို ကောက်ခံခြင်း
၄။ ကျေးရွာများနှင့် မြို့များအကြားနယ်နိမိတ်ပြဿနာများကို ဖြေရှင်းခြင်း
၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး
၆။ အသင်းအဖွဲ့များနှင့် အစည်းအရုံးများတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ထုတ်ပေးခြင်း
၇။ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဆုတံဆိပ်များချီးမြှင့်ပေးအပ်ခြင်း
၈။ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်တားဆီးခြင်း[61] တို့ဖြစ်သည်။

မြို့နယ်အဆင့်တွင် ဗဟိုချက်ကျသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်အဆင့် အပတ်စဉ်ဌာနဆိုင်ရာစုံညီအစည်းအဝေးများကိုလည်း ခေါ်ယူကျင်းပရန်တာဝန်ရှိသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ် အတွင်းရှိ လူဦးရေစာရင်းသွင်းခြင်းနှင့်စာရင်းပေါင်းခြင်း၊ အငြင်းပွားမှုများဖြေရှင်းခြင်းတို့ကိုလည်း ဆောင်ရွက်သည်။[62]

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အဓိကမူဝါဒများအဖြစ်ဖော်ပြထားသောအချက်များထဲတွင် စီးပွားရေးကဏ္ဍနှင့်ဆက်စပ်သော အချက်များလည်းပါဝင်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် အရက်လိုင်စင်နှင့် အိုးအိမ်ဝန်ဆောင်မှုလုပ်ငန်းကဲ့သို့သော လုပ်ငန်း/ဝန်ဆောင်မှုများအတွက် လိုင်စင်များကို ထုတ်ပေးသည်။[63] မြေယာလွှဲပြောင်းခြင်း၊ ဆောက်လုပ်ခွင့်ပါမစ်နှင့် လုပ်ငန်းလိုင် စင်စသည်တို့လျှောက်ထားရာတွင် မရှိမဖြစ်လိုအပ်သော ထောက်ခံစာများကိုလည်း ထုတ်ပေးသည်။[64] အထွေထွေအုပ်ချုပ်ရေး

---

[58] တွေ့ဆုံမေးမြန်းမှုအမှတ် ၇၃၈။ ယင်းအချက်မှာ ရန်ကုန်နှင့် မန္တလေးမြို့များအတွက် မမှတ်ချေ။ ရန်ကုန်နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီများသည် ကျန်စည်ပင်သာယာရေးအဖွဲ့များထက် လုပ်ပိုင်ခွင့်အာဏာများစွာကျယ်ပြန့်ပြီး စက်မှုဇုံများမှာ ၎င်းတို့၏လုပ်ပိုင်ခွင့်အောက်တွင် ရှိသည်။

[59] စီးပွားရေးကဏ္ဍစီမံအုပ်ချုပ်မှုအပါအဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းရပ်များကို Kyi Pyar Chit Saw and Matthew Arnold, *Administering the State in Myanmar: An Overview of the General Administration Department* (Yangon: The Asia Foundation and Myanmar Development Research Institute-CESD) တွင် အသေးစိတ်ဆွေးနွေးသုံးသပ်ထားသည်။ ထိုအစီရင်ခံစာသည် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို သီးသန့်လေ့လာခြင်းဖြစ်ပြီး၊ ဌာန၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် အစိုးရအလွှာအဆင့်ဆင့်တွင်ရှိသော လုပ်ပိုင်ခွင့်များ အကြောင်းကို အသေးစိတ်ခရေစေ့တွင်းကျဖော်ပြထားပါသည်။

[60] Kyi Pyar Chit Saw and Matthew Arnold, *Administering the State in Myanmar: An Overview of the General Administration Department* စာ- ၃၂။ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများဆိုသည်မှာ မြေနှင့် အိုးအိမ်အဆောက်အဦများကို ဆိုလိုခြင်းဖြစ်သည်။

[61] Kyi Pyar Chit Saw and Matthew Arnold, *Administering the State in Myanmar: An Overview of the General Administration Department* စာ- ၁၈။

[62] Kyi Pyar Chit Saw and Matthew Arnold, *Administering the State in Myanmar: An Overview of the General Administration Department* စာ- ၃၂။

[63] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ လုပ်ငန်းလိုင်စင်ဖြင့်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းတစ်ခုသည် စည်ပင်သာယာရေးအဖွဲ့ထံမှ လုပ်ငန်းလိုင်စင်မလိုအပ်ဟု မှတ်ယူ၍မရပါ။ ဥပမာအားဖြင့် အရက်ရောင်းချသော စားသောက်ဆိုင်သည် အရက်ရောင်းချခွင့်အတွက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လိုင်စင်ရယူရန်လိုပြီး စားသောက်ဆိုင်လုပ်ငန်းအတွက်မူ စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင်ရယူရသည်။ လိုင်စင်သည် စီးပွားရေးလုပ်ငန်းအား သက်ဆိုင်ရာစီးပွားရေးဆောင်ရွက်မှုပုံစံတစ်ခုခုကို လုပ်ပိုင်ခွင့်ပေးခြင်းဖြစ်သည်။

[64] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၁၅။

ဦးစီးဌာနသည် မြို့နယ်အဆင့်တွင် ကြီးကြပ်ကွပ်ကဲသည့်တာဝန်ကိုထမ်းဆောင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအနေနှင့် အခြားဌာနဆိုင်ရာအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုမီ လိုအပ်သောခွင့်ပြုချက်များကို ထုတ်ပေးရခြင်းလည်းဖြစ်သည်။[65] အခွန်ကောက်ခံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဓာတ်သတ္တုခွန်နှင့် တမံခွန်ဟူသည့် အခွန်အမျိုးအစားလေးမျိုးကိုကောက်ခံသည်။[66] ထိုအခွန်ကောက်ခံမှုများထဲမှ အချို့ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သက်ဆိုင်ရာဌာနများကိုယ်စား သို့မဟုတ် ၎င်းတို့နှင့် ပူးပေါင်းပြီး ကောက်ခံခြင်းဖြစ်ကြောင်း သတိပြုရန်လိုသည်။ ဥပမာအားဖြင့် မြေခွန်ကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရကိုယ်စား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေယာစီမံခန့်ခွဲမှုနှင့် မြေစာရင်းဌာနတို့ ပူးပေါင်းပြီး ကောက်ခံကြခြင်းဖြစ်သည်။[67] မြေစာရင်းဌာနသည် မြေခွန်တောင်းခံလွှာများကို ပြင်ဆင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့သည်။ ယင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တစ်ဆင့်ပြန်လည်ဖြန့်ချီကာ အခွန်များကိုကောက်ခံပေးရခြင်းဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြေယာအမျိုးအစားသတ်မှတ်သည့် လုပ်ငန်းအချို့တွင်လည်း လုပ်ပိုင်ခွင့်ရှိသည်။ မြေယာအမျိုးအစားကိုပြောင်းလဲရန်အတွက် ဥပမာ ဥယျာဉ်ခြံမြေမှ လူနေထိုင်ရာမြေအဖြစ်သို့ ပြောင်းလဲရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်ကို လိုအပ်သည်။ အလားတူပင် မြေယာလုပ်ပိုင်ခွင့်ပေးခြင်းများနှင့် အငှားချခြင်းများတွင်လည်း တာဝန်ရှိသည်။[68] အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်ကြားမှုများကိုလည်း စုံစမ်းစစ်ဆေးလေ့ရှိသည်။ ဥပမာအားဖြင့် မြို့နယ်တစ်ခုတွင် ကုန်သွယ်လုပ်ငန်းလိုင်စင်ရယူပြီး အဖျော်ယမကာများရောင်းချသည့်ဆိုင်တစ်ဆိုင်က လိုင်စင်မရှိပဲ ဝင်ရောက်ပြိုင်ဆိုင်ရောင်းချနေသောဆိုင်ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံတိုင်ကြားခဲ့သည်။ ထိုသို့သော တိုင်တန်းမှုများကို စုံစမ်းစစ်ဆေးပြီး ဖြေရှင်းရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ရှိသည်။[69] မြို့နယ်အဆင့်တွင် အလားတူအငြင်းပွားမှုများနှင့် တိုင်တန်းမှုများကို စုံစမ်းဖြေရှင်းရန်တာဝန်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ တာဝန်ဖြစ်လေ့ရှိသည်။

## ၂.၃ ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာနသည် ဘဏ္ဍာရေးဝန်ကြီးဌာန၏ လက်အောက်ခံဌာနတစ်ခုဖြစ်ပြီး ပြည်ထောင်စုအစိုးရ၏ အရေးအပါဆုံးအခွန်ကောက်ခံသည့် ရုံးဌာနဖြစ်ကာ မြို့နယ်တိုင်းလိုလိုတွင်တည်ရှိသည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် တိုင်းပြည်တွင် အဓိကအများဆုံးအခွန်ပုံစံနှစ်မျိုးဖြစ်သော အမြတ်ခွန်နှင့် ဝင်ငွေခွန်နှစ်မျိုးစလုံးကို ကောက်ခံသည့်အပြင် တံဆိပ်ခေါင်းခွန်များနှင့် အခြားသော အခွန်ပုံစံအမျိုးမျိုးကိုလည်း ကောက်ခံသည်။ အမြတ်ခွန်သည် စုစုပေါင်းဝင်ငွေပေါ်မူတည်၍ ကဏ္ဍအလိုက်နှုန်းသေသတ်မှတ်ထားသော အခွန်ဖြစ်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းအများစုတွင် စုစုပေါင်းရောင်းရငွေ၏ ၅% ကိုကောက်ခံလေ့ရှိသည်။[70] အခွန်စည်းကြပ်မှုဖော်မြူလာအရ အချို့သောစီးပွားရေးလုပ်ငန်းအမျိုးအစားများတွင် သွင်းအားစုကုန်ကြမ်းများအတွက် ကုန်ကျငွေကို အခွန်တွက်ချက်မှုမှ နှုတ်ယူရန်လိုအပ်သော်လည်း မြို့နယ်အဆင့်တွင်ထိုသို့လက်တွေ့ကျင့်သုံးခြင်းမရှိပေ။[71] ထို့ကြောင့် စီးပွားရေးလုပ်ငန်းအများစုအတွက် အမြတ်ခွန်သည်ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်နေလေ့ရှိပြီး အောက်ခြေအဆင့်တွင် အမြဲတမ်း အပေးအယူညှိနှိုင်းမှုပြုလေ့ရှိသည်။ မြို့နယ်အခွန်ရုံးသည် စီးပွားရေးလုပ်ငန်းများအားလုံးကို စောင့်ကြည့်ထောက်လှမ်းနေပြီး လုပ်ငန်းအမျိုးအစားနှင့် သဘောသဘာဝ၊ ယခင်နှစ်ကပေးဆောင်ခဲ့သော အခွန်ပမာဏ၊ လုပ်ငန်းအရွယ်အစားနှင့် ဝန်ထမ်းဦးရေကို ချိန်ထိုးတွက်ချက်ပြီး အခွန်ပေးဆောင်ရမည့် ပမာဏကိုဆုံးဖြတ်သည်။[72] ဝင်ငွေခွန်သည် အခြားအရေးပါသော အခွန်အမျိုးအစားတစ်ခုဖြစ်ပြီး အသားတင်ဝင်ငွေပေါ်မူတည်၍ လူတစ်ဦးချင်းရော၊ စီးပွားရေးလုပ်ငန်းများပါ ပေးဆောင်ရန်လိုအပ်သည်။[73] ကြပ်မတ်အကောင်အထည်ဖော်မှုအားနည်းခြင်းနှင့် ဝင်ငွေခွန်ပေးဆောင်ရန်လိုသည့် အနိမ့်ဆုံးဝင်ငွေပမာဏမြင့်မားခြင်း တို့ကြောင့်

[65] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၉၊ ဇူလိုင် ၁၀၊ ၂၀၁၅။

[66] Kyi Pyar Chit Saw and Matthew Arnold, *Administering the State in Myanmar: An Overview of the General Administration Department* စာ- ၂၀။

[67] ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် အခွန်ကောက်ခံသည့်ရုံးများနှင့် သီးခြားစီရပ်တည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၎င်းတို့ကောက်ခံပိုင်ခွင့်ရှိသောအခွန်များအားလုံးကို ပြည်ထောင်စုမှ တိုက်ရိုက်ထိန်းချုပ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့်သာ ကောက်ခံသည်။

[68] စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၂၊ ဇူလိုင် ၁၁၊ ၂၀၁၅။

[69] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၉။

[70] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၂၂။ စုစုပေါင်းဝင်ငွေခွန်သည် ရောင်း ရငွေစုစုပေါင်းပေါ်တွင် အခြေခံ၍ကောက်ယူခြင်းဖြစ်ပြီး သွင်းအားစုများအတွက်မည်ရွေ့မည်မျှကုန်ကျသည်ကို ထည့်သွင်းစဉ်းစားခြင်းမရှိပေ။ ထို အချက်ကြောင့် အမြတ်နှုန်းထားနည်းပါးသော စီးပွားရေးလုပ်ငန်းအမျိုးအစားများဖြစ်သည့် ဥပမာ ခရီးသွားအေးဂျင့်ကဲ့သို့သော လုပ်ငန်းများအတွက် ကြီးမားသော ပြဿနာကိုဖြစ်စေသည်။ ခရီးသွားအေးဂျင့်လုပ်ငန်းများမှာ ခရီးသည်အဝင်ပေါ်တွင်သာ ဝန်ဆောင်ခကောက်ခံခြင်းဖြစ်ပြီး ခရီးစဉ်၏ တန်ဖိုးနှင့် သက်ဆိုင်ခြင်းမရှိပေ။

[71] အချို့သော ကဏ္ဍများ၊ ဥပမာ အထည်ချုပ်လုပ်ငန်း၊ သည်၎င်းတို့၏ အမြတ်ခွန်မှနေပြီး စက်ရုံမှဝယ်ယူတင်သွင်းရသော ကုန်ကြမ်းသွင်းအားစု များ၏တန်ဖိုးကို နှုတ်ပြီးတွက်ချက်ရန်လွယ်ကူသည်။ သို့ရာတွင် သွင်းအားစုတန်ဖိုးကိုအတည်ပြုနိုင်ရန်အတွက် လိုအပ်သောစာရွက်စာတမ်းများကို ပြင်ဆင်ထားရမည်ဖြစ်ပြီး အခွန်လျှော့ချမှုခံစားရစေရန်အတွက် ထိုအထောက်အထားများအားလုံးကို ပူးတွဲတင်ပြရန်လိုအပ်သည်။

[72] Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar,* စာ- ၂၄။

[73] ဒေသန္တရအခွန်များအကြောင်းကို Jared Bissinger and Linn Maung, *Subnational Governments and Business in Myanmar* တွင် အသေးစိတ်ဆွေးနွေးထားပါသည်။

လစဉ်ပုံမှန်ဝင်ငွေရရှိသူအများစုမှာ အခွန်ဌာနသို့ ဝင်ငွေခွန်ပေးဆောင်ခြင်းမရှိပေ။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအတွက်သာ အခွန်များကို ကောက်ခံပေးပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအတွက် ကောက်ခံပေးခြင်း မရှိပါ။[74]

**မြို့အဆင့်၌ စီးပွားရေး ဆိုင်ရာစီမံအုပ်ချုပ်မှု - တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့ကို လေ့လာခြင်း**

မေတ္တာမြို့သည် ယခင်က တနင်္သာရီမြို့နယ်၏ မြို့နယ်ခွဲတစ်ခုဖြစ်သော ကျေးလက်အခြေခံမြို့ငယ်တစ်မြို့ဖြစ်သည်။ ထားဝယ်မြို့၏ အရှေ့ဘက်နှင့် ထိုင်းနယ်စပ်အကြားကုန်းလမ်းခရီးဖြင့် တစ်နာရီခွဲခန့်သွားရသော နေရာတွင်တည်ရှိသည်။ မေတ္တာတွင် ကရင်လူဦးရေအများအပြားရှိပြီး ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) ၏ဩဇာလွှမ်းမိုးမှုလည်းရှိသည်။ ၂၀၁၂ ခုနှစ်မတိုင်မီအထိ မေတ္တာတွင် အစိုးရနှင့် ကေအန်ယူအကြားတိုက်ပွဲများဖြစ်ပွားခဲ့ကြပြီး နောက်ပိုင်းတွင် နှစ်ဘက်အပစ်အခတ်ရပ်စဲသွားခဲ့သည်။ ထိုနိုင်ငံရေးအကြောင်းများနှင့် အုပ်ချုပ်ရေးအဆင့်နိမ့်ခြင်း (မြို့နယ်မဟုတ်ပဲ မြို့ဖြစ်နေခြင်း) တို့ကြောင့် ဒေသန္တရအစိုးရများလုပ်ငန်းဆောင်ရွက်ရာတွင် သိသာထင်ရှားသော ကွဲပြားခြားနားမှုများရှိသည်။ ဥပမာအားဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မေတ္တာတွင် အခွန်အတုပ်များကောက်ခံခြင်းမရှိပါ။ မကြာသေးမီနှစ်များမှစပြီး မြေခွန်များကို စတင်ကောက်ခံခြင်းဖြစ်သည်။ ထိုသို့ ကောက်ခံရာတွင်လည်း အခွန်နှုန်းထားအလွန်နိမ့်သော လယ်မြေနှင့် ဥယျာဉ်ခြံမြေများကိုသာ ကောက်ခံခြင်းဖြစ်သည်။ မြို့အဆင့်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဦးစီးမှူးအဆင့်သာရုံးထိုင်နိုင်သဖြင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်နှင့် တန်းတူသော မြို့နယ်အုပ်ချုပ်ရေးမှူးအဆင့်ကသာ ဆောင်ရွက်နိုင်သည့် ထောက်ခံစာများထုတ်ပေးခြင်းတို့ကို မပြုလုပ်နိုင်ပေ။ အလားတူပင် မေတ္တာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသည် ဘတ်ဂျက်နှင့်အစီရင်ခံစာများကို ခရိုင်သို့မဟုတ် တိုင်းဒေသကြီး အဆင့်သို့ တင်ပြရမည့်အစား ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့သာ တင်သွင်းရသည်။

မေတ္တာစည်ပင်သာယာရေးအဖွဲ့ရုံးသည် ဥပဒေအရ အခွန်အခများကောက်ခံနိုင်ခွင့် ကျယ်ကျယ်ပြန့်ပြန့်ရှိနေသော်လည်း အများစုကို ကောက်ခံခြင်းမရှိပါ။ ဥပမာအားဖြင့် ဒေသခံလူထုမလိုလားမှုမြင့်တက်လာမည်ကို စိုးရိမ်သဖြင့် အိုးအိမ်မြေယာခွန်များကိုကောက်ခံခြင်း မပြုပါ။ စည်ပင်ရုံးသည် လုပ်ငန်းလိုင်စင်များနှင့် လေလံကြေးများကိုသာ ကောက်ခံသည်။ ဝန်ဆောင်မှုပေးရာတွင်လည်း နယ်ပယ်အနည်းငယ်၌သာဆောင်ရွက်နိုင်သည်။ ဥပမာအားဖြင့် လမ်းမီးများထွန်းညှိခြင်း၊ ဆောက်လုပ်ခွင့်ပါမစ်များချပေးခြင်းနှင့် အိုးအိမ်ပိုင်ဆိုင်မှုများ လွှဲပြောင်းရောင်းချခြင်းစသည်တို့ကို စီမံဆောင်ရွက်နိုင်ခြင်းမရှိပါ။ မေတ္တာသည် အလွန်သေးငယ်သော မြို့တစ်မြို့ဖြစ်ပြီး အခွန်အခများအားလုံးကို ကောက်ခံနိုင်ခြင်းမရှိသောကြောင့် စည်ပင်သာယာရေးအဖွဲ့သည် မိမိ၏ဝန်ထမ်းများကို လခပေးရန် အတွက် လုံလောက်သော ရန်ပုံငွေကိုပင် ကောက်ခံစုဆောင်းနိုင်ခြင်းမရှိပါ။ မေတ္တာစည်ပင်ရုံးသည် တိုင်းဒေသကြီးစည်ပင်ရုံးမှ လွှဲပြောင်းပေးလာမည့်ရန်ပုံငွေအပေါ်တွင်သာ မှီခိုအားထားနေရသည်။ လုပ်ငန်းလည်ပတ်မှုစရိတ်နှင့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အချိုးမှာလည်း ၈၀ ရာနှုန်းကျော်အထိမြင့်မားနေသည်။ ဇယားကွက်-၇ တွင် လွန်ခဲ့သော သုံးနှစ်အတွင်း မေတ္တာစည်ပင်သာယာရေးအဖွဲ့ရုံး၏ ဝင်ငွေနှင့် သုံးငွေများကိုဖော်ပြထားသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုအသွင်ဆောင်ရွက်ခဲ့သော ကိစ္စရပ်များကို လည်း ဖော်ပြထားသည်။

**ဇယားကွက်- ၇။ မေတ္တာစည်ပင်သာယာရေးအဖွဲ့ရုံး၏ ဘတ်ဂျက် (ကျပ်သန်း)**

| ဘဏ္ဍာနှစ် | ငွေလုံးငွေရင်း အသုံးစရိတ် | သာမာန် အသုံးစရိတ် | စုစုပေါင်း အသုံးစရိတ် | ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု | သာမာန် အသုံးစရိတ် |
|---|---|---|---|---|---|
| ၂၀၁၃-၁၄ | ၁.၉၉ | ၆.၄၈ | ၈.၄၇ | 2 culverts | ဝန်ထမ်း၊ ရုံးနှင့် ခရီးစရိတ်များ၊ မြို့တွင်းလမ်းညွှန်ဆိုင်းဘုတ် |
| ၂၀၁၄-၁၅ | ၂.၇၄ | ၇.၆၉ | ၁၀.၄၃ | 1 box culvert, 6 cement pipes | ဝန်ထမ်း၊ ရုံးနှင့် ခရီးစရိတ်များ၊ မြို့တွင်းလမ်းညွှန်ဆိုင်းဘုတ် |
| ၂၀၁၅-၁၆ | ၁.၉၉ | ၉.၇၆ | ၁၁.၇၅ | 1 box culvert, bridge renovation | ဝန်ထမ်း၊ ရုံးနှင့် ခရီးစရိတ်များ၊ မြို့တွင်းလမ်းညွှန်ဆိုင်းဘုတ် |

## ၂.၄ ပြည်ထောင်စုအဆင့် ကဏ္ဍအလိုက်ဝန်ကြီးဌာနများ

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍအတွက် အရေးပါအရာရောက်သော ကဏ္ဍအလိုက်ဖွဲ့စည်းတည်ထောင်ထားသည့် ဝန်ကြီးဌာနများစွာရှိသည်။ ထိုဝန်ကြီးဌာနများတွင် ဖွဲ့စည်းတည်ဆောက်ပုံအမျိုးမျိုးနှင့် လုပ်ပိုင်ခွင့်အာဏာလည်း အမျိုးမျိုးရှိကြသည်။ သစ်တောနှင့်ရေလုပ်ငန်းဌာနကဲ့သို့သော ဌာနများသည် မြို့နယ်အဆင့်အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းများကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့က မည်ကဲ့သို့မျှဝေပိုင်ဆိုင်ကြကြောင်း အကောင်းဆုံးဥပမာပင်ဖြစ်သည်။ အခြားသောဌာနဆိုင်ရာများမှာမူ ပြည်ထောင်စုအစိုးရတစ်ခုတည်း၏ စီမံအုပ်ချုပ်မှုအောက်တွင်သာရှိသည်။ ထိုဝန်ကြီးဌာနအများစုသည် လုပ်ငန်းလိုင်စင်ချထား

[74] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၈၂၃၊ ဇူလိုင် ၁၃၊ ၂၀၁၅။ တွေ့ဆုံမေးမြန်းမှုကိုဖြေကြားသူက ထည့်သွင်းပြောဆိုခြင်းမရှိ သော်လည်း စည်ပင်သာယာရေးအဖွဲ့များ၏ဘတ်ဂျက်များကိုလေ့လာဆန်းစစ်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအတွင်းကောက်ခံရရှိသည့် ဝင်ငွေခွန်များ၏ ၅% ကို အခွန်ဌာနကစည်ပင်သာယာရေးဌာနသို့ လွှဲပြောင်းပေးပြီး ၎င်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသို့ တစ်ဆင့် ထပ်မံလွှဲပြောင်းပေးပါသည်။

ပေးခြင်းနှင့် အခွန်ကောက်ခံခြင်းများကို အဓိကထားလုပ်ကိုင်ကြသည်။ အစိုးရအရာရှိများစွာတို့ကို 'စီးပွားရေးလုပ်ငန်းများနှင့် အဓိကထိတွေ့ဆက်ဆံရသည့်ပုံစံ' ကိုမေးမြန်းသောအခါတွင် ၎င်းတို့က လုပ်ငန်းလိုင်စင်ချထားပေးခြင်း သို့မဟုတ် အခွန်ကောက်ခံခြင်းတစ်မျိုးမျိုးကို ဖြေဆိုလေ့ရှိကြသည်။ သို့ရာတွင် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းအကြောင်းကိုမူ အမှတ်ထားကာ ပြောကြားမှုကို မကြားခဲ့ရပေ။ အစိုးရဌာနဆိုင်ရာများအကြားတွင် တစ်ခါတစ်ရံ စဉ်းစားပုံမှာ 'လိုင်စင်ပေးပြီးသည်နှင့် ပြီးသွားသည်' ဟူသည့်စဉ်းစားပုံမျိုးဖြစ်နေသည်။ မြို့နယ်အဆင့်ဌာနဆိုင်ရာအရာရှိများသည် ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုအဆင့်တွင် စီးပွားရေးလုပ်ငန်းများအနေနှင့် လိုင်စင်ရယူစဉ်က ကတိကဝတ်ပြုထားသော လိုက်နာစောင့်ထိန်းရမည့်အချက်များ လိုက်နာခြင်းရှိ/မရှိ စောင့်ကြည့်ထိန်းသိမ်းရမည့်တာဝန်လည်းရှိသည်။[75] မြို့နယ်အဆင့်အရာရှိများသည် အခွန်များကိုကိုယ်တိုင်ကောက်ခံခြင်းမရှိသော်လည်း စီးပွားရေးလုပ်ငန်းများအနေနှင့် လိုင်စင်ပါစည်းမျဉ်းစည်းကမ်းများ (ဥပမာ- ထုတ်လုပ်ခွင့်အကန့်အသတ်) ကိုလိုက်နာစေရန် ဆောင်ရွက်ရသည်။

### ၂.၄.၁ သစ်တောဦးစီးဌာန

သစ်တောဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ဒေသန္တရအဆင့်တွင်ရှိနေသော ဌာနဆိုင်ရာများအနက် အရေးအပါဆုံးဌာနတစ်ခုဖြစ်သည်။ ယင်းသည် သဘာ ဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနလက်အောက်တွင်ရှိပြီး မြန်မာနိုင်ငံ၏သစ်တောများကို စီမံအုပ်ချုပ်သည့် အဓိကအကျဆုံးအဖွဲ့အစည်းဖြစ်သည်။ ဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ထိတွေ့ဆက်ဆံမှုပုံစံအမျိုးမျိုးရှိသည်။ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းအမျိုးမျိုးထုတ်ယူသော ကုန်ကြမ်းထုတ်သည့် စီးပွားရေးလုပ်ငန်းများနှင့်လည်းကောင်း၊ သစ်ခွဲစက်၊ ပရိဘောဂလုပ်ငန်းများ၊ သစ်ခွဲသားများကို ပြန်လည်ရောင်း/ဝယ်သော လုပ်ငန်းများစသည့် ဒုတိယအဆင့်ကုန်ကြမ်းဆိုင်ရာလုပ်ငန်းများနှင့်လည်းကောင်း ထိတွေ့ဆက်ဆံနေရသည်။[76] သက်ဆိုင်ရာဝန်ထမ်းများက ဖြေကြားသော အရေးအကြီးဆုံး ထိတွေ့ဆက်ဆံမှုပုံစံမှာ အခွန်အခများကောက်ခံခြင်းပင်ဖြစ်သည်။[77] သစ်တောဌာနသည် အောက်ပါအခွန်အမျိုးအစားများကို ကောက်ခံသည်။

- သစ်မာခွန် (ပြည်ထောင်စုအစိုးရသို့)
- ဝါးနှင့် သစ်မာမဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများ (ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့)
- သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများမှထုတ်လုပ်သော ပရိဘောဂဆိုင်များကို ကောက်သောအခွန်
- သစ်ထုတ်လုပ်ရေးတွင်သုံးသော ဆင်ကိုကောက်သောအခွန် (ဆင်၏အမြင့်ပေါ်မူတည်ပြီး ပထမဦးဆုံးမှတ်ပုံတင်ကြေးတစ်သိန်းနှင့် နှစ်စဉ်သက်တမ်းတိုးခ နှစ်သောင်း ကောက်ခံသည်)[78]

အခြားဝန်ကြီးဌာနများကဲ့သို့ပင် သစ်တောဦးစီးဌာနသည်လည်း ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ လိုင်စင်ချထားပေးသော လုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရသည့်တာဝန်ရှိသည်။ ကျွန်းနှင့်အခြားသစ်မာများမှာ ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသည့်စာရင်းအတွင်း၌ရှိသော်လည်း အခြားသစ်တောထွက်ပစ္စည်းအမျိုးမျိုးဖြစ်သည့် ဝါး၊ ထင်း၊ သစ်မာမဟုတ်သော အခြားသစ်သားများ၊ အပွေးနှင့်သစ်ခေါက်စသည်တို့မှာ ပြည်နယ်/တိုင်းဒေသကြီးများ၏ စီမံပိုင်ခွင့်အောက်၌ရှိသည်။ ထို့ကြောင့် ထိုပစ္စည်းများကိုထုတ်ယူလိုပါက လုပ်ငန်းလိုင်စင်ကို ပြည်ထောင်စုအစိုးရထံတင်စရာမလိုပဲ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံတွင် တင်ရုံနှင့် ကိစ္စပြီးသည်။[79] ထိုသစ်တောထွက်ကုန်များ ထုတ်လုပ်ခြင်းအတွက် မြေယာငှားရမ်းခြင်းကိုလည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံတွင်ပင် လျှောက်ထားရသည်။ သစ်တောထွက်ကုန်များအတွက် လိုင်စင်ကြေးမှာ ထုတ်လုပ်သည့်ပမာဏအပေါ်တွင် အခြေခံပြီးသတ်မှတ်ထားသော လိုင်စင်ကြေးကို ကြိုတင်ပေးသွင်းရခြင်းဖြစ်သည်။ ဥပမာအားဖြင့် လုပ်ငန်းတစ်ခုသည် ဝါးအချောင်းသုံးသိန်းထုတ်လုပ်ရန် လိုင်စင်ရသည်ဆိုပါက သက်ဆိုင်ရာလိုင်စင်ကြေးကို ကြိုတင်ပေးသွင်းပြီးမှသာ ထုတ်လုပ်မှုစတင်နိုင်သည်။ လုပ်ငန်းပြုလုပ်ခြင်းကို မြို့နယ်သစ်တောအရာရှိက စောင့်ကြည့်စစ်ဆေးသည်။ သတ်မှတ်အရေအတွက်ပြည့်မီသွားပါက ထုတ်လုပ်မှုကိုရပ်ဆိုင်းခြင်း သို့မဟုတ် အပိုဆောင်းလိုင်စင်ကြေးပေးဆောင်ရန်လိုအပ်သည်။[80] လိုင်စင်ကြေးများကို သစ်တော အရာရှိက ကောက်ခံခြင်းမပြုပဲ မြန်မာ့စီးပွားရေးဘဏ်သို့ သစ်ခုတ်ရာသီမစတင်မီ ပေးသွင်းထားရသည်။ ထိုလိုင်စင်ကြေးများသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံသို့ တိုက်ရိုက်

[75] မြန်မာနိုင်ငံအတွင်းရှိ အချို့သောလုပ်ငန်းလိုင်စင်များသည် အထူးသတ်မှတ်ချက်များဖြင့် ထုတ်ပေးခြင်းဖြစ်ပြီး မြို့နယ်အဆင့်အရာရှိများက လိုင်စင်ခံပြီးလုပ်ကိုင်နေကြသူများအပေါ် စောင့်ကြည့်စစ်ဆေးရမည့်တာဝန်ရှိသည်။ ဥပမာအားဖြင့် ဝါးထုတ်ယူခွင့်လိုင်စင်တွင် ဝါးပင်စုစုပေါင်း မည်ရွေ့မည်မျှကိုသာ ထုတ်ယူရမည်ဟု သတ်မှတ်ထားပြီး မြို့နယ်သစ်တောအရာရှိက ထိုသတ်မှတ်ချက်အတိုင်းလိုက်နာခြင်းရှိ/မရှိ စစ်ဆေး သည်။ အကယ်၍ သတ်မှတ်ချက်ထက်ပိုလွန်ပြီးထုတ်ယူလိုပါက အပိုနှုန်းထားကို ထပ်မံပေးဆောင်ရန်လိုသည်။

[76] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၅၊ ဇူလိုင် ၂၂၊ ၂၀၁၅။

[77] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၅။

[78] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၅။ စာရင်းမှာ အပြည့်အစုံမဟုတ်ပါ။

[79] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၈၊ ဇူလိုင် ၁၀၊ ၂၀၁၅။

[80] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၈။

ရောက်သွားသည်။[81] မှတ်သားရန်အချက်မှာ ဌာနသည် ပြည်ထောင်စုအစိုးရကိုယ်စား လုပ်ငန်းတာဝန်များစွာကို ထမ်းဆောင်နေရသော်လည်း ပြည်ထောင်စုအဆင့်မှ မြို့နယ်အဆင့်သို့ တိုက်ရိုက်ညွှန်ကြားခြင်းမျိုးလုံးဝမပြုလုပ်ဟု မြို့နယ်အရာရှိများက ဆိုကြသည်။ ညွှန်ကြားချက်များသည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများမှတစ်ဆင့် ရောက်ရှိလာခြင်းဖြစ်သည်။[82] ထိုသို့ အထက်အောက်ဆက်သွယ်သည့်ပုံစံကြောင့် ပြည်ထောင်စုအစိုးရစနစ်တွင် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက အရေးပါအရာရောက်နေခြင်းလည်းဖြစ်သည်။ အချို့သော လုပ်ငန်းလိုင်စင်များနှင့် အခွန်အမျိုးအစားများကို ဆုံးဖြတ်ချုပ်ကိုင်ခွင့်ရှိခြင်းကြောင့်လည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရများတွင် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအချို့ရှိနေသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် သစ်တောကဏ္ဍရှိ လုပ်ငန်းလိုင်စင်များအားလုံးကို ချထားပေးရန် တာဝန်ရှိသည်။ လုပ်ကွက်လိုင်စင်ချထားပေးခြင်းကို အထက်ဖော်ပြပါနည်းလမ်းအတိုင်း ဆောင်ရွက်သည်။ ထို့အပြင် သစ်ခွဲစက်များကဲ့သို့ သစ်တောထွက်ပစ္စည်းများကို အချောကိုင်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းဝယ်ခြင်းစသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးကိုလည်း လိုင်စင်ထုတ်ပေးသည်။ ဥပမာအားဖြင့် သစ်ခွဲစက်လိုင်စင် လျှောက်ထားရာတွင် အောက်ပါတို့လိုအပ်သည်။

- အိမ်နီးနားချင်းများမှ ကန့်ကွက်ရန်မရှိကြောင်းစာ
- စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်
- ကျန်းမာရေးဌာန၏ ထောက်ခံချက်
- မီးသတ်ဌာန၏ ထောက်ခံချက်
- ကုန်ကြမ်းဝယ်ယူသုံးစွဲမည့် အစီအစဉ်ဖော်ပြချက်နှင့်
- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနမှ လုပ်ငန်းလိုင်စင်

သစ်ခွဲစက် လိုင်စင်သက်တမ်းကို အသုံးပြုသော လွှဝိုင်း၏အရွယ်အစားကိုလိုက်၍ ဆုံးဖြတ်သည်။[83] လွှဝိုင်းအရွယ်အစား ၁၈ လက်မအောက်ငယ်သော စက်များကို လိုင်စင်တစ်နှစ်ချထားပေးသည်။ ၁၈ လက်မထက်ကြီးသော သစ်ခွဲစက်များကို လိုင်စင်ငါးနှစ်ချထားပေးသည်။[84] သစ်တောဦးစီးဌာန၏အဆိုအရ လိုင်စင်တွင် လွှဝိုင်းများ၏အရွယ်အစားနှင့် အရေအတွက်ကို အတိအကျသတ်မှတ်ထားပြီး ၎င်းတို့ကိုကျော်လွန်ဆောင်ရွက်ခြင်းကို ခွင့်မပြုချေ။[85] ထိုလိုင်စင်စနစ်သည် လုပ်ငန်းငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ဈေးကွက်လိုအပ်ချက်နှင့်အညီ လိုက်ပါဆောင်ရွက်ရာတွင်လည်း အကန့်အသတ်များကိုဖြစ်စေသည်။

တွေ့ဆုံမေးမြန်းခဲ့သော ဌာနဆိုင်ရာအရှိများ၏ပြောကြားချက်အရ ၎င်းတို့၏မိခင်ဝန်ကြီးဌာနလက်အောက်ရှိ အသက်ဝင်နေသေးသည့် နိုင်ငံပိုင်လုပ်ငန်းရှိသည့် တစ်ခုတည်းသောဌာနမှာ သစ်တောဦးစီးဌာန ဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းသည် ယခုအချိန်အထိ လုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ပြီး သစ်များကိုကိုယ်တိုင်ခုတ်သော နိုင်ငံပိုင်လုပ်ငန်းဖြစ်သည်။ မြန်မာ့သစ်လုပ်ငန်းတွင် ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဟူ၍ လုပ်ငန်းနှစ်မျိုးနှစ်စားရှိသည်ဟု သိရသည်။[86] အခြားနိုင်ငံပိုင်လုပ်ငန်းအများအပြားမှာမူ လက်ရှိအချိန်တွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုမရှိတော့ပဲ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို လိုင်စင်ချထားပေးသော အဖွဲ့အစည်းများအနေနှင့်သာ ရပ်တည်ဆောင်ရွက်နေကြသည်။

### ၂.၄.၂ ငါးလုပ်ငန်းဦးစီးဌာန

ငါးလုပ်ငန်းဦးစီးဌာနသည် ကမ်းဝေးငါးဖမ်းလုပ်ငန်း၊ ကုန်းတွင်းငါးဖမ်းလုပ်ငန်းနှင့် ငါးကန်များကဲ့သို့သော ရေနေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပါအဝင် ငါးဖမ်းလုပ်ငန်းများအားလုံးကို စီမံအုပ်ချုပ်ရန်တာဝန်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးဖမ်းလုပ်ငန်းအမျိုးမျိုးအတွက် ခွင့်ပြုချက်ပုံစံအမျိုးမျိုး၊ နှုန်းထားအမျိုးမျိုးရှိသော လိုင်စင်များကိုချထားပေးသည်။ လိုင်စင်စနစ်သည် ဌာန၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်ပြီး လိုင်စင်စီမံခန့်ခွဲခြင်းသည်လည်း ဌာန၏အဓိကအကျဆုံးလုပ်ငန်းတာဝန်ပင်ဖြစ်သည်။ ငါးလုပ်ငန်းဦးစီးဌာနကထုတ်ပေးသော လိုင်စင်အမျိုးအစားများတွင် အောက်ပါတို့ပါဝင်သည်။

- အဓိကလုပ်ငန်းသုံးအစိတ်အပိုင်းကြီးနှစ်ခုနှင့် ၎င်းတို့၏အစိတ်အပိုင်းခွဲများပါဝင်သော လိုင်စင်
    - ငါးဖမ်းလှေအတွက်ချထားပေးသောလိုင်စင်တွင်
        - လှေမှသယ်ဆောင်နိုင်သော ငါးပမာဏ
        - အသုံးပြုသော ငါးဖမ်းပိုက်အမျိုးအစား

[81] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၈။

[82] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၈။

[83] အမှန်စင်စစ် လိုင်စင်နှုန်းထားနှင့် လွှဝိုင်းအရွယ်အစားတို့အကြား လုပ်ငန်းသဘောတရားအရဖြစ်စေ၊ အခြားအကြောင်းတစ်စုံတရာကြောင့်ဖြစ် စေ ဆက်စပ်မှုရှိမနေပါ။

[84] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၅။

[85] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၅။

[86] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၅။

      ▪ လေ့အရွယ်အစား
   ○ ငါးဖမ်းလေ့များမှ ငါးများကို ကမ်းခြေသို့ကဲ့သယ်ပေးသည့် သယ်ယူပို့ဆောင်ရေးလေ့
      ▪ လေ့သယ်ဆောင်နိုင်သော ငါးပမာဏ
      ▪ လေ့အရွယ်အစား[87]

ထိုနှုန်းထားများကို ပြည်ထောင်စုအစိုးရမှ သတ်မှတ်ခြင်းဖြစ်သဖြင့် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးတွင် အတူတူပင်ဖြစ်သည်။[88]

- ငါးလက်ကားကောက်သည့်လိုင်စင်၊ တံငါသည်များထံမှ ငါးကိုတိုက်ရိုက်ကောက်ယူသည့် ကုန်သည်များအတွက် လိုအပ်သည်။
- ငါးကုန်ချောထုတ်လုပ်ခြင်းလိုင်စင်
- ငါးကန်လုပ်ငန်းလိုင်စင်[89]

သစ်တောဦးစီးဌာနကဲ့သို့ပင် ငါးလုပ်ငန်းဦးစီးဌာနတွင်လည်း ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကိုယ်စားလုပ်ငန်းများအကောင်အထည်ဖော်ပေးရသော တာဝန်ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် မြန်မာနိုင်ငံ၏ရေပိုင်နက်ထဲရှိ ငါးဖမ်းလုပ်ငန်းများနှင့် ကုန်းတွင်းငါးဖမ်းလုပ်ငန်းမှာ အပေါ်၌ စီမံအုပ်ချုပ်ခွင့်ရှိသည်။ ထိုလုပ်ပိုင်ခွင့်များထဲတွင်

- သဘာဝကန်များထဲတွင် ငါးမွေးမြူခွင့်စျေးပြိုင်လေလံ
- ကုန်းတွင်းမြစ်ချောင်းများတွင် ငါးဖမ်းခွင့်အတွက် တင်ဒါ
- ရေချိုငါးဖမ်းလုပ်ငန်းသုံးပစ္စည်းများအတွက် လိုင်စင်ကြေးငွေ
- လူလုပ်ငါးကန်များအတွက် လိုင်စင်ကြေး[90]

ထိုလုပ်ငန်းတာဝန်များအတွက် ငါးလုပ်ငန်းဦးစီးဌာနသည် လိုင်စင်နှင့် စျေးပြိုင်လေလံဆောင်ရွက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မိမိဖာသာသတ်မှတ်နိုင်သည်။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက ၎င်းတို့ကိုသတ်မှတ်ပေးသည့် ဥပမာများလည်းရှိသည်။[91] ဥပမာ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုတွင် လိုင်စင်ဝင်ရောက်လျှောက်ထားသူသည် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအတွင်း နေထိုင်သူဖြစ်ရမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ပါဝင်သည်။ အိမ်ထောင်စုတစ်စုလျှင် တစ်ဦးသာလေလံဆွဲခွင့်ရှိပြီး လေလံအောင်ပါက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။[92] ကုန်းတွင်းငါးဖမ်းလိုင်စင်များကို ထပ်မံလွှဲပြောင်းခြင်းမပြုရဟု သတ်မှတ်ထားသော်လည်း လက်တွေ့တွင် ထိုသို့လွှဲပြောင်းရောင်းချနေကြကြောင်းကိုလည်း ငါးလုပ်ငန်းမှ အရာရှိတစ်ဦးကဆိုသည်။[93] ထိုအချက်ကြောင့် လိုင်စင်စနစ်သည် စီးပွားရေးအရလက်ဦးမှုယူပြီး လက်ဝါးကြီးအုပ်သောစနစ်ကို ပေါက်ဖွားစေနိုင်သည်ဟု ကောက်ချက်ချနိုင်သည်။ သို့သော် ထိုသို့တကယ်ဖြစ်/မဖြစ်နှင့် ဖြစ်ပါကလည်း မည်သည့်အကြောင်းတရားများကြောင့်ဖြစ်ကြောင်းကို နောက်ထပ်သုတေသန တစ်ခုဖြင့် ဆန်းစစ်လေ့လာသင့်သည်။[94]

ငါးလုပ်ငန်းဘတ်ဂျက်ကို ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရက မျှဝေကျခံခြင်းဖြစ်သည်။ ပြည်ထောင်စုလုပ်ပိုင်ခွင့်အောက်တွင်ရှိသော ကမ်းရိုးတန်းငါးဖမ်းလုပ်ငန်းများနှင့် အခြားလုပ်ငန်းများနှင့်ဆိုင်သောဘတ်ဂျက်မှာ နေပြည်တော်မှ လာသည်။ ပြည်နယ်/တိုင်းဒေသကြီးလုပ်ပိုင်ခွင့်အောက်တွင်ရှိသော ကမ်းနီးငါးဖမ်းလုပ်ငန်းနှင့် ကုန်းတွင်းငါးဖမ်းလုပ်ငန်းများနှင့် ဆိုင်သော ဘတ်ဂျက်မှာ ပြည်နယ်/တိုင်းဒေသကြီးဘတ်ဂျက်မှလာခြင်းဖြစ်သည်။[95] တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက ငါးလုပ်ငန်းဝန်ကြီးဌာန၏ ဝင်ငွေမှာ သုံးစွဲငွေထက်ပိုမိုများပြားသည်ဟု ဆိုသည်။[96]

---

[87] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၈၃၀၊ ဇူလိုင် ၁၅၊ ၂၀၁၅။
[88] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၃၀။
[89] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၃၀။ စာရင်းမှာ အပြည့်အစုံမဟုတ်ပါ။
[90] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၁၉။
[91] ဧရာဝတီတိုင်း ရေချိုငါးဖမ်းလုပ်ငန်းဥပဒေ ဥပဒေအမှတ် ၈၂/၂၀၁၂ အရဆောင်ရွက်သည်။
[92] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၁၉။
[93] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၁၉။
[94] ယင်းအချက်အတွက် အကြောင်းပြချက်အများအပြားရှိသည်။ တစ်ခုမှာ လိုင်စင်လျှောက်ထားလိုသူ လုပ်ငန်းရှင်ငယ်များအတွက် လိုင်စင်ကြေးငွေ ကိုတစ်လုံးတခဲတည်းကြိုတင်ပေးဆောင်ရမည်ဆိုခြင်းမှာ ခက်ခဲလွန်းသောအခြေအနေဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုချေးငွေများလည်း မရရှိနိုင်သော အခြေအနေတွင်လိုင်စင်ယူပြီး အမှန်တကယ်လုပ်ကိုင်လိုသူအများအပြားမှာ ငွေရင်းရှိ၍ လိုင်စင်ဆွဲနိုင်သူ၏လက်ထဲမှနေ၍ တစ်ဆင့်ခံပြန်လည်လုပ် ကိုင်ရသောအခြေအနေများဖြစ်ပွားတတ်သည်။
[95] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၃၀။
[96] တွေ့ဆုံမေးမြန်းမှုအမှတ် ၈၁၉။

### ၂.၄.၃ မွေးမြူရေးဌာန

မွေးမြူရေးဌာနသည် မြို့နယ်တိုင်းလိုလိုတွင်ရှိပြီး အခြားသောဌာနဆိုင်ရာများနှင့်ယှဉ်ပါက ဝန်ဆောင်မှုပေးခြင်းကို အဓိကထား လုပ်ဆောင်သော ဌာနဖြစ်သည်။ ဌာနအရာရှိများ၏အဆိုအရ ဌာနသည်လိုင်စင်များထုတ်ပေးခြင်းမရှိသော်လည်း တိရစ္ဆာန်မွေးမြူသူများကို မှတ်ပုံတင်သည့်စနစ်ကိုမူ ကျင့်သုံးကြောင်း သိရသည်။ မှတ်ပုံတင်ကြေးမှာလည်း နည်းပါးသည်။ ဥပမာအားဖြင့် ကြက်အကောင် ၂၀၀ အထိမွေးမြူသောသူသည် မှတ်ပုံတင်ကြေးတစ်နှစ်လျှင် ကျပ်ငါးဆယ် (အမေရိကန်ဒေါ်လာ ၀.၀၄) ပေးဆောင်ရပြီး ကြက်အကောင်တစ်သောင်းနှင့် တစ်သောင်းထက်ပို၍မွေးမြူသူများမှာ တစ်နှစ်လျှင် ကျပ်တစ်ထောင်ခန့် (ဒေါ်လာ ၀.၇၈) ပေးသွင်းရသည်။[97] ကြက်မွေးမြူရေးခြံများသည် ပုံစံ- ၅ (ခြံရာဇဝင်) နှင့် ပုံစံ- ၇ (မှတ်ပုံတင်ပုံစံ) များရှိရန်လိုသည်။[98] ဌာနသည် အချို့သော ကြီးကြပ်ကွပ်ကဲသည့်တာဝန်များကိုလည်း ထမ်းဆောင်သည်။ ဥပမာ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုမှ အခြားတစ်ခုသို့ ကြက်ဥများပို့ဆောင်ခြင်းကို ဌာနမှ ကြီးကြပ်ရသည်။ ပြည်နယ်/တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုကြား ကြက်ဥများသယ်ဆောင်ရောင်းဝယ်လိုသူသည် ပုံစံ- ၃ ရှိရန်လိုပြီး ကြက်ဥတစ်လုံးလျှင် ၂၅ ပြား (ဒေါ်လာ ၀.၀၀၂) ပေးဆောင်ရသည်။[99] ပုံစံ- ၃ ကိုရရှိရန်အတွက် ကုန်သည်သည် ကြက်ဥများလာသော ကြက်ခြံနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုဖော်ပြရပြီး ထိုခြံများမှ ပုံစံ- ၅ နှင့် ပုံစံ- ၇ တို့ကိုပါရရှိပြီးဖြစ်ရမည်။[100] ကြက်အရှင်များကို ကုန်သွယ်ရာတွင်လည်း အလားတူစနစ်ကိုပင်ကျင့်သုံးသည်။ ကြက်သားကုန်သွယ်ရာတွင်မူ လုပ်ပိုင်ခွင့်မှာ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည်။ နောက်ဆုံးအနေနှင့် မွေးမြူရေးဌာနသည် တိရစ္ဆာန်များ သားသတ်ရုံသို့မပို့မီနှင့် ပို့ပြီးတွင်လည်း စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းရှိ/မရှိစစ်ဆေးပေးရသည်။ စစ်ဆေးခများကို တိရစ္ဆာန်အမျိုးအစားပေါ်မူတည်၍ သတ်မှတ်ထားပြီး နွားတစ်ကောင် ၃၅ ကျပ် (အမေရိကန်ဒေါ်လာ ၀.၀၃)၊ ဝက်တစ်ကောင် ၁၅ ကျပ် (အမေရိကန်ဒေါ်လာ ၀.၀၁) နှင့် ဆိတ်တစ်ကောင် ၁၀ ကျပ် (အမေရိကန်ဒေါ်လာ ၀.၀၁) ကျသင့်သည်။[101]

### ၂.၄.၄ စိုက်ပျိုးရေးဌာန

စိုက်ပျိုးရေးဌာနသည် ကျေးလက်စီးပွားရေးကဏ္ဍတွင် အရေးပါသောနေရာ၌ရှိသော်လည်း ၎င်းတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်သော တာဝန်အနည်းအကျဉ်းသာရှိသည်။ သို့သော် အခြားသောဝန်ကြီးဌာနများကဲ့သို့ပင် အချို့သောစီးပွားရေးလုပ်ငန်းများကို လိုင်စင်ထုတ်ပေးနိုင်သည့် လုပ်ပိုင်ခွင့်များရှိနေသည်။ စိုက်ပျိုးရေးဌာနသည် အောက်ပါလုပ်ငန်းများအတွက် လိုင်စင်များထုတ်ပေးသည်။

- ပိုးသတ်ဆေးအရောင်းဆိုင်များ - ၃ နှစ်လိုင်စင်သက်တမ်း၊ လိုင်စင်ကြေးတစ်နှစ်လျှင် ကျပ်တစ်သောင်း (အမေရိကန်ဒေါ်လာ ၇.၈၁) ပေးဆောင်ရသည်။ ရှမ်းပြည်နယ်တွင် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးဆိုင်ပေါင်း ၃၄၄ ခုရှိသည်။
- ဓာတ်မြေဩဇာအရောင်းဆိုင်များ - ၂ နှစ်လိုင်စင်သက်တမ်း၊ လိုင်စင်ကြေးတစ်နှစ်လျှင် ကျပ် ၂၅၀၀၀ (ဒေါ်လာ ၁၉.၅၂) ခန့်ပေးဆောင်ရပြီး ရှမ်းပြည်နယ်အတွင်းတွင် မှတ်ပုံတင်ထားသော ဆေးဆိုင်ပေါင်း ၃၆၇ ခုရှိသည်။

စိုက်ပျိုးရေးဌာနသည် ကုန်သွယ်မှုနှင့်ဆိုင်သော လုပ်ငန်းအချို့ကိုလည် ကြီးကြပ်သည်။ သို့ရာတွင် ထိုလုပ်ငန်းများမှာ မြို့နယ်များနှင့်မသက်ဆိုင်ပဲ သွင်းကုန်ထုတ်ကုန်ဆိပ်ကမ်းများတွင် ဆောင်ရွက်ခြင်းဖြစ်သည်။ စိုက်ပျိုးရေးဌာနသည် ပြည်ပနှင့်ဆက်သွယ်ပြီး တင်ပို့/တင်သွင်းသော စိုက်ပျိုးရေးထုတ်ကုန်များကို အရည်အသွေးစစ်ဆေးသည့်တာဝန်ကိုယူရပြီး ထိုအတွက်အခကြေးငွေကောက်ခံသည်။ ဥပမာအားဖြင့် ပြည်ပသို့တင်ပို့မည့်ဆန်ကို အရည်အသွေးစစ်ဆေးရာတွင် ဆန်တစ်တန်လျှင် ကျပ်နှစ်ထောင် (ဒေါ်လာ ၁.၅၆) ကျသင့်သည်။[102]

### ၂.၄.၅ စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန

စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနသည် မြေစာရင်းမှတ်ပုံတင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့တွင် အဓိကအကျဆုံး အစိုးရအဖွဲ့အစည်း ဖြစ်သည်။ ယင်း၏လုပ်ငန်းတာဝန်များတွင် အောက်ပါတို့ပါဝင်သည်။

- လယ်ယာမြေခွန်တောင်းခံလွှာများကို ပြင်ဆင်ခြင်းအားဖြင့် လယ်ယာမြေခွန်ကို စီမံခန့်ခွဲပြီးနောက် အခွန်တောင်းခံလွှာများကို ကြီးကြပ်ကောက်ခံမည့်အဖွဲ့အစည်းဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။
- တာတမံခွန်တောင်းခံလွှာများကို ပြင်ဆင်ပြီး ဆည်မြောင်းဌာနသို့လွှဲပြောင်းပေးကာ နောက်ဆုံးတွင် ကွင်းဆင်းကောက်ခံမည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးသည်။

---

[97] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၉၊ ဇူလိုင် ၂၃၊ ၂၀၁၅။

[98] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၉။

[99] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၉။ ပြားတစ်ရာမှာ တစ်ကျပ်နှင့် ညီမျှသည်။

[100] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၉။

[101] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၉။

[102] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၄၊ ဇူလိုင် ၂၂၊ ၂၀၁၅။

- အချို့သော မြို့ပြမြေယာအမျိုးအစားများ (အစိုးရမှာ ငှားရမ်းပေးထားသော မြေများအပါအဝင်- နိုင်ငံပိုင်မြေကို ပေးအပ်ခြင်း) အတွက် အခွန်များကောက်ခံခြင်း
- မြို့ပြဒေသများတွင် မြေယာအရောင်းအဝယ်မှတ်ပုံတင်ခြင်းများကို ကြီးကြပ်ခြင်းနှင့် အခွန်အခများကောက်ခံခြင်း[103]

မြို့ပြဒေသများရှိမြေယာနှင့် အဆောက်အဦးများမှတ်ပုံတင်ခြင်းနှင့် လွှဲပြောင်းခြင်းတို့ကို စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနက တာဝန်ယူဆောင်ရွက်ပေးခြင်းသည် စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသောလုပ်ငန်းရပ်တစ်ခုဖြစ်သည်။ မြေယာ နှင့် ပတ်သက်သည့် အပေးအယူကိစ္စများအနက် စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနက တာဝန်ယူဆောင်ရွက်ရသော ကိစ္စရပ်များ တွင် အောက်ပါတို့အပါအဝင်ဖြစ်သည်။

- မြေရှင်အမည်ပြောင်းလဲခြင်း
- နစ် ၃၀၊ နစ် ၆၀ နှင့် နစ် ၉၀ မြေငှားရမ်းလျှောက်ထားလွှာများ လျှောက်ထားမှု
- လယ်ယာမြေပိုင်ဆိုင်မှု ပုံစံ - ၇ ကိုအသုံးပြု၍ လယ်ယာမြေများ ရောင်းချခြင်းနှင့် အပေါင်ထားခြင်းကိုဆောင်ရွက်နိုင်သည်။
- လန ၃၉ - မြေယာအသုံးချမှုပုံစံပြောင်းလဲခြင်း၊ ယင်းပုံစံမရှိပဲ မြေယာများတွင် အဆောက်အဦးဆောက်လုပ်ခြင်းများ မလုပ်နိုင်ပါ[104]

မြေယာလွှဲပြောင်းပေးမှုများကို အစိုးရအရာရှိများပါဝင်သော မြေယာအသုံးချမှုစီစစ်ရေးဘုတ်အဖွဲ့က ဆုံးဖြတ်ပေးခြင်းဖြစ်ပြီး ယင်းတွင် အောက်ပါဌာနဆိုင်ရာ အရာရှိများပါဝင်သည်။

- ပြည်တွင်းအခွန်များဦးစီးဌာန
- ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
- စီမံကိန်းရေးဆွဲရေးဦးစီးဌာန/ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (မြို့နယ်ကိုလိုက်၍)
- မြန်မာနိုင်ငံရဲတပ်ဖွဲ့
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- စည်ပင်သာယာရေးအဖွဲ့များ[105]

ထိုဘုတ်အဖွဲ့သည် လွှဲပြောင်းပေးမည့် မြေယာ၏တန်ဖိုးကို ဆုံးဖြတ်ရသည်။ ထိုဘုတ်အဖွဲ့က မြေယာတန်ဖိုးကို ဆန်းစစ်ဆုံးဖြတ်နိုင်ရန်အတွက် မြေယာဝယ်ယူမည့်သူက သတ်မှတ်တန်ဖိုးအပါအဝင် အရောင်းအဝယ်သဘောတူစာချုပ်ကို တင်ပြရသည်။ ဘုတ်အဖွဲ့က အရောင်းအဝယ်ဈေးနှုန်းကိုအတည်ပြုပြီးပါက ဝယ်သူက အခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ကိုပေးဆောင်ပြီး အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်နိုင်သည်။[106] ဈေးနှုန်းနှင့်ပတ်သက်ပြီး သဘောကွဲလွဲမှုများရှိပါက သက်ဆိုင်သူများအကြား ညှိနှိုင်းဆောင်ရွက်နိုင်ပြီး နောက်ဆုံးအဆုံးအဖြတ်မှာမူ ဘုတ်အဖွဲ့၏ လက်ထဲတွင်ရှိသည်။ ပုဂ္ဂလိကအရင်းအမြစ်များက ဘုတ်အဖွဲ့၏ဈေးနှုန်းသတ်မှတ်မှုများသည် အမြဲတမ်းမှန်ကန်တိကျမှုမရှိကြောင်း ထောက်ပြကြသည်။ အစိုးရ၏ တရားဝင်မြေတန်ဖိုးသတ်မှတ်မှုများသည် ဈေးကွက်ပေါက်ဈေးထက်နည်းနေလေ့ရှိပြီး ထိုသို့ဖြစ်ရခြင်းမှာ မြေယာဈေးနှုန်းများကို အချိန်ကာလနှင့်တပြေးညီ ပြင်ဆင်သတ်မှတ် ထားခြင်းမရှိသောကြောင့်ဖြစ်သည်။[107]

မြေယာပိုင်ဆိုင်မှုများကို လွှဲပြောင်းရေးအတွက် ကြာမြင့်သောအချိန်မှာလည်း တသမတ်တည်းမရှိပေ။ အချို့သောမြို့ကြီးများတွင် နှောင့်နှေးကြန့်ကြာရခြင်းမှာ ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့်ဖြစ်သည်။ ကွင်းဆင်းလေ့လာခဲ့သော မြို့နယ်တစ်ခုတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်ဆယ်ခုအတွက် စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာနအရာထမ်းလေးဦးသာရှိသဖြင့် ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ရသည်ဟု ဆိုသည်။[108] အခြားနေရာတစ်ခုတွင်မူ နှောင့်နှေးကြန့်ကြာမှုများမှာ လာဘ်ငွေပေးဆောင်မှုမရှိခြင်းကြောင့်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုမှ 'မြေယာပိုင်ဆိုင်မှုစာချုပ်မှာ နာမည်ပြောင်းချင်ရင် လက်ဖက်ရည်ဖိုးပေးရတယ်။ မပေးဘူးဆိုရင်တော့ ကိစ္စက ကြာတော့မှာပဲ' ဟု ပြောကြားခဲ့သည်။[109] သို့သော် ဆန့်ကျင်ဘက်ဖြစ်

---

[103] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၆၊ ဇူလိုင် ၂၂၊ ၂၀၁၅။

[104] ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၅၊ ဇူလိုင် ၁၇၊ ၂၀၁၅။

[105] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၆၊ ဇူလိုင် ၉၊ ၂၀၁၅။ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၂၊ ဇူလိုင် ၁၁၊ ၂၀၁၅။ ထိုဖွဲ့စည်းပုံမှာ ယခုကွင်းဆင်းသွားရောက်ခဲ့သော မြို့နယ်များကိုသာကိုယ်စားပြုပြီး အခြားသောမြို့နယ်များတွင် ကွာခြားနိုင်သည်။

[106] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၆။

[107] စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၀၊ ဇူလိုင် ၁၁၊ ၂၀၁၅။ အိုးအိမ်အရောင်းအဝယ်ကဏ္ဍရှိ စီးပွားရေးလုပ်ငန်းအများ အပြားကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထိုသို့ရာဖြတ်တန်ဖိုးနိမ့်ကျနေရခြင်းမှာ လာဘ်ပေးလာဘ်ယူပြုလုပ်ရန်အတွက်ဖြစ်သည်ဟု မည်သူကမျှမဖြေ ကြားခဲ့သော်လည်း လုပ်ငန်းရှင်များအနေနှင့် မိမိတို့ဖာသာ ရာဇဝတ်မကင်းအောင်မပြောဆိုမိလို၍လည်း ဖြစ်နိုင်သည်။ အိုးအိမ်ကဏ္ဍကျွမ်းကျင်သူ တစ်ဦးက ရာဖြတ်တန်ဖိုးများကို ညှိနှိုင်းနိုင်သည်ဟုဆိုသော်လည်း လာဘ်ပေးမှုပါ/မပါ ရှင်းရှင်းလင်းလင်း မပြောပေ။

[108] စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၂၊ ဇူလိုင် ၁၁၊ ၂၀၁၅။

[109] စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၅၊ ဇူလိုင် ၁၇၊ ၂၀၁၅။

စဉ်မျိုးလည်း ဖြစ်ပွားလျက်ရှိသည်။ ကွင်းဆင်းလေ့လာခဲ့သော မြို့တစ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပိုင်ဆိုင်မှုများလွှဲပြောင်းပေးမှုလုပ်ငန်းစဉ် မြန်ဆန်စေရန်အတွက် လာဘ်ငွေပေး၍မရတော့ဟု ဆိုသည်။ ဒေသတွင်းအစိုးရအရာရှိများသည် လာဘ်ငွေလက်ခံရန် တစ်နေ့တခြားပိုမိုကြောက်ရွံ့လာကြပြီး လုပ်ငန်းပြီးမြောက်မှုနှုန်းလည်းကျဆင်းလာသည်ဟု သိရသည်။

ဇယား- ၈။ မြေယာပိုင်ဆိုင်မှုလွှဲပြောင်းသည့်လုပ်ငန်းစဉ်[110]

| | | |
|---|---|---|
| မြေရာဇဝင်စစ်ဆေးခြင်း- ပုံစံ ၁၀၆ | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန | |
| လက်ရှိအမည်ပေါက်ပိုင်ရှင်ကို စစ်ဆေးခြင်း- ပုံစံ ၁၀၅ | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန | |
| မြေပုံထုတ်ခြင်း | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန | |
| မြေယာလွှဲပြောင်းရောင်းချခြင်းအတွက် အရောင်းအဝယ်စာချုပ်ကိုအတည်ပြုခြင်း | | လေးလအတွင်း |
| စိစစ်အကဲဖြတ်ရေးဘုတ်အဖွဲ့သို့ စာချုပ်ကိုတင်ပြခြင်း | ဌာနစုံ | |
| ဘုတ်အဖွဲ့၏သဘောတူညီချက်ရယူခြင်း နှင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ပေးသွင်းရမည့် အရောင်းအဝယ်ခွန်ကို သတ်မှတ်ခြင်း | ပြည်တွင်းအခွန် | မြေယာကွက်နှင့် အဆောက်အဦး အတွက် အခွန်နှုန်းထားနစ်မျိုးစလုံးကို ပြည်တွင်းအခွန်များဦးစီးဌာနက သတ်မှတ်သည် |
| အခွန်ကျသင့်ငွေကို ဘဏ်တွင်ပေးသွင်းခြင်း | မြန်မာ့စီးပွားရေးဘဏ် | |
| အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ခြင်းနှင့် စာရွက်စာတမ်းအသစ်များရယူခြင်း | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန | ပုံစံ- ၁၀၅ တွင် အမည်ပြောင်းပြီး ပုံစံ- ၁၀၆ ကို ပြင်ဆင်ပြောင်းလဲသည် |

## ၂.၄.၆ အဝေးပြေးလမ်းများဌာန

အဝေးပြေးလမ်းများဌာနသည် ပြည်ထောင်စုလမ်းမကြီးများအတွက် အဓိကတာဝန်ရှိသောအဖွဲ့အစည်းဖြစ်ပြီး မြို့နယ်အဆင့်တွင် ပုံမှန်အားဖြင့်တည်ရှိတတ်သည်။ အဝေးပြေးလမ်းများဌာနသည် ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ၂၀၁၅/၁၆ ဘဏ္ဍာနှစ်အစတွင် ဌာနကို သီးခြားဌာနသစ်လေးခုအဖြစ် ခွဲထုတ်ခဲ့သည်။ ၎င်းတို့မှာ

- အဝေးပြေးလမ်းများဌာန
- တံတားများဌာန
- အဆောက်အဦးဌာန
- မြို့ပြနှင့် အိုးအိမ်ဌာန[111] တို့ဖြစ်သည်။

မြို့နယ်အဆင့်တွင် အဝေးပြေးလမ်းများဌာနသည် လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများက ကူညီဆောင်ရွက်ပေးခြင်းနှင့် လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်သည်။ စီးပွားရေးလုပ်ငန်းများနှင့် အဓိကထိတွေ့သည့်နေရာမှာ ဆောက်လုပ်ရေးသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်ဖြစ်သည်။[112]

ဌာနသည် ပြည်ထောင်စုအဝေးပြေးလမ်းမကြီးများအား ဘီအိုတီ (တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း) စနစ်ဖြင့်လုပ်ကိုင်ခွင့်ပေးသည့်လုပ်ငန်းကိုလည်း ပံ့ပိုးကူညီပေးသည်။ ပြည်ထောင်စုအဆင့်အဝေးပြေးလမ်းမကြီးများကို ဘီအိုတီစနစ်ဖြင့် ပုဂ္ဂလိကများအား နှစ်သုံးဆယ်လုပ်ပိုင်ခွင့်ချပေးလေ့ရှိသည်။ ဘီအိုတီဟုခေါ်သော်လည်း ပြည်ထောင်စုလမ်းမကြီးများကို အမှန်တကယ် အသစ်ဖောက်လုပ်ပေးရခြင်းမရှိပဲ ရှိပြီးသားလမ်းများကို ချဲ့ထွင်ခြင်းနှင့် အဆင့်မြှင့်ခြင်း၊ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုဆောင်ရွက်ခြင်းတို့ကိုသာ လုပ်ပေးရန်လိုသည်။[113] ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများသည် ပြည်ထောင်စုလမ်းမများ လုပ်ပိုင်ခွင့်ပေးသည့်ကိစ္စတွင် ပါဝင်ပတ်သက်ခွင့် အနည်းငယ်သာရှိသည်။ ယခင်အစိုးရလက်ထက်က ပြိုင်ဆိုင်မှုလုံးဝမရှိသောပုံစံဖြင့် ပြည်ထောင်စုအဆင့်က လုပ်ပိုင်ခွင့်ပေး ခဲ့ကြခြင်းဖြစ်သော်လည်း သက်ဆိုင်ရာဒေသအတွင်း ကုမ္ပဏီများ၏ဆောင်ရွက်ချက်များကိုမူ စောင့်ကြည့်ကွပ်ကဲခွင့်ရှိကြသည်။[114] အချို့သော ပြည်နယ်/တိုင်းဒေသကြီးအဆင့်ဌာနများ (ဥပမာ တနင်္သာရီတိုင်းဒေသကြီး) သည်

[110] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၀၊ တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၂။

[111] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၇၊ ဇူလိုင် ၂၂၊ ၂၀၁၅။

[112] အစိုးရဌာနဆိုင်ရာများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၇၊ ဇူလိုင် ၁၄၊ ၂၀၁၅။

[113] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၇။

[114] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၇။

ယာဉ်ဖြတ်သန်းခကောက်ခံစခန်းများကို ဈေးပြိုင်လေလံခေါ်ယူလုပ်ပိုင်ခွင့်ပေးခြင်းများလည်းရှိသည်။ လေလံစနစ်တွင် သုံးဆင့်ပါဝင်ပြီး အိတ်ပိတ်တင်ဒါစနစ်ဖြစ်ကာ စီးပွားရေးလုပ်ငန်းများကပေးနိုင်သော အဖိုးအခအပေါ်အခြေခံပြီး အချင်းချင်းယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ထို့အပြင် အဝေးပြေးလမ်းများဌာနသည် ပြည်ထောင်စုလမ်းမများ၏ ဘေးတဖက်တချက်တွင်ရှိနေသော ကြော်ငြာဆိုင်းဘုတ်များကို စီမံကွပ်ကဲရာတွင်လည်း ကူညီဆောင်ရွက်ပေးရသည်။ ထိုဆိုင်းဘုတ်လိုင်စင်များကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှချထားပေးနိုင်သော်လည်း လိုင်စင်ကြေးများကိုမူ ပြည်ထောင်စုအစိုးရက ရယူသည်။[115]

အဝေးပြေးလမ်းများဌာနသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်သောတင်ဒါများကို အများအပြားခေါ်ယူသောဌာနဖြစ်သည်။ အခြားသော ဝန်ကြီးဌာနများမှာလည်း အလားတူတင်ဒါခေါ်ယူမှုများရှိပါသည်။ တင်ဒါလျှောက်လွှာများကို အကြီးဆုံးအစိုးရသတင်းစာနစ်စောင်ဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများအပါအဝင် သတင်းစာများတွင် ကြေငြာထည့်သွင်းပြီးခေါ်ယူသည်။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသော ကုမ္ပဏီသည် အောက်ပါတို့ကိုတင်ပြရန်လိုသည်။

- ကုမ္ပဏီမှတ်ပုံတင်
- စပေါ်ငွေချလံ (မြန်မာစီးပွားရေးဘဏ်တွင် အပ်နှံငွေ သိန်း ၅ဝ မှ သိန်း ၃ဝဝ ကြားအပ်နှံထားသည့် ငွေသွင်းပြေစာ၊ အမေရိကန်ဒေါ်လာ ၃၉ဝ၃ နှင့် ၂၃၄၁၉ ကြား)
- ကုမ္ပဏီအကြောင်းအကျဉ်းချုပ်
- ဆောင်ရွက်လိုသည့် အသေးစိတ်အစီအစဉ်
- ခန့်မှန်းဘတ်ဂျက်[116]

တင်ဒါအောင်မည့်သူကို အောက်ပါပုဂ္ဂိုလ်များပါဝင်သော ဘုတ်အဖွဲ့ကရွေးချယ်သည်။

- အင်ဂျင်နီယာမှူး (ဆောက်လုပ်ရေးဝန်ကြီးဌာန)
- စည်ပင်သာယာရေးအဖွဲ့ (ပြည်နယ်/တိုင်းဒေသကြီးအဆင့်)
- အခြားပုဂ္ဂိုလ်များ

အခြားသောဝန်ကြီးဌာနများကလည်း တင်ဒါများခေါ်ယူလေ့ရှိကြသော်လည်း ဆောက်လုပ်ရေးကိစ္စရပ်များနှင့်ပတ်သက်လျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာမှူးမှာ အဓိကအကျဆုံး ဆုံးဖြတ်ချက်ချသူဖြစ်လေ့ရှိသည်။[117] တင်ဒါအောင်မြင်သော ကုမ္ပဏီများသည် စုစုပေါင်းစီမံချက်တန်ဖိုး၏ ၅% ခန့်ကို အာမခံငွေအဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင်ပေးသွင်းထားရသည်။ အကယ်၍ စာချုပ်ပါအချက်များအတိုင်း မဆောင်ရွက်နိုင်ပါက အာမခံငွေကိုဆုံးရှုံးမည်ဖြစ်သည်။[118] အကယ်၍ အဆောက်အဦး အရည်အသွေးပိုင်းနှင့်ပတ်သက်ပြီး ပြဿနာရှိသည်ဟုယူဆပါကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ကုမ္ပဏီကိုဒဏ်ကြေးတပ်နိုင်ပြီး ထိုဒဏ်ငွေကို မြန်မာ့စီးပွားရေးဘဏ်တွင်အပ်နှံပေးထားသော အာမခံငွေထဲမှ နှုတ်ယူနိုင်သည်။[119] အချို့သောဌာနဆိုင်ရာများသည် စုစုပေါင်းဆောက်လုပ်မှုကုန်ကျစရိတ်၏ ၁ဝ% ခန့်ကိုအာမခံစပေါ်ငွေအဖြစ် နှစ်နှစ်ခန့်ဆက်လက်ရယူထားသည့် အစဉ်အလာလည်းရှိသည်။ ဆောက်လုပ်ပြီးစီးပြီးနောက်တွင်မှ အဆောက်အဦးတွင် ပြဿနာတစ်စုံတရာပေါ်လာပါက အာမခံအဖြစ် သိမ်းဆည်းနိုင်ရန်ဖြစ်သည်။[120] ထိုပြဋ္ဌာန်းချက်များကြောင့် တင်ဒါအောင်သည့်စီးပွားရေးလုပ်ငန်းရှင်များရင်းနှီးမြှုပ်နှံရသည့်ငွေရင်းမှာ မြင့်မားသွားပြီး အကျိုးဆက်အနေနှင့် တင်ဒါလျှောက်ထားသော ဈေးနှုန်းအဆိုပြုချက်များလည်း မြင့်မားလာသည်။

## ၂.၄.၇ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး တာဝန်ရှိကာ မြို့နယ်အချို့တွင်ရုံးခွဲများတည်ရှိသည်။ အခြားသောဝန်ကြီးဌာနများကဲ့သို့ပင် လုပ်ငန်းလိုင်စင်ချထားပေးခြင်းသည် ဌာနနှင့် စီးပွားရေးလုပ်ငန်းများအကြား အဓိကကျသောဆက်သွယ်မှုပုံစံဖြစ်သည်။ ရုံးတစ်ရုံးရှိဝန်ထမ်းအင်အား၏သုံးပုံတစ်ပုံမှာ လိုင်စင်ချထားပေးသည့် ကိစ္စတွင် အဓိကထားလုပ်ကိုင်နေကြခြင်းဖြစ်သည်။[121] ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ လိုင်စင်ရယူရသော စီးပွားရေးလုပ်ငန်းများမှာ အောက်ပါတို့ဖြစ်သည်။

[115] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၇။
[116] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။
[117] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။
[118] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။
[119] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။
[120] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။
[121] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၄၃၊ ဇူလိုင် ၂၂၊ ၂၀၁၅

- ဟိုတယ်နှင့် တည်းခိုခန်းများ။ စည်ပင်သာယာရေးအဖွဲ့များက တည်းခိုခန်းလိုင်စင်ကို ထုတ်ပေးနိုင်သော်လည်း နိုင်ငံခြားခရီးသွားဧည့်သည်များမှာမူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနကလိုင်စင်ထုတ်ပေးထားသော တည်းခိုခန်းများတွင်သာ တည်းခိုနိုင်သည်။
- သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ။ ခရီးသွားလုပ်ငန်းသုံးမော်တော်ကားနှင့် လှေများသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှထုတ်ပေးသော အပြာရောင်နံပတ်ပြားကိုရရှိကြသည်။ ထိုမော်တော်ယာဉ်၊ မော်တော်ဘုတ်များကို လိုင်စင်ရခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ထားရန်လိုပြီး ထိုကုမ္ပဏီက တာဝန်ခံရသည်။ ထိုယာဉ်တစ်စီးချင်းစီသည် ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုဆောင်ရွက်သည်။[122]
- ခရီးသွားလမ်းညွှန်များ
- ခရီးသွားကုမ္ပဏီများ။ ကုမ္ပဏီများသည် ကုမ္ပဏီမှတ်ပုံတင်ရုံးမှ လိုင်စင်ကိုအရင်ရယူရန်လိုပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှလိုင်စင်ကို ထပ်မံလျှောက်ထားရသည်။ လျှောက်ထားရာတွင် တည်ထောင်မည့်လုပ်ငန်း၏ အဓိကစျေးကွက်များ၊ ကုမ္ပဏီအကြောင်းအကျဉ်းချုပ်နှင့် ရုံးခန်းလိပ်စာတို့ကိုထည့်သွင်းတင်ပြရသည်။ လိုင်စင်သက်တမ်းမှာ နှစ်နှစ်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပြည်နယ်/တိုင်းဒေသကြီးအဆင့်ရုံးတစ်ခုက လုပ်ငန်းလိုင်စင်များသက်တမ်းတိုးရာတွင် မလိုလားအပ်သောအဆင့်များစွာ ပါနေကြောင်းဆိုသည်။ သက်တမ်းတိုးရန်အတွက် ကုမ္ပဏီကဝင်ငွေနှင့် အသုံးစရိတ်များအပါအဝင် မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကိုတင်ပြရပြီး ဌာနက ထိုကုမ္ပဏီအမှန်တကယ်လုပ်ငန်းဆောင်ရွက်နေခြင်းရှိ/မရှိ စစ်ဆေးသည်။[123] ရရှိသောသတင်းအချက်အလက်များပေါ်မူတည်ပြီး သက်တမ်းတိုးပေးရေး/မတိုးပေးရေးမှာ ဝန်ကြီးဌာန၏အဆုံးအဖြတ်သာဖြစ်သည်။ ယင်းသည် စီးပွားရေးလုပ်ငန်းများဘက်တွင် အခက်အခဲများကိုဖြစ်ပေါ်စေပြီး လိုင်စင်ကိစ္စတွင် ဌာန၏လုပ်ပိုင်ခွင့် ကျယ်ပြန့်လွန်းသောကြောင့် လိုင်စင်သက်တမ်းတိုး/မတိုးမသေချာပဲ ရင်းနှီးမြှုပ်နှံမှုများကို တွန့်ဆုတ်နှောင့်နှေးစေပါသည်။ အလားတူပင် ဌာနသို့ သက်ဆိုင်ရာလုပ်ငန်း၏ လျှို့ဝှက်အပ်သော စီးပွားရေးသတင်းအချက်အလက်များကိုပေးရခြင်းသည် စွန့်ဦးလုပ်ငန်းရှင်များအတွက် ပူပန်မှုများကို ဖြစ်စေသည်။ ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော ဟိုတယ်နှင့်တည်းခိုခန်းများအတွက် အခြားမလိုလားအပ်သော ပြဌာန်းချက်များလည်းရှိသေးသည်။ ဥပမာ အခန်းတိုင်းတွင် ရေချိုးခန်း၊ အိမ်သာတွဲလျက်ပါရမည့်အပြင် တစ်ယောက်ခန်းအတွက် အနည်းဆုံး ၁၀၀ စတုရန်းပေနှင့် နှစ်ယောက်ခန်းအတွက် ၁၄၄ စတုရန်းပေရှိ ရမည်ဟူသောသတ်မှတ်ချက်မျိုးဖြစ်သည်။[124]

## ၂.၄.၈ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာန (DISI) သည် စက်မှုဝန်ကြီးဌာန၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး စက်မှုလုပ်ငန်းများ စစ်ဆေးခြင်းနှင့်မှတ်ပုံတင်ခြင်းတို့ကိုဆောင်ရွက်သည်။ သို့သော်အခြားဌာနဆိုင်ရာများနှင့် မတူသောအချက်မှာ စက်မှုကြီးကြပ်ရေးနှင့်စစ်ရေးဌာနမှ လိုင်စင်များထုတ်ပေးခြင်းမရှိပဲ မှတ်ပုံတင်ခြင်းများကိုသာ လက်ခံဆောင်ရွက်ပေးသည်။ တောင်ကြီးမြို့နယ်တွင် စီးပွားရေးလုပ်ငန်းများကို အသေးစား (တစ်နှစ် ၁၂၀၀၀ ကျပ်၊ ဒေါ်လာ ၉.၃၈)၊ အလတ်စား (တစ်နှစ် ၂၅၀၀၀ ကျပ်၊ ဒေါ်လာ ၁၉.၅၂)၊ အကြီးစား (တစ်နှစ် ၅၀၀၀၀ ကျပ်၊ ဒေါ်လာ ၃၉.၀၄)[125] ဟူ၍ အမျိုးအစား သုံးမျိုးခွဲပြီး မှတ်ပုံတင်ဆောင်ရွက်နိုင်သည်။ ဥပဒေသစ်တွင် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများကို အဓိပ္ပါယ်ဖွင့်ဆိုမှုအသစ်များ ပါဝင်လာသော်လည်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဆိုင်ရာဥပဒေ၏ နည်းဥပဒေမထွက်မီ အချိန်အထိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနက ၁၉၉၁ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဥပဒေပါ ဖွင့်ဆိုချက်များကိုပင် ဆက်လက်အသုံးပြုသည်။[126] စည်ပင်သာယာရေးအဖွဲ့များ သို့မဟုတ် စက်မှုဇုံများမှထုတ်ပေးထားသော လုပ်ငန်းလိုင်စင်များသည် စက်မှုကြီးကြပ်ရေးနှင့်စစ်ရေးဌာနတွင် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ မှတ်ပုံတင်ရာ၌ ကြိုတင်လိုအပ်ချက်ဖြစ်သည်။[127] ဤရုံးဌာနသည် စက်မှုလုပ်ငန်းများအားလုံးနှင့် မသက်ဆိုင်ပဲ ၁၉၉၁ ပုဂ္ဂလိကလုပ်ငန်းများဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းများနှင့်သာအကျုံးဝင်သည်။ ထို့ကြောင့် တပ်မတော်၏ စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင်လုပ်ငန်းများ သို့မဟုတ် ဖက်စပ်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိပေ။[128] စက်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်းရေးတွင်လည်း စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနသည် အဓိက

---

[122] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၃၊

[123] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၃၊ ဇူလိုင် ၂၂၊ ၂၀၁၅။ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုကို မည်သည့်အကြောင်းကြောင့်စစ်ဆေးရန်လို သည်ကို သီးခြားဖော်ပြခြင်းမရှိသော်လည်း ဝင်ငွေထွက်ငွေများပြားသော ခရီးသွားလုပ်ငန်းကဲ့သို့ ကုမ္ပဏီများမှတစ်ဆင့် ငွေကြေးခဝါချမှုများရှိ/မရှိ ထောက်လှမ်းရန်အတွက်ဖြစ်နိုင်သည်။

[124] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၃၊

[125] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၅၀၊ ဇူလိုင် ၂၃၊ ၂၀၁၅။

[126] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၅၀၊

[127] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၈၊ ဇူလိုင် ၁၄၊ ၂၀၁၅။

[128] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၈၊

အခွန်းကဏ္ဍမှရှိနေသည်။[129] ထို့အပြင်စီးပွားရေးလုပ်ငန်းများအနေနှင့် သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို လိုက်နာမှုရှိစေရေး အတွက်လည်း တာဝန်ယူဆောင်ရွက်ရသည်။[130] စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနသည် မြို့နယ်တိုင်းတွင်မရှိသော်လည်း ခရိုင်အဆင့်တွင်ရှိသည်။[131]

### ၂.၄.၉ သတ္တုတွင်းဝန်ကြီးဌာန

သတ္တုတွင်းဝန်ကြီးဌာနသည် ပြည်ထောင်စုအဆင့်ကို အဓိကထားသည့်ဌာနတစ်ခုဖြစ်ပြီး သတ္တုတွင်းတည်ရှိသည့်ဒေသများတွင်သာ အများအားဖြင့်တည်ရှိသည်။ ဝန်ကြီးဌာနနှင့် စီးပွားရေးလုပ်ငန်းများအကြား ထိတွေ့ဆက်ဆံမှုပုံစံအမျိုးမျိုးရှိသည်။ အဓိကအားဖြင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေသော ပုဂ္ဂလိကကုမ္ပဏီများနှင့် ထုတ်လုပ်မှုကိုမျှဝေခံစားမည့်စာချုပ်များချုပ်ဆို ခြင်း ဖြစ်သည်။ ပြည်တွင်း သတ္တုတူးဖော်သောကုမ္ပဏီများသည် ဝင်ငွေ၏ ၃၀% ကို ဝန်ကြီးဌာနသို့ပေးသွင်းရပြီး နိုင်ငံတကာ ကုမ္ပဏီများက ၃၅% ပေးသွင်းရသည်။[132] ဝန်ကြီးဌာနတွင် ကိုယ်တိုင်လုပ်ငန်းဆောင်ရွက်ရန်တာဝန်မရှိပဲ စီးပွားရေးလုပ်ငန်းများကို လုပ်ပိုင်ခွင့်လိုင်စင်များချထားပေးခြင်း၊ ကန်ထရိုက်စာချုပ်များအတိုင်း စီးပွားရေးလုပ်ငန်းများကို စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ကွပ် ကဲခြင်းများကို ဆောင်ရွက်ရသည်။[133] စီးပွားရေးလုပ်ငန်းများသည် မိုင်းတွင်းအရွယ်အစားပေါ်မူတည်ပြီး လိုင်စင်ကြေးပေးဆောင်ရ ကာ ကိစ္စတစ်ခုချင်းစီမူတည်ပြီးလည်း ဆုံးဖြတ်နိုင်သည်။[134] လိုင်စင်ကြေးများကို ကုမ္ပဏီနှင့် ဝန်ကြီးဌာနအကြား ကြိုတင်ညှိနှိုင်း သတ်မှတ်ထားသော ထုတ်လုပ်မှုပမာဏအပေါ်မူတည်ပြီးလည်း သတ်မှတ်သည်။ အမှန်တကယ်ထုတ်လုပ်မှုမှာ ထိုနှုန်းထားကို မှီ သည်ဖြစ်စေ မမှီသည်ဖြစ်စေ သတ်မှတ်ထားသောနှုန်းထားကို ကုမ္ပဏီကပေးဆောင်ရသည်။[135] လိုင်စင်သက်တမ်းမှာ များသော အားဖြင့် သုံးနှစ်ဖြစ်ပြီး မိုင်းတွင်းကြီးများက နှစ်ရှည်ကန်ထရိုက်များရရှိနိုင်သည်။ ရွှေတွင်းများမှာမူ သက်တမ်းတစ်နှစ်သာလိုင်စင် ရရှိသည်။[136] အချို့သော သတ္တုတွင်းများကို ဝန်ကြီးဌာနက အနီးကပ်ကြီးကြပ်ပြီး အရာရှိတစ်ဦးကိုတာဝန်ပေးအပ်ကာ ရုံးချုပ်သို့ နေ့စဉ်သတင်းပို့ရသည်။[137] ဝန်ကြီးဌာနသည် ပြည်ပတင်ပို့မှုများကိုလည်း ထောက်ခံချက်ပေးရသည်။[138] ဝန်ကြီးဌာနက ပြည်ထောင်စုအဆင့်တွင်သာ အဓိကလုပ်ကိုင်သော်လည်း ပြည်နယ်/တိုင်းဒေသကြီးက ပြည်ထောင်စုဝန်ကြီးဌာနနှင့် ကုမ္ပဏီများ အကြား သဘောတူစာချုပ်ကို ကန့်ကွက်ခွင့်ရှိပြီး စီမံချက်ကိုရပ်ဆိုင်းအောင်လည်း လုပ်နိုင်သည်။[139] ဝန်ကြီးဌာနမှတာဝန်ရှိသူ တစ်ဦးက ၎င်းတို့အနေနှင့် အခွန်ဘဏ္ဍာငွေကောက်ခံခြင်းအပါအဝင် လုပ်ပိုင်ခွင့်အာဏာများကို ပြည်နယ်/တိုင်းဒေသကြီးများသို့ ပိုမိုလွှဲပြောင်းပေး နိုင်ရန်စီစဉ်လျက်ရှိကြောင်း ပြောကြားသည်။[140]

### ၂.၄.၁၀ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ကြီးကြပ်ခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ

သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင် ကြီးကြပ်ခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ လက် အောက်ခံဖြစ်ပြီး ကုန်စည်နှင့် ခရီးသည်တင်ယာဉ်များကို လိုင်စင်ထုတ်ပေးရန်အတွက် တာဝန်ရှိသည်။[141] ယင်းတွင် အငှားယာဉ် နှင့်မြို့တွင်းဘတ်စကားများအပြင် မြို့တစ်မြို့နှင့်တစ်မြို့အကြားဆက်သွယ်သော ကုန်စည်နှင့် ခရီးသည်တင်ယာဉ်များလည်း ပါဝင် သည်။ သယ်ယူပို့ဆောင်ရေးဌာနခွဲသည် ပြည်ထောင်စုအစိုးရ၏ အပြည့်အဝထိန်းချုပ်မှုအောက်တွင်ရှိသည်။[142] သို့သော် လိုင်စင် များမှာမူ ပြည်နယ်/တိုင်းတစ်ခုအတွင်း၌သာ သြဇာသက်ရောက်ပြီး အကယ်၍အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့်ပါ ချိတ်ဆက် ပြေးဆွဲလိုပါက အလားတူလုပ်ငန်းလိုင်စင်များကို ထိုပြည်နယ်/တိုင်းဒေသကြီးများမှလည်း ရယူရန်လိုအပ်သည်။[143] အများပြည်သူ သယ်ယူပို့ဆောင်ရေးလိုင်စင်ရယူရန်အတွက် အောက်ပါလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရသည်။

- သယ်ယူပို့ဆောင်ရေးယာဉ်ပိုင်ဆိုင်ခြင်း
- လမ်းအုပ်ချုပ်ရေးဌာနမှ "အညိုရောင်စာအုပ်" ရရှိခြင်း
- ယာဉ်မောင်းလိုင်စင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်

[129] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၈၊
[130] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၈၊
[131] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၈၊
[132] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊ ဇူလိုင် ၁၆၊ ၂၀၁၅။
[133] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[134] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[135] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[136] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[137] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊ ဝန်ကြီးဌာနတွင် သတ္တုတွင်းများရှိ/မရှိပေါ်မူတည်၍ ပြည်နယ်/တိုင်းဒေသကြီးရုံး သို့မဟုတ်ဒေသန္တရရုံးသာရှိ သည်
[138] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[139] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၃၄၊
[140] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊
[141] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊
[142] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊
[143] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊

- ဘတ်စ်ပိုင်ရှင်သည် သက်ဆိုင်ရာလမ်းကြောင်းတွင် ပြေးဆွဲရန်ခွင့်ပြုချက်ကျထားပြီးဖြစ်သော ယာဉ်လိုင်း သို့မဟုတ် ဘတ်စ်ကုမ္ပဏီတွင် လိုင်းဝင်ထားပြီးဖြစ်ရမည်။[144]

သို့ရာတွင် ယာဉ်လိုင်းအသစ်တစ်ခုကိုတည်ထောင်လိုသူလုပ်ငန်းရှင်အတွက်မူ သတ်မှတ်ချက်များမှာ ပိုမိုတင်းကျပ်သည်။ လုပ်ကိုင်လိုသောလုပ်ငန်းရှင်သည် မော်တော်ယာဉ်စည်းကမ်းရေးကော်မတီထံမှ ထောက်ခံချက်ရရှိရန်လိုအပ်သည်။ ထိုကော်မတီတွင် အခြားပုဂ္ဂလိကယာဉ်လိုင်းများမှ ကိုယ်စားလှယ်များလည်းပါဝင်သည်။[145] သယ်ယူပို့ဆောင်ရေးဌာနခွဲမှ တာဝန်ရှိသူများက ထောက်ခံချက်စနစ်ကို ဈေးကွက်အတွင်းလုပ်ငန်းရှင်သစ်များ ဝင်မလာရေးကန့်သတ်ရန်အတွက် သုံးခြင်းမဟုတ်ဟုဆိုသော်လည်း ထိုစနစ်တွင် အကျိုးစီးပွားတိုက်ဆိုင်မှုများရှိနေပြီး (လက်ရှိယာဉ်လိုင်းကိုယ်စားလှယ်များ ပါဝင်နေသဖြင့်) ဈေးကွက်အတွင်း အသစ်ဝင်ရောက်မည့် သူများအတွက် အတားအဆီးဖြစ်နိုင်သည်ဟု ကြောင်းကျိုးဆက်စပ် ကောက်ယူနိုင်သည်။

### ၂.၄.၁၁ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာန

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဌာနသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒေသန္တရအဆင့်တွင် ရှိနေသောအဓိက အစိတ်အပိုင်းဖြစ်သည်။ ဌာနသည် တစ်ခါတစ်ရံမြို့နယ်အဆင့်၌ အရာရှိများရှိသော်လည်း သတ်သတ်မှတ်မှတ် ရုံးခန်းမျိုးတော့မရှိပေ။ မြို့နယ်အဆင့်တွင် ဌာန၏ အဓိကလုပ်ငန်းတာဝန်မှာ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းအစရှိသော ကုန်စည်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကောက်ခံစုဆောင်းခြင်းပင်ဖြစ်သည်။ ကောက်ခံသော အချက်အလက်များတွင် ကုန်စည်အမျိုးအစား၊ ဈေးနှုန်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ သီးနှံကြိတ်ခွဲသန့်စင်သည့် လုပ်ငန်းများ၏ စုစုပေါင်းလည်ပတ်မှုစွမ်းရည်နှင့် လက်တွေ့လည်ပတ်မှု၊ စပါးမျိုးကွဲများ၏ ကုန်ကျစရိတ်/အကျိုးအမြတ်အချိုး စသည်တို့ပါဝင်သည်။[146] စပါးကိုအဓိကအာရုံထားပြီး ယင်းသည်ထိပ်တန်းအရာရှိများ၏ အဓိကစိတ်ဝင်စားသောကုန်စည်ဖြစ်ကာ ဌာနအတွက် အရေးအကြီးဆုံးကုန်စည်လည်းဖြစ်သည်။[147] ဌာနသည် မြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးမှုနှင့် ဆန်ပမာဏကို ခန့်မှန်းတွက်ချက်ရပြီး ယင်းသည် မြို့နယ်အဆင့်တွင် ဌာန၏ အရေးအကြီးဆုံးလုပ်ငန်းတာဝန်ဖြစ်သည်ဟု သက်ဆိုင်ရာအရာရှိများကဆိုကြသည်။[148]

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင်မူ ဌာနသည် ပြည်နယ်/တိုင်းဒေသကြီးအချင်းချင်းကြား ကုန်စည်စီးဆင်းမှုကိုစောင့်ကြည့်တိုင်းတာသည်။[149] ယင်း၏အဓိကတွန်းအားမှာ အစိုးရ၏ စားနပ်ရိက္ခာဖူလုံရေးကို ပူပန်မှုနှင့် အခြေခံကုန်စည်များပြတ်လပ်မှုကို စိုးရိမ်ခြင်းများပင်ဖြစ်သည်။[150] ဌာနသည် လယ်သမားများ၊ ဆန်ကုန်သည်များနှင့် ဆန်စက်ပိုင်ရှင်များကို ပုံမှန်တွေ့ဆုံမေးမြန်းပြီး မြို့နယ်အတွင်းမှ စပါးအဝင်အထွက်များကို ပုံမှန်စောင့်ကြည့်တိုင်းတာမှုပြုလုပ်ရသည်။ ထိုသို့လေ့လာဆန်းစစ်မှုကို အနည်းဆုံး တစ်လလျှင်နှစ်ကြိမ်ဆောင်ရွက်သည်။[151] ပုဂ္ဂလိကနယ်ပယ်မှ တွေ့ဆုံမေးမြန်းခဲ့သူများက ယခင်အစိုးရလက်ထက်နှင့်ယှဉ်လျှင် ကုန်သွယ်မှုအပေါ် ကန့်သတ်ချက်များအနည်းငယ်သာ ရှိတော့သည်ဟုဆိုသည်။ ဆန်ကုန်သွယ်မှုမှာလည်း ယခင်ကလောက် ကရိကထ မများတော့ပေ။ ယခင်က ဆန်စပါးတင်ပို့ခါနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အသိပေး အကြောင်းကြားရန်လိုပြီး ယခုမူထိုသို့လုပ်ဆောင်ရန်မလိုတော့ချေ။[152] အလားတူပင် ယခင်အစိုးရလက်ထက်က အခြားမြို့နယ်နှင့် ဒေသများသို့ဆန်တင်ပို့လိုပါက ဆန်စက်များအနေနှင့် ခွင့်ပြုချက်ယူရန်လိုအပ်သော်လည်း ယခုမူ တရုတ်နယ်စပ်ဖြစ်သော မူဆယ်မြို့အထိတိုင်အောင် စာရွက်စာတမ်းတစ်စုံတစ်ရာမပါပဲ တင်ပို့နိုင်သည် (သို့သော် မန္တလေးတိုင်းတွင်မူ ခွင့်ပြုချက်ရယူရန် လိုအပ်သေးသည်)။[153]

## ၂.၅ အခြားအရေးပါသော နိုင်ငံတော်နှင့်ဆက်စပ်နေသည့် အဖွဲ့အစည်းများ

### ၂.၅.၁ စက်မှုဇုံများ

စက်မှုဇုံများကို အစိုးရကော ပုဂ္ဂလိကကဏ္ဍပါ ပါဝင်သည့် ဗျူရိုကရေစီအဆင့်ဆင့်ဖြင့် စီမံအုပ်ချုပ်သည်။ စက်မှုဇုံများသည် အဆုံးအဖြတ်အဆင့်တွင်မူ အစိုးရလက်အောက်တွင်ရှိနေပြီး စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနရုံး၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးဌာနရုံး အောက်တွင် စက်မှုဇုံတစ်ခုချင်းစီ၌ ဇုံကိုကြီးကြပ်သော

[144] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊
[145] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၉၊
[146] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၃၊ ဇူလိုင် ၈၊ ၂၀၁၅။
[147] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၃၊
[148] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၉။
[149] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၃၊
[150] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၃၊
[151] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၉။
[152] ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၁၊ ဇူလိုင် ၁၁၊ ၂၀၁၅။
[153] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၂၁၊

စက်မှုဇုံကွပ်ကဲရေးကော်မတီနှင့် လက်တွေ့လုပ်ငန်းတာဝန်ယူဆောင်ရွက်သော စက်မှုဇုံစီမံခန့်ခွဲရေးကော်မတီတို့ ရှိကြသည်။[154] စက်မှုဇုံစီမံခန့်ခွဲမှုကော်မတီတွင် အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကိုယ်စားလှယ်များပါဝင်သည်။ ၂၀၁၄ မတိုင်မီကဆိုလျှင် အစိုးရကိုယ်စားလှယ်များသာပါဝင်သည်။[155] ဇုံစီမံခန့်ခွဲမှုကော်မတီ၏အောက်တွင် အောက်ပါဆပ်ကော်မတီများဖြင့် ပါဝင်ဖွဲ့စည်းနိုင်သည်။ လိုအပ်ပါက စာရင်းတွင်မဖော်ပြထားသော ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းနိုင်သည်။

- လမ်း၊ ရေနှင့် သန့်ရှင်းရေးဆပ်ကော်မတီ
- မော်တော်ယာဉ်ထုတ်လုပ်ရေး ဆပ်ကော်မတီ
- အထွေထွေစက်မှုလုပ်ငန်း (အသေးစားနှင့် အလတ်စား) ဆိုင်ရာ ဆပ်ကော်မတီ
- လယ်ယာမြေသုံးစက်ပစ္စည်းများဆိုင်ရာ ဆပ်ကော်မတီ[156]

စက်မှုဇုံစီမံခန့်ခွဲမှုကော်မတီများသည် စည်ပင်သာယာရေးအဖွဲ့များနှင့် အလားသဏ္ဍာန်တူသော လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ ရှိကြသည်။ ကွင်းဆင်းလေ့လာခဲ့သော စက်မှုဇုံတစ်ခုတွင် အုပ်ချုပ်ရေးတာဝန်ဖွဲ့စည်းပုံကို အနီးရှိမြို့မှ ရပ်ကွက်များနှင့်အလားတူ သတ်မှတ်ထားသော်လည်း စည်ပင်သာယာရေးအဖွဲ့များ၏လုပ်ပိုင်ခွင့်အောက်တွင် ထားရှိခြင်းတော့မရှိပေ။[157] ယင်းအစားဇုံစီမံခန့်ခွဲမှုကော်မတီကိုသာ စက်မှုဇုံအတွင်းရှိလုပ်ပိုင်ခွင့်အများအပြားကိုပေးအပ်ထားသည်။ ကော်မတီသည် ရေနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများပေးရသည့်အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များကိုလည်း ကြည့်ကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။[158] ဇုံအတွင်းရှိ လမ်းများပြုပြင်ထိန်းသိမ်းရေးအတွက်လည်း တာဝန်ရှိသည်။[159] ဇုံအတွင်းလုပ်ငန်းတစ်ခုတည်ထောင်ရန်အတွက် စက်မှုကြည့်ကြပ်မှုနှင့် စစ်ဆေးရေးညွှန်ကြားရေးမှူးရုံးသို့ လျှောက်လွှာတင်နိုင်ရန်စက်မှုဇုံမှ ထောက်ခံချက်လိုအပ်သည်။ စက်မှုကြီးကြပ်မှုနှင့် စစ်ဆေးရေးညွှန်ကြားရေးမှူးရုံး၏ ခွင့်ပြုချက်ဖြင့်သာ ဇုံအတွင်းလုပ်ငန်းဆောင်ရွက်နိုင်သည်။[160] ဇုံများသည် လုပ်ငန်းလိုင်စင်များကိုလည်း ချပေးပြီး လိုင်စင်ကြေးများကိုလည်းကောက်ခံသည်။[161] စက်မှုဇုံများသည် ဇုံပြင်ပမှဝင်ငွေများရရှိခြင်းမရှိသည့်အပြင် ဇုံအတွင်းကျရောက်နေသော အဆောက်အဦးများနှင့် လုပ်ငန်းများမှလည်းအခကြေးငွေများကောက်ခံခြင်းမရှိပေ (ရန်ကုန်နှင့် မန္တလေးတို့တွင်မူ စီမံခန့်ခွဲမှုကော်မတီ၏ရန်ပုံငွေအတွက် လုပ်ငန်းရှင်များကထည့်ဝင်ကြရသည်)။[162] ထို့ကြောင့် ဇုံအများအပြားတွင် ရန်ပုံငွေရှားပါးပြတ်လပ်မှုဖြင့် ကြုံနေရလေ့ရှိသည်။ ဇုံများအနေနှင့် ရင်းနှီးမြှုပ်နှံမှုများပြုရန်အတွက် ချေးငွေများရရှိနိုင်သော်လည်း လက်ရှိတွေ့ဆုံမေးမြန်းမှုများထဲတွင် ထိုသို့ရရှိခဲ့ခြင်းကိုမတွေ့ရှိရပါ။[163] စက်မှုဇုံဟု တရားဝင်ခေါ်ဆိုသော်ငြားလည်း အချို့သောဇုံများတွင် စက်မှုလုပ်ငန်းများကိုရည်ရွယ်ချက်ရှိရှိ မလုပ်ဆောင်ပဲနေကြသည်ကိုလည်းတွေ့ရသည်။ သွားရောက်လေ့လာခဲ့သောဇုံတစ်ခုတွင် ဈေးတစ်ခု၊ ကျောင်းတစ်ကျောင်းနှင့် စားသောက်ဆိုင်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများပါဝင်သော ဆိုင်ခန်းငယ်အများအပြားသာရှိသည်ကိုတွေ့ခဲ့ရသည်။[164] ဇုံသည်ယင်းပိုင်ဈေးအတွင်းရှိ ဆိုင်ခန်းများမှငှားရမ်းခကိုသာ ကောက်ခံပြီး၊ ဆိုင်ရှင်များသို့ ရေပေးဝေရေးကိုလည်းဆောင်ရွက်ပေးသည်။[165] ထို့ကြောင့် စက်မှုဇုံများအတွင်းတွင် ဇုံစီမံခန့်ခွဲမှုကော်မတီများသည် စည်ပင်သာယာရေးအဖွဲ့များနှင့် အလားသဏ္ဍာန်တူသော လုပ်ပိုင်ခွင့်တာဝန်များရှိကြသည်။

[154] စက်မှုဇုံနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊ ဇူလိုင် ၂၁၊ ၂၀၁၅။
[155] စက်မှုဇုံနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၂၊ ဇူလိုင် ၂၁၊ ၂၀၁၅။
[156] ဖွဲ့စည်းပုံသည် နမူနာပြခြင်းသာဖြစ်ပြီး ဇုံများအကြားတွင် ကွဲပြားနိုင်သည်။
[157] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[158] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[159] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[160] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၂၊
[161] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[162] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁ နှင့် ၀၄၂
[163] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[164] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊
[165] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၁၊

## အပိုင်း သုံး - ဒေသတွင်းအခွန်ဝင်ငွေများ၏ ဖွဲ့စည်းမှုပုံစံ

မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် မြို့နယ်အဆင့်များတွင် စီးပွားရေးလုပ်ငန်းများအပေါ် စီမံအုပ်ချုပ်မှုမှာ အဓိကအားဖြင့် 'ခွင့်ပြုချက်အတွက် အခွန်အခ' တောင်းခံသည့်ပုံစံသာဖြစ်ပြီး သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ပါဝင်ဆောင်ရွက်နိုင်ရေးခွင့်ပြုချက်ရရန်အတွက် လိုင်စင်ကြေးငွေများကို ကြိုတင်ပေးချေရလေ့ရှိသည်။ ထိုစနစ်ကြောင့် ရည်ရွယ်ထားခြင်းမရှိသော ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ ဆိုးကျိုးများထဲမှတစ်ခုမှာ နှုန်းသေအခွန်စနစ်နှင့် ပုံစံပျက်ယွင်းနေသော အစိုးရဘဏ္ဍာငွေ အရင်းအမြစ်များပင်ဖြစ်သည် တိုင်းဒေသကြီး/ပြည်နယ်အောက်တွင် အကျယ်အပြန့်ကောက်ခံသော မြေခွန်နှင့် အဆောက်အဦးခွန်ကဲ့သို့ အခွန်တစ်ချို့ရှိသော်လည်း ထိုတိုက်ရိုက်ခွန်များ၏အချိုးအစားမှာ စုစုပေါင်းဒေသဝင်ငွေ၏ အလွန်နည်းပါးသော အချိုးအစားသာရှိသည်။ ဝင်ငွေအများစုကို အခကြေးငွေများနှင့် သွယ်ဝိုက်ခွန်များမှရရှိနေခြင်းဖြစ်သည်။ ယခုအခန်းတွင် ဒေသန္တရအဆင့်၌ စီးပွားရေးလုပ်ငန်းများနှင့် လူတစ်ဦးချင်းစီမှပေးဆောင်နေရသော အခွန်များနှင့် ဝန်ဆောင်ခများအကြောင်းကို လေ့လာသုံးသပ်သွားပါမည်။ ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်သည့် အဖွဲ့အစည်းအများအပြား၏ဝင်ငွေသည် အများပြည်သူထံမှ ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံသောနှုန်းသေအခွန်များပေါ်တွင် အခြေခံသည်ဆိုသည့်အကြောင်းကို ကာယကံရှင်များမှ ပြောကြားချက်များလည်းရှိသည်။[166] ထိုအချက်သည် မြန်မာနိုင်ငံရှိကောက်ခံရရှိမည့် အခွန်ပမာဏကိုတိုးမြှင့်ရန် (ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များ) တိုက်တွန်းနိုးဆော်နေသော အိုင်အမ်အက်ဖ်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများအတွက် သတိပြုဆင်ခြင်စရာ အချက်ဖြစ်သည်။[167] ထိုသို့သော မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမပြုမီ အခွန်နှင့် အခကြေးငွေများ၏ စီးပွားရေးအပေါ် သက်ရောက်စေသော အမှန်တကယ်ဝန်ထုပ်ဝန်ပိုးဖြစ်မှုကို ဆန်းစစ်ရန်လိုအပ်သည်။ ထိုသို့ဆန်းစစ်ရာတွင်လည်း ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်တို့ထက် ကျော်လွန်ပြီး အခြားအခွန်အမျိုးအစားများကိုပါ ဆန်းစစ်ရန်လိုသည်။

မြန်မာနိုင်ငံအစိုးရများအတွက် အခွန်နှင့် အခများမှာအချင်းချင်းဆက်စပ်နေပြီး တွဲဆက်၍သုံးစွဲသောဝေါဟာရနှစ်ခုဖြစ်လေ့ရှိသော်လည်း အမှန်စင်စစ်တွင်မူ ၎င်းတို့နှစ်မျိုးမှာ အခြေခံကျကျကွဲလွဲနေသော ဝေါဟာရများဖြစ်သည်။ ထို့ကြောင့် တွဲစပ်သုံးစွဲနေသော 'အခွန်အခများ' ဆိုသည့်အသုံးကို ပြန်လည်ခွဲထုတ်ရန်လိုပြီး ယင်းသည် 'အစိုးရဝင်ငွေ' နှင့်ဖလှယ်သုံးစွဲရုံသက်သက်ဖြစ်သော အသုံးတစ်ခု မဟုတ်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ အခွန်သည် အခကြေးငွေများနှင့်သဘာဝမတူပဲ မပေးမနေရပေးဆောင်ရသည့်သဘောရှိပြီး ဝန်ဆောင်မှုများနှင့်လည်း တိုက်ရိုက်ဆက်စပ်မှုမရှိပါ။ ၎င်းတို့နှစ်မျိုးကို ယေဘုယျအားဖြင့် အောက်ပါဝိသေသလက္ခဏာသုံးမျိုးအားဖြင့် ခွဲခြားနိုင်သည်။ "(၁) အသုံးပြုခသည် (အစိုးရ၏ဝန်ဆောင်မှု သို့မဟုတ်) ထိန်းသိမ်းကြပ်မတ်မှု လုပ်ငန်းများအတွက် ကုန်ကျစရိတ်ကိုကာမိစေရန်တောင်းခံခြင်းဖြစ်ပြီး အခွန်မှာမူ တိုင်းပြည်၏အထွေထွေသုံးဝင်ငွေရရှိရန် ကောက်ခံခြင်းဖြစ်သည်၊ (၂) စစ်မှန်သော အသုံးပြုခသည် ထိုဝန်ဆောင်မှုပေးဆောင်ရာတွင် မဖြစ်မနေကုန်ကျသောစရိတ်နှင့် အချိုးညီမျှပြီး၊ အခွန်မှာမူ ထိုသို့ဟုတ်ချင်မှဟုတ်မည်ဖြစ်သည်၊ (၃) အသုံးပြုခသည် အသုံးပြုလိုမှသာပေးဆောင်ရန်လိုခြင်းဖြစ်ပြီး အခွန်မှာမူ မဖြစ်မနေပေးဆောင်ရသည်။"[168] ထိုခွဲခြားသတ်မှတ်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ဒေသန္တရအဆင့်ဝင်ငွေ၏ အချိုးအစားအများစုကို အသုံးပြုခငွေများမှနေ၍ ကောက်ခံနေခြင်းကြောင့်ဖြစ်သည်။ အချို့သောအသုံးပြုခများမှာ အခ ဟုခေါ်သော်လည်း အမှန်စင်စစ် အစိုးရဝင်ငွေရရှိရန်အတွက် ကောက်ခံသော အခွန်များသာဖြစ်နေလေ့ရှိသည်။ ဥပမာများမှာ သွယ်ဝိုက်ခွန်ဟု ခေါ်ဆိုပါက ပိုမိုဆီလျော်နိုင်သည့် ဈေးပြိုင် လေလံကြေးများနှင့် အခွန်အဖြစ်ရော ဝန်ဆောင်ခအဖြစ်ပါ ရောနှောနေသည့် အမိုက်ခွန်တို့ဖြစ်သည်။ ထိုသို့ အသုံးပြုခနှင့် သွယ်ဝိုက်ခွန်များ ရောနှောထားသော အစိုးရဝင်ငွေရှာဖွေစုဆောင်းသည့်စနစ်သည် ဟန်ချက်ပျက်ယွင်းမှုများစွာကို ဖန်တီးပေးလျက်ရှိပြီး လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်များအပေါ်တွင် ကြောင်းကျိုးတကျ၊ တသမတ်တည်းမဟုတ်သည့်၊ မညီမျှသော အခွန်ဝန်ထုပ်ဝန်ပိုးများကို ဖြစ်စေသည်။ ထို့အပြင် အကျိုးအမြတ်နည်းသူများထံမှအခွန်ကို ပိုမိုမှီခိုနေရသော အစိုးရဝင်ငွေစနစ်ကိုလည်းဖြစ်ပေါ်စေသည်။ စီးပွားရေးကဏ္ဍတစ်ခုတွင် စတင်ဝင်ရောက်လုပ်ကိုင် နိုင်ရေးအတွက် ကျော်လွှားရမည့်အတားအဆီးများကို မြှင့်တင်ထားခြင်းအားဖြင့်လည်း သက်ဆိုင်ရာစီးပွားရေးကဏ္ဍအသက်ဝင် လှုပ်ရှားမှုကို အားပေးရာမရောက်ပဲ ယင်းတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ကုမ္ပဏီ၊ လုပ်ငန်းများအမျိုးအစားစုံလင်မှုကိုပါ ကန့်သတ်တား ဆီးထားရာရောက်သည်။

---

[166] ကျယ်ပြန့်သော ပြည်သူ့ဘဏ္ဍာအရင်းအမြစ်ရှိခြင်းဆိုသည်မှာ လူဦးရေအများစုသည် အစိုးရဘဏ္ဍာငွေအတွက် ပုံစံတစ်မျိုးမျိုးဖြင့်ပေးဆောင်ကြ လေ့ရှိပြီး နိမ့်ကျနှုန်းထားရင်းမြစ် Regressive Base ဆိုသည်မှာ ဝင်ငွေတိုးလာသည်နှင့် အမျှပေးဆောင်ရသော ရာခိုင်နှုန်းနည်းသွားသော အခွန်မျိုး ကိုဆိုသည်။ ယင်းသည် အခွန်ထမ်းသူစုစုပေါင်းပေးဆောင်သော အခွန်ပမာဏကိုမဆိုလိုပဲ ဝင်ငွေ၏ရာခိုင်နှုန်းကိုဆိုလိုခြင်းဖြစ်သည်။ နှိုင်းယှဉ်ချက် အားဖြင့် မြင့်တက်နှုန်းထားရင်းမြစ်မှာ စုစုပေါင်းဝင်ငွေတိုးလာသည်နှင့်အမျှ အခွန်ပေးဆောင်ရသော နှုန်းထားမြင့်မားလာခြင်းကို ဆိုလိုသည်။

[167] IMF Article V အစီရင်ခံစာ၊ ၂၀၁၄၊ စာ- ၈။

[168] မီချီဂန်တရားလွှတ်တော်ချုပ်၊ Foudation of Economic Education မှ ကောက်နှုတ်ချက်၊ 'အခွန်သည် ဝန်ဆောင်မှုအသုံးပြုခမဟုတ်ပါ' http://fee.org/freeman/a-tax-is-not-a-user-fee/.

## ၃.၁ အသုံးပြုခနှင့် ဝန်ဆောင်မှုပေးခြင်းအတွက် ကုန်ကျစရိတ်များ

အသုံးပြုခများသည် ဒေသန္တရအဆင့်တွင် အတွေ့ရများပြီးသုံးစွဲသူသာပေးဆောင်ရန်လိုသော်လည်း ၎င်းတို့အနက်အများစုမှာ သက်ဆိုင်ရာဝန်ဆောင်မှုများပေးရာတွင် ကုန်သည့်ကုန်ကျစရိတ်နှင့် ဆက်စပ်မှုမရှိသလောက်ဖြစ်နေတတ်သည်။ လက်တွေ့တွင် အသုံးပြုခများကို အထွေထွေအစိုးရဝင်ငွေကောက်ခံသည့် စနစ်များအဖြစ်အသုံးပြုနေသည်ကို တွေ့မြင်ရသည်။ လိုင်စင်တစ်ခု ထုတ်ပေးရာတွင် အစိုးရကကုန်ကျသည့်စရိတ်နှင့် လိုင်စင်ထုတ်ပေးခြင်းမှရသောဝင်ငွေအကြား အဆက်အစပ်မရှိသည့် အထောက်အထားနှစ်ခုရှိသည်။ ပထမအချက်မှာ လိုင်စင်ထုတ်ပေးသည့်လုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်းအကြီးအသေးကိုလိုက်ပြီး ကွဲပြားမှုများများစားစားမရှိသည့်အတွက် လုပ်ငန်းငယ်များနှင့် လုပ်ငန်းကြီးများကြားတွင် လိုင်စင်ထုတ်ပေးရသည့်စရိတ်အကြီးအကျယ်ကွာခြားနေစရာမလိုပါ။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့များမှရရှိသည့်အချက်အလက်များ (ဇယားကွက်- ၉ တွင်ဖော်ပြထား) တွင် လိုင်စင်ထုတ်ပေးသည့်စရိတ်များကြီးကြီးမားမားကွာခြားနေသည်ဟု ဖော်ပြထားသည်။ ဥပမာအားဖြင့် ပုသိမ်တစ်ခုတည်းတွင် အရွယ်အစားမတူညီသော စားသောက်ဆိုင်အမျိုးမျိုးအတွက် လိုင်စင်ထုတ်ပေးရသည့်စရိတ်သည် ၄၀၀ မှ ၁၀၀၀၀၀ ကျပ်အထိ အဆများစွာကွာခြားနေသည်ကို တွေ့ရမည်။[169] ဒုတိယအထောက်အထားမှာ မြို့နယ်အချင်းချင်းကြားရှိ ကွာဟချက်ဖြစ်သည်။ စည်ပင်သာယာရေးအဖွဲ့များသည် များသောအားဖြင့် လစာနှုန်းထားဆင်တူရရှိကြသည့်အပြင် တစ်ရုံးနှင့်တစ်ရုံးကြား ဝန်ထမ်းအင်အားဖွဲ့စည်းပုံလည်း အတူတူပင်ဖြစ်လေ့ရှိကြသဖြင့် မြို့နယ်တစ်ခုနှင့်တစ်ခုကြားတွင် စီးပွားရေးလုပ်ငန်းလိုင်စင်များ စီမံအုပ်ချုပ်ရသည့် ကုန်ကျစရိတ်သည် မနီးရိုးစွဲ အတူတူပင်ဖြစ်သင့်သည်။ ဧရာဝတီတိုင်းမှကိန်းဂဏန်းများကိုဖော်ပြထားသော ဇယားတွင် အသေးဆုံးစားသောက်ဆိုင်များအတွက် လိုင်စင်ထုတ်ပေးသည့်ကုန်ကျစရိတ်သည် မြို့နယ်တစ်ခုတွင် ၆၄ ကျပ်သာကျသင့်သော်လည်း ကျန်မြို့နယ်တစ်ခုတွင် ၉၇၂ ကျပ်ကျသင့်နေကြောင်းတွေ့ရသည်။ အန္တရာယ်ရှိသော လုပ်ငန်းအချို့ကိုလိုင်စင်ထုတ်ပေးရသည့်ကုန်ကျစရိတ်သည်လည်း စဉ်းစားစရာဖြစ်နေပြီး အချို့သောမြို့နယ်များတွင် ကျပ် ၃၀၀၀၀၀ အထိကျသင့်နေသည်။ ထိုအချက်များကိုထောက်ထား၍ လိုင်စင်ကြေးပေးသွင်းရသည့်ငွေသည် ယင်းလိုင်စင်ထုတ်ပေးရန်အတွက် စည်ပင်သာယာရေးအဖွဲ့များဘက်မှ ကျခံသုံးစွဲရသည့်စရိတ်နှင့်တိုက်ရိုက်ဆက်စပ်ပုံမရပဲ အထွေထွေဝင်ငွေရရာရကြောင်းအရင်းအမြစ်များနှင့် ပိုမိုအလားသဏ္ဍာန်တူနေပါသည်။[170]

ဇယား- ၉။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် စည်ပင်သာယာရေးအဖွဲ့များမှ ချထားပေးသော လုပ်ငန်းလိုင်စင်ကုန်ကျစရိတ်များ

**ဇယား- ၉။ ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်အချို့တွင် စည်ပင်သာယာရေးအဖွဲ့များမှချထားပေးသော လုပ်ငန်းလိုင်စင်ကုန်ကျစရိတ်များ**

| မြို့နယ် | စားသောက်ဆိုင်များ | | အန္တရာယ်ရှိသော လုပ်ငန်းများ | |
|---|---|---|---|---|
| | အနိမ့်ဆုံး | အမြင့်ဆုံး | အနိမ့်ဆုံး | အမြင့်ဆုံး |
| က | ၄၀၀ | ၁၀၀၀၀၀ | ၆၀၀၀ | ၂၅၀၀၀ |
| ခ | ၂၈၀ | ၁၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀၀ |
| ဂ | ၅၄၀ | ၃၂၄၀၀ | ၈၀၀၀ | ၃၀၀၀၀၀ |
| ဃ | ၆၀၀ | ၃၂၀၀၀ | ၁၁၀၀၀ | ၃၀၀၀၀၀ |
| င | ၆၄ | ၁၉၈၀၀ | ၆၀၀၀ | ၄၅၀၀၀ |
| စ | ၇၅၀ | ၇၅၀ | ၅၀၀၀ | ၁၀၀၀၀ |

အခွန်ဟုခေါ်ဝေါ်သုံးနှုန်းသော်လည်း အမှန်စင်စစ် ဝန်ဆောင်ခများ၏ ဝိသေသလက္ခဏာများရှိသော ဝင်ငွေလမ်းကြောင်းအချို့လည်းရှိသေးသည်။ ဥပမာများမှာ လမ်းမီးခွန်နှင့် အမှိုက်ခွန်တို့ဖြစ်ကြသည်။ သို့ရာတွင် ယင်းတို့မှာ မပေးမနေရသဘောဆောင်ပြီး သက်ဆိုင်ရာဝန်ဆောင်မှုကိုပေးရသည့် ကုန်ကျစရိတ်နှင့်လည်း တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပေ။ မြို့အများအပြားတွင် အမှိုက်ခွန်ကို အနိမ့်ဆုံးပျမ်းမျှအိမ်ငှားရမ်းခ၏ ရာခိုင်နှုန်းတစ်ခုဖြင့် ကောက်ခံလေ့ရှိသည်။ ထားဝယ်နှင့် မြောင်းမြကဲ့သို့သောမြို့များတွင် အမှိုက်ခွန်ကိုအဆိုပါငှားရမ်းခနှုန်း၏ ၁၀% ဖြင့်တွက်ချက်ကောက်ခံသည်။[171] မြောင်းမြမြို့တွင် လမ်းမီးခွန်အတွက် အဆိုပါငှားရမ်းခ၏ ၇% ကို ထပ်မံပေးဆောင်ရသည်။ သို့ရာတွင် ထိုအခွန်များသည် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေ၏အလွန်နည်းပါးသော ပမာဏကိုသာ ကိုယ်စားပြုသည်။

[169] အရွယ်အစားမှာ လည်ပတ်ငွေပမာဏကိုမဆိုလိုပဲ ရုပ်ပိုင်းအရွယ်အစားကိုရည်ရွယ်သည်။

[170] အန္တရာယ်ရှိသော လုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်ကြေးကို မြင့်မားသောနှုန်းထားဖြင့်ကောက်ခံခြင်းဖြင့် စောင့်ကြည့်စစ်ဆေးမှုနှင့် ဘေးထွက်ထိခိုက်မှုများကြောင့် ကုန်ကျရသော စရိတ်များကို ကာမိစေနိုင်သည်။ သို့သော် ထိုသို့ကောက်/မကောက် လက်တွေ့အထောက်အထား မရှိပါ။

[171] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆၊ ဇူလိုင် ၁၄၊ ၂၀၁၅။ ထိုအခွန်များအားလုံးကို တစ်ပေါင်းတည်းပေါင်းစည်း၍ အဆောက်အဦခွန်ဟုခေါ် ကာ တစ်ပေါင်းတည်းကောက်ခံသည်။

## ၃.၂ အခွန်များ

ဒေသန္တရအာဏာပိုင်များတွင် ဝင်ငွေရရာရကြောင်းအရင်းအမြစ်များစွာရှိနေသော်လည်း ၎င်းတို့အနက်မှ အနည်းငယ်သာလျှင် အခွန်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီကြသည်။ အထင်ရှားဆုံးအခွန်ပုံစံနှစ်မျိုးမှာမြေခွန်နှင့် အဆောက်အဦးခွန်တို့ဖြစ်ကြပြီး ယင်းနှစ်မျိုးမှာ တစ်ကမ္ဘာလုံးရှိ ဒေသန္တရအစိုးရအများစု၏ အဓိကအကျဆုံး ဝင်ငွေအရင်းအမြစ်များဖြစ်သည်။ မြန်မာနိုင်ငံတွင်မူ ထိုအခွန်နှစ်မျိုးစလုံး၏နှုန်းထားများမှာနိမ့်ကျပြီး ဒေသန္တရအဆင့်တွင်ကောက်ခံရရှိသော စုစုပေါင်းဝင်ငွေ၏အလွန်နည်းပါးသော အချိုးအစားကိုသာ ကိုယ်စားပြုသည်။ ထို့အပြင်လက်ရှိစနစ်နှင့် ကောက်ခံမှုပုံစံတို့တွင်လည်း ကြီးမားသော ချို့ယွင်းချက်များရှိနေသည်။

### ၃.၂.၁ မြေခွန်

မြန်မာနိုင်ငံရှိ မြေခွန်များမှာ များသောအားဖြင့်နိမ့်ကျလေ့ရှိပြီး အကြောင်းမှာ နိုင်ငံရေးအရသက်ရောက်မှုများ ရှိနေသောကြောင့်ပင် ဖြစ်သည်။ သီးခြားတွေ့ဆုံမေးမြန်းခဲ့သူနှစ်ဦးစလုံးက အခွန်သည် အလွန်တရာနိုင်ငံရေးသဘောဆောင်ကြောင်း ပြောကြားခဲ့ပြီး တစ်ဦးက မြေခွန်များတိုးမြှင့်ကောက်ခံလျှင် ကြုံတွေ့ရနိုင်သည့် လယ်သမားများ၏ဆန့်ကျင်ကန့်ကွက်မှုကို ထောက်ပြသည်။ ကျန်တစ်ဦးက သမ္မတကိုယ်တိုင်ကပင် မြေခွန်ကိုတိုးမြှင့်ခြင်းမပြုလိုဟုဆိုသည်။[172] ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် မြေခွန်ကို ပြည်နယ်/တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်အဖြစ်ခွဲဝေပေးထားသည်။ ၂၀၁၂- ၁၃ ဘဏ္ဍာနှစ်တွင် မြေခွန်များမှာ နည်းပါးသည်။ ထိုနှစ်အတွက် စုစုပေါင်းကောက်ခံရရှိသော မြေခွန်မှာ ကျပ် ၁၄၄.၆၉ သန်းသာဖြစ်သဖြင့် ပျမ်းမျှလူတစ်ဦးလျှင် ၂.၈ ကျပ်နှုန်းသာ ရှိသည်။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင်မူ ပြည်နယ်/တိုင်းဒေသကြီးအများအပြား၌ မြေခွန်များ သိသိသာသာတိုးတက်မြင့်မားခဲ့ပြီး စုစုပေါင်းမြေခွန်ပမာဏ ၁၃.၉၅ ဘီလီယံ အထိ တိုးတက်ကောက်ခံရရှိသည်။[173] လူတစ်ဦးချင်းစီနှုန်းနှင့်ဆိုလျှင် ယင်းနှစ်တွင် ပျမ်းမျှလူတစ်ဦး ၂၇၁ ကျပ်နှုန်း အထိမြင့်တက်လာခဲ့သည်။

အချို့သော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာမူ မြေခွန်ကိုတိုးမြှင့်ကောက်ခံခြင်းမရှိပဲ အလွန်နည်းပါးသော နှုန်းဟောင်းအတိုင်းသာ ဆက်လက်ကောက်ခံသည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်အတွက် အချို့သောမြို့နယ်များရှိမြေခွန်နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ် သည်။

- ပထမအဆင့်မြေ (R1)៖ တစ်ဧက ၄.၇၅ ကျပ်
- ဒုတိယအဆင့်မြေ (R2)៖ တစ်ဧက ၂.၇၅ ကျပ်
- တတိယအဆင့်မြေ (R3)៖ တစ်ဧက ၁.၂၅ ကျပ်[174]

ထိုနှုန်းထားများမှာ အလွန်နည်းပါးနေသဖြင့် မြေခွန်အများအပြားကို အတိအကျပေးချေနိုင်စေမည့် ငွေစက္ကူနှင့် အကြွေစေ့များပင် လိုအပ်သလိုရှိမနေတော့ပေ။ ထို့အပြင် *အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လိုက်လံကောက်ခံရသည့်စရိတ်နှင့် စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဌာန၏ ရုံးလုပ်ငန်းများအတွက်ကုန်ကျစရိတ်သည် ကောက်ခံရရှိသည့်ငွေပမာဏထက် လွန်စွာပိုမိုများပြားနေသဖြင့် ယင်းအခွန်ကို ဘဏ္ဍာငွေအရင်းအမြစ်တစ်ခုအနေဖြင့်ကောက်ခံနေခြင်းကို မေးခွန်းထုတ်စရာဖြစ်နေသည်။*

မြေခွန်ကို နိုင်ငံရေးရှုထောင့်မှအမြဲစဉ်းစားသလို မြန်မာနိုင်ငံတွင်ရော နိုင်ငံတကာတွင်ပါ တိုးမြှင့်ကောက်ခံခြင်းကို ဆန့်ကျင်ကန့်ကွက်သူများရှိနေသည်။ သို့သော်ယင်းသည် အခွန်ပေးဆောင်နိုင်မှုမြင့်မားသူများထံမှ နှုန်းထားပိုမိုကောက်ခံသည့် progressive tax ပုံစံနှင့် ပွင့်လင်းမြင်သာသော အခွန်ကောက်ခံသည့်စနစ်သို့ ကူးပြောင်းရာတွင် အရေးပါသလို တပြိုင်နက်တည်းမှာပင် စီးပွားရေး အရမက်လုံးပေးမှုများကိုလည်း တိုးတက်အောင်ဆောင်ရွက်နိုင်မည့် အလားအလာရှိသည်။ တစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ လျှို့ဝှက်အပ်သော ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များကို အခြေခံ၍ ကောက်ယူရသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်များ နှင့်မတူညီသောအချက်မှာ မြေခွန်သည် အလွယ်တကူတိုင်းတာသတ်မှတ်နိုင်သော သဘောရှိခြင်းပင်ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သက်ဆိုင်ရာရပ်ရွာတစ်ခု၌ မည်သူကမြေပိုင်ဆိုင်သည်ကိုလည်း များသောအားဖြင့် သိထားကြပြီးဖြစ်သည်။ အခြား ကုန်သွယ်လုပ်ငန်းမှ ရောင်းရငွေများနှင့် အမြတ်များကို မမှန်မကန်ပြောဆိုရန်လွယ်ကူသော်လည်း ပိုင်ဆိုင်သောမြေပမာဏကို လျှော့ချပြောဆိုရန်မှာ မဖြစ်နိုင်ပေ။[175] တပြိုင်နက်တည်းမှာပင် မြင့်မားသော မြေခွန်နှုန်းထားသည် ကုန်ထုတ်လုပ်မှုတွင် အရေးပါသော သွင်းအားစုတစ်ခုဖြစ်သည့်မြေကို တစ်စုံတစ်ရာအသုံးမချပဲ ဝယ်ယူသိမ်းဆည်းထားခြင်း၏ စရိတ်ကိုမြင့်တက်စေမည် ဖြစ်သည်။ မြေခွန်တိုးမြှင့်ခြင်းအတွက် စိန်ခေါ်မှုမှာ မြေခွန်တိုးမြှင့်ခြင်းသည် ဆင်းရဲသားများနှင့် လယ်သမားများကို

---

[172] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၆ နှင့် ၁၁၉။

[173] Arnold, Matthew et al., *Municipal Governance in Myanmar: An Overview of Development Affairs Organizations*, စာ- ၂၉။

[174] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၆၊ ထိုနှုန်းထားများကို တွေ့ဆုံမေးမြန်းခဲ့သူများက ပြောကြားခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးမြေတစ်မျိုးတည်းအတွက်သာ ဖြစ်သည်။ တစ်မြို့နယ်ထဲတွင် အခြားသော မြေခွန်နှုန်းထားများလည်းရှိနိုင်သေးသည်။

[175] မြေယာများကို အရပ်ထုံးစံဖြင့်ရောင်းဝယ်ကြခြင်းမှာ အစဉ်အလာဖြစ်ပြီး ဝယ်သူရော ရောင်းသူကပါ အစိုးရကိုအကြောင်းကြားခြင်းမရှိပဲ။ ရောင်း ဝယ်ခွန်ကိုရှောင်လျှားရန်အတွက် ထိုသို့ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ မြေခွန်တိုးမြှင့်ကောက်ခံရန်ကြိုးစားပါက ယင်းအချက်ကအနှောင့်အယှက် ပေးနိုင်သည်။

ထိခိုက်နစ်နာစေသည်ဟူသော နိုင်ငံရေးထင်မြင်ယူဆချက်ဖြစ်သည်။ ထိုနိုင်ငံရေးမျက်နှာစာသည် အရေးပါသည်။ နည်းပညာအရ ထုတ်သောအဖြေမှာမူ တိုက်ရိုက်ကျရိုးစင်းလှသည်။ မြေခွန်တိုးမြှင့်ခြင်းတွင် အနိမ့်ဆုံးအကျယ်အဝန်း ပမာဏတစ်ခုကို သတ်မှတ်ထားပြီး ယင်းထက်ပိုမိုမှသာ တိုးမြှင့်သင့်ပြီး သတ်မှတ်ကေအောက်လျော့နည်းသော လယ်မြေများကို ခြွင်းချက်အဖြစ် သတ်မှတ်ပေးသင့်သည်။ သို့ရာတွင် နိုင်ငံရေးအရ အကဲဆတ်သော မြေခွန်ကဲ့သို့အခွန်များကိုတိုးမြှင့်ရာ၌ ဆက်သွယ်ရှင်းလင်း ပြောဆိုခြင်းနှင့် တိုင်ပင်ဆွေးနွေးဖလှယ်ခြင်းများ ဆောင်ရွက်ရန် အလွန်အရေးကြီးသည်။

## ၃.၂.၂ အိုးအိမ်ပိုင်ဆိုင်မှုအခွန်

အိုးအိမ်ခွန်သည် ကမ္ဘာတစ်လွှားရှိ ဒေသန္တရအစိုးရများအတွက် အဓိကဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံရှိ ဒေသန္တရအစိုးရများအတွက်မူ သေးငယ်သော ရန်ပုံငွေအရင်းအမြစ်တစ်ခုသာ ဖြစ်နေသည်။ အိုးအိမ်ခွန်များကို စည်ပင်သာယာရေး အဖွဲ့များကကောက်ခံပြီး ထိုဝင်ငွေများကို ၎င်းတို့ကိုယ်တိုင်ပြန်လည်သုံးစွဲသည်။ အိုးအိမ်ပိုင်ဆိုင်မှုခွန်ဆိုသည်မှာ ပိုင်ဆိုင်မှုနှင့် ဆက်စပ်သောအခွန်လေးမျိုးဖြစ်သည့် အဆောက်အဦးခွန်၊ အမှိုက်ခွန်၊ ရေခွန်နှင့် (ရှိပါက) လမ်းမီးခွန်တို့ကို ပေါင်းပြီးခေါ်ဝေါ်ခြင်း ဖြစ်သည်။

အဆောက်အဦးခွန်များသည် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဥပဒေများကိုလိုက်ပြီး တစ်နေရာနှင့် တစ်နေရာမတူညီကြပေ။ သို့သော် ကွင်းဆင်းခဲ့သောမြို့နယ် ၁၀ ခုစလုံးတွင် ပုံသေငှားခ၏ ၁၀% ကို တန်းတူသတ်မှတ်ထားသည်ကိုတွေ့ရသည်။ ထိုနှုန်းထားများကို သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းဖြစ်သောကြောင့် နှုန်းထားကိုပြင်ဆင်လိုပါက သက်ဆိုင်ရာလွှတ်တော်က အတည်ပြုပေးရန်လိုသည်။[176] အငှားနှုန်းထားကိုအခြေခံပြီး အခွန်ကိုတွက်ချက်ခြင်းမှာ လုပ်ရိုးလုပ်စဉ်မဟုတ်ပဲ ယင်းသည်အင်္ဂလိပ်ကိုလိုနီခေတ်ကစနစ်ကို အခြေခံထားခြင်းဖြစ်သည်ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးကရှင်းပြသည်။[177] အငှားဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်မရှိသော အချို့သောအဆောက်အဦ;အမျိုးအစားများ (တန်ဖိုးကြီးအိမ်နှင့် ဟိုတယ်စသည်) အတွက် ပုံမှန်အငှားနှုန်းကို သိရှိနိုင်ရန်ခက်ခဲသည်။ အချို့သောစည်ပင်သာယာရေးအဖွဲ့များက အဆောက်အဦးခွန်ကို အခြေခံတွက်ချက်သော အငှားနှုန်းမှာ ဈေးကွက်နှုန်းအောက်များစွာကျဆင်းနေကြောင်းထောက်ပြကြသည်။[178]

ဥပဒေတွင် အခွန်ကိုငှားရမ်းခ၏ ၁၀% ကောက်ခံနိုင်ကြောင်းပြဋ္ဌာန်းထားသော်လည်း အချို့သောစည်ပင်သာယာရေးအဖွဲ့များသည် အဆောက်အဦးများကို အမျိုးအစားများခွဲပြီး အမျိုးအစားတစ်ခုချင်းစီအတွက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများပြန်လည်သတ်မှတ်ကြသည်လည်းရှိသည်။ ထိုသို့တီထွင်ခြင်းကြောင့် ပေးဆောင်ရန်ရှိသည့် အိုးအိမ်ခွန်အတိုင်းမဖြစ်တော့ပဲ သတ်မှတ်ထားသည့် အမြင့်ဆုံးနှုန်းကိုသာ ပေးဆောင်ရန်လိုသည့်အခြေအနေကို မရည်ရွယ်ပဲ ဖန်တီးမိရက်သားဖြစ်သွားသည်။ အမြင့်ဆုံးအခွန်နှုန်းထားများမှာလည်းသိသိသာသာနည်းပါးသည်။ လေ့လာခဲ့သောမြို့နယ်တစ်ခုရှိ အကြီးဆုံးအဆောက်အဦးသည် အိုးအိမ်ခွန်တစ်နှစ်လျှင် ၃၀၀၀၀၀ ကျပ်ပေးဆောင်ရသည်။[179] ပြည်နယ်/တိုင်းဒေသကြီးဥပဒေများတွင် အမြင့်ဆုံးနှုန်းကိုသတ်မှတ်ထားခြင်းမရှိပဲ လက်တွေ့ကောက်ခံသည့်လုပ်ထုံးလုပ်နည်းများအရသာ သတ်မှတ်ထားခြင်းဖြစ်သည် (နောက်ဆက်တွဲ - ၂ တွင် နမူနာနှုန်းထားများကိုဖော်ပြထားသည်)။

အိုးအိမ်ခွန်များကိုတိုးမြှင့်ခြင်းနှင့် အခွန်စနစ်ကိုပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ရရှိနိုင်သောအကျိုးကျေးဇူးများသည် သီအိုရီအရဆိုလျှင် အလွန်ရှင်းလင်းမြင်သာသော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင်မူ စိန်ခေါ်မှုအများအပြားကြုံရနိုင်သည်။ တွေ့ဆုံမေးမြန်းခဲ့သော ပြည်သူ့ဝန်ထမ်းများက ထိုနှုန်းထားကိုတိုးမြှင့်ရန်လွယ်ကူမည်မဟုတ်ကြောင်း ဖြေကြားခဲ့ကြသည်။ တစ်ဦးကဆိုလျှင် 'ဒါက နိုင်ငံရေးကိစ္စ' ဖြစ်သဖြင့် 'ပြည်သူများကန့်ကွက်အုံကြွနိုင်သည်' ဟုပြောကြားသည်။[180] တွေ့ဆုံမေးမြန်းခဲ့သူများက ယင်းသည် ယခင်အစိုးရများ၏ အမွေလည်းဖြစ်သည်ဟု ဆိုသည်။ လက်ရှိအိုးအိမ်ခွန်ကို ကြပ်ကြပ်မတ်မတ်ကောက်ခံခြင်း သို့မဟုတ် နှုန်းထားကိုတိုးမြှင့်ခြင်းသည် ပြဿနာတက်စေနိုင်သည်။ မြို့နယ်တစ်ခုတွင် စည်ပင်သာယာရေးအဖွဲ့က အိုးအိမ်ပိုင်ဆိုင်မှုခွန်ကို ကောက်ခံရခြင်းသည် ယင်း၏အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်ဟု ဖြေဆိုသည်။ တစ်ခါတရံတွင် အခွန်တစ်ခါကောက်ရန်အတွက် သုံးလေးခါသွားရသလို အခွန်ရှောင်ခြင်းသည်လည်း ဘုံအလေ့အထတစ်ခုဖြစ်သည်ဟုဆိုကြသည်။ ထိုသို့အကောင်အထည်ဖော်မည့်စနစ် ကောင်းစွာအသက်မဝင်ခြင်းကြောင့် အချို့သောစည်ပင်သာယာရေးအဖွဲ့များဆိုလျှင် အခွန်မဆောင်သူများကိုယ်စား အခွန်များကိုပေးဆောင်ပြီး ပြဿနာမတက်အောင်ကြံစည်ရသည်ဟု သိရသည်။[181] အချို့ကလည်း အခွန်ဆောင်သူများသည်

[176] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၁၊ ဇူလိုင် ၈၊ ၂၀၁၅။
[177] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၁၊
[178] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆၊
[179] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆၊
[180] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၁၊
[181] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇၊ ဇူလိုင် ၁၀၊ ၂၀၁၅။

အိုးအိမ်ပိုင်ဆိုင်ကြသော်လည်း ငွေရေးကြေးရေးကျပ်တည်းတတ်သောကြောင့် အိုးအိမ်ခွန်တိုးမြှင့်ပါက ပေးဆောင်နိုင်လိမ့်မည်မဟုတ်ဟု ယူဆကြသည်။[182]

အခွန်ပေးဆောင်ရန်ပျက်ကွက်ခြင်းသည် အိုးအိမ်ခွန်နှင့်ပတ်သက်သည့် အကြီးမားဆုံးစိန်ခေါ်မှုဖြစ်သည်။ လူတို့သည် မိမိတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများအတွက် အခွန်ပေးဆောင်ရန်လိုသည်ဟူသောအချက်ကို လက်မခံလိုကြဟု စည်ပင်သာယာရေးအဖွဲ့များက မှတ်ချက်ပြုသည်။[183] ပြည်သူ့ဝန်ထမ်းတစ်ဦးက အကယ်၍ အခွန်နှုန်းကိုတိုးမြှင့်ပါက လူတွေအခွန်မဆောင်ပဲ မျက်ကွယ်ပြုသွားကြလိမ့်မည်ဟုဆိုသည်။[184] အခွန်ဥပဒေကို မလိုက်နာကြခြင်းသည် ဥပဒေအကောင်အထည်ဖော်သည့်စနစ်၏ ပြဿနာကြောင့်လည်းဖြစ်သည်။ အရာရှိများက ၎င်းတို့တွင် ဥပဒေအတိုင်းအကောင်အထည်ဖော်ပိုင်ခွင့် သိပ်မရှိကြပဲ လူတွေအခွန်မဆောင်ပါက ဘာမှမတတ်နိုင်ဟုဆိုသည်။[185] အကြောင်းမှာ အိုးအိမ်ခွန်များကိုကောက်ခံသည့် စည်ပင်သာယာရေးအဖွဲ့များသည် ဥပဒေအတိုင်းအကောင်အထည်ဖော်ရာတွင်မူ အခြားသောဌာနဆိုင်ရာများကိုအားကိုးရပြီး ဌာနချင်းပူးပေါင်းဆောင်ရွက်မှုက အခရာကျနေသောကြောင့်ဖြစ်သည်။ အခြားသောဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အားကောင်းသည့်တိုင်အောင် နောက်ဆုံးအဆင့်ဖြစ်သည့်တရားရုံးမှာ ထိရောက်မှုမရှိပဲ အငြင်းပွားမှုများကိုဖြေရှင်းရာတွင်လည်း အသုံးမဝင်ဟု ၎င်းတို့ကဆိုသည်။[186] စည်ပင်သာယာရေးအဖွဲ့များတွင် လက်ရှိကျင့်သုံးနေသော ဥပဒေအကောင်အထည်ဖော်မှု မဟာဗျူဟာတစ်ခုရှိသည်။ အိုးအိမ်ခွန်များပေးဆောင်ရန်ပျက်ကွက်ကြောင်းကို မြို့နယ်စည်ပင်အရာရှိက ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ရုံးသို့တင်ပြပြီး ယင်းမှတဆင့်မြို့နယ်ရုံးသို့ ဝရမ်းနှင့်ဆင်ဆင်တူသည့် 'သိမ်းဆည်းခွင့်အာဏာ' ကိုပေးအပ်သည်။ ထိုအာဏာကိုကျင့်သုံးပြီး အခွန်ကြွေးကျန်ကာမိစေရန်အတွက် အဆောက်အဦး ကိုသိမ်းဆည်းခြင်းနှင့် လေလံတင်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။ ထိုနည်းလမ်းရှိသော်လည်း တွေ့ဆုံမေးမြန်းခဲ့သော စည်ပင်သာယာရေးအဖွဲ့များအနက် တစ်ဖွဲ့ကမှ လက်တွေ့ကျင့်သုံးမှုမရှိကြပါ။[187]

ထိုသို့လက်တွေ့ကျင့်သုံးခြင်းနှင့် ဥပဒေအသက်ဝင်အောင်လုပ်ခြင်းများတွင် အားနည်းချက်များရှိသည့်အပြင် အဆောက်အဦးပိုင်ရှင်များအတွက်လည်း အချိန်မီအခွန်ပေးဆောင်ရန်တွန်းအားပေးမည့် မက်လုံးတစ်စုံတစ်ရာမရှိပါ။ မြို့နယ်အများအပြားရှိစည်ပင်အရာရှိများက နောက်ကျပေးဆောင်မှုများအတွက် ဒဏ်ကြေး သို့မဟုတ် ရက်လွန်ကြေး သတ်မှတ်ထားခြင်းမျိုးလည်းမရှိကြောင်း ဆိုကြသည်။[188] ယင်းသည် အချိန်မီပေးဆောင်ခြင်းကိုအားမပေးသည့်အပြင် အခွန်မဆောင်သော အခွန်ထမ်းသို့ ၎င်းအခွန်မဆောင်မချင်း အစိုးရက အတိုးမဲ့ချေးငှားပေးထားရသည့်သဘောလည်းဖြစ်သည်။ နောက်ကျပေးဆောင်မှုများအပေါ် ဒဏ်ကြေးနှင့် ရက်လွန်ကြေးများကောက်ခံပိုင်ခွင့်ရှိကြောင်းကိုလည်း စည်ပင်သာယာရေးအဖွဲ့များက နားလည်ထားကြသည်။[189] သို့ရာတွင် လက်တွေ့ကျင့်သုံးနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဌာနနှင့် အစိုးရအဖွဲ့က သဘောတူခွင့်ပြုရန်လိုအပ်သည်။[190] လူတစ်ဦးချင်းစီက အိုးအိမ်ပိုင်ဆိုင်မှုခွန်များကို အချိန်မီပေးဆောင်ရန်ပျက်ကွက်ခြင်းသည် စည်ပင်သာယာရေးအဖွဲ့များအတွက် ပြဿနာများစွာကိုဖြစ်စေသည်။ ကွင်းဆင်းဝန်ထမ်းများအနေနှင့် အခွန်တစ်ခါကောက်ရန်တစ်ကြိမ်ထက်မက သွားနေရခြင်း၊ ဝင်ငွေကို ကြိုတင်ခန့်မှန်းနိုင်ရန်ခက်ခဲခြင်း စသည့်ပြဿနာများဖြစ်သည်။

အခြားသော ဖြေဆိုသူများကမူ အိုးအိမ်ခွန်ကိုတိုးမြှင့်ရန်ဖြစ်နိုင်သည်ဟု ယူဆကြသည်။[191] မြို့နယ်တစ်ခုတွင် စိန်ခေါ်မှုကြီးကြီးမားမားမကြုံလိုက်ပဲ စည်ပင်သာယာရေးအဖွဲ့က ထိုသို့တိုးမြှင့်လိုက်နိုင်သည်။ အိမ်ခြံမြေအကျိုးဆောင်အဖြစ် ဆောင်ရွက်လျက်ရှိသောတွေ့ဆုံခဲ့သူတစ်ဦးက အဆောက်အဦးခွန်သည် သေးငယ်သောကြောင့် တိုးမြှင့်လိုက်သော်လည်း အိမ်ခြံမြေဈေးကွက်အပေါ်တွင် ကြီးကြီးမားမားသက်ရောက်လိမ့်မည်မဟုတ်ဟု ယူဆသည်။[192] သို့ရာတွင် ဝင်ငွေခွန်နှင့် အရောင်းအဝယ်ခွန်များမှာမူ ဈေးကွက်ကို ပိုမိုသက်ရောက်မှုရှိကြောင်း၎င်းကဆိုသည်။[193]

## ၃.၂.၃ သွယ်ဝိုက်ခွန်

မြန်မာနိုင်ငံတွင် သွယ်ဝိုက်ခွန်ပုံစံဆောင်သော သုံးစွဲခအများအပြားရှိသည်။ ထင်ရှားသောဥပမာတစ်ခုမှာ လေလံလိုင်စင်ဖြစ်ပြီး ယင်းကိုနောက်အခန်းတွင်အသေးစိတ်ဆွေးနွေးပါမည်။ ထိုလိုင်စင်များရရှိရန်အတွက် စီးပွားရေးလုပ်ငန်းများက ငွေ ပမာဏ

---

[182] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၀။
[183] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။
[184] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။
[185] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁။
[186] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၅၊ ဇူလိုင် ၁၄၊ ၂၀၁၅။
[187] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁။
[188] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၅ နှင့် ၀၂၅၊ ဇူလိုင် ၁၄၊ ၂၀၁၅။
[189] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၅ နှင့် ၀၂၅၊
[190] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၅။
[191] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၉။
[192] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၀ နှင့် ၀၂၂၊
[193] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၀

အများအပြားပေးဆောင်ရန်လိုပြီး ထိုငွေပမာဏသည် လိုင်စင်ထုတ်ပေးရန်အတွက် အစိုးရကကုန်ကျသောစရိတ်ထက်များစွာပိုမိုသည် (လေလံတွင်ဆုံးဖြတ်သော ဈေးနှုန်းပုံစံမျိုးစုံရှိခြင်းက သက်သေပြသည်)။ စီးပွားရေးလုပ်ငန်းများက ပေးဆောင်ခဲ့သော လိုင်စင်ကြေးငွေကို စားသုံးသူများထံမှ ပြန်လည်ရယူသော်လည်း လက်တွေ့သက်ရောက်မှုအရ ဈေးပြိုင်လိုင်စင်စနစ်သည် သွယ်ဝိုက်ခွန်အမျိုးအစားကို ဖန်တီးခြင်းပင်ဖြစ်သည်။

## ၃.၃ ဒေသန္တရဝင်ငွေစနစ်တွင်ရှိနေသော အခြားပြဿနာရပ်များ

အသုံးပြုခများသာအဓိကဖြစ်နေပြီး ပိုင်ဆိုင်မှု သို့မဟုတ် ဝင်ငွေကိုအခြေခံ၍ လူများစုထံမှ ကျယ်ကျယ်ပြန့်ပြန့်ကောက်ခံသော အခွန်စနစ်များမရှိခြင်းကြောင့် မြန်မာနိုင်ငံရှိဒေသန္တရအုပ်ချုပ်ရေးစနစ်များအတွက် ဝင်ငွေစီးဆင်းမှုစနစ်သည် ပုံစံပျက်ယွင်းနေပြီး နှုန်းသေ သို့မဟုတ် များများပေးဆောင်နိုင်သူများထံမှ နည်းနည်းသာကောက်ခံနိုင်သောစနစ် Regressive ဖြစ်နေပါသည်။[194] သို့ရာတွင် ဒေသန္တရအဆင့်အစိုးရဝင်ငွေများ ကောက်ခံစုဆောင်းရာတွင် အခြားသော ပြဿနာရပ်များလည်းရှိသေးသည်။ ထိုပြဿနာရပ်များသည် ရှိရင်းစွဲပြဿနာကို ပိုမိုဆိုးရွားစေခြင်း သို့မဟုတ် ဝင်ငွေကြိုတင်မှန်းဆ၍မရခြင်းနှင့် ပုံသေနှုန်းထားမရှိပဲ ကြုံသလိုကောက်ခံခြင်းစသော ပြဿနာအသစ်များကိုလည်းဖြစ်ပွားစေသည်။

### ၃.၃.၁ မြို့ပြဒေသတွင်သာ ဝင်ငွေခွန်များကို အဓိကကောက်ခံရရှိခြင်း

စည်ပင်သာယာရေးအဖွဲ့များ၏ အချို့သောဝင်ငွေများကို ပြည်တွင်းအခွန်မှတစ်ဆင့် လွှဲပြောင်းရရှိခြင်းဖြစ်သည်။ ယင်းကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စီမံပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့် ပြည်တွင်းအခွန်ဌာနက ကောက်ခံရရှိသော ဝင်ငွေခွန် စုစုပေါင်း၏ ငါးရာခိုင်နှုန်းကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့ရုံးသို့လွှဲပြောင်းပေးသည်။ သို့ရာတွင် ဘတ်ဂျက်ကိန်းဂဏန်းများကို လေ့လာကြည့်သောအခါ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက လက်ခံရရှိသော ဝင်ငွေခွန်လွှဲပြောင်းပေးငွေသည် ယင်းမြို့နယ်မှ ပေးဆောင်လိုက်သော ဝင်ငွေခွန်အချိုးနှင့်ညီမျှနေသဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဝင်ငွေခွန်ပြန်လည်ခွဲဝေမှုမရှိ ဟု ကောက်ချက်ချနိုင်သည်။ ထိုစနစ်၏အကျိုးဆက်အနေနှင့် အခွန်ဝင်ငွေများကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးတွင် အချမ်းသာဆုံးဖြစ်သော မြို့တော်များဖွံ့ဖြိုးရေးအတွက် အဓိကပြန်လည်သုံးစွဲသလိုဖြစ်စေသည်။ မြန်မာနိုင်ငံတွင် ဝင်ငွေခွန်ဆောင်သူ အလွန်အမင်းနည်းပါးသည့်အချက်ကလည်း ယင်းကိုဖြစ်စေသည်။ ဥပမာ တနင်္သာရီတိုင်းဒေသကြီးတွင် စုစုပေါင်းလူဦးရေ ၁.၄၁ သန်းရှိသည့်အနက် ဝင်ငွေခွန်ဆောင်သူ ၁၇၀၀၀ သာရှိသည်။ ထို့ကြောင့် စုစုပေါင်းလူဦးရေ၏ ၁.၂၁% သာ ဝင်ငွေခွန်ပေးဆောင်သည့် သဘောဖြစ်သည်။[195] အခွန်ပေးဆောင်သူများတွင်လည်း အများစုမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ပြီး ၎င်းတို့ထံမှဝင်ငွေခွန်ရရှိရေးအတွက် အစိုးရတွင် အားကိုးလောက်သောစနစ်ရှိသည်။ သို့ရာတွင် ထိုသို့စနစ်ကောင်းရှိသော အုပ်စုမှာအနည်းငယ်သာရှိသည်။ ပြည်နယ်/တိုင်းဒေသကြီးမြို့တော်များသည် အုပ်ချုပ်ရေးဗဟိုချက်များဖြစ်သောကြောင့် နိုင်ငံ့ဝန်ထမ်းအများစုရှိသောနေရာများလည်းဖြစ်နေပြန်သည်။ အကျိုးဆက်အနေနှင့် မြန်မာနိုင်ငံရှိ ဝင်ငွေခွန်အများစုသည် ပြည်ထောင်စုအစိုးရမှ လစာပေးသော အစိုးရအမှုထမ်းများထံမှ ကောက်ခံရရှိပြီး တဖန် အစိုးရဝန်ထမ်းအများစုအခြေစိုက်နေထိုင်ရာ ယင်းမြို့တော်များ၏ ဖွံ့ဖြိုးရေးအတွက်သာ ပြန်လည်အသုံးချသည့် စက်ဝန်းပုံစံကိုဖြစ်ပေါ်စေသည်။ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအတွင်း မျှတစွာပြန်လည်ခွဲဝေခြင်းမျိုးမရှိပေ။

### ၃.၃.၂ စည်ပင်သာယာရေးအဖွဲ့ဝင်ငွေများကို ကျေးလက်မှမြို့ပြသို့လွှဲပြောင်းပေးခြင်း

မကြာသေးမီကဆောင်ရွက်နေသော အစိုးရပြန်လည်ဖွဲ့စည်းမှုတွင် ဝန်ကြီးဌာနများအကြားလုပ်ပိုင်ခွင့်များကို ပြန်လည်ခွဲဝေမှုများပြုရာတွင် မရည်ရွယ်ပဲ ကျေးလက်မှ မြို့ပြသို့စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေများ ပြောင်းပြန်စီးဆင်းမှုဖြစ်စဉ် ဖြစ်ပွားစေခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြရော ကျေးလက်ဒေသတွင်ပါ စီးပွားရေးလုပ်ငန်းလိုင်စင်များထုတ်ပေးရန် အခွင့်အာဏာရှိပြီး ယင်းမှတစ်ဆင့် အခွန်ဘဏ္ဍာငွေများလည်းကောက်ခံရရှိသည်။ ထို့အပြင် မြို့ပြရောကျေးလက်ဒေသတွင်ပါ ဈေးပြိုင်လေလံများကို စီမံခန့်ခွဲပြီးလေလံခများကိုလည်း ရယူသည်။ ထိုအသုံးပြုခငွေများနှင့် သွယ်ဝိုက်ခွန်များမှာ စည်ပင်သာရေးအဖွဲ့များအတွက်အရေးကြီးသော ဝင်ငွေအရင်းအမြစ်များဖြစ်သည်။ သို့ရာတွင် ကျေးလက်လမ်းများ၊ တံတားငယ်များ၊ ကျေးလက်ရေအရင်းအမြစ်များ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့သော ကျေးလက်ဒေသအတွက် စည်ပင်သာယာရေးအဖွဲ့များတာဝန်ယူခဲ့သော လုပ်ငန်းရပ်အများအပြားကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက လက်လွှဲပြောင်းရယူလိုက်သည်။ ကျေးလက်ဖွံ့ဖြိုးရေးဌာနအတွက် ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရကတိုက်ရိုက်ချပေးပြီး ဌာနသည် ကျေးလက်ဒေသများမှ အခွန်ကောက်ခံခြင်းမရှိပါ။ ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် လူပုဂ္ဂိုလ်များထံမှအခွန်ကိုမူ သက်ဆိုင်ရာကျေးလက်ရပ်ရွာဒေသများဖွံ့ဖြိုးရေးတွင် ပြန်လည်

[194] အစိုးရဝင်ငွေအချိုးအစားပျက်နေသောအခါတွင် အခွန်နှင့် အခများကိုပေးဆောင်သူများနှင့် ထိုဘဏ္ဍာငွေများကိုအသုံးပြု၍သုံးစွဲသော ဝန်ဆောင်မှုအကျိုးခံစားရသူများ တူညီမှုမရှိတတ်ပေ။ အခွန်စနစ်အများအပြားတွင် ချမ်းသာသူများထံမှ ဆင်းရဲသူများထံမျှဝေမှုများရှိသော်လည်း အချိုးပျက်နေသောစနစ်များတွင် ဝေခြမ်းမှုမှာ ကြုံသလိုဖြစ်ပြီး မရည်ရွယ်ထားသော ခွဲဝေမှုများလည်းဖြစ်ပွားတတ်သည်။

[195] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၈၂၃၊ ဇူလိုင် ၁၃၊ ၂၀၁၅။ မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ခံမှုအချက်အလက်များ၊ http://countryoffice.unfpa.org/myanmar/census တွင်ကြည့်နိုင်သည်။

အသုံးချလုပ်ပိုင်ခွင့်လုံးဝမရှိသောအဖွဲ့အစည်းများ (စည်ပင်အဖွဲ့များ) ကကောက်ခံနေခြင်းဖြစ်သည်။ ထို့ကြောင့်ယင်းအချက်သည် (ယေဘုယျအားဖြင့်ဆင်းရဲသော) ကျေးလက်ဒေသများမှ အခွန်ဘဏ္ဍာများကို (ယေဘုယျအားဖြင့် ပိုမိုချမ်းသာကြွယ်ဝသော) မြို့ပြဒေသများသို့လွှဲပြောင်းပေးနေခြင်းပင်ဖြစ်သည်။ သို့သော်ယင်းဖြစ်စဉ်သည် ယာယီသဘောသာဖြစ်မည်ဟု မှတ်ယူရပါသည်။[196]

### ၃.၃.၃ ကုန်သွယ်ခွန်နှင့်ဝင်ငွေခွန်ကောက်ခံရာတွင် ကြုံရသော အခက်အခဲများ

ကုန်သွယ်ခွန်နှင့် ဝင်ငွေခွန်များသည် မြန်မာနိုင်ငံတွင် ပမာဏအတော်အတန်ကြီးမားသော အရေးပါသည့်အခွန်အမျိုးအစားများဖြစ်သည်။ ထိုအခွန်အများစုကို မြို့နယ် ပြည်တွင်းအခွန်ရုံးများမှတစ်ဆင့်ကောက်ခံသည်။ တွေ့ဆုံမေးမြန်းမှုများအရသိရသည်မှာ ထိုအခွန်များကောက်ခံမှုပုံစံတွင် နည်းမမှန်ခြင်း၊ စံသတ်မှတ်မှုအတိုင်းမဟုတ်ခြင်းနှင့် တာဝန်ခံယူမှုအားနည်းခြင်းစသော အချင်းအရာများကို ပုံမှန်အားဖြင့်တွေ့မြင်နေရသည်ဟူသော အချက်ဖြစ်သည်။ သို့ရာတွင် ထိုပြဿနာများအားလုံးကို အဂတိလိုက်စားမှုသို့မဟုတ် အစိုးရ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုကြောင့်ဖြစ်ရသည်ဟု ပုံချခြင်းမပြုနိုင်ပါ။ ယင်းအစားအဓိကဇစ်မြစ်မှာ ရာစုနှစ်တစ်ဝက်ကျော်ကြာ အမြစ်စွဲနေသည့် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းများအကြားအပြန်အလှန်ယုံကြည်မှုကင်းမဲ့ခြင်းပင်ဖြစ်သည်။ ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိရှည်ကြာသော ဆိုရှယ်လစ်ခေတ်တွင် စီးပွားရေးလုပ်ငန်းအများအပြားကို တရားမဝင်ဟုသတ်မှတ်ခဲ့သဖြင့် လူတို့အနေနှင့် ဖမ်းဆီးခံရခြင်းသို့မဟုတ် အခြားဆိုးရွားသောအကျိုးဆက်များကို ရှောင်ရှားနိုင်ရန်အလို့ငှာ မိမိတို့၏စီးပွားရေးဆောင်ရွက်ချက်များကို လျှို့ဝှက်ထားရန်လိုအပ်ခဲ့သည်။ စစ်အစိုးရအုပ်ချုပ်သည့်ကာလအတွင်းတွင်လည်း များစွာသောစီးပွားရေးလုပ်ငန်းပုံစံများကို တရားမဝင်ဟုဆက်လက်သတ်မှတ်ထားပြီး အခြားသော ကဏ္ဍများတွင်မူ ဖြေလျှော့မှုများပြုလုပ်ကာပုဂ္ဂလိကလုပ်ငန်းရှင်များကို စတင်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ သို့ရာတွင် အခွန်ကောက်ခံခြင်း၊ လိုင်စင်ချထားပေးခြင်း၊ အခြားသောစီးပွားရေးလုပ်ငန်းများနှင့် အစိုးရအကြားထိတွေ့ဆက်ဆံမှုပုံစံများမှာ စံသတ်မှတ်ချက်မရှိပဲ ကြုံသလိုဆောင်ရွက်ခြင်းဖြစ်ကာမျှတမှုမရှိဟု စီးပွားရေးလုပ်ငန်းရှင်များဘက်မှ မကြာခဏဆိုသလိုရှုမြင်ကြလေ့ရှိသည်။ တပြိုင်နက်တည်းမှာပင် ပုဂ္ဂလိကကဏ္ဍ၏အမြင်၌ အစိုးရ၏တရားဝင်မှုမှာ ပျောက်ဆုံးနေသည်။ စီးပွားရေးလုပ်ငန်းများဘက်မှ ၎င်းတို့ပေးဆောင်လိုက်သောအခွန်များသည် ပုဂ္ဂလိကကဏ္ဍကို ပြန်လည်အထောက်အပံ့ဖြစ်မည့် ကုန်စည်နှင့်ဝန်ဆောင်မှုများဖြစ်မလာပဲ ဖိနှိပ်အုပ်ချုပ်သော အစိုးရ ယန္တရားများအသက်ဆက်ရေးအတွက်သာဖြစ်သည်ဟု ရှုမြင်ကြသည်။

ထိုသမိုင်းကြောင်းနောက်ခံရှိသောကြောင့် မြို့နယ်အဆင့်အရာရှိများသည် အခွန်ပမာဏကိုဆုံးဖြတ်ရာတွင် ၎င်းတို့၏ကိုယ်ပိုင်သုံးသပ်ချက်များကို ထည့်သွင်းကြသည်။ အခွန်အရာရှိများက စီးပွားရေးလုပ်ငန်းများသည် အခွန်နှင့်ပတ်သက်လျှင် ဖြောင့်မတ်မှုမရှိကြဟုဆိုသည်။ မြန်မာနိုင်ငံတွင် အခွန်ပေးဆောင်သော ယဉ်ကျေးမှုမထွန်းကားသလို အခွန်ပေးဆောင်မှုမှာလည်း အလွန်နည်းပါးကြောင်း၎င်းတို့ကဆိုသည်။[197] ထိုအချက်ကိုကျော်လွှားနိုင်ရေးအတွက် အခွန်အရာရှိများသည် ကျသင့်အခွန်ငွေကိုတွက်ချက်နိုင်ရန်နည်းလမ်းပေါင်းစုံကို အသုံးပြုလေ့ရှိကြသည်။ ဥပမာ အခွန်အရာရှိက လုပ်ငန်း၏ဝင်ငွေကိုသိရှိလိုပါက လက်ထောက်အခွန်မှူး/ကွင်းဆင်းစစ်ဆေးရေးသမားက စီးပွားရေးလုပ်ငန်းကိုသွားရောက်စစ်ဆေးသည်။ ထိုသို့သွားရောက်စစ်ဆေးနေစဉ်အတွင်း အရာရှိများသည် လုပ်ငန်း၏ဝင်ငွေနှင့် အမြတ်ငွေများကို သိရှိနိုင်ရန်ကြိုးစားကြသည်။ ဥပမာ ဟိုတယ်လုပ်ငန်းဖြစ်ပါက အခွန်အရာရှိသည် အခန်းအမျိုးအစားများနှင့် အခန်းလွတ်များကျန်ရှိမှုကိုကြည့်ပြီး ဝင်ငွေကိုဖော်ထုတ်နိုင်ရန်ကြိုးစားသည်။[198] အသုံးစရိတ်များကိုခန့်မှန်းရာတွင်လည်း လက်တမ်းဖော်မြူလာများကိုသုံးလေ့ရှိသည်။ ဥပမာ ဈေးဆိုင်တစ်ဆိုင်အတွက် အရောင်းတန်ဖိုးသည် ၁၀၀ ကျပ်ဖြစ်ပါက အရင်း ၈၅ ကျပ်၊ သယ်ယူစရိတ် ၅ ကျပ်နှင့် အမြတ် ၁၀ ကျပ်ဖြစ်သည်ဟု တွက်ချက်လေ့ရှိသည်။[199] စာရင်းဇယားများကောင်းစွာထားရှိခြင်းမရှိသောလုပ်ငန်းများအတွက် အရာရှိများက အထောက်အထားများကို တတ်နိုင်သလောက်ရှာဖွေပြီး 'ကိုယ်ပိုင်အကဲဖြတ်ချက်များ' ကိုချမှတ်ကြသည်။[200] နောက်ဆုံးရလာဒ်အနေနှင့် ပြည်တွင်းအခွန်ဌာနက မိမိပေးဆောင်ရမည့် အခွန်ကိုမိမိဖာသာဆုံးဖြတ်စေသည့်စနစ်ကို အားပေးထောက်ခံသော်လည်း ၎င်း၏ကွင်းဆင်းအရာရှိများကမူ ထိုစနစ်ကိုမကျင့်သုံးနိုင်စေရန်ဆောင်ရွက်နေကြသည်။ အခွန်မည်မျှပေးဆောင်ရမည်ကို နောက်ဆုံးအဆုံးအဖြတ်မှာ ပြည်တွင်းအခွန်ဌာန၏လက်ထဲတွင်သာရှိနေသည်။[201] ထိုစနစ်တွင် အပြန်အလှန်ညှိနှိုင်းရေးလုပ်နိုင်သောနေရာများစွာရှိနေသည်။ ဥပမာအားဖြင့် ဈေးတစ်ခုမှငါးရောင်းသမားတစ်ဦးသည် အမျိုးအမည်သတ်မှတ်ထားသောအခွန်ကို ပြည်တွင်းအခွန်သို့ပေးဆောင်နေရသည်ဟု ဖြေဆိုသည်။ ထိုဈေးသည်က မိမိတို့မည်မျှရောင်းချရသည်ကိုမေးမြန်းပါက မည်သူကမှအမှန်ကိုဖြေမည်မဟုတ်ကြောင်းလည်း လွယ်လင့်တကူဝန်ခံပါသည်။ သို့တိုင်အောင် ၎င်းတို့ပေးဆောင်ရမည့်အခွန်သည် များပြားလွန်းနေသည်ဟုယူဆပြီး ဆိုင်အရွယ်အစားအလိုက် အခွန်နှုန်းထားသစ်တစ်ခုကို အခွန်ဌာနနှင့် ညှိနှိုင်းသတ်မှတ်ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦး၏အဆိုအရ အခွန်သည် ကျပ် ၁၀၀၀၀ မှ

[196] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။ တွေ့ဆုံမေးမြန်းခဲ့သူ၏ အဆိုအရ အဖွဲ့တွင် ၂၀၁၄- ၁၅ ဘဏ္ဍာနှစ်မှစပြီး ကျေးလက်လမ်းများနှင့် တံတားများ ဆောက်လုပ်ရန်လည်း လုပ်ပိုင်ခွင့်ရှိလာသည်ဟု သိရသည်။

[197] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊ ဇူလိုင် ၁၅၊ ၂၀၁၅။

[198] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၃။

[199] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊

[200] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊

[201] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊

၄၀၀၀၀ ကြားတွင်ရှိတတ်ပြီး ယင်းအခွန်သည် အသားတင်အမြတ်ငွေ သို့မဟုတ် စုစုပေါင်းဝင်ငွေနှင့် ဆက်စပ်မှုလုံးလုံးလျားလျား မရှိကြောင်းလည်း သိရသည်။[202]

### ၃.၃.၄ တံဆိပ်ခေါင်းခွန်

တံဆိပ်ခေါင်းခွန်သည် ပြည်တွင်းအခွန်ဌာနအတွက် ပုံမှန်ဝင်ငွေတစ်မျိုးပင်ဖြစ်သည်။ စာရွက်စာတမ်းပေါင်းများစွာတို့ကို တရားဝင်ဖြစ်စေရေးတွင် အခွန်တံဆိပ်ခေါင်းများကိုသုံးရန်လိုသည်။[203] အထက်တွင်ဆွေးနွေးထားသော အခွန်အမျိုးအစားများနည်းတူ ကန်ထရိုက်စာချုပ်ကဲ့သို့သော ကိစ္စများတွင်သုံးရမည့်အခွန်တံဆိပ်ခေါင်း၏ဈေးနှုန်းကို မြို့နယ်အခွန်အရာရှိဦးဆောင်သော ဘုတ်အဖွဲ့ကဆုံးဖြတ်သည်။ ကန်ထရိုက်စာချုပ်၏တန်ဖိုးနှင့် တစ်စုံတစ်ရာဆက်စပ်ခြင်းမရှိပဲ ဘုတ်အဖွဲ့ကဆုံးဖြတ်သည့်ဈေးနှုန်းဖြင့်သာ ကောက်ခံနေခြင်းဖြစ်သည်။[204] ထိုအချက်ကြောင့် မြန်မာနိုင်ငံအောက်ခြေအဆင့်တွင် စာချုပ်စာတမ်းများကို တန်ဖိုးအမှန်အတိုင်းမဟုတ်ပဲ ချုပ်ဆိုကြသော စနစ်အမြစ်တွယ်နေခြင်းပင်ဖြစ်သည်။

---

[202] ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၆၊ ဇူလိုင် ၁၇၊ ၂၀၁၅။

[203] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊

[204] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၁၊

## အပိုင်း လေး - ဈေးပြိုင်လေလံလိုင်စင်စနစ်

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အစိုးရနှစ်မျိုးစလုံး၏ ဌာနဆိုင်ရာအများအပြားအတွက် အဓိကဝင်ငွေအရင်းအမြစ်မှာ ဈေးပြိုင်လေလံကြေးများဖြစ်သည်။ ယင်းဌာနဆိုင်ရာများတွင် သစ်တောဌာန၊ ငါးလုပ်ငန်းဌာန၊ စည်ပင်သာယာရေးအဖွဲ့များအပါအဝင် အခြားဌာနဆိုင်ရာအဖွဲ့အစည်းအများအပြားလည်းပါဝင်သည်။ ဈေးပြိုင်လေလံလိုင်စင်များသည် သက်ဆိုင်ရာစီးပွားရေးကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းလုပ်ပိုင်ခွင့်ကို လေလံစနစ်ဖြင့် ကုမ္ပဏီများသို့ချထားပေးခြင်းဖြစ်ပြီး များသောအားဖြင့် သက်တမ်းတစ်နှစ်ဖြစ်သည်။ နဝတ/နအဖခေတ်တစ်လျှောက်လုံးတွင် ဒေသန္တရစီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်နှင့် ဒွန်တွဲနေသော အချင်းအရာတစ်ခုဖြစ်ပြီး အစိုးရသစ်လက်ထက်တွင်လည်း နေရာများစွာ၌ ဆက်လက်တည်ရှိသည်။ လက်ရှိအချိန်တွင် ပြည်နယ်/တိုင်းဒေသကြီးအများအပြားတို့သည် ဥပဒေများကိုပြဌာန်းပြီး လက်ဝါးကြီးအုပ်မှုနှင့် ဈေးကွက်ကြီးစိုးမှုပုံစံများကို ဖန်တီးယူနေကြသည်။ ထိုလက်ဝါးကြီးအုပ်စီးပွားရေးလုပ်ငန်းများကို လေလံလိုင်စင်များမှတစ်ဆင့် လုပ်ပိုင်ခွင့်များချထားပေးပြီး အစိုးရအနေနှင့် လက်ဝါးကြီးအုပ်မှုမှရရှိသော အကျိုးအမြတ်အချို့ကို ပြန်လည်ရယူသည့်ပုံစံဖြစ်သည်။ အချို့သော လိုင်စင်ပုံစံများသည် စားသုံးသူ သို့မဟုတ် ထုတ်လုပ်/ပေးသွင်းသူတို့အပေါ်တွင် သွယ်ဝိုက်ခွန်ပုံစံဖြင့်ဆောင်ရွက်သည်။ လိုင်စင်ရရှိသူသည် စားသုံးသူများနှင့် တစ်ဆင့်ပေးသွင်းသူများ၏ အကျိုးစီးပွားနှင့်ဆန့်ကျင်ပြီး လက်ဝါးကြီးအုပ်ရရှိသော အကျိုးအမြတ်များကို ခံစားရသည်။ စားသုံးသူများမှာမူ သွယ်ဝိုက်ခွန်၏ ဝန်ထုပ်ဝန်ပိုးများကိုထမ်းရသည်။ အချို့သောဈေးပြိုင်လေလံလိုင်စင်များ ဥပမာ စည်ပင်သားသတ်လိုင်စင်များတွင် အစိုးရက စံနှုန်းမရှိပဲ အလျင်းသင့်သလိုသတ်မှတ်သော ဈေးနှုန်းသတ်မှတ်ချက်များကို လိုင်စင်ရရှိသူက လိုက်နာရသည်။[205] ထိုစနစ်ကျင့်သုံးသောကဏ္ဍများတွင် ဈေးကွက်၏ဝိသေသများပျောက်ဆုံးပြီး စီမံကိန်းစီးပွားရေးပုံစံမျိုးကို ဖန်တီးပေးသည်။ ထိုအခြေအနေသည် မထိရောက်မှု၊ အလုပ်မဖြစ်မှုများ၊ ရင်းနှီးမြှုပ်နှံရန်မက်လုံးများကို ဖျက်ဆီးမှုများ၊ ဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာဆက်နွယ်ချက်များ အားနည်း သို့မဟုတ် ကွယ်ပျောက်မှုများ၊ ပုဂ္ဂလိကကဏ္ဍအမြတ်ကြီးစားမှုများစသည့် အန္တရာယ်ဆိုးကျိုးများစွာကို ပေါ်ထွက်လာစေသည်။ သို့သော် တွေ့ဆုံမေးမြန်းခဲ့သော အစိုးရအရာရှိအများအပြားသည် ထိုစနစ်၏ပြဿနာရပ်များကို သတိပြုမိကြပြီးဖြစ်နေသည်။ ၎င်းတို့အနက်မှ အချို့မှာ ပြုပြင်ပြောင်းလဲမှုများကို စတင်နေကြပြီဖြစ်သော်လည်း အချို့မှာမူ နောက်တွန့်နေကြဆဲဖြစ်သည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချပြီး ပြည်နယ်/တိုင်းဒေသကြီးများသို့ လုပ်ပိုင်ခွင့်များခွဲဝေပေးလိုက်သော်လည်း ဒေသအဆင့်စီးပွားရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကဏ္ဍတွင် တိုးတက်ဖြစ်ထွန်းမှုများ လုံးဝမတွေ့မြင်ရသောနေရာမှာ ထိုဈေးပြိုင်လေလံစနစ်ပင်ဖြစ်သည်။ ဒေသအဆင့် အရာရှိများ၏ အသစ်စမ်းသပ်လုပ်ကိုင်မှုများ လုံးဝပျောက်ဆုံးနေသောနေရာလည်းဖြစ်သည်။ ဈေးပြိုင်လေလံလိုင်စင်စနစ်ကို ပြုပြင်ပြောင်းလဲရန် ဒေသအလိုက် စမ်းသပ်ကြိုးပမ်းမှုများသည် ဒေသတွင်းစီးပွားရေးကဏ္ဍ စီမံအုပ်ချုပ်မှုတိုးတက်စေရေးတွင် အလွန်အလားအလာကောင်းသော နယ်ပယ်တစ်ခုဖြစ်ပြီး ဒေသန္တရစီးပွားရေးအားကောင်းစေရန်ကိုလည်း အထောက်အကူပြုနိုင်သည်။

မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအများအပြားတွင် ဈေးပြိုင်လေလံစနစ်ကိုအတွေ့ရများသော်လည်း ယခုအခန်းတွင် စည်ပင်သာယာရေးအဖွဲ့များကျင့်သုံးသော လေလံလိုင်စင်စနစ်ကို အဓိကသုံးသပ်ဆွေးနွေးသွားပါမည်။ စည်ပင်သာယာရေးအဖွဲ့များသည် စီးပွားရေးလုပ်ငန်းအမျိုးအစားပေါင်းစုံတို့အတွက် ဈေးပြိုင်လေလံစနစ်ကိုကျင့်သုံးသည်။ ထိုကဏ္ဍများသည် ကိုလိုနီခေတ်မြူနီစပယ် ဥပဒေ ၁၈၉၈ အရ မြူနီစပယ်အစိုးရများကိုလုပ်ပိုင်ခွင့်ပေးထားသော ကဏ္ဍများလည်းဖြစ်သည်။[206] ကြီးကြပ်ကွပ်ကဲရသော ကဏ္ဍများ သည် ကာလရှည်ကြာစွာမပြောင်းလဲပဲရှိခဲ့သော်လည်း ကွပ်ကဲမှုပြုသောပုံစံများမှာမူ သိသာထင်ရှားစွာပြောင်းလဲလာခဲ့သည်။ လက်ရှိအချိန်တွင် စည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါဇယားကွက် - ၁၈ တွင်ဖော်ပြထားသော လုပ်ငန်းကဏ္ဍရပ်မျိုးစုံတို့တွင် ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ငန်းလိုင်စင်များကိုချထားပေးလျက်ရှိသည်။

**ဇယားကွက်- ၁၈။ စည်ပင်သာယာဈေးပြိုင်လေလံစနစ်ဖြင့် လိုင်စင်ရယူရသောလုပ်ငန်းများ**

| |
|---|
| သားသတ်လုပ်ငန်း |
| ကူးတို့လုပ်ငန်း |
| အပေါင်ဆိုင် |
| မော်တော်ယာဉ်နှင့် ကုန်တင်ယာဉ်ဘီးခွန်ကောက်ခံခြင်း |
| အဝေးပြေးဘတ်စ်ကားဂိတ်ဝင်ကြေးများနှင့် လုံခြုံရေးလုပ်ငန်း |
| ဆိပ်ခံတံတားများ |
| ဈေးကောက် ကောက်ခံသည့်လုပ်ငန်း |
| ပန်းခြံနှင့် ရေကူးခံဝင်ခွင့်ကောက်ခံသည့်လုပ်ငန်းများ |
| အများပြည်သူသုံးရေအိမ်နှင့်သန့်စင်ခန်း ဝင်ကြေးကောက်ခံသည့် လုပ်ငန်းများ |
| ကျွဲနွားရောင်းချသည့် ဈေး |

[205] အစိုးရက ဈေးနှုန်းသတ်မှတ်ခြင်းသည် အတွေ့ရများသော ကိစ္စပင်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင်သတ်မှတ်သော ဈေးနှုန်းများမှာ စားသုံး သူများ၏ ဝယ်နိုင်စွမ်းအပေါ်အခြေခံပြီး သက်ဆိုင်ရာကဏ္ဍကို သုတေသနလုပ်၍ သတ်မှတ်ခြင်းမဟုတ်ပါ။

[206] မြူနီစပယ်ဥပဒေ၊ ၁၈၉၈ ကိုကြည့်ပါ

## ၄.၁ ဈေးပြိုင်လေလံလုပ်ငန်းစဉ်

ဈေးပြိုင်လေလံစနစ်သည် မြန်မာတစ်နိုင်ငံလုံးတွင် တွင်ကျယ်စွာကျင့်သုံးသောစနစ်ဖြစ်သော်လည်း တစ်နေရာနှင့်တစ်နေရာ လုပ်ကိုင်ဆောင်ရွက်ပုံကွာခြားသည်။ အဘယ့်ကြောင့်ဆိုသော လေလံကြီးကြပ်သည့်စည်ပင်သာယာရေးအဖွဲ့များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက ကွပ်ကဲနေသောကြောင့်ဖြစ်သည်။ ကွင်းဆင်းလေ့လာခဲ့သောမြို့နယ်များတွင် ဈေးပြိုင် လေလံများကို အများသိစေရန်ကြေညာလေ့ရှိပြီး လူတိုင်းဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း လေလံအောင်သူသည် လိုင်စင်ပါ စည်း မျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရသည်။[207] အချို့သောမြို့နယ်များရှိ ဈေးပြိုင်လေလံများတွင် သက်ဆိုင်ရာ စည်ပင်သာ ယာရေးအဖွဲ့က သတ်မှတ်ပေးသောကြမ်းခင်းဈေးရှိပြီး ယင်းကိုကြိုတင်ကြေညာသည်။[208] လေလံဆွဲလိုသော လုပ်ငန်းရှင်သည် သက်ဆိုင်ရာပုံစံကိုဖြည့်သွင်းပြီး ဈေးနှုန်းကိုလျှို့ဝှက်ဖော်ပြကာ စာအိတ်ပိတ်ပြီး လေလံကော်မတီသို့တင်ရသည်။ ကော်မတီကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဖွဲ့စည်းထားသည်။[209] အိတ်ပိတ်ဈေးနှုန်းများကို အများပြည်သူရှေ့မှောက်တွင် ဖွင့်ဖတ်ပြီး အနိုင်ရရှိသူကို ကြေညာသည်။ အနိုင်ရသူသည် လိုင်စင်အတွက်စပေါ်ငွေကို လေလံအောင်သည့်နေ့၌ပင် ပေးချေရန်လိုအပ်သည်။ အချို့သောမြို့နယ်များတွင် လေလံကြေးငါးသိန်းထက်ပိုသော လုပ်ငန်းများ၌ အရစ်ကျခွဲ ပေးခြင်းကိုလက်ခံသော်လည်း ငါးသိန်းအောက်ကြေးများကိုမူ တလုံးတရင်းတည်း ကြိုတင်ပေးသွင်းရသည်။[210] အချို့သောဒေသများတွင် ဈေးပြိုင်လိုင်စင်အတွက် ပြိုင်ဆိုင်မှုပြင်းထန်သော်လည်း အချို့ဒေသများတွင်မူ ပြိုင်ဆိုင်မှုမရှိသလောက် ပင် ဖြစ်သည်။ မြို့နယ်တစ်ခုတွင် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် ကူးတို့လုပ်ငန်းဈေးပြိုင်လေလံ ၁၆ ခုခေါ်ယူရာတွင် ပြိုင်ဆိုင်သူတစ်ဦး ထက်ပိုသောနေရာ နှစ်နေရာသာရှိခဲ့သည်။[211] ထိုကူးတို့လုပ်ငန်းအများစုမှာ ကျေးလက်ဒေသတွင်ရှိပြီး လိုင်စင်ကြေးလည်းအလွန် နည်းပါးသည်။[212] စည်ပင်သာယာရေးအဖွဲ့က ထိုကျေးလက်ကူးတို့လုပ်ငန်းအသေးစားကလေးများသည် အလုပ်ဖြစ်သော စီးပွား ရေးမဟုတ်ပဲ နေ့စဉ်အမြတ်ငွေမှာ ၅၀၀၀ မှ ၆၀၀၀ ကျပ်ကြားတွင်သာရှိသည်ဟု ဆိုသည်။[213]

ဈေးပြိုင်လိုင်စင်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြို့နယ်အဆင့်စည်ပင်သာယာရေးအဖွဲ့နည်းဥပဒေတွင် ထည့်သွင်းပြဌာန်းထားပြီး ယင်းတွင်မှတ်သားဖွယ်ကောင်းသော အသုံးဝင်သော ပြဌာန်းချက်အများအပြားပါဝင်သည်။ ထိုနည်း ဥပဒေများတွင် လေလံအောင်သူအား ဈေးနှုန်းများကို ဗီနိုင်းဖြင့်သက်ဆိုင်ရာဆိုင်များတွင် ကပ်ထားပေးရန်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဖုန်းနံပတ်ကိုလည်း ထည့်သွင်းဖော်ပြရန်စသည့် စည်းကမ်းချက်များကို လိုက်နာစေရန် ပြဌာန်းထားသည်။ အကယ်၍ စားသုံးသူများဘက်မှ တစ်စုံတစ်ရာမကျေလည်မှုများ ရှိပါကလည်း ဖော်ပြထားသော ဖုန်းနံပါတ်သို့ ဆက်သွယ်ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီသို့ တိုက်ရိုက်တိုင်ကြားရန် အားပေးထားသည်။ ပုသိမ်တွင် ယင်းစနစ်ကြောင့် ဖယ်ရီခနှုန်းထားများ ပြောင်းလဲသွားခဲ့ရသည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ကူးတို့လုပ်ငန်းတစ်ခုသည် ညဘက်ဝန်ဆောင်မှုများ အတွက် ဝန်ဆောင်ခနစ်ဆကောက်ခံရန် အခွင့်ရှိသည်။ ညအချိန်ကိုသတ်မှတ်ရာတွင် ည ၆ နာရီမှ နံနက် ၆ နာရီအတွင်းကို သတ်မှတ်ပေးထားသော်လည်း ခရီးသွားများ၏ ကန့်ကွက်တိုင်ကြားမှုကြောင့် ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်တွင် ညအချိန်ကို ည ၇ နာရီမှ နံနက် ၆ နာရီသို့ပြောင်းလဲသတ်မှတ်ပေးလိုက်ရသည်။[214] ထိုသို့သောတာဝန်ခံယူမှုများသည် မြန်မာနိုင်ငံတွင်ရှားပါးသော ဥပမာများဖြစ်သော်လည်း တာဝန်ခံယူမှုဆိုင်ရာစနစ်များကိုလေ့လာရာတွင် အကောင်းဆုံးသော နမူနာဖြစ်စဉ်တစ်ခုဖြစ်ပါသည်။

## ၄.၂ သားသတ်လုပ်ငန်းလိုင်စင်များ

သားသတ်လိုင်စင်များသည် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော လိုင်စင်များအနက်အရေးအကြီးဆုံးဖြစ်ပြီး အကျိုးအမြတ် လည်းကြီးမားသော လိုင်စင်များဖြစ်သည်။ အချို့သောမြို့နယ်များတွင် သားသတ်လိုင်စင်ကြေးသည် စည်ပင်သာယာရေးအဖွဲ့ဝင်ငွေ ၏ အကြီးဆုံးအစိတ်အပိုင်း (အချို့မြို့နယ်များတွင် ငါးဆယ်ရာနှုန်းကျော်) ဖြစ်လေ့ရှိသည်။[215] သားသတ်လိုင်စင်ဈေးပြိုင်လေလံ စနစ်ကို စည်ပင်သာယာရေးအဖွဲ့များအတွက်တန်ဖိုးရှိစေသည့် ဝိသေသလက္ခဏာများကပင် ထိုစနစ်၏ အဓိကအကျဆုံး အားနည်း ချွတ်ယွင်းချက်များလည်းဖြစ်နေပြန်သည်။ လိုင်စင်၏တန်ဖိုးမှာ သက်ဆိုင်ရာကဏ္ဍအပေါ် အုပ်ချုပ်ရေးပိုင်းမှတားမြစ်ကန့် သတ်မှု ပမာဏ အနည်းအများပေါ်တွင် မူတည်နေသည်။ ထိုကန့်သတ်ချက်များကြောင့် ဈေးကွက်သဘာဝနှင့်ဗီလာဆန့်ကျင်ဖြစ်သော လက်ဝါးကြီးအုပ်မှုကိုဖြစ်စေကာ ဈေးနှုန်းကိုလည်း နိုင်ငံတော်ကသတ်မှတ်ပေးရသည်။ ထိုအချက်ကြောင့် လက်ဝါးကြီးအုပ်

---

207 တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁၊

208 ကြမ်းခင်းဈေးများသတ်မှတ်ထားသော်လည်း အချို့သောလေလံများတွင် ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးမှမရှိသောကြောင့် လိုင်စင်ကို ကြမ်းခင်း ဈေးအောက်လျော့သောဈေးနှင့် ပေးလိုက်ရခြင်းများလည်းရှိသည်။

209 အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁ နှင့် ၀၁၅၊ ဇူလိုင် ၉၊ ၂၀၁၅။ တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။

210 တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၁။

211 တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။

212 တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။

213 တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၇။

214 ပုဂ္ဂလိကလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၂၊ ဇူလိုင် ၈၊ ၂၀၁၅။

215 အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၅၊ ဇူလိုင် ၁၄၊ ၂၀၁၅။

အမြတ်အစွန်းများပေါ်ထွက်လာပြီး ယင်းကို စည်ပင်သာယာရေးအဖွဲ့နှင့် လိုင်စင်အောင်သူတို့မျှဝေခံစားကြသည်။ ထိုမှတစ်ဆင့် မွေးမြူရေးခြံများမှအသားထွက် သတ္တဝါများကို ဈေးနှိမ်ပြီး ဈေးကွက်ထဲရှိအသားကိုဈေးတင်သောအခြေအနေသို့ သဘာဝအတိုင်း ချဉ်းကပ်သွားသည်။ ထိုအကျိုးဆက်ကိုဒေသတွင်း မူဝါဒချမှတ်သူအများအပြားက သတိပြုမိပြီးဖြစ်သည်။ ၎င်းတို့အနက်မှ အချို့သည် အများပြည်သူအကျိုးစီးပွားကို ထိခိုက်စေသည်ဟုဆိုကာ ထိုလေလံစနစ်ကို ပြုပြင်ပြောင်းလဲရန် စတင်ကြိုးစားလာကြသည်။ ကွင်းဆင်းလေ့လာမှုတွင် သွားရောက်ခဲ့သောမြို့နယ်ခြောက်မြို့နယ်တွင် မတူညီသော သားသတ်လိုင်စင်စနစ်လေးမျိုးကို ကျင့်သုံးနေကြကြောင်း တွေ့ခဲ့ရသည်။ ထိုအချက်သည် ပုံမှန်ပြုပြင်ပြောင်းလဲမှုများထက်ကျော်လွန်ပြီး ဒေသတွင်းအဆင့်မူဝါဒဆိုင်ရာ စမ်းသပ် ကျင့်သုံးမှုများကိုပြုလုပ်နေသည့် ရှားရှားပါးပါးထူးခြားသော နမူနာဖြစ်စဉ်တစ်ခုပင်ဖြစ်သည်။

ကွင်းဆင်းလေ့လာခဲ့သော ဒေသများအနက် ဧရာဝတီတိုင်းဒေသကြီးတွင်ကျင့်သုံးနေသော သားသတ်လိုင်စင်စနစ်သည် ယခင်အစိုးရလက်ထက်ကကျင့်သုံးခဲ့သောစနစ်နှင့် များစွာဆင်တူနေသည်ကိုတွေ့ရသည်။ လိုင်စင်အောင်သူသည် အမဲသား၊ ဝက်သားနှင့်ဆိတ်သားများကို သားသတ်ထုတ်ယူခွင့်ရှိသည့်အပြင် သတ်မှတ်ဇရိယာအတွင်း အသားလက်ကားရောင်းချမှုကိုလည်း ထိုသူတစ်ဦးတည်းက သီးသန့်လုပ်ပိုင်ခွင့်ရှိသည်။ အခြားသူများသည် အသားကိုတစ်ဆင့်ပြန်လည်ရောင်းချနိုင်သော်လည်း လိုင်စင်အောင်သူထံမှသာ ဝယ်ယူရောင်းချခွင့်ရှိသည်။[216] ထိုနယ်မြေအတွင်းတွင် အသားများကို ကြိုတင်သတ်မှတ်ထားသော နေရာများ၌သာရောင်းချနိုင်သည်။ ပုသိမ်မြို့နယ်မှ ဥပမာကို ဇယားကွက် - ၁၁ တွင်ကြည့်ရှုနိုင်သည်။[217] ထိုသို့ပထဝီအနေအထားအရ ကန့်သတ်ပေးမှုသည် လိုင်စင်အောင်သူအား ဈေးကွက်သဘောအရမဟုတ်သည့် လက်ဝါးကြီးအုပ်မှုကိုရရှိစေသည်။ လက်ဝါကြီးအုပ်ဈေးနှုန်းကို ကာကွယ်ရန်အလို့ငှာ ဧရာဝတီတိုင်းအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များသည် ဈေးကွက်အတွင်း အသားရောင်းချရမည့် ဈေးနှုန်းကိုလည်း သတ်မှတ်ပေးထားသည်။[218] နည်းဥပဒေထဲတွင် မြို့နယ်တစ်ခုမှ လိုင်စင်ရသူသည် အခြားမြို့နယ်များသို့ကျော်လွန်ပြီး အသားရောင်းချပိုင်ခွင့်ကို ကန့်သတ်ပိတ်ပင်ချက်လည်းပါဝင်သည်။[219] ထိုကန့်သတ်ချက်ကြောင့် မြို့နယ်တစ်ခုမှ စားသုံးသူသည် အနီးအနားမြို့နယ်တွင် ရောင်းချနေသောပိုမိုဈေးသက်သာသည့် အသားကိုဝယ်ယူခွင့်ဆုံးရှုံးသွားသည်။ အချို့သော စည်ပင်သာယာရေးအဖွဲ့နည်းဥပဒေများတွင် တစ်နေ့အတွင်းသတ်ဖြတ်နိုင်သော တိရစ္ဆာန်အကောင်ရေကိုလည်း ကန့်သတ်ထားသည်။ ဥပမာ မြို့ဈေး၏ဝက်လိုင်စင်တွင် တစ်ရက် ဝက် ၁၅ ကောင်သာသတ်ဖြတ်နိုင်ပြီး ဆိတ်နှင့် နွားသတ်လိုင်စင်များတွင် တစ်ရက်လျှင် ၇ ကောင်စီသာ သတ်ဖြတ်ရန်ကန့်သတ်ထားခြင်းမျိုးဖြစ်သည်။[220]

ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် အသားဈေးနှုန်းသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း တစ်နှစ်လျှင် ၁၀% နှုန်းဖြင့် ပုံမှန်မြင့်တက်လျက်ရှိသည်။ ထိုနှုန်းကို စည်ပင်သာယာရေးအဖွဲ့များကသတ်မှတ်ခြင်းဖြစ်ပြီး ဈေးကွက်အချက်ပြမှုများနှင့် ဆက်စပ်မှုမရှိပေ။ ယင်းအချက်ကို စည်ပင်သာယာရေးအဖွဲ့များက လက်ရှိစနစ်၏ပြဿနာတစ်ရပ်အဖြစ်ရှုမြင်ကြပြီး ဈေးနှုန်းတက်ခြင်းသည် ဆိုးကျိုးများကိုဖြစ်ပေါ်စေသည်ဟု နားလည်ထားကြသည်။ အာဏာပိုင်များကသတ်မှတ်သော အသားဈေးနှုန်းများသည် မြို့နယ်တစ်ခုနှင့် တစ်ခုမတူညီပဲ မြို့နယ်၏ဝင်ငွေနှုန်းကို အခြေခံခြင်းဖြစ်ကာ ဈေးကွက်ကိုအခြေခံသတ်မှတ်ခြင်းမျိုးမဟုတ်ပေ။ စည်ပင်သာယာရေးအဖွဲ့များသည် ဝက်၊ အမဲနှင့် ဆိတ်သားဈေးနှုန်းများကို ပုံသေသတ်မှတ်ပြီး သတ်မှတ်နှုန်းထားအတိုင်းရောင်းချခြင်းမပြုပါက တိုင်ကြားနိုင်သော ဖုန်းနံပတ်များကိုလည်း သက်ဆိုင်ရာဈေးများတွင် ကပ်ပေးထားသည်။[221] သားသတ်လုပ်ငန်းများတွင် စည်ပင်သာယာရေးအဖွဲ့များက ကြီးကြပ်စစ်ဆေးခြင်းများကိုဆောင်ရွက်ခြင်း၊ လူနေရပ်ကွက်များအနီးတွင် သားသတ်လုပ်ငန်းများ မလုပ်ကိုင်စေရန် တားမြစ်ခြင်းများဖြင့် ဥပဒေပြဋ္ဌာန်းချက်များအသက်ဝင်စေရန်လည်းဆောင်ရွက်ကြသည်။[222] နည်းဥပဒေများတွင် လိုင်စင်အောင်သူလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ ဥပမာ အသားများပေါ်သို့ ခြင်၊ ယင်နှင့် ပိုးမွှားများ မနားစေရန် ကာကွယ်ရမည် စသည်ဖြင့် ပြဋ္ဌာန်းထားသော်လည်း ဈေးများကိုကွင်းဆင်းလေ့လာခဲ့စဉ်က ထိုအချက်များကို လိုက်နာစေရန် ဖိဖိစီးစီးဆောင်ရွက်ရန် လိုနေသေးကြောင်းတွေ့ရှိခဲ့ရသည်။[223] စည်ပင်သာယာရေးအဖွဲ့များသည် အသားများသယ်ယူပို့ဆောင်ခြင်းကိုလည်း ကြီးကြပ်သည်။[224] ထို့အပြင် နည်းဥပဒေတွင် သားသတ်ရုံမန်နေဂျာ၊ ဝန်ထမ်းများ၊ အရောင်းစာရေးနှင့် အခြား

216 တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၁။

217 ပုဂ္ဂလိကလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၃၊ ဇူလိုင် ၇၊ ၂၀၁၅ နှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၇။ လိုင်စင်ရသူထံမှ အသားများကို ဝယ်ယူပြီးကျန်ဒေသများတွင် ပြန်လည်ရောင်းချသူများရှိသည်။ သို့ရာတွင် လိုင်စင်အသားကို ဈေးနှုန်းအသေဖြင့်ဝယ်ရသောကြောင့် ဈေးနှုန်းအရ ကောအရည်အသွေးအရပါ ယှဉ်ပြိုင်နိုင်စွမ်းမရှိပါ။ ထို့ကြောင့် ဈေးကောင်းပိုရနိုင်မည့်နေရာများကိုသာ ရှာဖွေရောင်းချကြရသည်။

218 တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၁ နှင့် ၁၁၇။

219 သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နည်းဥပဒေများ၊ စာ- ၄၊ အမှတ်- ၁၂။

220 သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့နည်းဥပဒေများ၊ စာ- ၂၊ အမှတ်- ၂။

221 ပုဂ္ဂလိကလုပ်ငန်းများနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၂၊ ဇူလိုင် ၇၊ ၂၀၁၅

222 တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။

223 သက်ဆိုင်ရာ စည်ပင်သာယာနည်းဥပဒေ၊ စာ ၄၊ အမှတ် ၁၄။

224 တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၅။

အလုပ်သမားများသည် ကိုယ်ရေးမှတ်တမ်း၊ မှတ်ပုံတင်အချက်အလက်များ၊ အိမ်ထောင်စုစာရင်း၊ ရဲစခန်းထောက်ခံချက်စသည်တို့ကို တင်သွင်းရန်လိုကြောင်းကိုလည်း ပြဌာန်းသတ်မှတ်ထားသည်။[225]

ဇယားကွက်- ၁၁။ ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်အတွက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏နည်းဥပဒေအရ သတ်မှတ်ပေးထား သော အသားရောင်းချရမည့်နေရာများ

**ဇယားကွက်- ၁၁။ ၂၀၁၅- ၁၆ ဘဏ္ဍာနှစ်အတွက် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏နည်းဥပဒေအရ သတ်မှတ်ပေးထား သော အသားရောင်းချရမည့်နေရာများ**

| လိုင်စင်ခံသူ | ကြိုတင်သတ်မှတ်ထားသော ရောင်းချရမည့်နေရာ |
| --- | --- |
| မြို့တော်ဈေးများအားလုံး အတွက် သားသတ်လိုင်စင်ရရှိသူ | ပုသိမ်မြို့ဈေးများအားလုံးရှိ ကော်မတီမှသတ်မှတ်ပေးထားသော အသားဆိုင်တန်းများအားလုံး (မြို့မဈေး၊ မြို့သစ်ဈေး၊ အောင်သီရိဈေး၊ အောင်ဇေယျာဈေး၊ ဝေနံကျွန်းသာဈေး၊ ရွှေဝါထွန်းဈေး၊ ပိတောက်ချောင်းဈေး၊ ဇေယျာဝန်ဈေး၊ ဇေယျာမင်းဈေး၊ ကမ်းနားဈေး၊ ကွမ်းခြံဈေး) |
| ဝယားချောင်း ဝက်လိုင်စင် | ဝယားချောင်းရွာစွန်ရှိ ဝယားချောင်းကျေးရွာဈေး |
| ရှောပြာဝက်လိုင်စင် | ရှောပြာကျေးရွာအစွန်ရှိ ရှောပြာဈေး/ဦးကြီးစိုးကုမ္ပဏီ |
| ရှောပြာအမဲလိုင်စင် | ရွာလယ်ရဲစခန်းရှေ့ရှိ ရှောပြာဈေး |
| ကြည်သာဝက်လိုင်စင် | ကြည်သာကျေးရွာဈေး၊ ကြည်သာရွာ |
| ကြက်ပန်ဝက်လိုင်စင် | ကြက်ပန်ကျေးရွာဈေး၊ ကြက်ပန်ရွာ |
| ကြက်ပန်အမဲလိုင်စင် | ကြက်ပန်ကျေးရွာဈေး၊ ကြက်ပန်ရွာ |
| ဇင်ပြွန်ကုန်းအမဲလိုင်စင် | ဇင်ပြွန်ကုန်းဈေး၊ ဇင်ပြွန်ကုန်းကျေးရွာ |
| ရွာဟောင်းဝက်လိုင်စင် | ရွာဟောင်းကြီးကျေးရွာဈေး၊ ရွာဟောင်းကြီးကျေးရွာ |

ထိုလေလံလိုင်စင်စနစ်တွင် ပြဿနာများစွာရှိနေပြီးအချို့ကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များက စတင်ကိုင်တွယ်ဆောင်ရွက်နေပြီဖြစ်သည်။ ကျန်ပြဿနာရပ်များကိုမူ ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။ ပထမဦးဆုံးအနေနှင့် အုပ်ချုပ်ရေးကဏ္ဍက သတ်မှတ်သည့် နှစ်စဉ်ဈေးတက်မှုနှုန်းထားသည် နိုင်ငံ၏စီးပွားရေးအဆောက်အဦတွင်ဖြစ်ပွားသော ငွေကြေးဖောင်းပွမှုနှုန်းနှင့် ချိတ်ဆက်ခြင်းမရှိသော သဘာဝမကျသည့် ကုန်ဈေးနှုန်းတက်မှုကိုဖြစ်စေသည်။ ဒုတိယအနေနှင့် လိုင်စင်ဆိုင်ရာကန့်သတ်မှုများကြောင့် ဈေးကွက်သဘောအရ သဘာဝမကျသော လက်ဝါးကြီးအုပ်မှုကိုဖြစ်ပေါ်စေကာ ပြိုင်ဆိုင်မှုများနှင့် ဈေးကွက်အကျိုးအမြတ်ကို စီးပွားရေးလုပ်ငန်းများအကြားခွဲဝေရယူမှုကို ကန့်သတ်ပိတ်ပင်ထားသည်။ လက်ဝါးကြီးအုပ်မှုမှရသော အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကိုသာ လိုင်စင်လေလံကြေးအနေနှင့် အစိုးရက ရရှိခြင်းဖြစ်သည်။ ထိုလက်ဝါးကြီးအုပ်လိုင်စင်စနစ်သည် ဈေးကွက်ကို အချင်းချင်းမဆက်စပ်သော အပိုင်းငယ်များအဖြစ်ခွဲထုတ်လိုက်ပြီး စီးပွားရေးလုပ်ငန်းများကိုလည်း အရွယ်အစားကြီးထွားအောင်ဆောင်ရွက်ပြီး စကေးကြီးလုပ်ငန်းငန်းများတွင်သာရရှိနိုင်သော ထိရောက်စွာထုတ်လုပ်နိုင်စွမ်းမှတစ်ဆင့် အမြတ်အစွန်းများ ရယူသည့်အဖြစ်သို့ မရောက်ရှိနိုင်အောင် ကန့်သတ်တားဆီးမိရက်သားဖြစ်သွားစေသည်။ မြို့နယ်တစ်ခုနှင့် တစ်ခုကြားကုန်သွယ်မှု မပြုနိုင်အောင်တားဆီးခြင်းက ဈေးကွက်ကိုနောက်ထပ် စိတ်ပိုင်းခြင်းမျိုးပင်ဖြစ်ပြီး ဈေးသက်သာသောဒေသမှ ကုန်စည်များကို ပိုမိုဈေးကောင်းသောဒေသသို့တင်ပို့ရောင်းချခွင့်မရအောင် ပိတ်ပင်တားဆီးလိုက်ခြင်းပင်ဖြစ်သည်။ ထိုစနစ်၏နောက်ထပ်ပြဿနာရပ်တစ်ခုမှာ အသားထုတ်မွေးမြူရေးတိရစ္ဆာန်အရှင်ဈေးနှုန်းကို လျော့ကျသွားစေခြင်းဖြစ်သည်။ လက်ရှိစနစ်သည် တိရစ္ဆာန်အရှင်မွေးမြူသူများအတွက် ပြိုင်ဆိုင်မှုပြုစရာဈေးကွက်မရှိအောင် ဖန်တီးပေးထားသည်။ လိုင်စင်ပြဌာန်းချက်များတွင် ရောင်းချသူသည် 'အကျင့်စာရိတ္တကောင်းမွန်သူ' ဖြစ်ရမည့်အပြင် 'ဝယ်ယူသူများကို ကောင်းမွန်စွာဆက်ဆံရမည်' ဟုလည်း ပြဌာန်းထားသည်။[226] ထိုစံညွှန်းများနှင့်မပြည့်မီဟု သတ်မှတ်ယူဆခံရသူများ၏ လိုင်စင်ကို ပြန်လည်ရုတ်သိမ်းခွင့်ရှိသည်။ ထိုဝေါဟာရများ၏ အဓိပ္ပါယ်ဝေဝါးမှုကြောင့် ယင်းသည် လိုင်စင်ရရှိသူများဘက်မှကြည့်လျှင်မရေရာမှုများပင်ဖြစ်သည်။ အခြေခံကျကျဆိုရသော် လိုင်စင်စနစ်သည် ဝက်၊ အမဲနှင့် ဆိတ်သား ရောင်းချမှုများတွင် ဈေးကွက်ဆိုင်ရာဝိသေသအများအပြားကို ဖယ်ရှားပြစ်လိုက်ပြီး အစိုးရစီမံကိန်းစီးပွားရေးစနစ်နှင့်များစွာဆင်တူသောစနစ်မျိုးကို ဖန်တီးခြင်းသာဖြစ်သည်။ ယင်းစနစ်သည် ထုတ်လုပ်သူများအနေနှင့် မည်သည့်ဈေးနှုန်းကိုတင်ရ/ချရမည်၊ စားသုံးသူအနေနှင့် မည်သည့်ထုတ်ကုန်ကိုဝယ်ယူရမည်၊ ကုန်သည်များအနေနှင့်လည်း မည်သည့်နေရာသို့အသားတင်ပို့ရောင်းချရမည်စသည်တို့ကို ဆုံးဖြတ်ရာတွင်အခြေခံထားရသည့် ဈေးနှုန်းအပြောင်းအလဲဆိုင်ရာ အချက်ပြစနစ်များကိုဈေးကွက်အတွင်းမှ ဖယ်ရှားပစ်လိုက်လေသည်။

အချို့သော သားသတ်လိုင်စင်စနစ်များသည် ယခင်အစိုးရလက်ထက်ကအတိုင်းမပြောင်းမလဲရှိနေကြသော်လည်း အချို့သောနေရာများတွင်မူ ဒေသန္တရအဆင့်မူဝါဒချမှတ်သူများက လက်ရှိလိုင်စင်စနစ်၏ အားနည်းချက်များကိုဖယ်ရှားနိုင်စေရန် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိကြသည်။ ဥပမာတောင်ကြီးမြို့နယ်တွင် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အဆုံး၌ လေလံလိုင်စင်စနစ်ကို

[225] သက်ဆိုင်ရာ စည်ပင်သာယာနည်းဥပဒေ၊ စာ ၅၊ အမှတ် ၁၈။
[226] သက်ဆိုင်ရာ စည်ပင်သာယာနည်းဥပဒေ၊ စာ ၅၊ အမှတ် ၁၇။

ဖျက်သိမ်းခဲ့သည်။ အကြောင်းရင်းမှာ ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်က အသားဈေးနှုန်းများအဆမတန်ကြီးမြင့်နေသည်ကို ထောက်ပြပြီး ကန့်ကွက်သောကြောင့်ဖြစ်သည်။[227] လေလံကြေးအစား လိုင်စင်ရရှိသူများသည် အခကြေးငွေနှစ်မျိုးကို ပေးဆောင်ရန်လိုသည်။ (၁) စုစုပေါင်းအသားရောင်းရငွေ၏ ငါးရာခိုင်နှုန်းနှင့် (၂) တိရစ္ဆာန်တစ်ကောင်ချင်းစီအတွက်နှုန်းထား တစ်ခုကို စည်ပင်သာယာရေးအဖွဲ့သို့ပေးသွင်းရသည်။[228] သတ်ဖြတ်သောတိရစ္ဆာန်အကောင်ရေကို လက်တွေ့တိုင်းတာရန် ခက်ခဲသောကြောင့် စည်ပင်သာယာရေးအဖွဲ့သည် ခန့်မှန်းနှုန်းထားစနစ်ကို ကျင့်သုံးသည်။[229] စည်ပင်သာယာရေးအဖွဲ့သည် သားသတ်ရုံလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းကို ဆက်လက်တာဝန်ယူသော်လည်း သားမသတ်မီစစ်ဆေးခြင်းကိုမူ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနလက်အောက်ရှိ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ တာဝန်ယူဆောင်ရွက်သည်။ တိရစ္ဆာန်များကိုစစ်ဆေးရာတွင် တစ်ကောင်လျှင် စစ်ဆေးခ ၂၀၀ ကျပ် (၀.၁၆ ဒေါ်လာ) ကိုကောက်ခံသည်။[230] ကွင်းဆင်းလေ့လာခဲ့သော မြို့နယ်များအားလုံးတွင် အသားများ၏ဘေးကင်းလုံခြုံစိတ်ချရရေးကို တိမွေးကုဌာနနှင့် စည်ပင်သာယာရေးအဖွဲ့နှစ်ခုစလုံးကတာဝန်ယူဆောင်ရွက်သည့်စနစ်ကိုတွေ့ရှိခဲ့ရသည်။[231] တောင်ကြီးမြို့ကိုလေ့လာကြည့်ပါက လေလံလိုင်စင်စနစ်ကိုပြုပြင်ပြောင်းလဲခဲ့သော်လည်း အသားဈေးများသတ်မှတ်ခြင်းကိုမူ စည်ပင်သာယာရေးအဖွဲ့က တရားဝင်ဖြေလျှော့မှုမလုပ်ခဲ့ပေ။ လက်တွေ့တွင်မူ ယင်းကဏ္ဍ၌လည်း အပြောင်းအလဲများပြုလုပ်ထားသည်ကို တွေ့ရှိခဲ့ရသည် (လေလံလိုင်စင်စနစ်ကိုပြောင်းလဲရေးရည်ရွယ်ချက်အတွက်)။[232]

သက်ဆိုင်ရာကဏ္ဍရှိစီးပွားရေးလုပ်ငန်းများသည် လေလံလိုင်စင်စနစ်ကို ပြောင်းလဲလိုက်ပြီးနောက်ပိုင်းတွင် ပြိုင်ဆိုင်သူအသစ်များ ပေါ်ပေါက်လာပြီး လက်လီလက်ကားအသားဈေးများလည်း စတင်ကျဆင်းလာသည်ကို သတိပြုမိကြသည်ဟုဆိုသည်။ စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေလည်းကျဆင်းလာပြီး ယင်းအချက်သည်လက်ဝါးကြီးအုပ်မှု၏ အကျိုးအမြတ်များကျဆင်းလာခြင်းကို ညွှန်းဆိုသည်။[233] လေလံလိုင်စင်စနစ်ကိုဖယ်ရှားပြီးနောက်ပိုင်းတွင် အသားထုတ်မွေးမြူရေးတိရစ္ဆာန်များ၏ ဈေးနှုန်းလည်း စတင်မြင့်တက်လာခဲ့သည်။[234] တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက စနစ်သစ်ကြောင့် ယင်းကိုယ်တိုင်အသားစားဝက်များကိုမွေးမြူပြီး ကိုယ်တိုင်သားသတ်လုပ်ငန်းလုပ်ကာ ကိုယ်တိုင်ဈေးကွက်တွင်ရောင်းချရန် မက်လုံးများပိုမိုများပြားလာကြောင်းဆိုသည်။ ယင်းအပြောင်းအလဲသည် ယခင်ဥပဒေဟောင်းတွင် မဖြစ်ပွားနိုင်သော သက်ဆိုင်ရာထုတ်လုပ်မှုလုပ်ငန်းတစ်ခုအတွင်း ကုန်ကြမ်းထုတ်လုပ်မှု၊ ကုန်ချောပြောင်းမှုနှင့် ဈေးကွက်တင်မှုအားလုံးကိုပေါင်းစည်းဆောင်ရွက်ခြင်းအားဖြင့် အကျိုးအမြတ်ပိုမိုရရှိစေသော ဈေးကွက်တွင်းဒေါင်လိုက်ပေါင်းစည်းမှုဖြစ်စဉ်ကို အားပေးရာလည်းရောက်သည်။[235] နောက်ဆုံးအနေနှင့် လိုင်စင်ရရှိသူက လေလံလိုင်စင်စနစ်နောက်ဆုံးနှစ်တွင် လုပ်ငန်းအပေါ်မရေရာမှုများရှိခဲ့သော်လည်း ယခုအခါ မရေရာမှုများလျော့နည်းသွားပြီး အသားစားဝက်မွေးမြူထုတ်လုပ်ခြင်းကိုကိုယ်တိုင်ဆောင်ရွက်ရန် အခြေအနေကောင်းများလည်းပေါ်ပေါက်လာကြောင်းရှင်းပြခဲ့သည်။

အခြားသောမြို့နယ်များတွင်လည်း သားသတ်လိုင်စင်လေလံစနစ်ကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့သည်။ အခြားမြို့နယ်တစ်ခုတွင် လိုင်စင်ကြေးကိုကျပ်သန်းငါးဆယ် (ဒေါ်လာ ၃၉၀၃၂) နှုန်းသေသတ်မှတ်ထားသော်လည်း လိုင်စင်တစ်ခုထက်ပို၍ထုတ်ပေးနိုင်ပြီး ထိုလိုင်စင်ကြေးငွေကို လိုင်စင်ရသူများက အချိုးကျပေးဆောင်ရသည့်စနစ်ကို စတင်ပြောင်းလဲကျင့်သုံးလာခဲ့သည်။[236] သားသတ်လုပ်ငန်း လုပ်ကိုင်လိုသူတိုင်း လိုင်စင်လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များအားလုံးကို လိုင် စင်ချထားပေးသည်။ လိုင်စင်ရသူသည် ဝက်သားကိုဈေးများတွင်ရောင်းချနိုင်ပြီး မည်သည့်အသားတန်းတွင်ရောင်းချရမည်ကိုမူ ကံစမ်းမဲပုံစံမျိုးဖြင့် မဲနှိုက်ဆုံးဖြတ်စေသည်။[237] အသားတန်းများကို နှစ်စဉ်မဲဖောက်ပြီး ခွဲချယ်ပေးခြင်းကြောင့် လုပ်ငန်းရှင်များသည် မိမိ၏အသားတန်းကို ပိုမိုကောင်းမွန်အောင်ရင်းနှီးမြှုပ်နှံရန် မက်လုံးမရှိသလောက်ဖြစ်သွားစေသည်။ ထိုသားသတ်လိုင်စင်များတွင် နယ်မြေဖုံခွဲခြားသတ်မှတ်မှုများမပါဝင်ပဲ ကျေးလက်သားသတ်ရုံများအတွက် စည်ပင်သာယာရေးအဖွဲ့ကထုတ်ပေးသော လိုင်စင် များလည်းမရှိပါ။ ထို့ကြောင့်ကျေးလက်နေသူများသည် အသားကိုဈေးကြီးများတွင်လည်းကောင်း၊ တစ်ဆင့်ပြန်လည်ရောင်းချသူများ ထံမှလည်းကောင်း၊ ဝေးလံသောဒေသများတွင် ကိုယ်တိုင်သားသတ်ခြင်းဖြင့်လည်းကောင်း ဝယ်ယူ/ရရှိကြသည် (ထိုသို့ လိုင်စင်မရှိပဲသားသတ်ခြင်းသည် တရားမဝင်သော်လည်း စည်ပင်သာယာရေးအဖွဲ့ကခွင့်ပြုထားသည်)။[238]

---

[227] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၈၊ ဇူလိုင် ၂၀၊ ၂၀၁၅။ ပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀၊ ဇူလိုင် ၂၁၊ ၂၀၁၅။

[228] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀။

[229] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၈။

[230] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀။

[231] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၅။

[232] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၈။

[233] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀။

[234] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀။

[235] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၄၀။

[236] အစိုးရနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆၊ ဇူလိုင် ၁၄၊ ၂၀၁၅။

[237] စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆ နှင့် ၀၃၆၊ ဇူလိုင် ၁၇၊ ၂၀၁၅။

[238] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၆။

အလားတူစနစ်မျိုးကို အခြားမြို့နယ်များတွင်လည်းကျင့်သုံးနေကြသည်။ မြို့နယ်တစ်ခုတွင် မှတ်ပုံတင်ရှိသူမည်သူမဆို သားသတ်လိုင်စင်ကိုလျှောက်ထားနိုင်ပြီး လိုင်စင်ကြေးမှာ ပုံသေ ၅၀၀၀၀၀ ကျပ် (ဒေါ်လာ ၃၉၀.၃၂) ဖြစ်သည်။ အကယ်၍ တင်ဒါတစ်ခုထက်ပိုပြီးလက်ခံရရှိပါက ထိုနှုန်းထားကို အချိုးကျ ကျခံပေးသွင်းရသည်။[239] ထိုစနစ်သစ်ကို ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင်စတင်ကျင့်သုံးခဲ့ပြီး ယခင်လေလံလိုင်စင်စနစ်ကျင့်သုံးခဲ့စဉ်က လိုင်စင်ကြေးများသည် ကျပ်ငါးသန်းအထိမြင့်မားခဲ့ဖူးသည်။ လွန်ခဲ့သောသုံးနှစ်အတွင်း ဝက်နှင့်အမဲဈေးနှုန်းများ ဈေးတက်ခဲ့ခြင်းမရှိသော်လည်း အစိုးရကဈေးနှုန်းများကိုဆက်လက်သတ်မှတ်ထားသည်။[240] စည်ပင်သာယာရေးအဖွဲ့အရာရှိက လက်ရှိစနစ်တွင် အကျိုးကျေးဇူးများစွာရှိသည်ဟု ယူဆသည်။ ဒေသတွင်း လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်ခြင်း (မြို့နယ်ပြင်ပမှ လိုင်စင်ဝင်ဆွဲခြင်းကို ခွင့်မပြုပါ) နှင့် အသားဈေးကို တည်ငြိမ်အောင်ထိန်းထားနိုင်ခြင်း (အရာရှိများသည် အသားဈေးကိုသတ်မှတ်သူများဖြစ်သော်လည်း ဈေးပြိုင်လေလံစနစ်ကြောင့် အသားဈေးတက်ရသည်ဟု ယူဆကြသည်) စသည်တို့ဖြစ်သည်။[241]




***စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော အမဲသားဈေးကို ဈေးတစ်ခုတွင် ကြေညာထားပုံ***

အသားထုတ်ကုန်ဈေးကွက်ကိုစီမံအုပ်ချုပ်ရာတွင် စိတ်ဝင်စားစရာအချက်တစ်ချက်မှာ စည်းမျဉ်းစည်းကမ်း တင်းကြပ်မှုကြောင့်ပုံပျက်နေသော ဝက်၊ အမဲ၊ ဆိတ်သားဈေးကွက်နှင့် အခြားဈေးကွက်များထက်ပိုမိုလွတ်လပ်သော ကြက်၊ ငါးဈေးကွက်တို့ကြားရှိသိသာထင်ရှားသောကွဲပြားမှုပင်ဖြစ်သည်။

ကြက်သားနှင့် ငါးဈေးနှုန်းကို စည်ပင်သာယာရေးအဖွဲ့များက သတ်မှတ်ခြင်းမဟုတ်ပဲ ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်တွင်အခြေခံ၍ ဈေးကွက်မှသတ်မှတ်ခြင်းဖြစ်သည်။[242] ကြက်သားနှင့်ငါးလက်လီရောင်းချသူများသည် အခြားရောင်းချသူများနှင့်ပြိုင်ဆိုင်ရန်အတွက် ဈေးနှုန်းကိုစိတ်ကြိုက်သတ်မှတ်ပြီး မည်သည့်လက်ကားရောင်းချသူများထံမှ မဆိုဝယ်ယူနိုင်ကာ မည်သူ့ကိုမဆိုရောင်းချနိုင်သည်။ ဈေးပြိုင်လေလံစနစ်နှင့်ဖြစ်စေ၊ အလွတ်ဖြစ်စေအသားရောင်းချသူ မည်သူမဆို ကျန်းမာရေးနှင့်သန့်ရှင်းရေးကိစ္စရပ်များအတွက် စည်ပင်သာယာရေးအဖွဲ့များ၏ စစ်ဆေးမှုကိုခံယူရသည်။[243] လိုင်စင်ဈေးနှုန်းများမှာမူ များစွာကွဲပြားခြားနားသည်။ ထားဝယ်ရှိ ငါးလက်လီရောင်းချသူများသည် ဈေးတွင်ဆိုင်ခင်းရန်အတွက် အနည်းငယ်သောငွေပမာဏ (တစ်လ ၂၅၀၀ ကျပ် သို့မဟုတ် ဒေါ်လာ ၁.၉၅) ကိုသာပေးရန်လိုသည်။[244] ထိုဈေးတွင်ပင် ဝက်သားလက်လီရောင်းချသူများသည် နှစ်စဉ်ကြေးကျပ်သန်းငါးဆယ် (ဒေါ်လာ ၃၉၀၅၂) ကို မျှဝေပေးဆောင်ရသည်။

---

[239] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၂။

[240] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၂၅ နှင့် ၀၃၂။ မြစ်သာမြို့တွင် အသားလက်လီဈေးနှုန်းမှာ ခေတ်အစဉ်အဆက်သတ်မှတ်ဈေးနှုန်းအောက် နိမ့်ကျ လေ့ရှိသည်။ ယင်းကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့က ပြဿနာတစ်ခုအဖြစ်မယူဆပဲ ယင်းကဏ္ဍနှင့်ဆိုင်သော စည်ပင်နည်းဥပဒေများနှင့် ဆန့်ကျင်ခြင်းမရှိဟု ယူဆသည်။

[241] တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၂။

[242] ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၀၄၊ ဇူလိုင် ၇၊ ၂၀၁၅။

[243] ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၁၀၊ ဇူလိုင် ၈၊ ၂၀၁၅။

[244] ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၀၃၆၊ ဇူလိုင်၁၇၊ ၂၀၁၅။

သားသတ်လုပ်ငန်းများကို လေလံလိုင်စင်စနစ်ဖြင့်လုပ်ပိုင်ခွင့်ပေးခြင်းသည် စားသုံးသူများနှင့် ဝက်၊ အမဲနှင့် ဆိတ်သားထုတ်လုပ်သူများကို သွယ်ဝိုက်အခွန်ကောက်ခံခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံဒေသအများအပြားတွင် ထိုလိုင်စင်များမှရရှိသောဝင်ငွေသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကအကျဆုံးဝင်ငွေပင်ဖြစ်သည်။ ထိုစနစ်က သိသာထင်ရှားသော အောက်ပါမေးခွန်းကိုဖြစ်စေသည်။ ကျေးလက်ဒေသမှ ပြည်သူအများစုဖြစ်သော ဝက်၊ အမဲနှင့်ဆိတ်သားစားသုံးသူနှင့် ထုတ်လုပ်သူများသည် မြို့ပြဒေသများရှိ လမ်း၊ ရေနုတ်မြောင်းနှင့် အခြားအခြေခံလူမှုဝန်ဆောင်မှုများပေးရန်အတွက် အခွန်ပေးဆောင်နေရခြင်းမှာ သင့်လျော်ပါ၏လော ဟူသောမေးခွန်းဖြစ်သည်။ အလားတူပင် သတ်သတ်လွတ်စားသောက်သူများမှာမူ အခွန်ပေးဆောင်ရန်မလိုအပ်သော သဘောလည်းဖြစ်နေသည်။ လေလံလိုင်စင်များမှတစ်ဆင့်ကောက်ခံသော သွယ်ဝိုက်ခွန်များသည် ကြုံသလိုကောက်ခံသည့်သဘော ဆောင်နေသည့်အပြင် အခွန်ထမ်းနိုင်စွမ်းနိမ့်ပါးသူများကို အခွန်ဝန်ထုပ်ဝန်ပိုးပိုမိုထမ်းဆောင်စေသည့် Regressive ပုံစံမျိုးလည်းဖြစ်နေသည်။ ဝင်ငွေမြင့်မားလာသည်နှင့်အမျှ အသားများကိုပိုမိုစားသုံးလာကြသောကြောင့် အစားအသောက်အတွက်သုံးရသော အသုံးစရိတ်လည်းပိုမိုမြင့်တက်လာမည်ဖြစ်သည်။ သို့ရာတွင် ဝင်ငွေတွင် အစာအာဟာရအတွက် သုံးသောအသုံးစရိတ်အချိုးမှာမူ ကျဆင်းသွားမည်ဖြစ်သည်။ ထို့ကြောင့် အစားအစာဝယ်ယူသုံးစွဲမှုနှင့် သွယ်ဝိုက်ချိတ်ဆက်ထားသော အခွန်ကောက်ခံမှုပုံစံကြောင့် ဆင်းရဲသူများသည် ချမ်းသာသူများထက်ပိုပြီး ၎င်းတို့ဝင်ငွေမှ အခွန်ပေးဆောင်ရသည့်အချိုးအစားမြင့်မားနေမည်ဖြစ်သည်။

## ၄.၃ ကူးတို့လိုင်စင်

ကူးတို့လိုင်စင်များသည် လေလံလိုင်စင်စနစ်၏ အခြားအရေးပါသောပုံစံတစ်ခုပင်ဖြစ်သည်။ သားသတ်လိုင်စင်များနှင့် စနစ်ခြင်းတူညီသလို ကွဲပြားခြားနားမှုများလည်းရှိသည်။ ကူးတို့လိုင်စင်သည် ကူးတို့လိုအပ်ချက်ပေါ်မူတည်ပြီး ယင်းသည်လည်း ပထဝီအနေအထားနှင့် တံတားများရှိ/မရှိကဲ့သို့သော အခြားသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများပေါ်တွင် များစွာမှီတည်သည်။ ကွင်းဆင်းလေ့လာခဲ့သော ပြည်နယ်/တိုင်းဒေသကြီးတစ်ခုတွင်သာ ကူးတို့လိုင်စင်ကိုတွေ့ခဲ့ရသည်။ ထိုပြည်နယ်/တိုင်းဒေသကြီးတွင်ရှိသော ကူးတို့လိုင်စင်ပုံစံမှာ သားသတ်လိုင်စင်ပုံစံနှင့် ဆင်တူသည်။ ကူးတို့လိုင်စင်ကို သတ်မှတ်ဒေသတစ်ခုအတွက် လုပ်ငန်းရှင်တစ်ဦးတည်းကိုသာ သီးသန့်ပေးအပ်ပြီး စည်ပင်သာယာရေးအဖွဲ့ကသတ်မှတ်သောနှုန်းထားဖြင့် တစ်နှစ်စာသတ်မှတ်ပေးခြင်း ဖြစ်သည်။ ကြမ်းခင်းဈေးနှုန်းများမှာလည်း စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်ထားသောနှုန်းထားဖြစ်သည့် တစ်နှစ်လျှင် ၁၀% နှုန်းဖြင့် ပုံမှန်ဈေးတက်သွားသည်။ စည်ပင်သာယာရေးအဖွဲ့သည် ကူးတို့လုပ်ငန်းများကိုလည်းစစ်ဆေးမှုပြုပြီး များသောအားဖြင့် ရုံးနှင့်နီးသောမြို့ပြဒေသများတွင် ပိုမိုစစ်ဆေးမှုပြုနိုင်သည်။ ဝေးလံသောကျေးလက်ဒေသများတွင်မူ ပုံမှန်စစ်ဆေးမှုများ အမြဲမပြုလုပ်နိုင်ပါ။[245]

အခြားလေလံစနစ်များနှင့်မတူသောအချက်မှာ ကူးတို့လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံမှုများစွာဖြင့် စတင်တည်ထောင်ရခြင်းဖြစ်သည်။ လုပ်ငန်းရှင်သည် ကူးတို့သင်္ဘောများကိုဝယ်ယူရသည့်အပြင် အကယ်၍လိုအပ်ပါက ဆိပ်ခံတံတားများ၊ နားခိုဆောင်များကိုလည်း ဆောက်လုပ်ရသည်။[246] အကယ်၍လုပ်ငန်းရှင်သစ်ကလေလံအောင်သွားပါက လုပ်ငန်းရှင်ဟောင်းထံမှ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို နှစ်ဦးသဘောတူညှိနှိုင်းပြီး ဝယ်ယူရသည်။ သို့ရာတွင် လုပ်ငန်းရှင်အဟောင်းနှင့်အသစ်ကြား ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ လွှဲပြောင်းခြင်းနှင့်ပတ်သက်သည့် ငွေလုံးငွေရင်း ပြဌာန်းချက်များမပါဝင်သဖြင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းရှင်အနေနှင့် စိုးရိမ်မှုများကိုဖြစ်ပေါ်စေသည်။[247] အကယ်၍လုပ်ငန်းရှင်ဟောင်းနှင့် လုပ်ငန်းရှင်အသစ်ကြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများလွှဲပြောင်းခြင်းနှင့်ပတ်သက်ပြီးသဘောတူညီမှုမရပါက လုပ်ငန်းရှင်ဟောင်းသည် မိမိ၏ရင်းနှီးမြှုပ်နှံမှုပစ္စည်းများကို ပြန်လည်ဖြုတ်သိမ်းခွင့်ရှိသည်။[248] ကူးတို့လိုင်စင်လုပ်ကိုင်သောလုပ်ငန်းရှင်များသည် ၎င်းတို့ရင်းနှီးမြှုပ်နှံမှုများ၏မလုံခြုံမှုကို သိရှိနားလည်လာကြပြီး ထိုမလုံခြုံမှုကိုလျှော့ချနိုင်ရန်အတွက် စတင်လုပ်ဆောင်လာကြသည်။ ဥပမာတစ်ခုအနေနှင့် လိုင်စင်ရရှိထားသူတစ်ဦးသည် ကူးတို့လမ်းကြောင်းအဆုံးတွင် အဆောက်အဦးတစ်ခုကိုတည်ဆောက်သည်။ ထို့နောက် ကျသင့်ငွေလက်ခံဖြတ်ပိုင်းများကို စည်ပင်သာယာရေးအဖွဲ့များသို့တင်ပြခဲ့သည်။ သို့ရာတွင် ထိုကုန်ကျငွေများ ပြန်လည်ရရှိမည် သို့မဟုတ် ကာမိစေအောင် ဆောင်ရွက်ပေးမည်ဟူသော တရားဝင်ကတိကဝတ်တစ်ခုမှမရှိပါ။[249]

ကူးတို့လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုအလွန်ကြီးမားသောအချက်ကြောင့် လက်ရှိလေလံလိုင်စင်စနစ်၏ နောက်ထပ်အားနည်းချက်တစ်ခုကိုဖြစ်စေသည်။ နေရာတိုင်းလိုလိုတွင်ကျင့်သုံးသော လိုင်စင်သက်တမ်းတစ်နှစ်ဟူသောစနစ်ကြောင့် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံလိုမှုများအားနည်းသွားပြီး ရေရှည်တည်တံ့သော အဆောက်အဦးများမဆောက်လုပ်ဖြစ်တော့ပါ။ လိုင်စင်သက်တမ်း တစ်နှစ်ဖြစ်ခြင်းနှင့် လိုင်စင်ကြေးမှာ စည်ပင်သာယာရေးအဖွဲ့ကသတ်မှတ်သော နှုန်းထားအသေဖြစ်သောကြောင့် (သီးခြားသတ် မှတ်ပြဌာန်းခြင်းမရှိပါက) အခြေခံအဆောက်အဦရင်းနှီးမြှုပ်နှံမှု ကြီးကြီးမားမားပြုခြင်းမရှိတော့ပေ။ အကယ်၍

[245] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၇။

[246] ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၂၊ ဇူလိုင် ၈၊ ၂၀၁၅။

[247] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၂။

[248] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၂။

[249] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၁၂။

စည်ပင်သာယာရေးအဖွဲ့က လိုင်စင်သက်တမ်းငါးနှစ်သတ်မှတ်လိုက်ပါက လုပ်ငန်းပုံစံကို မည်သို့ပြောင်းလဲမည်နည်းဟု မေးမြန်းသောအခါတွင် ၎င်းကလက်ရှိယိုယွင်းပျက်ဆီးနေပြီဖြစ်သော သစ်သားဆိုင်ခုံတံတားအစား ကွန်ကရစ်ဆိုင်ခုံတံတားသစ်ကို ဆောက်လုပ်မည်ဟု ပြောကြားခဲ့သည်။[250] တစ်နှစ်လိုင်စင်သက်တမ်းသည် စီးပွားရေးလုပ်ငန်းရှင်များအား ရေတိုစဉ်းစားမှုများသာ ပြုလုပ်ရန် ဖန်တီးပေးနေပြီး ပုဂ္ဂလိကအခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများကိုလည်း မက်လုံးပေးမြှင့်တင်နိုင်ခြင်းမရှိပါ။

## ၄.၄ အခြားသောလေလံလိုင်စင်အမျိုးအစားများ

စည်ပင်သာယာရေးအဖွဲ့က ထုတ်ပေးနိုင်သော အခြားသောလေလံလိုင်စင်အမျိုးအစားများလည်းရှိသေးသည်။ သို့ရာတွင် ယင်းတို့၏ သဘောသဘာဝများမှာ မတူညီပါ။ ယင်းသို့သောလိုင်စင်နှစ်မျိုးမှာ အပေါင်ဆိုင်လိုင်စင်နှင့် ကွဲ့ခွာဈေးဖွင့်ခွင့်လိုင်စင်ဖြစ်ပါသည်။ ယင်းလိုင်စင်များသည် ပုဂ္ဂလိကကဏ္ဍက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများပင်ဖြစ်ပြီး လိုင်စင်စနစ်ကြောင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်များသို့ အသစ်ဝင်ရောက်လုပ်ကိုင်လိုသူများကို ကန့်သတ်ထားသလိုဖြစ်ပြီး ဒေသအလိုက်လက်ဝါးကြီးအုပ်ခွင့်ကို ဖန်တီးပေးသလိုဖြစ်စေသည်။ ယင်းသည် သားသတ်လိုင်စင်နှင့် ကူးတို့လိုင်စင်များကဲ့သို့တန်ဖိုးကြီးသော လိုင်စင်များကိုဖန်တီးပေးလိုက်သည်။ လက်ဝါးကြီးအုပ်မှုကြောင့်ဖြစ်လာသော စီးပွားရေးအကျိုးအမြတ်တစ်စိတ်တစ်ပိုင်းကို လိုင်စင်ကြေးအဖြစ် အစိုးရက ရယူခြင်းဖြစ်သည်။ သားသတ်ရုံများကဲ့သို့ပင် အပေါင်ဆိုင်များသည်လည်း သတ်မှတ်ဒေသအတွင်း စည်ပင်သာယာရေးအဖွဲ့က ကန့်သတ်ထားသော လိုင်စင်စနစ်အရ လက်ဝါးကြီးအုပ်မှုကိုရရှိသည်။ စည်ပင်သာယာရေးအဖွဲ့ ဘတ်ဂျက်အတွင်း၌ ကွဲ့ခွာဈေးလိုင်စင်ကြေးကို ထည့်သွင်းထားသော်လည်း ကွင်းဆင်းလေ့လာမှုပြုခဲ့သော မြို့နယ်များအားလုံးတွင် တွေ့ရှိရခြင်းမရှိပါ။

အခြားသော လေလံလိုင်စင်အမျိုးအစားအများအပြားသည် နိုင်ငံတော်ကိုယ်စား အခွန်အခများကောက်ယူခြင်းလုပ်ငန်းအတွက် ကန်ထရိုက်အခွဲပြန်ပေးသည့် ပုံစံဖြစ်သည်။ ဥပမာအားဖြင့် ဈေးဆိုင်ခန်းများမှ ကောက်ယူရမည့်အခွန်ကို စည်ပင်သာယာရေးအဖွဲ့များက ကိုယ်တိုင်ကောက်ယူခြင်းမရှိပဲ ကန်ထရိုက်အခွဲပြန်ချပေးသည့်ပုံစံမျိုးကို အချို့သောမြို့နယ်များတွင် တွေ့ရသည်။ ယင်းအမျိုးအစားလေလံလိုင်စင်များမှာ ဘီးခွန်ကောက်ယူခြင်း၊ အများပြည်သူသုံးအိမ်သာနှင့် ရေအိမ်ခများကောက်ခံခြင်း၊ ဈေးကောက် ကောက်ခံခြင်း စသည်တို့ဖြစ်သည်။ သို့ရာတွင် ထိုလိုင်စင်များသည် စည်ပင်သာယာရေးအဖွဲ့၏ဝင်ငွေများကို တိုးတက်များပြားလာအောင် ဆောင်ရွက်ပေးနိုင်ခြင်းတော့ မရှိပေ။ စုစုပေါင်းကောက်ခံရရှိငွေမှ အချိုးအစားတစ်ခုသတ်မှတ်ပြီး လိုင်စင်ရယူသူက ပေးဆောင်ရခြင်းမျိုးမဟုတ်ပဲ သတ်မှတ်နှုန်းထားတစ်ခုကို အသေသတ်မှတ်ပြီးကောက်ခံခြင်းဖြစ်သည်။ လိုင်စင်ကြေးနှုတ်ပြီး ကောက်ခံရရှိငွေများအားလုံးကို လုပ်ငန်းရှင်ကရယူသည်။ ထို့ကြောင့် အချို့သောနေရာများတွင် စည်ပင်သာယာရေးအဖွဲ့က အမှန်ဝင်ငွေ၏ အများစုကိုရရှိပြီး အချို့နေရာများတွင်မူ အနည်းစုကိုသာရရှိခြင်းမျိုးကိုလည်း တွေ့ရသည်။ နေရာအနည်းငယ်တွင်မူ စည်ပင်သာယာရေးအဖွဲ့ကိုယ်တိုင် အခွန်အခကောက်ခံ၍ အကျိုးမဖြစ်တော့သောကြောင့် လေလံလိုင်စင်ဖြင့်ဆောင်ရွက်စေခြင်းမျိုးကိုလည်းတွေ့ရသည်။ ဥပမာတစ်ခုမှာ သေးငယ်သောဒေသတစ်ခုမှ ဘီးခွန်ကောက်ခံခြင်းလုပ်ငန်းဖြစ်သည်။[251] ပုဂ္ဂလိကလုပ်ငန်းရှင်မှာမူ လုပ်ငန်းအရွယ်အစားသေးငယ်ပြီး အလုပ်သမားခသက်သာသဖြင့် ကောက်ခံသည့်လုပ်ငန်းကို စီးပွားဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ သို့ရာတွင် စည်ပင်သာယာရေးအဖွဲ့များကိုယ်တိုင်ကောက်ခံပြီး အကျိုးအမြတ်ရရှိနိုင်သည့်တိုင်အောင် အခွန်အခကောက်ခံခြင်းလုပ်ငန်း အများအပြားကို စည်ပင်သာယာရေးအဖွဲ့များက လေလံပစ်လေ့ရှိသည်။

လေလံလိုင်စင် နောက်ဆုံးအမျိုးအစားတစ်ခုမှာ သတ်မှတ်ထားသော အစိုးရထိန်းချုပ်ထားရာ နေရာဒေသတစ်ခုတွင် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပိုင်ခွင့်ကို သီးသန့်ချထားပေးသော လိုင်စင်အမျိုးအစားဖြစ်သည်။ ထိုအမျိုးအစားတွင် အကျုံးဝင်သော လုပ်ငန်းအမျိုးအစားမှာ အထက်တွင်ဖော်ပြထားခြင်းမရှိသေးသော ဈေးယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းဖြစ်သည်။ ယင်းလိုင်စင်အမျိုးအစားအရ ယာဉ်မောင်းသူသည် သတ်မှတ်ယာဉ်ရပ်နားစခန်းတွင် ရပ်လိုပါက အဖိုးအခပေးရန်လိုပြီး အခြားနေရာများတွင် အခမဲ့ရပ်နားနိုင်သည်။ အခပေးပြီးရပ်နားသူသည် ဝန်ဆောင်မှုအနေနှင့် ယာဉ်၏လုံခြုံရေးကို ယာဉ်ရပ်နားကွင်းမှ တာဝန်ယူမှုကို ပြန်လည်ရရှိခံစားရသည်။

## ၄.၅ ဈေးပြိုင်လေလံများနှင့်ပတ်သက်သည့် နမူနာဖြစ်ရပ်လေ့လာမှုများ

ဒေသန္တရအဆင့်အစိုးရများအတွက် ဝင်ငွေရရာရကြောင်း အဓိကအရင်းအမြစ်သည် ဈေးပြိုင်လေလံကြေးများဖြစ်သည်။ သို့ရာတွင် ထိုစနစ်သည်ထိရောက်မှုအားနည်းသည့်အပြင် လိုင်စင်ရလုပ်ငန်းရှင်များက အကျိုးအမြတ်၏အများစုကို ရယူသွားခြင်းမျိုးလည်းရှိသည်။ ကွင်းဆင်းလေ့လာမှုအတွင်း လေလံလိုင်စင်စနစ်၏ ဘဏ္ဍာရေးဆိုင်ရာအသေးစိတ်အချက်အလက်များကိုသိရှိနိုင်ရန်အတွက် ဖြစ်ရပ်လေ့လာမှု သုံးခုကိုလည်းသီးခြားပြုလုပ်ခဲ့ပါသည်။ ထိုဖြစ်ရပ်လေ့လာမှုများကို အကန့်အသတ်ဖြင့်ဆောင်ရွက်သော သတင်းအချက်အလက်စုဆောင်းမှုနှင့် လိုင်စင်ရလုပ်ငန်း၏ ဝင်ငွေနှင့်အသုံးစရိတ်များအခြေအနေကို သိနားလည်မှုများအပေါ်

[250] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၂၊

[251] တွေ့ဆုံမေးမြန်းမှုအမှတ် ၁၀၇၊

အခြေခံ၍ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုလေ့လာမှုများမှနေ၍ ပေါ်ထွက်လာသောအချက်မှာ လေလံလိုင်စင်စနစ်သည် စုစုပေါင်း ရနိုင်သောဝင်ငွေ၏ အချိုးအစားအနည်းငယ်ကိုသာ ရရှိလေ့ရှိသည်ဟူသော အချက်ပင်ဖြစ်သည်။

### ၄.၅.၁ ဖြစ်ရပ်လေ့လာမှု- ၁။ ဈေးကောက် ကောက်ခံခွင့်လိုင်စင်

ဈေးကောက်လိုင်စင်ကို လေလံပစ်ရာမှရသောငွေသည် အချို့သော စည်ပင်သာယာရေးအဖွဲ့များအတွက် အရေးကြီးသော ဝင်ငွေ အရင်းအမြစ်တစ်ခုဖြစ်သည်။ လိုင်စင်ရရှိသူသည် ဈေးအတွင်းရှိ (သီးသန့်ဆိုင်ခန်းများမဟုတ်သော) နေရာလွတ်များတွင်ရောင်းချ သောဈေးသည်များ၏ ဈေးဖန်းများကိုအခွန်ကောက်ခံခွင့်ရရှိသည်။ လေ့လာခဲ့သော မြို့နယ်တစ်ခုတွင် ဈေးကောက်မှာ တစ်စတုရန်းမီတာခန့်ရှိသော ဈေးဖန်းတစ်နေရာအတွက် တစ်ရက်လျှင် ၅၀၀ ကျပ် (၀.၃၉ ဒေါ်လာ) ဖြစ်သည်။ ထူးဆန်းသော အချက်မှာ ဖန်းခင်းရောင်းသောဈေးသည်များပေးရသည့် ဈေးကောက်သည် ဆိုင်ခန်းဖြင့် အတည်တကျရောင်းသော ဈေးသည်များပေးရသည့် နှုန်းထားထက်ပိုမိုနေသည်။ ခေါင်းရွက်ဗျက်ထိုးဈေးသည်များအတွက် ဈေးကောက်ပမာဏမှာ မများလှ သော်လည်း လေ့လာခဲ့သောနေ့တွင် ဈေးဖန်းပေါင်း ၃၂၃ ဖန်းရှိသဖြင့် ဈေးကောက်လိုင်စင်ရယူထားသူသည် တစ်ရက် လျှင်ခန့်မှန်းခြေ ၂၇၉၈၅၀ ကျပ် (ဒေါ်လာ ၂၁၈.၄၆) ကောက်ခံရရှိသည်။ နှစ်တစ်နှစ်တွင် ဈေးဖွင့်ရက်ခန့်မှန်းခြေ ၂၉၂ ရှိသဖြင့် လိုင်စင်ရရှိသူကောက်ခံရရှိနိုင်သည့် တစ်နှစ်စာဝင်ငွေမှာ ၈၁.၇ သန်းကျပ် (ဒေါ်လာ ၆၃၇၉၀) ဖြစ်သည်။ ဈေးကောက်ဆောင် ရွက်ရန်အတွက်ကုန်ကျသောငွေမှာလည်း မများပြားလှပဲ အလုပ်သမားခနှင့်အသေးအဖွဲ ကုန်ကျစရိတ်များသာရှိသည်။ ထိုခန့်မှန်း တွက်ချက်ထားသောဝင်ငွေထဲမှ လိုင်စင်ကြေးပုံစံဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ရရှိငွေမှာ ၆၂.၇ သန်း (ဒေါ်လာ ၄၈၉၄၆) ဖြစ်သည်။ လိုင်စင်ခံစီးပွားရေးလုပ်ငန်းရှင်ကရရှိသောအမြတ်ငွေမှာ ၁၆.၉၇ သန်း (ဒေါ်လာ ၁၃၂၄၉) ဖြစ်သဖြင့် မနည်းလှသော ပမာဏပင်ဖြစ်သည် (အသေးစိတ်များကို နောက်ဆက်တွဲ- ၃ တွင်ကြည့်ပါ)။

### ၄.၅.၂ ဖြစ်ရပ်လေ့လာမှု- ၂။ ကူးတို့လိုင်စင်

ကူးတို့လိုင်စင်ဆောင်ရွက်သော လုပ်ငန်းအရွယ်အစားအမျိုးမျိုးရှိသည်။ အသေးဆုံးအဆင့်တွင် လူတစ်ဦး၊ သစ်သားလှေတစ်စင်းဖြင့် ကြိုကြားကြိုကြားလာသော ခရီးသည်များကိုပို့ဆောင်သော လုပ်ငန်းမှအစ တစ်ရက်လျှင် လူဦးရေထောင်ဂဏန်းအထိ သယ်ယူ ပို့ဆောင်ပေးနေသော လုပ်ငန်းကြီးအထိ အရွယ်အစားအမျိုးမျိုးရှိသည်။ ယခုလေ့လာခဲ့သော ကူးတို့လုပ်ငန်းမှာမူ အခြား လုပ်ငန်းများနှင့်ယှဉ်လျှင် လှေများ၏တန်ဖိုး၊ အခြေခံအဆောက်အဦများနှင့် ဝန်ထမ်းစရိတ်စသဖြင့် စရိတ်ကြီးမားသော လုပ်ငန်းကြီးဖြစ်သည်။ ထိုကူးတို့လုပ်ငန်းသည် လေ့လာခဲ့သောနေ့တွင်ခရီးသည် စုစုပေါင်း ၅၉၀၀ (တစ်ဦးလျှင် ၅၀ ကျပ်နှုန်း)၊ မော်တော်ဆိုင်ကယ် ၆၇၈ စီး (တစ်စီးလျှင် ၃၅၀ ကျပ်)၊ စက်ဘီး ၈၈၆ စီး (တစ်စီးလျှင် ၅၀ ကျပ်) ကိုသယ်ယူပို့ဆောင်ပေးခဲ့သည်။ ထိုနှုန်းထားများနှင့် ညအချိန်တွင် ကူးတို့ခတိုးမြှင့်ကောက်ခံမှုများကိုပါ ထည့်သွင်းတွက်ချက်ပါက ထိုကူးတို့လုပ်ငန်း၏ တစ်ရက်ဝင်ငွေမှာ ၆၅၈၂၀၀၀ ကျပ် (ဒေါ်လာ ၅၁၃.၈၁) ဖြစ်သည်။ တစ်နှစ်လျှင် ခန့်မှန်းဝင်ငွေ ကျပ်သန်း ၂၄၀ (ဒေါ်လာ ၁၈၇၅၄၃) ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျစရိတ်လည်းအမျိုးမျိုးရှိသည်။ ဆိပ်ခံတံတားကြေး၊ အလုပ်သမားခ၊ လောင်စာဆီနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စရိတ်များနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်တို့ဖြစ်သည်။ တစ်နှစ်စာတွက်ချက်ပါက စုစုပေါင်းကုန်ကျစရိတ်သည် ခန့်မှန်းခြေ ကျပ် ၆၈ သန်း (ဒေါ်လာ ၅၄၁၄၂) ရှိသည်။

သို့ရာတွင် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားခြင်းကြောင့် ထိုလုပ်ငန်းလိုင်စင်လေလံတွင် ယှဉ်ပြိုင်သူနည်းပါးသည်။ ယှဉ်ပြိုင်မှုနည်းပါး ခြင်းကြောင့် လိုင်စင်ရသူသည် အကျိုးအမြတ်ဝေစုအတော်များများကို ရယူနိုင်သည်။ ဖြစ်ရပ်လေ့လာမှုများမှရသော အထောက် အထားများကလည်း ထိုမှန်းဆချက်ကိုထောက်ခံသည်။ စည်ပင်သာယာရေးအဖွဲ့သည် ကူးတို့လုပ်ငန်းမှရသော အမြတ်၏ ၅၀ ရာခိုင်နှုန်းအောက်ကိုသာ လိုင်စင်ကြေးအဖြစ်ရရှိသည်။ နှစ်စဉ်လိုင်စင်ကြေးမှာ ကျပ် ၇၅ သန်း (ဒေါ်လာ ၅၈၅၄၈) ဖြစ်သည်။ ကုမ္ပဏီ၏အမြတ်မှာကျပ် ၉၇.၂ သန်း (ဒေါ်လာ ၇၅၈၈၅၃) ဖြစ်သည်။ ဤဖြစ်ရပ်လေ့လာမှုမှနေ၍ လိုင်စင်ရယူထားသော လက်ဝါးကြီးအုပ်စီးပွားရေးလုပ်ငန်းများသည် လက်ဝါးကြီးအုပ်မှုမှ အကျိုးအမြတ်အများဆုံးရယူပြီး အမြတ်အစွန်းလည်းကြီးမား သည် (အသေးစိတ်တွက်ချက်မှုများကို နောက်ဆက်တွဲ- ၃ တွင်ရှု)။

### ၄.၅.၃ ဖြစ်ရပ်လေ့လာမှု- ၃။ ဈေးအိမ်သာကြေးကောက်ခံမှုလိုင်စင်

လေ့လာခဲ့သော လိုင်စင်များအနက် ဈေးနှုန်းအနည်းဆုံးဖြစ်သော်လည်း ဈေးအိမ်သာလိုင်စင်စနစ်သည် လိုင်စင်စနစ်ကြီးတစ်ခုလုံး၏ အဓိကအကျဆုံးပြဿနာကြီးကို မီးမောင်းထိုးပြနိုင်သည်။ လေ့လာခဲ့သောဖြစ်ရပ်တွင် စည်ပင်သာယာရေးအဖွဲ့ကအိမ်သာနှင့် အခြားလိုအပ်ချက်များကို တည်ဆောက်ပြီး လိုင်စင်ဖြင့်လုပ်ပိုင်ခွင့်ပေးခြင်းဖြစ်သည်။ လိုင်စင်ရသူတွင် လုပ်ငန်းလည်ပတ်မှုကုန်ကျ စရိတ်အနည်းငယ်ရှိသည်။ ဝန်ထမ်းစရိတ်၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးကုန်ကျစရိတ်အနည်းငယ်ရှိသည်။ အိမ်သာဝင်ကြေးမှာ ၁၀၀ ကျပ် (ဒေါ်လာ ၀.၀၈) ဖြစ်သော်လည်း အိမ်သာလိုင်စင်မှ ရရှိသောလိုင်စင်ကြေးမှာ ကြီးမားသောပမာဏ ဖြစ်သည်။ ခန့်မှန်းနှစ်စဉ်ဝင်ငွေ ကျပ် ၁၂.၆ သန်း (ဒေါ်လာ ၉၈၄၇) ရှိသောလုပ်ငန်းမှ နှစ်စဉ်လိုင်စင်ကြေးပေးငွေ ကျပ် ၂.၅ သန်း (ဒေါ်လာ ၁၉၅၁) သာရှိသည်။ ထိုလုပ်ပိုင်ခွင့်မှရရှိသော ကျပ် ၇.၈၆ သန်း (ဒေါ်လာ ၆၁၃၇) မှာ လိုင်စင်ရရှိသူ၏ အကျိုးအမြတ် ဖြစ်သည်။

### ၄.၆ လေလံလိုင်စင်စနစ်၏ ပြဿနာရပ်များ

လေလံလိုင်စင်စနစ်သည် အစိုးရကောက်ခံရရှိမည့်အခွန်ဝင်ငွေများကို လျော့ပါးစေခြင်း၊ စီးပွားရေးလုပ်ငန်းများမှ အမှန်တကယ်ရရှိမည့် အကျိုးအမြတ်များကိုလျော့နည်းစေခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို အားမပေးခြင်းနှင့် တသမတ်တည်းမရှိပဲ ထိရောက်မှုလည်းမရှိသောနည်းလမ်းများဖြင့် အစိုးရအခွန်ငွေများကို ကောက်ခံခြင်းများကို ဖြစ်ပေါ်စေသော စနစ်ဖြစ်သည်။ ထိုစနစ်၏ အဓိကစိန်ခေါ်မှုများမှာ အောက်ပါတို့ဖြစ်သည်။

- **တလုံးတရင်းတည်းကြိုတင်ပေးဆောင်ရသော လိုင်စင်ကြေး** - ယင်းအချက်ကြောင့်ပြိုင်ဆိုင်မှုများကိုလျော့ကျစေပြီး အထူးသဖြင့် လုပ်ငန်းလည်ပတ်ရန်ကျွမ်းကျင်မှုအထူးတလည်မလိုအပ်သော တန်ကြေးမမြင့်သည့် လိုင်စင်အမျိုးအစားများတွင် ပြိုင်ဆိုင်မှုများကို လျော့ပါးစေသည်။ လက်ရှိစနစ်သည် လိုင်စင်ကြေးအလုံးအရင်းပေးချေနိုင်သော စီးပွားရေးလုပ်ငန်းများကိုမျက်နှာသာပေးရာရောက်သည်။ ဤစနစ်သည် ချေးငွေရရှိရန်ခက်ခဲစေပြီး ပြိုင်ဆိုင်မှုများကို လျော့ကျစေရုံသာမက သေးငယ်သော စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်များကိုပါ ထိခိုက်စေသည်။
- **အချို့သောလိုင်စင်များအတွက် အစိုးရကဈေးနှုန်းအသေသတ်မှတ်သောစနစ်** - လေလံပွဲမကျင်းပမီ ဈေးနှုန်းများကို ကြိုတင်ထုတ်ပြန်လေ့ရှိသော်လည်း ယင်းဈေးနှုန်းများကို အုပ်ချုပ်ရေးကဏ္ဍကသတ်မှတ်ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုကုန်ကျစရိတ်နှင့် အပြည့်အဝဆက်စပ်ခြင်းမရှိပါ။ ထို့ပြင် လိုင်စင်ရရှိသူများမည်ရွေ့မည်မျှ အကျိုးအမြတ်ရရှိသည်ကို အစိုးရက လေ့လာသုံးသပ်လေ့မရှိပါ။ ထို့အပြင်ကြမ်းခင်းဈေးများသတ်မှတ်ရာတွင်လည်း လိုအပ်သောသတင်းအချက်အလက်များကို စုဆောင်ထားခြင်းမရှိပဲ ကြုံသလိုသတ်မှတ်ခြင်းဖြစ်သည်။
- **မြို့နယ်အဆင့်တွင်လိုင်စင်ပေးခြင်း** - ထိုအချက်ကြောင့် ပိုမိုအရွယ်အစားကြီးမားပြီး ပိုမိုထိရောက်ကာ ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုများကို ပိုမိုဈေးသက်သာစွာဆောင်ရွက်နိုင်သောလုပ်ငန်းများမဝင်ရောက်လာနိုင်အောင် တားဆီး ထားသည့်အဓိပ္ပါယ်ဖြစ်နေသည်။ ပြိုင်ဆိုင်မှုရှိသော ဈေးကွက်တွင် ထိရောက်စွာထုတ်လုပ်နိုင်မှုကိုပြိုင်ဆိုင်ရသောကြောင့် စားသုံးသူများဈေးသက်သာစွာနှင့် ခံစားရစေသည်။ ထိုအချက်သည် သားသတ်လုပ်ငန်းများအတွက်အထူးဆီလျော်သည်။
- **လိုင်စင်သက်တမ်းတစ်နှစ်သတ်မှတ်ထားခြင်း** - ယင်းသည် ရင်းနှီးမြှုပ်နှံမှုကိုအားမပေးသည့်အပြင် လိုင်စင်ရသူအတွက် မရေရာမှုများကိုလည်းဖန်တီးပေးသည်။ လိုင်စင်များကို တစ်နှစ်ထက်ပို၍ သက်တမ်းသတ်မှတ်ရန်ဖြစ်နိုင်ကြောင်း စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတစ်ဦးကဆိုသည်။[252] ယခင်က သက်တမ်းပိုရှည်သောလိုင်စင်များကိုချထားပေးဖူးသော်လည်း အချို့သောပြည်နယ်/တိုင်းဒေသကြီးအစိုးများသည် လိုင်စင်သက်တမ်းတစ်နှစ်သို့ပြောင်းရန် ဖိအားပေးကြသည်ဟု ယင်းအရာရှိကဆိုသည်။[253] စည်ပင်သာယာရေးအဖွဲ့အရာရှိက လိုင်စင်သက်တမ်းရှည်ပါက ပြည်သူလူထုကလည်း မကောင်းမြင်လာနိုင်သည်ဟုဆိုသည်။[254]
- **ဟန်ဆောင်လေလံဆွဲခြင်းများ** - ယင်းသည်လုပ်ရိုးလုပ်စဉ်တစ်ခုလိုဖြစ်နေပြီး အစိုးရအနေနှင့် ဟန့်တားရန် သို့မဟုတ် ထောက်လှမ်းဖော်ထုတ်ရန်ခက်ခဲသည်။ ထို့အပြင်ထိုလုပ်ရပ်များကို ဒဏ်တပ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများလည်း ဆောင်ရွက်လေ့မရှိသဖြင့် ထိုသို့ဆောင်ရွက်လိုသော လုပ်ငန်းရှင်များကို ထိထိရောက်ရောက်ဟန့်တားနိုင်သောစနစ်များလည်းမရှိပေ။ တွေ့ဆုံမေးမြန်းခဲ့သူတစ်ဦးက လေလံဆွဲသူများသည် လေလံအောင်လိုသောကြောင့်မဟုတ်ပဲ အခြားလေလံပြိုင်သူများက ဝင်မပြိုင်လျှင်ဘယ်ရွေ့ဘယ်မျှပေးကမ်းမည်ဟူသော လာဘ်ထိုးငွေများကိုရလိုသောကြောင့် လေလံပွဲသို့ဝင်လာကြခြင်းမျိုးလည်းရှိတတ်သည်ဟု ဆိုသည်။ ထိုသူက ထိုအလေ့အထသည် စိတ်ပျက်ဒေါသထွက်စရာကောင်းပြီးသူ့အနေနှင့် ငွေကုန်ခံရလေ့ရှိကြောင်းလည်းဆိုသည်။[255]
- **အမှန်တကယ်လိုအပ်သော အခြေခံအဆောက်အဦရင်းနှီးမြှုပ်နှံမှုများကို အားမပေးခြင်း-** ထိုစနစ်သည် အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးအတွက် မက်လုံးကိုလမ်းလွဲစေသည်။ ဥပမာ ကူးတို့လေလံလိုင်စင်ကြေးကရသောဝင်ငွေမှာ ပမာဏများသောကြောင့် တံတားဆောက်လုပ်မှုကို စည်ပင်သာယာရေးအဖွဲ့က ခွင့်မပြုလိုခြင်းမျိုးကို ဖြစ်စေသည်။

[252] တွေ့ဆုံမေးမြန်းမှုအမှတ် ၇၁၅။

[253] တွေ့ဆုံမေးမြန်းမှုအမှတ် ၇၁၅။

[254] တွေ့ဆုံမေးမြန်းမှုအမှတ် ၇၁၅။

[255] တွေ့ဆုံမေးမြန်းမှုအမှတ် ၇၁၂။ ထိုသို့ ပူးပေါင်းကြံစည်ပြီးလေလံအောင်အောင်လုပ်ခြင်းများကို တားဆီးနိုင်ရန်အတွက် ကံစမ်းမဲသဘောဖြင့် လေလံအောင်မည့်သူကိုရွေးချယ်သည့်စနစ်ကိုလည်း ကျင့်သုံးခဲ့သည်။ ကံစမ်းမဲစနစ်ကြောင့် လေလံဈေးတိုးမြှင့်ပေးလိုသည့်မက်လုံးများကို ဖျက်ဆီး လိုက်သလိုဖြစ်ပြီး လိုင်စင်ကြေးပမာဏအများအပြားကိုဆုံးရှုံးရကြောင်း အဆိုပါအရာရှိကရှင်းပြသည်။ တွေ့ဆုံမေးမြန်းမှုအမှတ် ၇၁၄။

## အပိုင်း ငါး - အဓိကအကြံပြုချက်များ

လက်တွေ့ခံစားရမည့် စီးပွားရေးကဏ္ဍအသီးအပွင့်များကိုဖြစ်ပေါ်စေနိုင်သည့် ဒေသန္တရအဆင့်ပြုပြင်ပြောင်းလဲမှုအလားအလာမှာ အလွန်ကြီးမားသည်။ အကြံပြုချက်အများအပြားမှာ- ဒေသန္တရအခွန်ရင်းမြစ်များကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လေလံလိုင်စင်စနစ်ကိုပြောင်းလဲခြင်းကဲ့သို့- ဖြစ်နိုင်ချေရှိသော အတိုင်းအတာအတွင်း၌ပင်ရှိနေသည်။ ထိုအတွက် အကြောင်းပြချက်များစွာရှိသည်။ ဒေသန္တရအဆင့်အစိုးရအရာရှိများသည် ပြည်ထောင်စုအဆင့်အောက်အစိုးရအဖွဲ့အစည်းအဆင့်ဆင့်လက်ဝယ်တွင်ရှိနေသော ဈေးပြိုင်လိုင်စင်ကဲ့သို့ လုပ်ပိုင်ခွင့်များသည် ပြဿနာရှိနေပြီးပြုပြင်ပြောင်းလဲ၍ရနိုင်သည်ဟု ယူဆထားကြသည်။ ထိုပြောင်းလဲမှုများအတွက် ပြည်ထောင်စုအဆင့်၏သဘောတူခွင့်ပြုချက်လိုအပ်ခြင်းမရှိသဖြင့် ဒေသန္တရအဆင့်ပြုပြင်ပြောင်းလဲမှုများမှာ ပိုမိုလွယ်ကူပြီး အချိန်ကုန်လည်းသက်သာနိုင်သည်။ တပြိုင်နက်တည်းတွင် စီးပွားရေးမူဝါဒများကို ဒေသန္တရအဆင့်စမ်းသပ်ကျင့်သုံးမှုကိုလည်း လမ်းဖွင့်ပေးနိုင်သည်။ အချို့သော ပြုပြင်ပြောင်းလဲရန်အကြံပြုချက်များသည် ပုဂ္ဂလိကကဏ္ဍရှိ လက်ရှိရရှိခံစားနေရသော အကျိုးစီးပွားများကိုထိခိုက်နိုင်သည်မှန်သော်လည်း ထိုစီးပွားရေးလုပ်ငန်းများအနေနှင့် ပိုမိုလွတ်လပ်သော စီးပွားရေးစနစ်အတွင်း ပြိုင်ဆိုင်နိုင်စွမ်းရှိစေအောင်ဆောင်ရွက်နိုင်မည့်အခြေအနေလည်းရှိပါသည်။ ထိုပြုပြင်ပြောင်းလဲရေးများသည် နှိုင်းယှဉ်ချက်အားဖြင့် အရေးပါမှုနည်းသော ဒေသန္တရအဆင့်စနစ်များလုပ်ကိုင်ဆောင်ရွက်ပုံကို ပြုပြင်ပြောင်းလဲခြင်းသာဖြစ်သဖြင့် လုပ်ကိုင်ဆောင်ရွက်ရပိုမိုလွယ်ကူနိုင်သည်။ နောက်ဆုံးအနေနှင့် ဒေသန္တရအဆင့်အစိုးရများသည် ၎င်းတို့ထိန်းချုပ်မှုအောက်၌ရှိသော ဥပဒေနှင့် စည်းမျဉ်းများကိုပြောင်းလဲရာတွင် ပြုလွယ်ပြောင်းလွယ်သဘောပိုဆောင်ကြသည်။ တည်ဆဲဥပဒေနှင့် စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲမည့် ယခုပြုပြင်ပြောင်းလဲရေးများကို ထိုဥပဒေ၊ စည်းမျဉ်းများကိုပါပြင်ဆင်သည့်လုပ်ငန်းစဉ်နှင့် ချိတ်ဆက်ယှဉ်တွဲဆောင်ရွက်ရမည်။ ထို့အပြင် မည်သို့လုပ်ကိုင်ဆောင်ရွက်သင့်သည်ဟူသော သတ်မှတ်ပြဋ္ဌာန်းချက်များသက်သက်သာမက လက်တွေ့လုပ်ကိုင်ဆောင်ရွက်ပုံများကိုပါ ပြောင်းလဲနိုင်ရန်အရေးကြီးသည်။

ယခုဖော်ပြထားသော အကြံပြုချက်များမှာ အချင်းချင်းလည်းအပြန်အလှန်ချိတ်ဆက်နေကြသည်ကို ဂရုပြုရန်လိုသည်။ ရည်ရွယ်ချက်တစ်ခုမှာ ဒေသန္တရဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦတည်ဆောက်မှုများဆောင်ရွက်နိုင်စေရန်အတွက် ဒေသန္တရဝင်ငွေတိုးတက်စေရေးဖြစ်သည်။ အကြံပြုချက်များအားလုံးကို စုပေါင်း၍ဆောင်ရွက်ပါက ဝင်ငွေတိုးမည်ဖြစ်သော်လည်း အချို့သော အကြံပြုချက်များ (အထူးသဖြင့် လေလံလိုင်စင်စနစ်နှင့်ဆိုင်သော အကြံပြုချက်အချို့) ကြောင့် ဝင်ငွေလည်းလျော့ကျသွားစေနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များကဲ့သို့ အချို့သောဒေသအာဏာပိုင်များသည် လေလံလိုင်စင်မှရရှိသည့်ဝင်ငွေကို အလွန်အမင်းမှီခိုအားထားနေရခြင်းကြောင့်လည်း ပြဿနာရှိနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဈေးပြိုင်လိုင်စင်စနစ်ကို ပြုပြင်ပြောင်းလဲခြင်းများသည် အဆောက်အဦးခွန်တိုးမြှင့်ခြင်းလုပ်ငန်းနှင့် အချိန်ကိုက်ဆောင်ရွက်မှသာလျှင် စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေသိသိသာသာလျော့ကျပြီး အရေးပါသော ဒေသတွင်းအခြေခံဝန်ဆောင်မှုများ နိမ့်ကျလျော့ပါးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

နောက်ဆုံးအချက်အနေနှင့် ဒေသတွင်းအခွန်ဘဏ္ဍာကောက်ခံစုဆောင်းသည့်စနစ်ကို ညတွင်းချင်းပြုပြင်ပြောင်းလဲ၍ မဖြစ်နိုင်ပါ။ ဥပမာ သုံးနှစ်မှ ငါးနှစ်စသည်ဖြင့် ပိုမိုရှည်ကြာသော ကာလအပိုင်းအခြားကိုဦးတည်ပြီးဆောင်ရွက်သင့်သည်။ အဘယ့်ကြောင့်ဆိုသော် အပြောင်းအလဲများသည် နည်းစနစ်ပိုင်းသက်သက်မဟုတ်ပဲ လူ့အဖွဲ့အစည်းအတွင်းအမြစ်တွယ်နေသည့် နိုင်ငံတော်ကိုမယုံကြည်မှုများနှင့်လည်းသက်ဆိုင်နေသောကြောင့်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးများနှင့်အတူ ယုံကြည်မှုတည်ဆောက်ခြင်း၊ ပွင့်လင်းမြင်သာမှုနှင့် ရပ်ရွာလူထုနှင့် တိုင်ပင်ညှိနှိုင်းခြင်းများကိုလည်း တစ်ပါတည်းဆောင်ရွက်ရန် အရေးကြီးသည်။ လက်ရှိစနစ်၊ လက်ရှိစနစ်ကို ပြုပြင်ရန်အကြံပြုသည့်အချက်များနှင့် မည်သည့်အတွက်ကြောင့် ပြုပြင်ပြောင်းလဲလိုသည်ဆိုသောအချက်များကို ပြည်သူများနားလည်နေစေရန်မဖြစ်မနေဆောင်ရွက်ရမည်။ ကျယ်ပြန့်သော တိုင်ပင်ညှိနှိုင်းမှုများနှင့် ပညာပေးလုပ်ငန်းများအတွက် အချိန်လိုမည်ဖြစ်သော်လည်း ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြုပြင်ပြောင်းလဲရေးများအောင်မြင်ပြီး ပြည်သူလူထုအများစုကလည်း လက်ခံဆောင်ရွက်ကြမည့်အလားအလာကို တိုးပွားစေပါသည်။ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများတွင် ဒေသခံများကပါဝင်ထည့်ဝင်ကြသောအစဉ်အလာသည် ကာလရှည်ကြာကတည်းကရှိခဲ့ပြီး အမြစ်လည်းတွယ်နေသဖြင့် ယင်းကိုဒေသန္တရအခွန်ဘဏ္ဍာစနစ်ပြောင်းလဲခြင်းများနှင့် ရေတိုတွင်အစားထိုးပစ်လိုက်နိုင်မည်မဟုတ်ဟူသော အချက်ကိုလည်း သတိပြုရမည်။ ပြည်သူလူထုက ဒေသဖွံ့ဖြိုးရေးအတွက်ထည့်ဝင်ဆောင်ရွက်လာခဲ့သည်မှာ သမနိရှည်ကြာနေပြီဖြစ်သောကြောင့် ထိုဓလေ့ကိုဆက်လက်ရှင်သန်စေပြီးတပြိုင်နက်တည်းမှာပင် ပုံမှန်အခွန်ဘဏ္ဍာရင်းမြစ်များကိုလည်း ပိုမိုတိုးပွားလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

အကြံပြုချက်များတွင် အောက်ပါတို့ပါဝင်သည်။

- **ပွင့်လင်းမြင်သာမှု၊ တိုင်ပင်ညှိနှိုင်းမှုနှင့် ယုံကြည်မှုတည်ဆောက်မှုတို့ကိုအခြေခံသော ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာများချမှတ်သင့်သည်။** ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် လုပ်ဖော်ကိုင်ဖက်အဖွဲ့များနှင့်လက်တွဲပြီး ဒေသန္တရစီးပွားရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်ကို ပြုပြင်ပြောင်းလဲမည့် နှစ်များစွာအတွက်လည်း ရည်ရွယ်သော မဟာဗျူဟာများကို သက်ဆိုင်ရာဒေသများအတွက် ရေးဆွဲရမည်ဖြစ်သည်။ ယင်းမဟာဗျူဟာများသည် ဒေသ၏ အရှိတရားများကိုလည်း ထည့်သွင်းစဉ်းစားပြီး ယေဘုယျအကြံပြုချက်များကို လုံးလုံးလျားလျားအခြေတည်ခြင်း

မပြုအပ်ပါ။ ယင်းတို့ကို ပွင့်လင်းမြင်သာပြီး တိုင်ပင်ညှိနှိုင်းမှုဖြစ်စဉ်ဖြင့်ရေးဆွဲဖော်ထုတ်ရမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် ပြုပြင်ပြောင်းလဲရေးများအပေါ် ယုံကြည်မှုနှင့်သဘောပေါက်နားလည်မှုများကိုလည်း ပြောင်းလဲမှုမပြုလုပ်ခင် တည်ဆောက်ရမည်ဖြစ်ပါသည်။

- **ပြုပြင်ပြောင်းလဲရေးများနှင့် အဘယ့်ကြောင့်ယင်းတို့ကိုဆောင်ရွက်ရသည်ကို လူအများသိအောင်လုပ်သင့်သည်။** ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုပ်ဖော်ကိုင်ဖက်အဖွဲ့များလက်တွဲပြီး ဒေသန္တရစီးပွားစီမံအုပ်ချုပ်မှု၏ လက်ရှိစနစ်နှင့် အနာဂတ်တွင်ဖြစ်လာမည့်စနစ်များအကြောင်းကို ရပ်ရွာလူထုအားရှင်းပြနိုင်ရန် ထိရောက်သော လူထုဆက်သွယ်ရေးမဟာဗျူဟာများကို ဝိုင်းဝန်းချမှတ်ထားရမည်။ လူထုဆက်သွယ်မှုနှင့် တိုင်ပင်ညှိနှိုင်းမှုများမှာ အရေးပါသောပြုပြင်ပြောင်းလဲမှုများမတိုင်ခင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသတွင်းနားလည်မှု၊ ပြုပြင်ပြောင်းလဲရေးများအပေါ် ထောက်ခံမှုတို့ကိုလည်း တည်ဆောက်ရပါမည်။
- **ဈေးကွက်သဘောအရမဟုတ်သော လက်ဝါးကြီးအုပ်မှုများကိုဖယ်ရှားပစ်ရန်အတွက် ဈေးပြိုင်လေလံစနစ်ကို ပြုပြင်ပြောင်းလဲသင့်သည်။** သတ်မှတ်ဒေသတစ်ခုအတွင်း တစ်ဦးတည်းလက်ဝါးကြီးအုပ်ရောင်းချခွင့်ကဲ့သို့သော မလိုလားအပ်သော ဈေးကွက်လက်ဝါးကြီးအုပ်မှုများကိုဖြစ်ပေါ်စေသည့် ပြဌာန်းချက်များအားလုံးကို ပယ်ဖျက်ပစ်သင့်သည်။
    - လိုင်စင်ရယူထားသူများကိုလည်း လက်ရှိဒေသတစ်ခုတည်းတွင်သာ လုပ်ငန်းများလုပ်ကိုင်ခွင့်ကန့်သတ်ထားခြင်းကိုဖယ်ရှားရမည်။ ဖုံဆိုင်ရာဥပဒေများ (အကယ်၍ရှိပါက) ကိုလိုက်နာစောင့်ထိန်းနေသ၍ မည်သည့်ဒေသ၌မဆို စီးပွားရေးလုပ်ခွင့်ရစေရန် ခွင့်ပြုသင့်သည်။
    - ယခင်က ဈေးပြိုင်လိုင်စင်စနစ်ကျင့်သုံးခဲ့သော နေရာများတွင် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ ယှဉ်ပြိုင်ခွင့်ပြုသင့်သည်။ ဥပမာ သတ်မှတ်ထားသော ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် အခြားဥပဒေပြဌာန်းချက်များနှင့် အညီဖြစ်ပါက ဝက်သား၊ အမဲသားစသည်တို့ကို မည်သူမဆို မည်သည့်နေရာ၌မဆို လွတ်လပ်စွာရောင်းချခွင့်ပြုသင့်သည်။ ယင်းသည် ဝန်ဆောင်မှု၊ ဈေးနှုန်းနှင့် အရည်အသွေးယှဉ်ပြိုင်ခြင်းတို့ကို အားပေးသည်။
- ဈေးကွက်သဘာဝအတိုင်းလက်ဝါးကြီးအုပ်သဘောဆောင်သော လုပ်ငန်းအချို့ (ကူးတို့နှင့် လမ်းစသည်) မှလွဲ၍ **လိုင်စင်လုပ်ငန်းများအားလုံးတွင် အစိုးရကဈေးနှုန်းသတ်မှတ်ခြင်းကိုဖယ်ရှားကာ ဈေးနှုန်းများ သဘာဝအတိုင်းလွတ်လပ်စွာ ပြောင်းလဲနိုင်အောင် ခွင့်ပြုသင့်သည်။**
    - အကယ်၍ နိုင်ငံရေးအကြောင်းများကြောင့် လက်ရှိအချိန်တွင် အမြင့်ဆုံးဈေးနှုန်းကန့်သတ်ချက်ကို ဖယ်ရှားရန် မဖြစ်နိုင်ပါက လိုင်စင်ရသူများအား ထိုဈေးနှုန်းထက်မကျော်ပါက မည်သည့်ဈေးနှုန်းဖြစ်စေသတ်မှတ်၍ ရောင်းချခွင့်ပေးသင့်သည်။
    - နီးစပ်ရာမြို့နယ်များတွင် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက်များကို အချင်းချင်းသဟဇာတဖြစ်အောင်ဆောင်ရွက်ပြီး အကယ်၍စားနပ်ရိက္ခာလုံခြုံစိတ်ချရရေးနှင့် သန့်ရှင်းရေးကိစ္စများနှင့်မသက်ဆိုင်ပါက အသားများကို မြို့နယ်ကျော်ပြီး လွတ်လပ်စွာတင်ပို့ရောင်းချခွင့်ပြုသင့်သည်။
- **ဈေးကွက်သဘာဝအရ လက်ဝါးကြီးအုပ်မှုရှိနေသည်ဆိုပါကလည်း လက်ဝါးကြီးအုပ်မှုကြောင့်ရသော အကျိုးအမြတ်များ နည်းပါးစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုတိုးတက်ရေးကိုမက်လုံးဖန်တီးပေးနိုင်ရန်ရည်ရွယ်ပြီး လိုင်စင်စနစ်ကို ပြင်ဆင်ပြောင်းလဲသင့်သည်။**
- **သက်ဆိုင်ရာလိုင်စင်များတွင် ရင်းနှီးမြှုပ်နှံမှုအတွက် မက်လုံးဖြစ်စေရန် လိုင်စင်သက်တမ်းကို တိုးမြှင့်သင့်သည်။** လိုင်စင်သက်တမ်းသည် ရင်းနှီးမြှုပ်နှံမှုစရိတ်နှင့် ချိတ်ဆက်နေသင့်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်မြင့်မားသော ကူးတို့ကဲ့သို့လုပ်ငန်းများ ၏ သက်တမ်းကိုတိုးမြှင့်ပေးသင့်သည်။
    - အကယ်၍ လက်ရှိတစ်နှစ်လိုင်စင်သက်တမ်းကို ဆက်လက်ကျင့်သုံးမည်ဆိုပါက လက်ရှိလိုင်စင်ရရှိသူအား နှစ်စဉ်လေလံပွဲတွင် အမြင့်ဆုံးပေးသူနှင့် အတူတူလိုက်ပေးနိုင်ပါက ဆက်လက်လိုင်စင်ချထားပေးမည့်စနစ်ကို စည်ပင်သာယာရေးအဖွဲ့မှကျင့်သုံးရမည်။
- **အခြေခံအဆောက်အဦဖွံ့ဖြိုးရေးတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရန်အတွက် လိုင်စင်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းသင့်သည်။**
    - လိုင်စင်စနစ်အတွင်းမှာပင် ဘီအိုတီစနစ်ဖြင့် ပုဂ္ဂလိကအခြေခံအဆောက်အဦရင်းနှီးမြှုပ်နှံမှုများကို မိတ်ဆက်ပေးသင့်သည်။[256] ထိုဘီအိုတီစနစ်တွင် လုပ်ငန်းဆောင်ရွက်သူ၏ ရင်းနှီးမြှုပ်နှံမှုများကို အစိုးရသို့ သို့မဟုတ် လိုင်စင်သက်တမ်းအကုန်တွင် လိုင်စင်အောင်သူအသစ်သို့ လွှဲပြောင်းပေးရမည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားရမည်။ လိုင်စင်သစ်တွင် (၁) အစိုးရသို့ပေးဆောင်ရမည့် အခနှင့် (၂) သဘောတူထားသော

[256] အသစ်ဆောက်လုပ်ရန်မလိုသလောက်ဖြစ်သောမြန်မာနိုင်ငံရှိ အခြားသော ဘီအိုတီစနစ်များနှင့် မတူညီသည်မှာ အကယ်၍ အခြေခံအဆောက်အဦဆောက်လုပ်မှုအသစ်များပါဝင်ပါက ထိုလိုင်စင်များသည် အကျိုးရှိနိုင်သည်။

အခြေခံအဆောက်အဦဆောက်လုပ်ရေးများပါဝင်မည်ဖြစ်ပြီး တည်ဆောက်မှုကို ကျန်စီမံချက်များကဲ့သို့ပင် အစိုးရက စောင့်ကြည့်ကွပ်ကဲမည်။
  - နှစ်ရှည်လိုင်စင်များနှင့်အတူ လိုင်စင်သက်တမ်းအတွင်း လိုင်စင်ရသူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့် ရပိုင်ခွင့်များကိုလည်း ထည့်သွင်းသတ်မှတ်ပေးရမည်။[257]

- **လိုင်စင်အတွက် ဈေးပြိုင်အဆိုပြုရာတွင် မလိုလားအပ်သောအတားအဆီးများကိုဖယ်ရှားသင့်သည်။**
  - လိုင်စင်ရသူအား တလုံးတခဲတည်းပေးဆောင်စေမည့်အစား သုံးလတစ်ကြိမ်၊ သို့မဟုတ် တစ်လတစ်ကြိမ် ကြိုတင်ပေးဆောင်နိုင်စေရန် ခွင့်ပြုရမည်။ လေလံအောင်ပါက ပေးဆောင်ရမည့်တလုံးတခဲတည်းငွေကို လျှော့ကျစေခြင်းသည် ပြိုင်ဆိုင်မှုကို တိုးမြင့်စေပါသည်။ ထို့ကြောင့် အစိုးရအတွက်လည်း ဝင်ငွေပိုတိုးမည် ဖြစ်သည်။
  - ဈေးပြိုင်အဆိုပြုလွှာတင်ရန်အတွက် မရွှေ့ပြောင်းနိုင်သော ပိုင်ဆိုင်မှုများရှိကြောင်းသက်သေပြရန်လိုသည်ဟူသော သတ်မှတ်ချက်ကိုလည်း ပယ်ဖျက်ရမည်။ လိုင်စင်ကြေးကို လုပ်ငန်းမစတင်မီကတည်းက ကြိုတင်ကောက်ခံလေ့ရှိရာ ထိုပြဋ္ဌာန်းချက်သည် လိုင်စင်အတွက် ပြိုင်ဆိုင်မှုများမြင့်မားရေးကို မလိုအပ်ပဲ တားဆီးထားခြင်းပင်ဖြစ်သည်။

- **လိုင်စင်နှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းစွာဖော်ပြရန်လိုသည်။**
  - မည်သို့သော အခြေအနေများတွင် လိုင်စင်ကို ယာယီပိတ်သိမ်းထားနိုင်သည်၊ မည်သည့်အတွက်ကြောင့် ဆက်လက်လုပ်ကိုင်ခွင့်ပေးနိုင်သည် စသည်တို့ကို စည်ပင်သာယာရေးအဖွဲ့ကရှင်းလင်းစွာဖော်ပြထားရမည်။
  - ဆိုင်းဘုတ်ကန်ထရိုက်စာချုပ်များတွင်လည်း နိုင်ငံတော်ကအများပြည်သူအကျိုးအလို့ငှာမြေယာများသိမ်းဆည်းနိုင်သည့်ကိစ္စကို အတိအလင်း ရှင်းလင်းစွာဖော်ပြပြီး အကယ်၍မြေသိမ်းခံရပါက နစ်နာမှုများကို မည်သို့ ပေးလျော်မည်ဆိုသည်ကိုလည်း ရှင်းလင်းစွာဖော်ပြထားရမည်။

- **ဝင်ငွေရရှိရုံသက်သက်သာမဟုတ်ပဲ လုံခြုံစိတ်ချရမှုနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုတို့ကိုလည်း ဦးစားပေးသင့်သည်။** သားသတ်လိုင်စင်ကဲ့သို့ အချို့သောလိုင်စင်စနစ်များကို မူလအစက တည်ထောင်ကျင့်သုံးရခြင်းမှာ အသားများ၏ လုံခြုံစိတ်ချရမှုကို အာမခံရန်အတွက်ဖြစ်သည်။ ထို့ကြောင့် အာဏာပိုင်များသည် လက်ဝါးကြီးအုပ်ဈေးကွက်အကျိုး အမြတ်မှတစ်ဆင့် အခွန်ဘဏ္ဍာငွေရရှိရေးကို အဓိကမထားပဲ မူလရည်ရွယ်ရင်းဖြစ်သော လုံခြုံစိတ်ချရရေးနှင့် သန့်ရှင်းရေးကို ပြန်လည်ဖောင်းပေးရမည်။

- **မြေခွန်များကို ပြင်ဆင်သင့်သည်။** အခွန်နှုန်းထားများကို ပြန်လည်သုံးသပ်ပြီး အခွန်ပေးဆောင်ရန်လိုအပ်သည့် အနိမ့်ဆုံး မြေအကျယ်အဝန်းကိုလည်း ပြန်လည်သတ်မှတ်ရမည်။ ထိုအကျယ်အဝန်းအောက်လျော့နည်းသူများကို မြေခွန်ကင်းလွတ်ခွင့်ပေးသင့်သည်။
  - အနိမ့်ဆုံးသတ်မှတ်ချက်ကို ကြောင်းကျိုးညီညွတ်စွာဆောင်ရွက်သင့်သည်။ သတ်မှတ်ပေမာဏအောက်လျော့နည်းပိုင်ဆိုင်သော မည်သူမဆို မြေခွန်ကင်းလွတ်ခွင့်ရအောင် ဆောင်ရွက်ရမည်။
  - စီးပွားရေးလုပ်ငန်းများမှ ပိုင်ဆိုင်သော မြေများတွင်မူ အနိမ့်ဆုံးပမာဏသတ်မှတ်ချက်ထားရန်မလိုပဲ ပိုင်ဆိုင်သမျှအတွက် အခွန်ပေးဆောင်စေရမည်။ ယင်းသည် လူတစ်ဦးတည်းက လုပ်ငန်းနာမည်အမျိုးမျိုးပြပြီး မြေခွန်ရှောင်မှုကို ကာကွယ်ရန်ဖြစ်သည်။[258]
  - တိုင်ပင်ဆွေးနွေးမှုများလုပ်ပြီးထောက်ခံမှုကြီးကြီးမားမားလည်းရရှိလာသောအချိန်တွင် မြေခွန်ကိုတိုးမြှင့်သင့်သည်။ ထိုသို့တိုးမြှင့်ရာတွင်လည်း ဧရာမမြေပိုင်ရှင်ကြီးများထံမှသာ အဓိကကတိုးမြှင့်သင့်သည်။
  - တံဆိပ်ခေါင်းခွန်ကို လျှော့ချခြင်းအားဖြင့် မြေအရောင်းအဝယ်ကုန်ကျစရိတ်များကို လျှော့ချရမည်။

- **စည်ပင်သာယာရေးအဖွဲ့များအတွက် အဓိကဝင်ငွေအရင်းအမြစ်များဖြစ်လာစေရန် အဆောက်အဦးခွန်ကို ပြုပြင်ပြောင်းလဲသင့်သည်။**
  - အဆောက်အဦးခွန်၏ ရည်ရွယ်ချက်၊ ယင်းအခွန်စနစ်အလုပ်လုပ်ပုံတို့ကို ကာလရှည်၊ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သော လူထုအသိပညာရေးလှုပ်ရှားမှုများဖြင့် အများသိအောင်ဆောင်ရွက်ရမည်။
  - အဆောက်အဦးခွန်ကို 'ပုံမှန်အငှားနှုန်းထား' ၏ ၂၅% သို့တိုးမြှင့်သတ်မှတ်ရန်ကြိုးစားသော မြို့နယ်များကြုံတွေ့ရသော စိန်ခေါ်မှုများကို ထပ်မံစုံစမ်းဖော်ထုတ်ပြီး မြန်မာနိုင်ငံအတွင်း ပိုင်ဆိုင်မှုခွန်ပြောင်းလဲရန် ကြိုးပမ်းခဲ့မှုများ၏ အောင်မြင်မှု၊ မအောင်မြင်မှုများကို နားလည်အောင် ကြိုးပမ်းရမည်။[259]

---

[257] ဥပမာ စီးပွားရေးလုပ်ငန်းပိုင်ရင်းနှီးမြှုပ်နှံမှုများ၏ ပြန်းတီးနှုန်း depreciation ကိုလိုင်စင်တွင်ထည့်သွင်းသတ်မှတ်ပြီး လိုင်စင်သက်တမ်းကုန်၍ စည်ပင်သာယာရေးအဖွဲ့သို့ပြန်လည်လွှဲပြောင်းပေးချိန်တွင် လိုင်စင်ရသူအား မည်မျှေ့မည်မျှပေးရမည်ကို ပြဋ္ဌာန်းထားနိုင်သည်။

[258] ၁၀ ဧကဆိုသည်မှာ နမူနာပေးခြင်းသာဖြစ်သည်။ ယင်းသည် မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိနိုင်သော အမြင့်ဆုံးဧကလည်းဖြစ် သည်။ လယ်ယာမြေပိုင်ဆိုင်မှုပုံစံများနှင့် လယ်ရှင်များ၏ ဘဏ္ဍာရေးအခြေအနေတို့ကို အသေးစိတ်သုတေသနပြုပြီးမှ အနိမ့်ဆုံးနှုန်းထားကိုသတ် မှတ်သင့်သည်။

[259] တွေ့ဆုံမေးမြန်းမှု အမှတ် ၁၂၅။

    - လက်ရှိအဆောက်အဦးအမျိုးအစား ခွဲခြားသည့်စနစ်ကို ပြင်ဆင်ပြောင်းလဲပြီး **တစ်နှစ်အတွင်း ပေးဆောင်ရမည့် အမြင့်ဆုံးပိုင်ဆိုင်မှုခွန်ပမာဏသတ်မှတ်ချက်ကို ဖယ်ရှားရမည်**။ ထိုသတ်မှတ်ချက်များကို မည်သည့်ဥပဒေတွင်မှ ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ပြင်ဆင်ရန်လွယ်ကူနိုင်သည်။
    - အဆောက်အဦးခွန်နှုန်းထားတွက်ချက်မှုကို ခန့်မှန်းဈေးကွက်အရောင်းတန်ဖိုးပေါ် မူတည်ပြီး ပြောင်းလဲတွက်ချက်ရမည်။
    - အဆောက်အဦးခွန်ကို ပိုင်ရှင်ကပေးဆောင်ရမည်ဖြစ်ပြီး အိမ်ငှားကပေးရမည်မဟုတ်ကြောင်း ထင်ရှားအောင်လုပ်ရမည်။
    - အစိုးရ၊ ရပ်ရွာလူထုနှင့်အခြားသက်ဆိုင်ပတ်သက်သူများနှင့် တိုင်ပင်ညှိနှိုင်းပြီး အဆောက်အဦးခွန်နှုန်းထားများကိုပြင်ဆင်သတ်မှတ်ရမည်။
    - အဆောက်အဦးများကိုအချိန်မှန်အကဲဖြတ်ပြီး တန်ဖိုးသင့်နိုင်ရန်အတွက် အများပြည်သူသိရှိနိုင်သော အိမ်ခြံမြေဈေးကွက်အချက်အလက်များကို အခြေခံဆောင်ရွက်ရမည်။ သို့မှသာ အစိုးရနှုန်းထားများနှင့် ဈေးကွက်ပေါက်ဈေးများအကြားဟန်ချက်ညီမျှတမည်ဖြစ်သည်။
    - အဆောက်အဦးခွန်နှုန်းထားအဆင့်ဆင့်သတ်မှတ်ရာတွင်လည်း မူရင်းပိုင်ဆိုင်နေထိုင်သူများသည် နိမ့်ပါးသောနှုန်းထားကိုသာ ပေးဆောင်ရန်လိုပြီး ပိုင်ဆိုင်သော်လည်းအမြဲတမ်းနေထိုင်ခြင်းမပြုသူများနှင့် အိုးအိမ်များတွင် ရင်းနှီးမြှုပ်နှံထားသူများအတွက် မြင့်မားသောနှုန်းထားဖြင့်ကောက်ခံနိုင်စေရန် ဆောင်ရွက်ရမည်။ သို့မှသာ ဝင်ငွေနိမ့်ပါးပြီး နေအိမ်တစ်လုံးတည်းသာပိုင်ဆိုင်သူများအတွက် အခွန်ဝန်ထုပ်ဝန်ပိုးကို သက်သာစေမည်ဖြစ်သည်။
- **လက်ရှိဘတ်ဂျက်စနစ်ကို ပြင်ဆင်ပြီး စည်ပင်သာယာရေးအဖွဲ့များအနေနှင့် ပိုလျှံသောဘတ်ဂျက်များကို နောက်ဘဏ္ဍာနှစ်သို့ ဆက်လက်သယ်ဆောင်သွားခွင့် ပြုသင့်သည်။**
- **ဒေသန္တရဥပဒေများ၊ နည်းဥပဒေများနှင့် လမ်းညွှန်ချက်များကို ဒေသခံပြည်သူများပိုမိုလက်လှမ်းမီသိရှိနိုင်စေရန် ဆောင်ရွက်သင့်သည်။**
    - ဒေသန္တရအဆင့် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းဥပဒေများသည် အများအားဖြင့်တည်ရှိပြီးသားဖြစ်ကာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သောအသေးစိတ်အချက်အလက်များပါဝင်လေ့ရှိသည်။ ယင်းတို့ကို စာရွက်စာတမ်းအနေနှင့်ရော အီလက်ထရောနစ်ပုံစံဖြင့်ပါ ထားရှိရမည့်အပြင် ဖြစ်နိုင်ပါက မိုဘိုင်းဖုန်းများဖြင့် ကြည့်ရှုနိုင်အောင်ပါဆောင်ရွက်ပေးပြီး စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်များနှင့် ချိတ်ဆက်ပေးသင့်သည်။
    - အခွန်စည်းမျဉ်းနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို ထွေ/အုပ်၊ ပြည်တွင်းအခွန်နှင့် စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ပြည်သူများအခမဲ့ရရှိနိုင်အောင် ဆောင်ရွက်ပေးသင့်သည်။[260]
- **ဒဏ်ကြေးငွေများ၊ အတိုးနှုန်းများနှင့် အုပ်ချုပ်ရေးဘက်မှ ပြစ်ဒဏ်ပေးခြင်းများကို ဆောင်ရွက်သင့်သည်။**
    - စည်ပင်သာယာရေးအဖွဲ့များသည် အဆောက်အဦးခွန်များနှင့် သတ်မှတ်ရက်အတွင်း ပြည့်မီအောင် ပေးဆောင်ခြင်းမရှိသော အခြားအခွန်အခများအတွက် ဒဏ်ကြေးငွေများနှင့် ရက်လွန်အတိုးနှုန်းထားများကို စတင်ကောက်ခံရမည်။ နောက်ဆုံးပေးသွင်းရက်ကို အများလိုက်နာစေရန်ဆောင်ရွက်ရမည်။
    - အဆောက်အဦးခွန်များကို စောလျင်စွာပေးဆောင်သူများအတွက် အနည်းငယ်မျှသော လျှော့ပေါ့ပေးမှုများကို စည်ပင်သာယာရေးအဖွဲ့များသတ်မှတ်ပေးရမည်။ ထိုသို့စောလျင်စွာပေးဆောင်လိုသူများ အလွန်များပြားစရာမရှိသော်လည်း ထိုအချက်သည် အခွန်ပေးဆောင်မှုနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ကြိုတင်ပေးခြင်းသဘောလည်းဆောင်သည်။
    - အဆောက်အဦးခွန်နှင့်ပတ်သက်သော ဥပဒေများနှင့် ဥပဒေအကောင်အထည်ဖော်ခြင်းများတွင် အပြောင်းအလဲများကိုဆောင်ရွက်ရာတွင် အဘယ့်ကြောင့်ပြောင်းလဲရသည့်အကြောင်း၊ ပြစ်ဒဏ်အသစ်များနှင့် လုပ်ထုံးလုပ်နည်းအသစ်များကို လူထုကျယ်ကျယ်ပြန့်ပြန့်သိအောင်ဆောင်ရွက်သည့် လူထုပညာပေးလုပ်ငန်းစဉ်နှင့် ယှဉ်တွဲဆောင်ရွက်ရန်လိုသည်။
    - ဥပဒေလိုက်နာအောင်ဆောင်ရွက်ရာတွင် အခြားသောဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပြီးဆောင်ရွက်ရသော စိန်ခေါ်မှုအခက်အခဲများကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေနှင့် တင်းကျပ်သောအကောင်အထည်ဖော်မှုများအတွက် အရင်းအနှီးများစွာမကုန်စေသင့်ပဲ ဌာနတွင်းမှတ်တမ်းမှတ်ရာများ စနစ်တကျမှန်ကန်စွာစုဆောင်းထားရှိသောစနစ်ကိုလည်း ကျင့်သုံးနိုင်သည်။ ဥပမာ ယခင်ကအကြွေးကျန်သူများကို မှတ်တမ်းများထားပြီး ကြွေးကျန်များကိုမရှင်းမခြင်း ထိုသူများကို စည်ပင်သာယာရေးအဖွဲ့များ၏ ဝန်ဆောင်မှုများ (ဥပမာ-

[260] တွေ့ဆုံမေးမြန်းမှု အမှတ် ၇၃၇။

စီးပွားရေးလိုင်စင်၊ ဈေးပြိုင်လေလံလိုင်စင်၊ ဆောက်လုပ်ခွင့်ပါမစ်စသည်) တို့ကို ရယူခွင့်မရှိအောင် ပိတ်ပင်တားဆီး ထားခြင်းစသည်တို့ကို ဆောင်ရွက်နိုင်သည်။

- **သတ်မှတ်ပြဋ္ဌာန်းချက်များကို လိုက်နာစေရေးအတွက် မက်လုံးများဖန်တီးပေးရန်လိုအပ်သည်။** မြန်မာနိုင်ငံအတွင်းကျင့်သုံးလျက်ရှိသော အခြားဥပမာတစ်ခုမှာ ပြည်ထောင်စုအဆင့် အခွန်ငွေအများဆုံးပေးဆောင်သူများစာရင်းဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ဒေသန္တရအစိုးရများသည်လည်း အလားတူကျင့်သုံးဆောင်ရွက်နိုင်သည်။ ထိုသို့ဆောင်ရွက်ပါက အဆောက်အဦးခွန်နှင့် မြေခွန်များအတွက် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံယူမှုများကို မိတ်ဆက်ပေးရာလည်း ရောက်သည်။
- **အုပ်ချုပ်ရေးအရ လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး မလိုအပ်ပါကဖယ်ရှားနိုင်အောင် ဆောင်ရွက်ပါ။**
    - လိုင်စင်များကို တစ်နှစ်တစ်ခါသက်တမ်းတိုးရမည်ဟူသော လိုအပ်ချက်ကိုဖယ်ရှားရန်လိုသည်။ ယင်းအစား သတ်မှတ်ရက်တွင် လိုင်စင်ကြေးကိုထပ်မံပေးသွင်းလိုက်ရုံဖြင့် အလိုအလျောက်သက်တမ်းတိုးပြီးဖြစ်စေရမည်။
    - ဘတ်စ်ကားလိုင်းများအသစ်ပြေးဆွဲခွင့်ရရေးအတွက် မော်တော်ယာဥ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထောက်ခံစာရယူရမည်ဟူသော ကန့်သတ်ချက်ကို ပယ်ဖျက်ပေးရန်လိုသည်။ ယင်းအချက်သည် အကျိုးစီးပွား ပဋိပက္ခကိုဖြစ်ပေါ်စေသည်။ အကြောင်းမှာ လုပ်ငန်းတူလုပ်ကိုင်ကြသော ဘတ်စ်ကားလိုင်းကိုယ်စားလှယ်များလည်းယင်းကော်မတီတွင် ပါဝင်နေရာ ၎င်းတို့ကပြိုင်ဘက်အသစ်ကိုကန့်သတ်ရေး မက်လုံးများရှိနိုင်သဖြင့် အကျိုးစီးပွားပဋိပက္ခရှိသည်ဟု ဆိုနိုင်သည်။
    - ဟိုတယ်၊ တည်းခိုခန်းဝန်ဆောင်မှုများနှင့်ပတ်သက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော တသမတ်တည်းမရှိသည့် စည်းမျဉ်းကန့်သတ်ချက်များကိုဖယ်ရှားသင့်သည်။ ဥပမာ နိုင်ငံခြားခရီးသွားဧည့်သည်များကို လက်ခံသော တည်းခိုဆောင်ခန်းများတွင် ရေအိမ်တွဲလျက်ရှိရန်မလိုသည့်အပြင် အနိမ့်ဆုံးကြမ်းခင်းဧရိယာသတ်မှတ်ချက်လည်း မလိုအပ်ပါ။ စီးပွားရေးလုပ်ငန်းများအား ဈေးကွက်ရှိသည်ဟု ၎င်းတို့ယူဆသည့်လုပ်ငန်းများကို တည်ထောင်ခွင့်ပြုသင့်ပြီး စားသုံးသူများအားလည်း ဈေးကွက်အတွင်းမှ ကြိုက်နှစ်သက်ရာကို ရွေးချယ်ခွင့်ပေးသင့်သည်။
    - လိုင်စင်သက်တမ်းများတိုးမြှင့်ရာတွင် ငွေစာရင်းမှတ်တမ်းမှတ်ရာများတင်သွင်းရမည်ဟူသော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်ကို ပယ်ဖျက်သင့်သည်။
    - သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်များကိုလည်း လိုင်စင်ထုတ်ပေးသော ပြည်နယ်/တိုင်းဒေသကြီးတွင်သာမက ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ပါ လက်ခံခွင့်ပြုအောင်ပြင်ဆင်ရမည်။ ထိုအခါ ခရီးသည်အတက်အဆင်းရှိသော ပြည်နယ်/တိုင်းဒေသကြီးအားလုံးတွင် လိုင်စင်ရယူရန်လိုအပ်တော့မည်မဟုတ်ပါ။
- **ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီးချိန်တွင် ဆောက်လုပ်ရေးပါမစ်ခများ လျှော့ပေးခြင်းကို ရပ်ဆိုင်းရန်လိုအပ်သည်။**
    - ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ဆောက်လုပ်ရေးပါမစ်ရရန်အတွက် ကုမ္ပဏီများမှ စည်ပင်သာယာရေးအဖွဲ့များသို့ပေးရလေ့ရှိသော ကြီးကြပ်ခ ၁% ကို လျှော့ပေါ့ပေးခြင်းကို ရပ်ဆိုင်းသင့်သည်။ အများပြည်သူစီမံချက်များဆောင်ရွက်ရာတွင် စည်ပင်ကြည့်ကြပ်ခကိုပေးဆောင်ရန်မလိုအပ်သင့်ဟု ကုမ္ပဏီများဘက်မှပြောဆိုသော်လည်း ထိုပြန်အမ်းငွေသည် ကုမ္ပဏီများ၏ အမြတ်ထဲသို့သာ ဝင်သွားခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဈေးနှုန်းနှင့် ကန်ထရိုက်စာချုပ်ကိုသဘောတူပြီးမှ ကင်းလွတ်ခွင့်ပေးခြင်းဖြစ်သည် (ထိုငွေကိုအစိုးရလည်းမခံစားရသလို အဆောက်အဦး၏ အရည်အသွေးကိုလည်း တစ်စုံတစ်ရာတိုးတက်စေခြင်းမရှိပါ)။
- **ပြည်တွင်းအခွန်မှ ဝင်ငွေခွန်ကောက်ခံရရှိမှု၏ ၅% ကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံသို့ လွှဲပြောင်းပေးအပ်နေ သည့်စနစ်ကို ပြင်ဆင်ပြောင်းလဲရန်လိုအပ်သည်။** ထိုသို့ပြင်ဆင်ရာတွင် ပြည်နယ်/တိုင်းဒေသကြီးများအားလုံးသို့ မြို့နယ်လူဦးရေကိုအခြေခံ၍ အညီအမျှခွဲဝေပေးသင့်ပြီး အခွန်ကောက်ခံခဲ့သည့် မူရင်းဒေသသို့ပြန်လည်ခွဲဝေပေးခြင်းမပြုလုပ်သင့်ပါ။
- **စတင်တည်ထောင်မည့်စီးပွားရေးလုပ်ငန်းများအတွက် ဗာရမ်းခများကို လျှော့ချပေးခြင်းကဲ့သို့သော မက်လုံးကိုဖန်တီးပေးသင့်သည်။** ထိုမက်လုံးပေးမှုများကို အလွဲသုံးစားမလုပ်စေရန်အတွက် ၎င်းတို့ကို လူတစ်ဦးချင်းစီကို သက်သေပြနိုင်သော နိုင်ငံသားစိစစ်ရေးကဒ် သို့မဟုတ် အခြားအထောက်အထားတစ်ခုခုနှင့် ချိတ်ဆက်ပြီးဆောင်ရွက်သင့်သည်။

# ကျမ်းကိုးစာရင်း

Arnold, Matthew et al. 2015. *Municipal Governance in Myanmar: An Overview of Development Affairs Organizations* (Yangon: The Asia Foundation and Myanmar Development Resource Institute-CESD).

Bissinger, Jared and Linn Maung. 2014. *Subnational Governments and Business in Myanmar* (Yangon: The Asia Foundation and Myanmar Development Resource Institute-CESD).

Development Affairs Organizations. 2015. Various DAO Bylaws.

Government of the Republic of the Union of Myanmar. 2015. "2014 Myanmar Population and Housing Census." Available at: http://countryoffice.unfpa.org/myanmar/census.

International Monetary Fund. 2014. "2014 Article IV Consultation – Staff Report." (Washington: IMF Country Report No. 14/307).

Kyi Pyar Chit Saw and Matthew Arnold. 2014. *Administering the State in Myanmar: An Overview of the General Administration Department* (Yangon: The Asia Foundation and Myanmar Development Resource Institute-CESD).

Michigan Supreme Court quoted in Reed, Lawrence. 1999. "A Tax Is Not a User Fee." Foundation for Economic Education. Available at: http://fee.org/freeman/a-tax-is-not-a-user-fee/.

Nixon, Hamish, Cindy Joelene, Kyi Pyar Chit Saw, Thet Aung Lynn, and Matthew Arnold. 2013. *State and Region Governments in Myanmar* (Yangon: The Asia Foundation and Myanmar Development Resource Institute-CESD).

## နောက်ဆက်တွဲ ၁။ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီး အစုအဖွဲ့

| လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး | ဘဏ္ဍာရေး ဝန်ကြီး | လယ်ယာ၊ ဆည်မြောင်း ဝန်ကြီး | သစ်တောနှင့် သတ္တု ဝန်ကြီး | စီမံကိန်း ဝန်ကြီး | ဆက်သွယ်ရေး ဝန်ကြီး | လျှပ်စစ်နှင့် စက်မှု ဝန်ကြီး | စည်ပင်သာယာရေး ဝန်ကြီး | လူမှုဝန်ထမ်းဝန်ကြီး |
|---|---|---|---|---|---|---|---|---|
| တရားရုံး | ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာန | စိုက်ပျိုးမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန | သစ်တောဦးစီးဌာန | စီမံကိန်း ဦးစီး ဌာန | အဝေးပြေးလမ်းများဌာန | မြန်မာ့လျှပ်စစ်စွမ်းအား လုပ်ငန်း | စည်ပင်သာယာရေးအဖွဲ့ | ထားဝယ်၊ မြိတ် တက္ကသိုလ် |
| ရှေ့နေချုပ်ရုံး | စာရင်းစစ်ချုပ်ရုံး | စိုက်ပျိုးရေး ဦးစီးဌာန | ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန | အလုပ်သမား ဦးစီးဌာန | စီးပွားရေး လိုင်စင်နှင့် ပို့ဆောင်ရေး ညှိနှိုင်းမှု ဦးစီးဌာန | စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန | ထားဝယ်၊ မြိတ် ပညာရေး ကောလိပ် |
| မြန်မာနိုင်ငံ ပြည်သူ့ ရဲ တပ်ဖွဲ့ | ပြည်တွင်းအခွန် များ ဦးစီးဌာန | စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးဌာန | မြန်မာ့သစ်လုပ်ငန်း | အလုပ်သမား ရေးရာ ဆက်ဆံရေး ဦးစီးဌာန | ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန | သာသနာရေး ဦးစီးဌာန | မြန်မာ့အသံနှင့် ရုပ်မြင်သံကြား | ပညာရေးဦးစီးဌာန |
| လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီး ဌာန | မြန်မာ့ စီးပွားရေးဘဏ် | ငါးလုပ်ငန်းဦးစီးဌာန | အမှတ်(၂) သတ္တုတွင်း လုပ်ငန်း | အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန | လေကြောင်းပို့ ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန | ထားဝယ်၊ မြိတ် ကွန်ပြူတာသိပ္ပံ တက္ကသိုလ် | ဟိုတယ်နှင့် ခရီးသွားလာရေး ဦးစီးဌာန | ကျန်းမာရေးဦးစီး ဌာန |
| အထူးစုံစမ်းစစ်ဆေး ရေးဌာန | သမဝါယမ ဦးစီးဌာန | စက်မှုလယ်ယာ ဦးစီးဌာန | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန | လူမှုဖူလုံရေး အဖွဲ့ | မြန်မာ့လေကြောင်း | ထားဝယ်၊ မြိတ် နည်းပညာ တက္ကသိုလ် | ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန | ဆေးပညာ ဌာန |
| ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး တပ်ဖွဲ့ | ပင်စင် ဦးစီးဌာန | မြန်မာ့ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး ဘဏ် | အားကစားနှင့် ကာယပညာဦးစီး ဌာန | မြန်မာ့ ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း | မြန်မာ့ဆိပ်ကမ်း အာဏာပိုင် | နည်းပညာ အထက်တန်းကျောင်း | | တိုင်းရင်းဆေးပညာ ဦးစီးဌာန |
| ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုဌာန | မြန်မာ့ အာမခံလုပ်ငန်း | လူဝင်မှုကြီးကြပ်ရေး ဌာန | မြန်မာ့ ပုလဲထုတ်လုပ်ရေး နှင့် ရောင်းဝယ်ရေး လုပ်ငန်း | ဗဟို စာရင်းအင်းအဖွဲ့ | ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန | | | ထားဝယ်/မြိတ် သူနာပြု အင်စတီကျူ |
| မီးသတ်ဦးစီးဌာန | အကောက်ခွန် ဦးစီးဌာန | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန | | ကုန်သွယ်မှုမြှင့် တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | | | ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန |
| လူကုန်ကူးမှု တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ - | မြန်မာ့အသေးစား ငွေရေး ကြေးရေး စစ်ဆေးရေး လုပ်ငန်း | ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန | | | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန | | | လူမှုဝန်ထမ်း ဦးစီးဌာန |
| မှုခင်းရဲတပ်ဖွဲ့ | အသေးစား စက်မှုဌာန | ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာန | | | မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | | | |
| အထူး ဌာန | | | | | မြန်မာ့ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန | | | |
| | | | | | မြန်မာ့ မီးရထား | | | |

## နောက်ဆက်တွဲ ၂။ စည်ပင်သာယာရေးနယ်နမိတ်အတွင်းမြို့နယ်မှ ပစ္စည်းခွန်နှင့် အဆောက်အဦးအခွန်နှုန်း စာရင်း ဘဏ္ဍာနှစ် ၁၄-၁၅ H1

| | အဆောက်အဦးအမျိုးအစား | အဆင့် သတ်မှတ်ချက် | အဆောက်အဦး အရေအတွက် | နှုန်း | စုစုပေါင်း (မြန်မာကျပ်) | စုစုပေါင်း (ဒေါ်လာ) |
|---|---|---|---|---|---|---|
| ၁ | ပျဉ်ထောင် | ပထမ | ၂၄၄ | ၁,၁၀၀ | ၂၆၈,၄၀၀ | $209.52 |
| | | ဒုတိယ | ၃,၈၂၈ | ၁,၀၀၀ | ၃,၈၂၈,၀၀၀ | $2,988.29 |
| ၂ | သစ်သားနှင့် ဆောက်လုပ်ထားသော အဆောက်အဦး | ပထမ | ၂၅၈ | ၁,၆၀၀ | ၄၁၂,၈၀၀ | $322.25 |
| | | ဒုတိယ | ၉၁၈ | ၁,၅၅၀ | ၁,၄၂၂,၉၀၀ | $1,110.77 |
| | | တတိယ | ၇၁၉ | ၁,၃၅၀ | ၉၇၀,၆၅၀ | $757.73 |
| | | စတုတ္ထ | ၂,၃၁၁ | ၁,၂၀၀ | ၂,၇၇၃,၂၀၀ | $2,164.87 |
| ၃ | အုတ်စီ၊ အုတ်မြစ်ချ | ပထမ | ၁၈၇ | ၃,၀၀၀ | ၅၆၁,၀၀၀ | $437.94 |
| | | ဒုတိယ | ၁၂၅ | ၂,၆၀၀ | ၃၂၅,၀၀၀ | $253.71 |
| | | တတိယ | ၃၁၂ | ၂,၂၀၀ | ၆၈၆,၄၀၀ | $535.83 |
| | | စတုတ္ထ | ၉၀၄ | ၂,၀၀၀ | ၁,၈၀၈,၀၀၀ | $1,411.40 |
| ၄ | တထပ်တိုက် | ပထမ | ၇၅၂ | ၄,၀၀၀ | ၃,၀၀၈,၀၀၀ | $2,348.17 |
| ၅ | နှစ်ထပ်တိုက် | ပထမ | ၁,၀၇၇ | ၄,၆၀၀ | ၄,၉၅၄,၂၀၀ | $3,867.45 |
| ၆ | သုံးထပ်တိုက် | ပထမ | ၁၁၅ | ၈,၀၀၀ | ၉၂၀,၀၀၀ | $718.19 |
| ၇ | လေးထပ်တိုက် | ပထမ | ၂၇ | ၉,၂၀၀ | ၂၄၈,၄၀၀ | $193.91 |
| ၈ | ငါးထပ်တိုက် | ပထမ | | ၃၀,၀၀၀ | ၀ | $0.00 |
| | | ဒုတိယ | | ၂၀,၀၀၀ | ၀ | $0.00 |
| | | တတိယ | ၃ | ၁၅,၀၀၀ | ၄၅,၀၀၀ | $35.13 |
| ၉ | ခြောက်ထပ်တိုက် | ပထမ | ၁ | ၅၀,၀၀၀ | ၅၀,၀၀၀ | $39.03 |
| | စုစုပေါင်း | | ၁၁,၇၈၁ | | ၂၂,၂၈၁,၉၅၀ | $17,394.18 |

*မှတ်ချက်။ ။ တစ်နှစ်၏ ပထမ (၆) လအတွင်း နှုန်းထား*

# နောက်ဆက်တွဲ ၃။  လေလံလိုင်စင် နမူနာဖြစ်စဉ်လေ့လာချက်

**ဈေးကောက် ကောက်ခံခွင့်ဖြစ်စဉ် လေ့လာချက်**

| | | | |
|---|---|---|---|
| ဝင်ငွေ | | | |
| | စီးပွားရေးလုပ်ငန်း အရေအတွက် | အကွက် တစ်ကွက် ဈေးနှုန်း (ကျပ်) | စုစုပေါင်း (ကျပ်) |
| ကောက်ခံမှုမှ နေ့စဉ်ဝင်ငွေ | ၃၂၃ | ၅၀၀ | ၂၇၉,၈၅၀ |
| | | | x တစ်နှစ်လျှင် ၂၉၂ ရက် |
| **စုစုပေါင်းနှစ်စဉ်ဝင်ငွေ** | | | **၈၁,၇၁၆,၂၀၀ (US $63,790)** |
| အသုံးစရိတ် | | | |
| နေ့စဉ် အလုပ်သမားခ | ၂ | ၂၅၀၀ | ၅၀၀၀ |
| နေ့စဉ် အသေးသုံး | ၁ | ၂၀၀၀ | ၂၀၀၀ |
| *နေ့စဉ်စုစုပေါင်းအသုံးစရိတ်* | | | *၇၀၀၀* |
| | | | x တစ်နှစ်လျှင် ၂၉၂ ရက် |
| နှစ်စဉ်လုပ်ငန်းသုံးကုန်ကျစရိတ် | | | ၂,၀၄၄,၀၀၀ |
| ***နှစ်စဉ်လိုင်စင်ကြေး*** | | | *၆၂,၇၀၀,၀၀၀* |
| **စုစုပေါင်းနှစ်စဉ်အသုံးစရိတ်** | | | **၆၄,၇၄၄,၀၀၀ (US $50,542)** |
| **လိုင်စင်များမှ ခန့်မှန်းအမြတ်ငွေ** | | | **၁၆,၉၇၂,၂၀၀ (US $13,249)** |
| အခွန်အကောက်မှ အသုံးစရိတ်သို့ ဝေမျှခြင်း | | ၂.၅% | |
| အခွန်အကောက်မှ စီးပွားရေးသို့ ဝေမျှခြင်း (ပုဂ္ဂလိဌာရမ်း) | | ၂၀.၈% | |
| အခွန်အကေကာက်မှ စည်ပင်သာယာရေးအဖွဲ့ ဝေမျှခြင်း(ပြည်သူ့ဌာရမ်း) | | ၇၆.၇% | |

* ဈေးခွန် ၅၀၀ ကျပ်သည် စီးပွားရေးလုပ်ငန်း တစ်ခုထဲအတွက်မဟုတ်ဘဲ မြေကွက် တစ်ခုအတွက် ၅၀၀ ကျပ်ဖြစ်သည်ကို မှတ်သားထားပါ။ အခြား စီးပွားရေးလုပ်ငန်းများသည် မြေကွက်တစ်ခုထပ်ပို များနေတတ်သည်။ တစ်ရက် မြေကွက်အကုန်လုံး အခွန်ကောက်ခံခြင်းသည် စုစုပေါင်း ဂဏန်းတွင်ပါဝင်သည်။ ၂၉၂ ရက်သည် ဈေးပိတ်ရက်(တနင်္ဂနွေ နှင့် ပြည်သူ့ ရုံးပိတ်ရက်)မှ အပ နှစ်စဉ် ခန့်မှန်းခြေ အခွန်ကောက်ခံခြင်းရက် ဖြစ်သည်။ အထက်ဖော်ပြပါ ဂဏန်း သည် တစ်ရက်အတွင်း အချက်အလက်စုဆောင်းခြင်းအပေါ် အခြေခံပါသဖြင့် သိသာရှင်းလင်းစေပါသည်။ (ဝင်ငွေ (သို့) အသုံးစရိတ် တစ်ရက်နှင့် တစ်ရက် အလွန်ပြောင်းလဲနေလည်း သက်ာမကင်းဖြစ်ရန် အကြောင်းပြချက်မရှိပါ။)

**ကူးတို့လိုင်စင် ဖြစ်စဉ်လေ့လာချက်**

| | | | | | |
|---|---|---|---|---|---|
| ဝင်ငွေ | | | | | |
| | | | အမှတ်စဉ် | အခကြေးငွေ | စုစုပေါင်း |
| ကူးတို့ ၁ | နေ့ | စီးသူ | ၃၀၇၃ | ၅၀ | ၁၅၃,၆၅၀ |
| | | ဆိုင်ကယ် | ၆၅၁ | ၃၅၀ | ၂၂၇,၈၅၀ |
| | | စက်ဘီး | ၆၄၆ | ၅၀ | ၃၂,၃၀၀ |
| | ည | စီးသူ | ၁၆၄ | ၁၀၀ | ၁၆,၄၀၀ |
| | | ဆိုင်ကယ် | ၂၇ | ၆၀၀ | ၁၆,၂၀၀ |
| | | စက်ဘီး | ၂၃ | ၁၀၀ | ၂,၃၀၀ |
| ကူးတို့ ၂ | နေ့ | စီးသူ | ၂၆၁၈ | ၅၀ | ၁၃၀,၉၀၀ |
| | | စက်ဘီး | 214 | ၃၅၀ | ၇၄,၉၀၀ |
| | ည | စီးသူ | 34 | ၁၀၀ | ၃,၄၀၀ |
| | | စက်ဘီး | ၃ | ၁၀၀ | ၃၀၀ |
| *စုစုပေါင်း ဝင်ငွေ (နေ့စဉ်)* | | | | | *၆၅၈,၂၀၀*<br>X ၃၆၅ ရက် |
| **စုစုပေါင်း နှစ်စဉ် ဝင်ငွေ** | | | | | **၂၄၀,၂၄၃,၀၀၀** |
| အသုံးစရိတ် | | | | | |
| နေ့စဉ် | ဆိပ်ကမ်းအသုံးပြုခ | | ၁ | ၁,၀၀၀ | ၁,၀၀၀ |
| | ဝန်ထမ်း (စက်လှေမောင်းသူ) | | ၇ | ၉,၀၀၀ | ၆၃,၀၀၀ |
| | *စုစုပေါင်း (နေ့စဉ်ကုန်ကျစရိတ် သပ်သပ်)* | | | | *၆၄,၀၀၀* |
| လစဉ် | ငွေကိုင် | | ၄ | ၁၀၀,၀၀၀ | ၄၀၀,၀၀၀ |
| | လောင်စာ | | ၈ | ၁၀၀,၀၀၀ | ၈၀၀,၀၀၀ |
| | ထိန်းသိမ်းခ | | ၂ | ၂၀၀,၀၀၀ | ၄၀၀,၀၀၀ |
| | *စုစုပေါင်း (လစဉ်ကုန်ကျစရိတ် သပ်သပ်)* | | | | *၁,၆၀၀,၀၀၀* |
| နှစ်စဉ် | စက်လှေ | အကြီး | ၁ | ၁၂,၅၀၀,၀၀၀ | ၁၂,၅၀၀,၀၀၀ |
| | | အသေး | ၂ | ၆,၀၀၀,၀၀၀ | ၁၂,၀၀၀,၀၀၀ |
| | ***လေလံလိုင်စင်အခ*** | | ***၁*** | ***၇၅,၀၀၀,၀၀၀*** | ***၇၅,၀၀၀,၀၀၀*** |
| | ပို့ဆောင်ရေးဦးစီးဌာန အခ | | ၁ | ၁၅,၀၀၀ | ၁၅,၀၀၀ |
| | အခြား ကုန်ကျစရိတ် | | ၁ | | ၁,၀၀၀,၀၀၀ |
| | *စုစုပေါင်း (နှစ်စဉ်ကုန်ကျစရိတ်သပ်သပ်)* | | | | *၁၀၀,၅၁၅,၀၀၀* |
| | **စုစုပေါင်း နှစ်စဉ်အသုံးစရိတ်** | | | | **၁၄၃,၀၇၅,၀၀၀** |
| | **လိုင်စင်မှ ခန့်မှန်းခြေအမြတ်** | | | | **၉၇,၁၆၈,၀၀၀** |
| | အခွန်အကောက်မှ အသုံးစရိတ်သို့ ဝေမျှခြင်း | | | ၂၈.၃% | |
| | အခွန်အကောက်မှ စီးပွားရေးသို့ ဝေမျှခြင်း (ပုဂ္ဂလိဌာနရမ်း) | | | ၄၀.၄% | |
| | အခွန်အကောက်မှ ဝေမျှခြင်း(ပြည်သူ့ဌာနရမ်း) | စည်ပင်သာယာရေးအဖွဲ့ | | ၃၁.၂% | |
| *အထက်ဖော်ပြပါ ဇယားသည် တစ်ရက်တာ အချက်အလက်စုဆောင်းခြင်းအပေါ် အခြေခံပါသဖြင့် သိသာရှင်းလင်းစေပါသည်။ ထို့ပြင် စီးပွားရေး လုပ်ငန်းရှင်များသည် အခြား အသုံးစရိတ်များကိုပါ အကုန်ကျခံရသော်လည်း ဖော်ပြရန် တွေ့ဆုံမေးမြန်းစဉ်အတွင်း အထောက်အထားရှာမတွေ့ပါ။ ဥပမာအားဖြင့် တွေ့ဆုံမေးမြန်းခြင်းတစ်ခုတွင် လေလံလိုင်စင်ဆွဲနေစဉ်အတောအတွင်း တခြားလေလံဆွဲသူကို ပေးကမ်းရသည်ဟု ညွှန်းဆိုထားသည်။ | | | | | |

**ဈေးအိမ်သာကြေး ကောက်ခံမှုလိုင်စင် ဖြစ်စဉ်လေ့လာချက်**

| | | | | |
|---|---|---|---|---|
| ဝင်ငွေ | | | | |
| | | နံပါတ် | ဈေးနှုန်း | စုစုပေါင်း (တရက်) |
| | ဈေးအိမ်သာအသုံးပြုခ | ၄၃၂ | ၁၀၀ | ၄၃,၂၀၀ |
| | | | | X တစ်နှစ်တွင် ၂၉၂ ရက် |
| | **စုစုပေါင်းနှစ်စဉ်ဝင်ငွေ** | | | **၁၂,၆၁၄,၄၀၀** |
| အသုံးစရိတ် | | | | |
| နေ့စဉ် | အလုပ်သမားလုပ်ခ | ၁ | ၅,၀၀၀ | ၅,၀၀၀ |
| | အထွေထွေကုန်ကျစရိတ် | ၁ | ၁,၀၀၀ | ၁,၀၀၀ |
| | *နေ့စဉ်စုစုပေါင်းကုန်ကျစရိတ်* | | | *၆,၀၀၀* |
| နှစ်စဉ် | | | | x တစ်နှစ်တွင် ၂၉၂ ရက် |
| | နှစ်စဉ်လုပ်ငန်းသုံးကုန်ကျစရိတ် | | | ၁,၇၅၂,၀၀၀ |
| | အထွေထွေ ငွေလုံးငွေရင်း ကုန်ကျစရိတ် | ၁ | ၅၀၀,၀၀၀ | ၅၀၀,၀၀၀ |
| | ***လေလံလိုင်စင်ခ*** | *၁* | *၂,၅၀၀,၀၀၀* | *၂,၅၀၀,၀၀၀* |
| | **နှစ်စဉ်အသုံးစရိတ် စုစုပေါင်း** | | | **၄,၇၅၂,၀၀၀** |
| | **လိုင်စင်မှ စုစုပေါင်း အခွန်အကောက်** | | | **၇,၈၆၂,၄၀၀** |
| | အခွန်အကောက်မှ အသုံးစရိတ်သို့ ဝေမျှခြင်း | | | ၁၇.၉% |
| | အခွန်အကောက်မှ စီးပွားရေးသို့ ဝေမျှခြင်း (ပုဂ္ဂလိဌာနရမ်း) | | | ၆၂.၃% |
| | အခွန်အကောက်မှ စည်ပင်သာယာရေးအဖွဲ့ ဝေမျှခြင်း(ပြည်သူ့ဌာနရမ်း) | | | ၁၉.၈% |

The Asia Foundation

No.21, Bo Yar Zar Street
14 Ward, Kyauk Kone
Yankin Township
Yangon, Myanmar

Photography by Nick Freeman